# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ငြိမ်းအေးသောစိတ်ရှိ

အာသဝေါကုန်ပြီးသော ရဟန္တာသည် တစ်စုံတစ်ယောက်အား စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်းမရှိ၊ ငြိမ်သက်သော ဣန္ဒြေ၊ ငြိမ်းအေးသော စိတ်ရှိကုန်၏။ မည်သို့သော အခြေအနေတွင် မည်သည့်အဖြစ်မျိုးနှင့် ကြုံတွေ့ရသည်ဖြစ်စေ၊ မိမိ၏ အတိတ်သံသရာက ပါလာသော ဝဋ်ကြွေးကြောင့်ဟု ခံယူလိုက်လျှင် စိတ်ချမ်းသာရာရ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၆)


၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၀ ရက်　၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့　အတွဲ (၅၇)၊ အမှတ် (၃၅၂)


# ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

## မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H. E. Mr. Ding Zhongli အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် စက်တင်ဘာ ၁၈**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H. E. Mr. Ding Zhongli နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဖော်ဆောင်ရေး၊ စီးပွားရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူ၊ နိုင်ငံတော် သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဆွေဦး၊ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

## တောင်-မြောက် ထိပ်သီးအစည်းအဝေး တက်ရောက်ရန် သမ္မတ မွန်ဂျယ်အင်း ပြုံယမ်းမြို့သို့ရောက်ရှိ


စာမျက်နှာ - ၁၄


## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းပြီး မုန်တိုင်းငယ်ဖြစ်လာနိုင်

**နေပြည်တော် စက်တင်ဘာ ၁၈**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာ့ကမ်းရိုးတန်းအနီးတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ နောက် ၃၆ နာရီအတွင်း မုန်တိုင်းငယ်(Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး


*စာမျက်နှာ ၄ ကော်လံ ၅* ❑


## မြန်မာနိုင်ငံ၏ အကြီးဆုံး စက်မှုလုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာအခမ်းအနား ရန်ကုန်၌ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံ၏ အကြီးဆုံးစက်မှုလုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ အခမ်းအနားကို အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ရုံး(UMFCCI)၌ ယနေ့ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

အဆိုပါအခမ်းအနားနှင့်အတူ မြန်မာနိုင်ငံ၏ အဆောက်အအုံနှင့် ဆောက်လုပ်ရေး၊ လျှပ်စစ်နှင့် စွမ်းအင်၊ သတ္တုတူးဖော်ရေးနှင့် သဘာဝတွင်းထွက်တူးဖော်ရေးလုပ်ငန်းများအတွက် ကျင်းပသော နိုင်ငံတကာပြပွဲ၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုကဏ္ဍပြပွဲ၊ နိုင်ငံတကာ ရေအသုံးချမှုနှင့် ထောက်ပံ့ရေး၊ မိလ္လာသန့်စင်ရေး၊ ရေအရင်းအမြစ်၊ စက်ရုံသုံးစွန့်ပစ်ရေ ထိန်းသိမ်းရေးနှင့် သန့်စင်ရေးဆိုင်ရာပြပွဲနှင့် မြန်မာနိုင်ငံ၏ ပြန်ပြည့်မြဲစွမ်းအင်ဈေးကွက်ဆိုင်ရာပြပွဲများကိုလည်း တစ်နေရာတည်းတွင် ပူးတွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

စက်မှုလုပ်ငန်းသုံးစက်ပစ္စည်းများ၊ လုပ်ငန်းခွဲဝေအပ်နှံခြင်း၊ အဆောက်အအုံနှင့် ဆောက်လုပ်ရေး၊ သတ္တုတူးဖော်ရေးနှင့် ရေဆိုးစီမံခန့်ခွဲရေး၊ စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်တို့အပါအဝင် လုပ်ငန်းအမျိုးမျိုးအတွက် နည်းပညာနှင့် ကိရိယာများကို ပြသမည်ဖြစ်ပြီး တရုတ်၊ စင်ကာပူ၊ မလေးရှား၊


*စာမျက်နှာ ၄ ကော်လံ ၅* ✻





# တစ်ဖက်နိုင်ငံ ဒုက္ခသည်စခန်းများ၏ အတွင်းသရုပ်များလား

မောင်တောဒေသမှ နေရပ်စွန့်ခွာကာ တစ်ဖက်နိုင်ငံသို့ ရောက်ရှိသွားခဲ့သည့် မိသားစုဝင်ခြောက်ဦးတို့ စက်တင်ဘာ ၄ ရက်တွင် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းသို့ မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာကြသည်။ တစ်ဖက်နိုင်ငံတွင် ရှိနေခဲ့စဉ် အသက်အန္တရာယ်စိုးရိမ်ဖွယ်အခြေအနေများနှင့် ကြုံခဲ့ရသည့်အတွက် ပေါ်ပေါ်ထင်ထင် မနေရဲဘဲ တိမ်းရှောင်ပုန်းအောင်းနေခဲ့ရသည်ဟု ပြန်လည်ဝင်ရောက်လာသူက ပြောသည်။ သူ့အတွေ့အကြုံများထဲတွင် ထွက်ပြေးခဲ့ရသည့်အကြောင်းရင်း၊ ဒုက္ခသည်စခန်းမှ မြင်ကွင်းတချို့၊ ဒုက္ခသည်များအား ပြန်လည်လက်ခံရေးနှင့် စပ်လျဉ်း၍ ဘင်္ဂလားဒေ့ရှ်ဘက်မှ မလှုပ်မယှက်နှင့် ဆောင်ရွက်ချက်ကင်းမဲ့နေသည့် အခြေအနေတချို့တို့ကိုပါ သိခွင့်ရခဲ့သည်။ သူပြောပြခဲ့သည့် သူ့အတွေ့အကြုံများက နိုင်ငံတကာသတင်းမီဒီယာများတွင် ကျယ်ကျယ်လောင်လောင် ဖုံးလွှမ်းခဲ့သည့် သတင်းမျိုးမဟုတ်ဘဲ တစ်မူကွဲသည်။

နိုင်ငံပိုင်သတင်းမီဒီယာ၏ မေးမြန်းမှုကို ဖြေကြားခဲ့သော မာမတ်ရှော်ရိပ်က ၎င်းတို့မိသားစု တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်မှာ **ARSA** အကြမ်းဖက်သမားတို့၏ ဖမ်းဆီးသတ်ဖြတ်မှု ခံရမည်ကို ကြောက်ရွံ့ခြင်းကြောင့် ဖြစ်ကြောင်း ပြောခဲ့သည်။ တောင်ပြိုလက်ဝဲမြို့ အမှတ် (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးကို **ARSA** အကြမ်းဖက်သမားတို့က ဖမ်းဆီးပြီး သတ်ရန်တောထဲသို့ ခေါ်ဆောင်သွားသည်ကို တွေ့ရပြီးနောက် ၎င်းကိုလည်းဖမ်းဆီးရန်ရှိသည်ဟု သတင်းရခဲ့ခြင်းကြောင့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ ထွက်ပြေးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ မာမတ်ရှော်ရိပ် ပြောကြားသည့် ယင်းအချက်က မြန်မာ့တပ်မတော်၏ အင်အားသုံး အကြမ်းဖက်နှိပ်ကွပ်သတ်ဖြတ် မောင်းထုတ်မှုများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးကြရကြောင်း ပြည်ပမီဒီယာများ၏ ရေးသားချက်များနှင့် ကွဲပြားခြားနားသည်။ တစ်နည်းအားဖြင့် တစ်ဖက်နိုင်ငံသို့ ထွက်ပြေးကြရသည့် အကြောင်းရင်းခံများတွင် **ARSA** တို့၏ အကြမ်းဖက်သတ်ဖြတ်မှုသည် အကြောင်းတရားတစ်ခုဖြစ်သည်ဟု ဆိုခြင်းဖြစ်သည်။

တစ်ဖက်နိုင်ငံသို့ မာမတ်ရှော်ရိပ်တို့ မိသားစုရောက်သွားပြီးနောက်တွင်လည်း ဒုက္ခသည်စခန်းသို့ တိုက်ရိုက်မဝင်ရဲ။ ရွာတစ်ရွာတွင် ခိုလှုံနေထိုင်ကာ တစ်လတိတိ အရိပ်အကဲကြည့်ပြီးမှ ဒုက္ခသည်စခန်းသို့ ရောက်ခဲ့ရခြင်းဖြစ်သည်။ ဒုက္ခသည်စခန်းတွင် အကြမ်းဖက်သမားတို့၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှု၊ လူအများအပြားကို သတ်ဖြတ်မှုများကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသည်ဟု ဆိုသည်။ ၎င်း၏ ပြောကြားချက်များကို အတည်ပြုနိုင်မည်ဆိုပါက ဒုက္ခသည်များအတွင်း အကြမ်းဖက်သမားများ ရောနှောနေပြီး နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်ရေးတွင် နောက်ကွယ်မှ ကြိုးကိုင်နေခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေသည်။ တစ်နည်းအားဖြင့် ဒုက္ခသည်စခန်းများကို အကြမ်းဖက်သမားများက လွှမ်းမိုးထားသည်ဟု ယူဆရမည်ဖြစ်သည်။ မာမတ်ရှော်ရိပ်၏ ပြောကြားချက်များတွင် ဒုက္ခသည်စခန်း၌ နေထိုင်ခဲ့ရာတွင် အဆိုးဆုံးက အကြမ်းဖက်သမားများ၏ လွှမ်းမိုးမှုဒဏ်ကို မခံစားနိုင်ခြင်းက အဓိကအခက်အခဲဖြစ်ကြောင်း၊ ၎င်းတို့မိသားစု ပြန်လာမည့်ကိစ္စကို စခန်းမှ လူများသိရှိသွားပါက မိသားစုအတွက် အန္တရာယ်ရှိကြောင်း၊ အကြမ်းဖက်သမားများသည် ဘင်္ဂလားဒေ့ရှ်ဘက်တွင်လည်း မလိုလားအပ်သည့် ပြဿနာများ ဖန်တီးခြင်း၊ ဆန္ဒပြတောင်းဆိုခိုင်းခြင်း၊ နောက်ကွယ်မှ ကြိုးကိုင်ခိုင်းစေခြင်းများ ပြုလုပ်နေကြောင်းတို့ ပါရှိရာ ဒုက္ခသည်စခန်းများ၏ အခြေအနေများကို ရိပ်စားမိဖွယ်ရာပင် ဖြစ်သည်။

အဓိကအကျဆုံးအချက်မှာ မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အစိုးရတို့အကြား နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး သဘောတူညီချက်များနှင့် စပ်လျဉ်း၍ ဒုက္ခသည်စခန်းများတွင် တစ်စုံတစ်ရာ ဆောင်ရွက်မှု မရှိခြင်း၊ အကောင်အထည်ဖော်မှု ကင်းမဲ့နေခြင်းတို့ကို ဖော်ထုတ်ပြောကြားခဲ့သည့် အချက်ပင်ဖြစ်သည်။ ဒုက္ခသည်စခန်းများတွင် စားရေးသောက်ရေး အလုံအလောက်ထောက်ပံ့မှုများရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်အစိုးရက ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့် စခန်းတာဝန်ခံ၏ အုပ်ချုပ်မှုတို့ကို လိုက်နာရကြောင်း၊ မြန်မာနိုင်ငံဘက်သို့ ပြန်လာချင်သူများ ရှိကြောင်းတို့လည်း မာမတ်ရှော်ရိပ်၏ ပြောကြားချက်များတွင် ပါဝင်သည်။ ယင်းအချက်သည် ဘင်္ဂလားဒေ့ရှ်အစိုးရအဖွဲ့ဝန်ကြီးချုပ်က နိုင်ငံတကာအသိုင်းအဝိုင်းနှင့် တွေ့သည့်အခါတိုင်း ဒုက္ခသည်များ ပြန်လည်လက်ခံရေးတွင် မြန်မာနိုင်ငံဘက်က ဘာမှမလုပ်သည့်အတွက် ဖိအားပေးကြပါရန် ပြောနေသည့် စကားများနှင့် ကွဲလွဲဆန့်ကျင်လျက်ရှိသည်။ ထို့အပြင် အကြမ်းဖက်သမားများ လွှမ်းမိုးထားသည့် ဒုက္ခသည်စခန်းများမှ ထွက်လာသည့် အသံများသည် နိုင်ငံတကာမီဒီယာများ၊ သံတမန်များ၊ အဖွဲ့အစည်းများ၊ အချက်အလက်ရှာဖွေသူများအတွက် တစ်သမတ်တည်း ညီညွတ်နေသည့် မုသားများဟု ယူဆရန်သာ ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)ရှိ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**



ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် စက်တင်ဘာ ၁၆ရက်က အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)တွင် သင်တန်းသားများကို လေ့ကျင့်သင်ကြားနေမှု၊ အားကစားဘာသာပညာရပ် (B.Sc. Sports) သင်တန်းသား သင်တန်းသူများအား လေ့ကျင့်သင်ကြားနေမှုများအပါအဝင် လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို သိရှိနိုင်ရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)မှ ကျောင်းအုပ်ကြီး၊ အားကစားမှူးများ၊ နည်းပြ (နည်းစနစ်)များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းများ ယခုထက် ပိုမိုတိုးတက်ကောင်းမွန်ရန်အတွက် မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကို ကျောင်းအုပ်ကြီးများ၊ နည်းပြများ၊ ဝန်ထမ်းများ ဝိုင်းဝန်းဆွေးနွေး၍ အကြံဉာဏ်အသစ်များဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ရာတွင် အရေအတွက်ထက် အရည်သွေးပြည့်ဝသော ထူးချွန်ထက်မြက်သည့် အားကစားသမားများကို လေ့ကျင့်မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အားကစားပြိုင်ပွဲများတွင် အောင်နိုင်ရေးအတွက် သာမကဘဲ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး (National Fitness) အတွက် ပြည်သူများကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်နိုင်ရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အားကစားနှင့် ကာယပညာဦးစီးဌာနအတွက် ဘဏ္ဍာငွေများ ပိုမိုတိုးမြှင့်ချထားပေးလျက်ရှိပြီး အားကစားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပံ့ပိုးမှုများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။**(အပေါ်ပုံ)**

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ ကျောင်းအုပ်ကြီးညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်တို့က အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ရှိ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု၊ သင်တန်းသား သင်တန်းသူများကို အားကစားသင်ကြား လေ့ကျင့်နေမှုများ၊ အတန်းပညာ သင်ကြားလေ့ကျင့်နေမှုများနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို တင်ပြခဲ့ကြပြီး အားကစားမှူးများ၊ နည်းပြများနှင့် ဝန်ထမ်းများက အထွေထွေကိစ္စရပ်များနှင့် လိုအပ်ချက်များကို တင်ပြခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ဝူရှူးအားကစားရုံရှိ သင်တန်းသား သင်တန်းသူများ၊ အားကစားသမားများနှင့်တွေ့ဆုံပြီး အားပေးစကား ပြောကြားခဲ့သည်။

အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)တွင် ကျောင်းသား ကျောင်းသူတစ်ဦးစီအတွက် ထောက်ပံ့စရိတ်၊ စားစရိတ်၊ အဝတ်အစား၊ အိပ်ရာနှင့် ကျောင်းသုံးပစ္စည်းများ စသည်တို့အတွက် ခန့်မှန်းစရိတ် ငွေကျပ် ၁၂ သိန်းစီ ကျခံသုံးစွဲလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# စေတုတ္တရာမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ပညာရေးအဆောက်အအုံများ လွှဲပြောင်းပေးအပ်

**စေတုတ္တရာ စက်တင်ဘာ ၁၈**

စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လူထုဗဟိုပြုစီမံကိန်းမှကျေးရွာများတွင်မြို့နယ်အဆင့် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ပညာရေးနှင့်ပတ်သက်သော အဆောက်အအုံများအား အခြေခံပညာဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာလ ဒုတိယပတ်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်ညိုညိုဦးက အမှာစကားပြောကြားကာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်ဇော်က အခမ်းအနားကျင်းပခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံ ၆၉ ခုတို့ကို မြို့နယ်အခြေခံပညာဦးစီးဌာနသို့ ဓာတ်ပုံမှတ်တမ်း၊ သက်ဆိုင်ရာစာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ရာ လက်ထောက်ပညာရေးမှူး ဦးရဲထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

မြို့နယ် လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဆိုင်ရာအခြေခံအဆောက်အအုံ လုပ်ငန်းခွဲ ၃၁ ခု၊ စတုတ္ထနှစ်စက်ဝန်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပညာရေးဆိုင်ရာအခြေခံအဆောက်အအုံ လုပ်ငန်းခွဲ ၃၈ခု တို့ကို စီမံကိန်းမှ ထောက်ပံ့ငွေကျပ် သန်းပေါင်း ၆၀၆ ဒသမ ၀၆၄ သန်းနှင့် ကျေးရွာလူထုထည့်ဝင်ငွေကျပ် သန်းပေါင်း ၃၁ ဒသမ ၀၃၇သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ပညာရေးနှင့်သက်ဆိုင်သောအဆောက်အအုံများဖြစ်သည့် စာသင်ကျောင်းဆောင်များဆောက်လုပ်ခြင်း၊ ကျောင်းခြံစည်းရိုးများ ကာရံပေးခြင်း၊ မူကြိုကျောင်းဆောက်လုပ်ပေးခြင်း၊ ကလေးအားကစားကွင်းများအား ဆောက်လုပ်ပေးခြင်းအစရှိသည့် လုပ်ငန်းပေါင်း ၆၉ ခုကို မြို့နယ်အတွင်းရှိ ကျေးရွာများသို့ အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ရေရှည်တည်တံ့စေရန်နှင့် ဆက်လက်ထိန်းသိမ်းစေရန်အတွက် အခြေခံပညာဦးစီးဌာနသို့ လွှဲအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**

*ထင်သာမြင်သာ ပြုပြင်စရာ*

# ဖျာပုံမြို့နယ် ကျုံကူကျေးရွာ ကြိုးတံတားပျက်စီးယိုယွင်းနေ၍ အမြန်ဆုံး ပြန်လည်ပြုပြင်ပေးစေလို

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်းရှိ ကျုံကူချောင်းအား ဖြတ်သန်းတည်ဆောက်ထားသည့် ကျုံကူကျေးရွာနှင့် အမှတ်(၇) ရပ်ကွက်တို့ ဆက်သွယ်ထားရာ ကျုံကူကြိုးတံတားသည် ပြည်သူများ လူမှုစီးပွားရေးအတွက် အဓိကအားထားနေရသည့် တစ်ခုတည်းသော ကြိုးတံတားတစ်စင်းဖြစ်သည်။ ယခုအခါ ကျုံကူကြိုးတံတားသည် နှစ်ကာလအချိန်ကြာမြင့်လာသည်နှင့်အမျှ ကြံ့ခိုင်မှုလျော့နည်းလာပြီး လေဒဏ်၊ မိုးဒဏ်များကြောင့် စတီးဆိုင်းကြိုးများ လျော့နည်းနေခြင်း၊ အောက်ခံကြမ်းခင်း ပျဉ်များပေါက်ပြဲပြီး ဆင့်တန်း၊ ရက်မသစ်သားများ ဆွေးမြည့်နေခြင်းများအပြင် ကျုံကူကျေးရွာ ချောင်းကမ်းဘေးနှင့် ဖျာပုံမြို့ အမှတ် (၇)ရပ်ကွက် အနီး ချောင်းကမ်းဘေးရှိ ကြိုးတံတား၏ စတီးဆိုင်းကြိုးများ ဆိုင်းထားသည့် ကျောက်တိုင် လေးတိုင်သည်လည်း ခါးလည် အက်ကွဲ၍ ချောင်းအတွင်းသို့ ယိုင်နဲ့နေကြောင်း တွေ့မြင်နေရသဖြင့် ကျေးလက်နှင့် ဖျာပုံမြို့နယ်အတွင်းရှိ ပြည်သူများအတွက် အဆိုပါကြိုးတံတားအား ဖြတ်သန်းသွားလာရာတွင် အသက်အန္တရာယ် စိုးရိမ်နေရကြောင်း သိရသည်။



"ကျွန်တော်တို့ ကျုံကူကျေးရွာက ဖျာပုံမြို့စတည်ကတည်းကရှိနေတဲ့ သမိုင်းဝင်ကျေးရွာပါ။ ဖျာပုံမြို့နဲ့ ကျုံကူချောင်းခြားနေတာပါ။ ပြည်သူတွေ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစေဖို့ ကျုံကူချောင်းကိုဖြတ်ပြီး ကြိုးတံတား တည်ဆောက်ထားတာပါ။ ဒီကြိုးတံတားက ကြံ့ခိုင်မှု အားနည်းပြီး ပျက်စီးယိုယွင်းစပြုနေတော့ ပြည်သူတွေအတွက် အသက် အန္တရာယ်ဖြစ်လာနိုင်ပါတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွှန့်ဝင်းက ပြောသည်။

အဆိုပါ တံတားကို ၁၉၁၀ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ယခုအခါနှစ်ပေါင်း ၁၀၈ နှစ်ခန့်ရှိနေပြီး သုံးကြိမ်ခန့် ပြန်လည်ပြုပြင်ခဲ့ကာ နောက်ဆုံးအကြိမ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းပြုပြင်ခဲ့သည်မှာ ငါးနှစ်ကျော်ခန့် ကြာမြင့်ခဲ့ပြီဖြစ်ရာ ယခုလို ပျက်စီးယိုယွင်းစ ပြုလာခြင်းကြောင့် လေးလံသော ကုန်ပစ္စည်းများ သယ်ဆောင်ခြင်းမပြုရန်နှင့် အုပ်စုလိုက်ဖြတ်သန်းခြင်းမပြုဘဲ တစ်ဦးချင်းဖြတ်သန်းရန် ကျေးရွာအုပ်ချုပ်ရေးမှူးက သတိပေးဆိုင်းဘုတ်များ စိုက်ထူပေးထားသည်။

ထို့အပြင် မြို့နယ်အတွင်းရှိ ပြည်သူများ ခရီးသွားလာရာတွင် လွယ်ကူမြန်ဆန်စေရန်အတွက် ဖျာပုံ-ဘိုကလေး အဝေးပြေးကားလမ်းကြီးပေါ်တွင် ကျုံကူချောင်းကိုဖြတ်၍ တည်ဆောက်ပေးထားသည့် RC ကွန်ကရစ်တံတားကို အသုံးပြု၍ ခရီးသွားလာနိုင်သဖြင့် ယခုလို ကြံ့ခိုင်မှုအားနည်းနေသည့် ကျုံကူကြိုး တံတားအား ဖြတ်သန်းသွားလာခွင့် ယာယီပိတ်ထားသင့်ပြီး သက်ဆိုင်ရာမှ အမြန်ဆုံးပြန်လည်ပြုပြင်ပေးစေလိုကြောင်း သိရသည်။

**ချမ်းသာ(ဖျာပုံ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long အား လက်ခံတွေ့ဆုံစဉ်။**
ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော် စက်တင်ဘာ ၁၈**
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ကြည်း၊ ရေ၊ လေ တပ်ဖွဲ့များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်နိုင်မှုများကို အခြေခံ၍ နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်ခိုင်မြဲအောင် လုပ်ဆောင်နိုင်သည့်အခြေအနေ၊ ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာအလုပ်သမားများ စည်းကမ်းစနစ်တကျရှိရေး ထိုင်းနိုင်ငံက ကူညီစောင့်ရှောက်ပေးနေသည့် အခြေအနေ၊ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်းအပါအဝင် နှစ်နိုင်ငံစီးပွားရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ စစ်ဘက်ဆေးပညာရပ်များနှင့် စိုက်ပျိုးရေးနည်းပညာများ အပြန်အလှန်ဖလှယ်ရေးဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာကိစ္စနှင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

◆ *ကျောဖုံးမှ*

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ရတနာတန်းဝင် ပျဉ်းကတိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် ရတနာတန်းဝင် ပျဉ်းကတိုးပင်၊ ကျွန်းပင်၊ ပိတောက်ပင်နှင့် မဟော်ဂနီပင်များကို စိုက်ပျိုးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယနေ့ကျင်းပပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ ၂၀၁၈ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ပျဉ်းကတိုးပင် ၂၀၀၊ ကျွန်းပင် ၁၃၀၀၊ ပိတောက်ပင် ၁၀၀၀ နှင့် မဟော်ဂနီပင် ၂၅၀၀ စုစုပေါင်း အပင် ၅၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအထိ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၁၃၂၂၆၃ ပင်ကို စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

ထို့အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်အသီးသီးတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပထမအကြိမ် ကျင်းပပြုလုပ်၍ အရာရှိ၊ စစ်သည်၊ မိသားစုများ စုပေါင်းစိုက်ပျိုးကြရာ စုစုပေါင်း ပျိုးပင် ၃၃၃၅၆၉ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**





# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း MILEX-2018 ပိတ်ပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၈**
အိန္ဒိယသမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် BIMSTEC အဖွဲ့ဝင်နိုင်ငံများ၏ တပ်မတော်များအကြား ပြုလုပ်သည့် MILEX-2018 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန် စက်တင်ဘာ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် အမှတ်(၃၃၀)ခြေလျင်တပ်မဟာဌာနချုပ်သို့ ရောက်ရှိကြသည်။

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့အား လေ့ကျင့်ရေးတာဝန်ခံတစ်ဦးက MILEX-2018 ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သည့် Exercise Tiger Strike နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ၏ သရုပ်ပြလေ့ကျင့်မှုများအား လေ့လာကြည့်ရှုခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံ ကာကွယ်ရေးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Defence Research and Development Organization -DRDO) နှင့် ကုမ္ပဏီများက ခင်းကျင်းပြသထားသည့် စစ်လက်နက်ပစ္စည်းများနှင့် ကာကွယ်ရေးဆိုင်ရာ ကိရိယာများအား ကြည့်ရှုလေ့လာခဲ့ပြီး အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Dr. Subhash Bhamare၊ BIMSTEC အမြဲတမ်း အတွင်းရေးမှူးရုံး၏ အထွေထွေအတွင်းရေးမှူးချုပ် (Secretary-General) Mr. Sumith Narkandala၊ BIMSTEC အဖွဲ့ဝင်နိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် MILEX-2018 ပိတ်ပွဲအထိမ်းအမှတ်စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး လေ့ကျင့်ခန်းတွင် ပါဝင်သည့် BIMSTEC တပ်ဖွဲ့ဝင်အချို့အား တွေ့ဆုံအားပေးမှုများ ပြုလုပ်ကာ မြန်မာ့တပ်မတော်မှ လေ့ကျင့်ရေးတပ်ဖွဲ့ဝင်အရာရှိ၊ စစ်သည်များနှင့် လေ့ကျင့်ခန်းသို့ တက်ရောက်အားပေးသည့် အိန္ဒိယနိုင်ငံ National Defence Academy တွင် တက်ရောက်သင်ကြားလျက်ရှိသော မြန်မာ့တပ်မတော်မှ ဗိုလ်လောင်းနှစ်ဦးတို့အား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှုတ်ဆက်စကားပြောကြားသည်။

MILEX-2018 စစ်ဘက်ဆိုင်ရာ လေ့ကျင့်ခန်းသို့ BIMSTEC အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘူတန်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ တပ်မတော်များမှ တပ်ဖွဲ့ဝင်များနှင့် လေ့လာသူများ စေလွှတ်ပါဝင်ဆင်နွှဲခဲ့ပြီး ထိုင်းဘုရင့်ကြည်းတပ်နှင့် နီပေါနိုင်ငံတို့မှ လေ့လာသူများ စေလွှတ်ခဲ့ကြောင်း သိရှိရသည်။

မွန်းလွဲပိုင်းတွင် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးသည် အိန္ဒိယ ကြည်းတပ်၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး General Officer Commanding- in- Chief of Southern Command of Indian Army ဖြစ်သူ Lieutenant General Dewan Rabindranath Soni နှင့်ဇနီးတို့က ၎င်းတို့နေအိမ် Polo Vista ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ ပါဝင်တက်ရောက်ခဲ့ပြီး ညနေပိုင်းတွင် ပူနေးမြို့၌ သင်တန်းတက်ရောက်လျက်ရှိသော မြန်မာ့တပ်မတော်မှ သင်တန်းသားများအား တွေ့ဆုံကာ သင်ကြားနေသည့် သင်ခန်းစာများအပေါ် သိရှိနားလည်ကျွမ်းကျင်ပြီး မိမိနိုင်ငံနှင့် တပ်မတော်အတွက်အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ရေး စနစ်တကျတတ်မြောက်အောင် ကြိုးပမ်းသင်ယူလေ့ကျင့်ရန်မှာကြား၍ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်၊ ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

## အလယ်ပိုင်းဒေသ၌ ထစ်ချုန်းမည့် အခြေအနေများ ဖြစ်ပေါ်နေ

**နေပြည်တော် စက်တင်ဘာ ၁၈** - နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၈**

၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၁၀နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# ဘဏ္ဍာရေးဝန်ဆောင်မှုများ ဆောင်ရွက်နိုင်စွမ်းနှင့် ရယူသုံးစွဲနိုင်မှု အားပေးမြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၁၈

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ကမ္ဘာ့ဘဏ်အုပ်စုတို့ ပူးပေါင်းကျင်းပသည့် ဘဏ္ဍာရေးဝန်ဆောင်မှုများ ဆောင်ရွက်နိုင်စွမ်းနှင့် ရယူသုံးစွဲနိုင်မှု အားပေးမြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ** Kempinski Hotel **၌ ကျင်းပသည်။** (အောက်ပုံ)




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ထိရောက်ကောင်းမွန်ပြီး အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍအား မြှင့်တင်ရာတွင် Financial Capability သည် အရေးကြီးသော မူဝါဒတစ်ရပ်တွင် ပါဝင်ပါကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍသည် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်သော်လည်း မြန်မာနိုင်ငံအပါအဝင် စီးပွားရေးဖွံ့ဖြိုးဆဲနိုင်ငံများရှိ ပြည်သူများသည် တရားဝင် ငွေကြေးဝန်ဆောင်မှုများအား ရယူသုံးစွဲမှုနည်းပါးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍအစီအစဉ်အား UNDP Normal Country Program အရ ၂၀၁၄ ခုနှစ်တွင် စတင်ခဲ့ပါကြောင်း၊ ဆက်လက်၍ အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍ တည်ဆောက်ရေးလမ်းပြမြေပုံ (၂၀၁၄-၂၀၂၀) အား UNCDF နှင့် DaNa Facility တို့၏ အထောက်အပံ့ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေရေးကြေးရေးကဏ္ဍသည် နိုင်ငံစီးပွားရေးကဏ္ဍ၏ အသက်သွေးကြောပင် ဖြစ်ပါကြောင်း။

ငွေရေး ကြေးရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အတိုင်းအတာတစ်ခုအထိ အောင်မြင်မှု ရရှိနေပြီဖြစ်ပါကြောင်း၊ Financial Capability and Inclusion သည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကစိန်ခေါ်မှုတစ်ရပ် ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးကဏ္ဍ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်နေသည့် မြန်မာနိုင်ငံတွင် Mobile စနစ်ဖြင့် ငွေကြေးဝန်ဆောင်မှု ကျယ်ပြန့်လာစေရေးအတွက် ငွေကြေးအသိပညာဖြန့်ဝေခြင်းကို ပိုမိုဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ပြည်သူများမှ ငွေကြေးဝန်ဆောင်မှုများကို ယခင်ထက် ပိုမိုရယူသုံးစွဲနိုင်ရေးအတွက် ကမ္ဘာ့ဘဏ်အပါအဝင် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍသည် လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ဘဏ်အုပ်စုမှ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ Country Director Ms. Ellen Goldstein နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းတို့က အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတကာကျွမ်းကျင်သူများက The Global Findex Database 2017၊ Financial Inclusion Insights 2018 နှင့် Enhancing Financial Capability and Inclusion in Myanmar စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးတင်ပြကြသည်။

စကားဝိုင်းဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ကမ္ဘာ့ဘဏ်၊ UNCDF၊ DaNa Facility၊ LIFT Fund၊ UK Aid၊ IFC၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များ၊ အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ ကိုယ်စားလှယ်များက မြန်မာနိုင်ငံတွင် အားလုံးပါဝင်နိုင်သော ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ အောင်မြင်ရေးအတွက် မေးမြန်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

✽ *ရှေ့ဖုံးမှ*

ထိုင်း၊ ထိုင်ဝမ်၊ အိန္ဒိယ၊ အစ္စရေး၊ ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့မှ နိုင်ငံတကာပြခန်းတွဲ ၁၆ ခုအပါအဝင် နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ကုမ္ပဏီ ၃၅၀ ကျော် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

"နိုင်ငံရဲ့စီးပွားရေးကဏ္ဍဟာ ရေရှည်အမြင်အရ အကောင်းဘက်မှာ တည်ရှိနေပါတယ်။ လက်ရှိအခြေအနေတွေဟာ ကုမ္ပဏီတွေအတွက် မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံဖို့ သင့်တော်တဲ့အချိန်ဖြစ်ပြီး ဒီပြပွဲကြီးဟာ စက်မှုလုပ်ငန်းနဲ့ အခြေခံအဆောက်အအုံလုပ်ငန်းရဲ့ လိုအပ်ချက်အားလုံးကို ပြည့်မီနိုင်မယ့် ပေါင်းကူးတစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်"ဟု ယူဘီအေမြန်မာ၏ အထွေထွေမန်နေဂျာ Mr. Fraser Hawkes က ပြောကြားသည်။

အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည့် ပြပွဲရက်များအတွင်း ဘေးကင်းလုံခြုံမှုဆိုင်ရာ လေ့ကျင့်ရေးအစီအစဉ်၊ နည်းပညာသစ်နှင့် ဝန်ဆောင်မှုများကို တင်ပြမည့် နည်းပညာဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့ကြားတွင် မဟာဗျူဟာကျစွာတည်ရှိပြီး စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ပြုပြင်ဆောင်ရွက်မှုများ ခုနစ်နှစ်ကြာ ဆောင်ရွက်ခဲ့ပြီးနောက် မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလျင်မြန်ဆုံး နိုင်ငံများအနက် တစ်ခုအဖြစ် ဆက်လက်ရပ်တည်နေသည့်အတွက် ပြည်ပရင်းနှီးမြှုပ်နှံသူများနှင့် ချိတ်ဆက်လုပ်ကိုင်နိုင်ရန် အရေးကြီးသောကာလလည်း ဖြစ်သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

❑ *ရှေ့ဖုံးမှ*

လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများ အနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# (၁၅) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲဖွင့်ပွဲ အခမ်းအနားနှင့် (၁၀) ကြိမ်မြောက် တရုတ်-အာဆီယံ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်များသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် စက်တင်ဘာ ၁၂ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၁၅) ကြိမ်မြောက် တရုတ် - အာဆီယံ ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ထို့နောက် စက်တင်ဘာ ၁၃ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Guangxi Wharton International Hotel ၌ ကျင်းပသည့် (၁၀) ကြိမ်မြောက် တရုတ်-အာဆီယံ ငွေရေးကြေးရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါဖိုရမ်တွင် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး Mr. Chen Wu ကအဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်**(ဝဲပုံ)**၊ ကမ္ဘောဒီးယားနိုင်ငံဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Chea Chanto၊ တရုတ်နိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ Mr. Liu Guoqiang၊ လာအိုနိုင်ငံ ဗဟိုဘဏ် တွဲဖက်ဥက္ကဋ္ဌ Mr. Nah Chanthalivong နှင့် ထိုင်းနိုင်ငံဗဟိုဘဏ် တွဲဖက်ဥက္ကဋ္ဌ Ms. Siritida Panomwon Na Ayudhya တို့က တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား မျက်မှောက်ကာလ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာမူဝါဒများ (Opening and Innovation: China-ASEAN Financial Cooperation Policies in New Era) နှင့်စပ်လျဉ်း၍ အမှာစကားများ အသီးသီးပြောကြားခဲ့ကြသည်။

ဆက်လက်၍ တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေးဘဏ်များ၏ အကြီးအကဲများက တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား မျက်မှောက်ကာလ ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆောင်ရွက်ချက်များ (Opening and Innovation: China-ASEAN Financial Cooperation Practices in New Era) များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၄ ရက် ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ သစ်တောသုတေသနသို့လေ့လာ



**နေပြည်တော် စက်တင်ဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌ H.E . Mr . Ding Zhongli နှင့်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း နှင့်အတူ ယမန်နေ့ နံနက် ၁၀ နာရီက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန သစ်တောသုတေသနဌာန (ရေဆင်း)သို့ သွားရောက်လေ့လာခဲ့ကြသည်။ **(ဓါတ်ပုံ)**

အဆိုပါ လေ့လာရေးခရီးစဉ်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် တရုတ်သိပ္ပံအကယ်ဒမီတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းနှင့် သုတေသနစီမံကိန်းမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများ၊ ဓာတ်ခွဲခန်းများကို လိုက်လံကြည့်ရှုလေ့လာကြသည်။ ဧည့်သည်တော်အဖွဲ့အား သစ်တောသုတေသနဌာနနှင့် တရုတ်သိပ္ပံအကယ်ဒမီတို့မှ တာဝန်ရှိသူများ နှစ်ဖက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းရင်းဆေးအပင်များနှင့် ဒေသခံတို့၏ ဗဟုသုတများဆိုင်ရာ သုတေသနများ၊ တောရိုင်းတိရစ္ဆာန်မျိုးစုံမျိုးကွဲနှင့် ထိန်းသိမ်းရေး သုတေသနလုပ်ငန်းများ၊ အပင်မျိုးစုံမျိုးကွဲနှင့် ထိန်းသိမ်းရေးသုတေသနလုပ်ငန်းများ၊ ရေချိုဇီဝမျိုးစုံမျိုးကွဲနှင့် ထိန်းသိမ်းရေး သုတေသနလုပ်ငန်းများနှင့် မျိုးစိတ်အသစ် တွေ့ရှိမှုများကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ သစ်တောသုတေသနဌာနတွင် တည်ထောင်ထားရှိသည့် မြန်မာ့လူသုံးနည်းသစ်များဖြင့် ပရိဘောဂများ ထုတ်လုပ်ပြသထားရှိသည့် ပြခန်းကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြသည်။

**သတင်းစဉ်**

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် စက်မှုကဏ္ဍနှင့် ပို့ဆောင်ရေးကဏ္ဍမှ အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၇၀၀ ကျော် ဖန်တီးပေးနိုင်မည်

**ရန်ကုန် စက်တင်ဘာ ၁၈**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၌ စက်မှုကဏ္ဍတစ်ခုနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ တစ်ခုတို့မှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ၇၅၂ ဦးကို ဖန်တီးပေးနိုင်မည်ဟု စက်တင်ဘာ ၁၈ ရက် ညနေပိုင်းက ရန်ကုန်မြို့ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သတင်းထုတ်ပြန်ချက်မှ သိရသည်။

ဧပြီလမှ စက်တင်ဘာ ၁၅ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇၇ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၉၃၄ ဒသမ ၁၀၂ သန်း၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၄၇၉ ဒသမ ၆၉၈ သန်းဖြစ်ရာ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၆၅၀ သန်း ၇၉၈ သန်း ဖြစ်ကြောင်း သိရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်းတစ်ခုနှင့် အတည်ပြုလုပ်ငန်းတစ်ခုကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုခဲ့ပြီး စက်မှုလုပ်ငန်းနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၁၄၈ သန်းဖြစ်၍ အထူးစီးပွားရေးဇုန်ဥပဒေအရ ဧပြီလမှ စက်တင်ဘာ ၁၅ ရက်အထိ စုစုပေါင်း ခွင့်ပြုပြီးရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၁၀၀ သန်း ဖြစ်သည်။

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အတည်ပြုလုပ်ငန်းတစ်ခုနှင့် ကချင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခုတို့ကို ခွင့်ပြုခဲ့ရာ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၀ ဒသမ ၉၇၀ သန်းအပါအဝင် ကျပ်သန်းပေါင်း ၆၀၉၂ ဒသမ ၀၀၀ သန်းကို ခွင့်ပြုပေးခဲ့၍ ပြည်တွင်းလုပ်သားတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၂၂၆ ခုကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး အဆိုပါ အတည်ပြုလုပ်ငန်းနှစ်ခုမှာ အခြားကဏ္ဍမှဖြစ်ကြောင်း သိရသည်။

ဧပြီလမှ စက်တင်ဘာ ၁၅ ရက်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၈၄ ခု အမေရိကန်ဒေါ်လာ ၁၈၆ ဒသမ ၆၅၅ သန်းအပါအဝင် ကျပ် ၉၀၉၉၅၄ ဒသမ ၇၇၄ သန်းကို မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုမှ ခွင့်ပြု/အတည်ပြုပေးခဲ့ပြီး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၁၃ ဒသမ ၉၀၃ သန်းအပါအဝင် ကျပ် ၉၇၄၉၅၈ ဒသမ ၆၁၄ သန်းကို ခွင့်ပြုပြီးဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်မှ သိရသည်။ **သန်းထိုက်**

## တရုတ်နိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သို့ လာရောက်လေ့လာ

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Ding Zhongli ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သံတမန်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ရန်ကုန်မြို့တော် ဖွံ့ဖြိုးရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ရုံးသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ လွှတ်တော်အစည်းအဝေးခန်းမတွင် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က လွှတ်တော်နှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားပြည်သူ့ကွန်ဂရက်(NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌသည် လွှတ်တော်ရုံး ကျောက်စိမ်းခန်းမတွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးပြီး ကိုယ်စားလှယ်



အဖွဲ့သည် လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် လွှတ်တော်ဥက္ကဋ္ဌရုံးခန်း၌ တွေ့ဆုံရာ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်နှင့် လွှတ်တော်ရေးရာ ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး အမိမြန်မာပြည် ရုပ်တုရှေ့၌ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ညပိုင်းတွင် အမျိုးသားပြည်သူ့ကွန်ဂရက်(NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ H.E. Mr. Ding Zhongli ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားသည်။

အမျိုးသား ပြည်သူ့ကွန်ဂရက် (NPC) အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာ - တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာအသင်း ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿကျော်ဝင်း)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာအသင်းမှ Mr. Wu Yiqin နှင့်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ အသင်းအစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် စာပေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စာရေးဆရာအသင်းကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

### မုတ်သုံလေ အားအသင့်အတင့်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၈**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။ **မိုး/ဇလ**

## ပင်လောင်းမြို့နယ်၌ တောင်သူများအား မြေဩဇာထောက်ပံ့

**ပင်လောင်း စက်တင်ဘာ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာရှိ တောင်သူများ ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက်က လွယ်ကျိုင်းကျေးရွာရှိ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွေးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန တောင်ကြီးခရိုင် ဦးစီးအရာရှိ ဦးဇော်မြတ်ထွန်းက ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ ပြုလုပ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နိုင်က မြေဩဇာထောက်ပံ့ပေးအပ်ခြင်းနှင့် ကြဲပက်ပွဲများ ဆောင်ရွက်ရခြင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြစိုက်ခင်းကြီးများအတွက် ယူရီးယားဓာတ်မြေဩဇာ အိတ် ၁၀၀ နှင့် ပိုးသတ်ဆေး ၂၀ လီတာတို့ကို တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

# ပြင်ဦးလွင်နှင့် ဗဟိုမီးသတ်သင်တန်းကျောင်း

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံအတွင်း ပြည်သူများအတွက် မီးဘေးဆိုင်ရာနှင့် ကယ်ဆယ်ရေးဆိုင်ရာတာဝန်များ ထမ်းဆောင်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များကို မွေးထုတ်လေ့ကျင့်ပေးနေသည့် ဗဟိုမီးသတ်သင်တန်းကျောင်း(ပြင်ဦးလွင်)သို့ကျောင်းအုပ်ကြီး ဦးကြည်ဝင်း၏ဖိတ်ကြားချက်အရ သွားရောက်လေ့လာခွင့်ရရှိခဲ့ပါသည်။

လူသားများသည် ကမ္ဘာမြေပေါ်တွင် နေရာတစ်ခုခု၌စုစည်းအခြေချနေထိုင်ခြင်းမပြုမီ အချိန်ကာလများကပင် မီးကိုတွေ့ရှိ အသုံးပြုခဲ့ကြသည်။ အန္တရာယ်ကြီးမားသည့်မီးအပူကိုကြောက်ရွံ့ခဲ့ကြသည့် ရှေးခေတ်လူသားများသည် မီးကိုကိုးကွယ်မှုများပြုလုပ်ခဲ့ကြသည်။ လူသားများသည် မြို့ရွာများတည်ထောင်နေထိုင်လာကြချိန်တွင် သဘာဝအလျောက်နှင့် ပေါ့ဆမှုများကြောင့် မီးလောင်ကျွမ်းမှုအန္တရာယ်များနှင့် ရင်ဆိုင်ခဲ့ကြရသည်။

တစ်အိုးတစ်အိမ်တည်းကိုမီးလောင်လျှင် ငြိမ်းသတ်ရလွယ်ကူသော်လည်း အဆောက်အအုံအများအပြားကို မီးလောင်ပါက ငြိမ်းသတ်ရန်ခက်ခဲလာသဖြင့် ရှေးခေတ်ကာလများကပင် မီးသတ်အဖွဲ့များကို ထူထောင်ခဲ့ကြရာ အေဒီ ၆၀ ပြည့်နှစ်က ရောမမြို့တွင် ရောမဘုရင်နီရို ထူထောင်ခဲ့သည့် Corps of Vigils သည် ကမ္ဘာတွင်အစောဆုံးမီးသတ်တပ်ဖွဲ့ဖြစ်ပေသည်။

### မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နောက်ခံသမိုင်း

လူသားများသည် ယဉ်ကျေးမှုထွန်းကား၍ မြို့ရွာများတည်ထောင်နေထိုင်ခဲ့ချိန်တွင် မီးအန္တရာယ်ကိုတားဆီး ကာကွယ်ရန် မီးငြိမ်းသတ်မည့်သူများကို စုစည်းခဲ့ကြရာမှ မီးသတ်အဖွဲ့များစတင်ပေါ်ထွန်းခဲ့သည်။ မြန်မာနိုင်ငံတွင် မီးအန္တရာယ်ကိုကာကွယ်မည့် မီးသတ်အဖွဲ့ကို ပုဂံခေတ်တွင်စတင်ဖွဲ့စည်းခဲ့ကြောင်း မှတ်တမ်းများရှိခဲ့သည်။ အနော်ရထာမင်းလက်ထက်တွင် မီးလောင်မှုဖြစ်ပွားပါက ငြိမ်းသတ်ရန် မီးသတ်သမား ၆၆၃ ဦးကို ခန့်ထားခဲ့ကာ 'သောသောည်၊ ပုဂံမီးဆော်မောင်း' ဟု မှတ်သားခဲ့ကြသည်။ ယင်းမီးသတ်သမားများသည် ပုဂံနေပြည်တော်၏ မီးဘေးကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ကြသည်။

ရှေးမြန်မာမင်းများအဆက်ဆက်တွင် အမိန့်ပြန်တမ်းများထုတ်ကာ မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပုံကို မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်(ခရစ်နှစ် ၁၆၃၇ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်) စနေနေ့တွင် ထုတ်ပြန်ခဲ့သည့် ညောင်ရမ်းခေတ်အမိန့်တော်ပြန်တမ်းတွင် ဖတ်ရှုရပေသည်။

မြန်မာဘုရင်ခေတ်ကုန်ဆုံးပြီးနောက် မြန်မာနိုင်ငံ၏ပထမဆုံးသော မီးသတ်အဖွဲ့ကို ရန်ကုန်မြို့၌ ၁၈၈၅ ခုနှစ်တွင် ရန်ကုန်မြူနီစီပယ်မီးသတ်အမည်ဖြင့် ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့ကို မဖွဲ့စည်းမီ ၁၈၈၃ ခုနှစ်တွင် စိန့်ပေါနှင့် စိန့်ဂျွန်းကျောင်းများမှ စေတနာ့ဝန်ထမ်းကျောင်းသားများဖြင့် မီးသတ်တပ်ဖွဲ့တစ်ခုကို ထူထောင်ခဲ့သည်။ ထိုနှစ်မှာပင် မီးငြိမ်းသတ်ရာတွင် အသုံးပြုသည့် မီးသတ်အင်ဂျင်များကို လူအင်အားဖြင့် ဆွဲယူမည့်အစား မြင်းများဖြင့်ဆွဲယူရန် စီစဉ်ခဲ့သည်။

၁၉၉၀ ပြည့်မတိုင်မီက ရန်ကုန်မြို့၌ သစ်သားအဆောက်အအုံများစွာကို တည်ဆောက်ခဲ့သဖြင့် မီးဘေးအန္တရာယ်ကို ရင်ဆိုင်ခဲ့ကြရပြီး နောက်ပိုင်းတွင် အဆောက်အအုံများကို အုတ်ဖြင့်ဆောက်လုပ်ခဲ့ကြသည်။ ၁၉၉၆ ခုနှစ်တွင် စေတနာ့ဝန်ထမ်းမီးသတ်အဖွဲ့ကို လခစားအချိန်ပြည့် မီးသတ်တပ်ဖွဲ့ဖြင့် အစားထိုးခဲ့သည်။ ၁၉၁၁ ခုနှစ်တွင် ရန်ကုန်မြူနီစီပယ်အဖွဲ့က ခေတ်မီ မီးသတ်တပ်ဖွဲ့ထူထောင်ရန် ယခု ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဖွင့်လှစ်ထားသည့် ပန်းဘဲတန်းမြို့နယ် ဆူးလေဘုရားလမ်းရှိ မြေကွက်ကို ရူပီးငွေ ၄၀၀၀၀ ဖြင့် ဝယ်ယူခဲ့သည်။

### ဗဟိုမီးသတ်အဆောက်အအုံ

ယင်းနေရာတွင် ယခုတိုင်တည်ရှိနေသည့် ဗဟိုမီးသတ်အဆောက်အအုံကို Edwardian ဗိသုကာအဖွဲ့ကရေးဆွဲသည့် ပုံစံဖြင့် တည်ဆောက်ခဲ့ရာ ပေ ၁၀၀ မြင့်သည့် မီးသတ်မျှော်စင်တစ်ခု ပါဝင်ခဲ့ပြီး ၁၉၁၂ ခုနှစ်တွင် တည်ဆောက်မှုပြီးစီးခဲ့သည်။ ဗဟိုမီးသတ်အဆောက်အအုံသည် မြန်မာနိုင်ငံ၏ ပထမဆုံး မီးသတ်စခန်းဖြစ်ကာ ယခုအချိန်တွင် ရန်ကုန်မြို့ပြအမွေအနှစ်တစ်ခု ဖြစ်လာခဲ့သည်။ ယင်းအဆောက်အအုံ ဆောက်လုပ်ပြီးစီးပြီးနောက် မြင်းဖြင့်ဆွဲသည့် မီးသတ်အင်ဂျင်များအစား လောင်စာဆီဖြင့်မောင်းနှင်သည့် အင်ဂျင်စက်များကို အစားထိုးအသုံးပြုခဲ့သည်။

၁၉၃၂ ခုနှစ်တွင် ရန်ကုန်မြူနီစီပယ်အက်ဥပဒေအရ စေတနာ့ဝန်ထမ်းမီးသတ်အဖွဲ့အစည်းကို ဖွဲ့စည်းခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်တွင် ပညာရေးနှင့် ဒေသန္တရအုပ်ချုပ်ရေးဌာန၏အမိန့်ဖြင့် မီးဘေးအန္တရာယ် တားဆီးရေးနှင့် ကာကွယ်ရေးကိစ္စရပ်များကိုဆောင်ရွက်ရန် မီးသတ်ဌာနကို ဖွဲ့စည်းခဲ့သည်။ ၁၉၅၂ ခုနှစ် မတ် ၂၈ ရက်တွင် မီးသတ်ဝန်ထမ်းအက်ဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနခွဲနိုင်ငံတော်မီးသတ်ဌာနကို ဝန်ထမ်း ၆၃၆ ဦးဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် မီးသတ်တပ်ဖွဲ့ဥပဒေကို အသစ်ထုတ်ပြန် ပြဋ္ဌာန်းခဲ့သည်။



၁၉၇၂ ခုနှစ်တွင် မီးသတ်ဌာန၌ ဝန်ထမ်း ၁၇၉၈ ဦး အထိရှိလာကာ ၂၄ နာရီ တာဝန်ထမ်းဆောင်သည့်အဖွဲ့အစည်းဖြစ်လာခဲ့ပြီး ၁၉၈၀ ပြည့်နှစ် ဧပြီ ၁ ရက်မှစ၍ မီးသတ်တပ်ဖွဲ့ဝင်များကို ရိက္ခာငွေခံစားခွင့်ပြုခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ မီးသတ်တပ်ဖွဲ့ဖွဲ့စည်းပုံကို အင်အား ၂၅၈၁ ဦးအထိ တိုးချဲ့ခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ခဲ့သည်။ ယခုအခါတွင်မူ မီးသတ်ဦးစီးဌာနသည် ပြည်ထဲရေးဝန်ကြီးဌာန၏ စီမံအုပ်ချုပ်မှုအောက်တွင် ရှိသည်။

မြန်မာနိုင်ငံ မြို့နယ်တိုင်းတွင် မီးသတ်စခန်းများထားရှိကာ ပြည်သူများ၏ မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မီးသတ်ဝန်ထမ်းများ၏ စွမ်းရည်မြင့်မားတိုးတက်ရေးသည် မရှိမဖြစ် လိုအပ်လာခဲ့သည်။ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ရေးနှင့် မီးဘေးကာကွယ်ရေးတာဝန်များအပြင် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက် တာဝန်လေးရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး တာဝန်များကိုပါ ထမ်းဆောင်ကြရသည်။ ထို့ကြောင့် သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များကို သင်တန်းများသင်ကြားပို့ချပေးနိုင်ရန် ဗဟိုမီးသတ်သင်တန်းကျောင်းကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးတွင် ဖွင့်လှစ်ခဲ့ပြီး ၁၉၉၈ ခုနှစ် ဧပြီ ၃၀ ရက်တွင် ပုသိမ်ကြီးမြို့နယ် ရေကြည်ကျေးရွာအနီးသို့ပြောင်းရွှေ့၍ ယာယီဖွင့်လှစ်ခဲ့ကာ ၁၉၉၉ ခုနှစ် မေလ ၁၆ ရက်တွင် လက်ရှိနေရာ ပြင်ဦးလွင်သို့ ရောက်ရှိခဲ့သည်။

### လှပစည်ပင် ပြင်ဦးလွင်

ခေတ်အဆက်ဆက် အပန်းဖြေစခန်းမြို့အဖြစ် ထင်ရှားခဲ့သည့် ပြင်ဦးလွင်မြို့သည် သာယာလှပသော ပတ်ဝန်းကျင်နှင့် အမြင့်ဆုံး အပူချိန် ၃၅ ဒီဂရီ စင်တီဂရိတ်ထက် မကျော်လွန်သည့် အေးမြသောရာသီဥတုကြောင့် ပြည်တွင်းပြည်ပခရီးသွားများအကြားတွင် အလွန်ထင်ရှားခဲ့သည်။ ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေခဲ့ကြသည့် အင်္ဂလိပ်လူမျိုးများသည်နွေရာသီကာလများ၌ ပြင်ဦးလွင်တွင် အပန်းဖြေခဲ့ကြသည်။

ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၃၈ ပေအမြင့်တွင် တည်ထားသည့် ပြင်ဦးလွင်မြို့နယ်အတွင်း အမြင့်ဆုံးနေရာသည် ပင်လယ်ရေမျက်ပြင်အထက် ၄၂၉၅ ပေမြင့်သည်။ မန္တလေးမြို့မှ ၄၂ မိုင်၊ လားရှိုးမြို့မှ ၁၆၇ မိုင်နှင့် မိုးကုတ်မြို့မှ ၈၃ မိုင် ကွာဝေးသည့် ပြင်ဦးလွင်မြို့သည် မန္တလေး-လားရှိုး မီးရထားလမ်းနှင့် မော်တော်ကားလမ်းပေါ်၌ တည်ရှိကာ အရှေ့ဘက်နှင့် မြောက်ဘက်တွင် နောင်ချိုမြို့နယ်၊ အနောက်ဘက်တွင် ပုသိမ်ကြီးနှင့် မတ္တရာမြို့နယ်၊ တောင်ဘက်တွင် ကျောက်ဆည်မြို့နယ်နှင့် ဆက်စပ်နေသည်။

ပြင်ဦးလွင်မြို့ မဟာသောဘိတရာမတိုက် အောင်မြေဘုံသာ မဟာဆုတောင်းပြည့် ဘုရားတွင်ရှိသည့် ၁၉၀၆ ခုနှစ်က ရေးထိုးခဲ့သော ကျောက်စာတွင် ပြင်ဦးလွင်ကို ကုန်းဘောင်ဆက် ပုဂံမင်းလက်ထက် ၁၈၅၀ ပြည့်နှစ်(ခရစ်နှစ် ၁၈၄၆-၁၈၅၃)တွင် တည်ထောင်ခဲ့ကြောင်း ဖော်ပြထားသည်။ သို့သော် ယင်းကျောက်စာသည် ပြင်ဦးလွင်ကို တည်ထောင်ခဲ့သည်ဟုဆိုထားသည့် သက္ကရာဇ်နောက် နှစ် ၅၀ ကြာမှ ရေးထိုးခဲ့သည့် နှောင်းခေတ်ထိုးကျောက်စာဖြစ်သဖြင့် ခိုင်လုံစွာ အကိုးအကား မပြုနိုင်ချေ။

ဗဒုံမင်းလက်ထက် ၁၇၈၇ ခုနှစ် (ခရစ်နှစ် ၁၇၈၂-၁၈၁၉) အောက်တိုဘာ ၁၂ ရက်တွင် ထုတ်ပြန်ခဲ့သည့် နာခံပြော့ကြီး အမိန့်ပြန်တမ်းကို ကိုးကားလျက် ပြည်ထဲရေးဝန်ကြီးဌာန မှတ်တမ်း၌ ဗဒုံမင်းလက်ထက်တွင် ထုတ်ပြန်ခဲ့သည့် အမိန့်ပြန်တမ်းတစ်ခု၌ ပြင်ဦးဟူသည့်အမည်ကို အုန်းတော၊ ငှက်ကြီးသိုက်၊ ဆင်ခေါင်းကြီး၊ ဝက်ဝံ ဟူသည့် ရွာအမည်များနှင့် တွဲလျက်ပါရှိသည်ဟု ဖော်ပြထားသည်။ ယင်းတို့သည် ပြင်ဦးလွင်အနီးဝန်းကျင်မှ ရွာအမည်များဖြစ်ကြသည်။

၁၈၈၆ ခုနှစ်တွင် အမှတ် (၅) ဘင်္ဂလားတပ်ရင်းမှ ဗိုလ်မှူးမေသည် ပြင်ဦးလွင်သို့ရောက်ရှိလာခဲ့ပြီး မေမြို့ဟု ပြောင်းလဲခေါ်တွင်ခဲ့သည်။ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနသည် အစဉ်အဆက် ထင်ရှားခဲ့သည့် မေမြို့ဟူသည့် အမည်ကို ၁၉၈၉ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် မူလအမည် ပြင်ဦးလွင်ဟု ပြန်လည်ပြောင်းလဲခဲ့သည်။

### ယနေ့ပြင်ဦးလွင်

ယခုအခါတွင် ပြင်ဦးလွင်မြို့နယ်ကို မြို့တစ်မြို့၊ ရပ်ကွက် ၂၁ခု၊ ကျေးရွာအုပ်စု ၃၇ အုပ်စု၊ ကျေးရွာ ၁၁၆ ရွာဖြင့် ဖွဲ့စည်းထားကာ မြို့နယ်တစ်ခုလုံး၏ အကျယ်အဝန်းသည် ၇၆၃ ဒသမ ၇၄ စတုရန်းမိုင်ဖြစ်ပြီး ၂၀၁၇ ခုနှစ် မတ်လတွင်လူဦးရေ ၁၇၉၄၉၈ ဦး နေထိုင်လျက်ရှိသည်။ မြို့နယ်အတွင်း တိုင်းရင်းသား လူမျိုးပေါင်းစုံနေထိုင်ကြသည့်အနက် ဗမာလူမျိုးများက ၇၅ ဒသမ ၉၆ ရာခိုင်နှုန်းရှိသည်။ ဒေသနေပြည်သူများသည် ပန်းမျိုးစုံ၊ နေကြာ၊ မက်မန်း၊ စတော်ဘယ်ရီတို့ကို အများဆုံးစိုက်ပျိုးကြကာ ဝိုင်၊ ဆွယ်တာနှင့် အဝတ်အထည်များကိုလည်း ထုတ်လုပ်ရောင်းချကြသည်။

ပြင်ဦးလွင်သို့ အပန်းဖြေလည်ပတ်ရန် လာရောက်ကြသူများသည် အမျိုးသားကန်တော်ကြီးဥယျာဉ်၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ်၊ မဟာအံ့ထူးကံသာစေတီနှင့် ရုပ်ပွားတော်၊ ပွဲကောက်ရေတံခွန်၊ ဓာတ်တော်ချိုင့်နှင့် ပိတ်ချင်းမြှောင်သို့ သွားရောက်လည်ပတ်လေ့ရှိကြသည်။

တောင်ကုန်း တောင်တန်းများ များပြားသည့် ပြင်ဦးလွင်မြို့နယ်တွင် မြေနိမ့်ချိုင့်ဝှမ်းနေရာသည် ဓာတ်တော်ချိုင့်၊ ပွဲကောက်နှင့် ပိတ်ချင်းမြှောင်နေရာတို့သာဖြစ်ကြသည်။သစ်ရိပ်ဝါးရိပ်များပေါများသည့် ဒေသဖြစ်သဖြင့် ပြင်ဦးလွင်တွင် လေ့ကျင့်ရေး သင်တန်းကျောင်းကြီးများကို ဖွင့်လှစ်ထားရာ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ဗဟိုမီးသတ်သင်တန်းကျောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် ရဲအရာရှိ လေ့ကျင့်ရေးကျောင်းတို့သည် အထူးထင်ရှားကြပေသည်။

### ဗဟိုမီးသတ်သင်တန်းကျောင်း

မန္တလေးမြို့မှ ၂၃ မိုင်အကွာရှိ ဇီးပင်ကြီးကျေးရွာအနီးတွင် ဗဟိုမီးသတ်သင်တန်းကျောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)နှင့် ရဲအရာရှိလေ့ကျင့်ရေးကျောင်းတို့ကို ဖွင့်လှစ်ထားရာ ဗဟိုမီးသတ်သင်တန်းကျောင်းသည် ဇီးပင်ကြီး ဘူတာအနီး၊ ဇီးပင်ကြီးကျေးရွာ၏ မြောက်ဘက်တွင်ရှိသည်။ သင်တန်းကျောင်းကို ဖွဲ့စည်းပုံအင်အား အရာထမ်းအမှုထမ်း ၈၂၂ ဦး ဖြင့် ဖွင့်လှစ်ကာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျောင်းအုပ်ကြီးတာဝန်ကို ထမ်းဆောင်သည်။

### သင်တန်းကျောင်း၏ ရည်ရွယ်ချက်

ဗဟိုမီးသတ်သင်တန်းကျောင်း၏ ရည်ရွယ်ချက်သည် မြန်မာနိုင်ငံတစ်ဝန်းရှိ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား နိုင်ငံတော်၏ အရန်အင်အားများအဖြစ် တာဝန်ပေးအပ်နိုင်ရန်နှင့် အဆင့်မြင့်မီးသတ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်ဖြစ်သည်။ ထို့ကြောင့် သင်တန်းကျောင်းတွင် အခြေခံမီးသတ်ပညာသင်တန်း (တပ်သားသစ်)၊ ဒုတိယ ရဲအုပ်လောင်းသင်တန်း၊ လက်ထောက်မီးသတ်ဦးစီးမှူးလောင်းသင်တန်း၊ယာဉ်မောင်းသင်တန်း၊ အခြေခံကွန်ပျူတာ သင်တန်း၊ အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်း၊ အခြေခံဆေးသူနာပြုသင်တန်းများကို ပုံမှန်သင်ကြားပို့ချပေးလျက်ရှိသည်။

ဗဟိုမီးသတ်သင်တန်းကျောင်းတည်ထောင်ဖွင့်လှစ်ခဲ့ချိန်မှ ၂၀၁၇- ၂၀၁၈ ခုနှစ်အထိ သင်တန်း ၁၂ မျိုးကို အကြိမ် ၂၉၁ ကြိမ်ဖွင့်လှစ်ခဲ့ကာ သင်တန်းသားဦးရေ ၂၇၄၄၃ ဦး တက်ရောက်ခဲ့ကြသည်။ အထူးသဖြင့် လက်ထောက်မီးသတ်ဦးစီးမှူးလောင်းသင်တန်းပို့ချမှု ရက်သတ္တပတ် ၃၆ ပတ်၊ သင်တန်းပို့ချမှု ၉၄၈ ချိန်တွင် မီးသတ်ပညာကို ၄၀ ရာခိုင်နှုန်း၊ ရှာဖွေကယ်ဆယ်ရေးပညာကို ၃၀ ရာခိုင်နှုန်းနှင့် စစ်ပညာကို ၁၅ ရာခိုင်နှုန်း ပို့ချပေးလျက်ရှိသည်။

### ရှာဖွေကယ်ဆယ်ရေးသင်တန်းကျောင်းများ

မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ရေး တာဝန်အပြင် ကယ်ဆယ်ရေးတာဝန်ကိုပါ ထမ်းဆောင်နိုင်ရန် အခြေခံရှာဖွေကယ်ဆယ်ရေးသင်တန်း၌ နိုင်ငံတကာ၌ ကျင့်သုံးနေသည့် အသက်ကယ်လုပ်ငန်းနှင့်နည်းစနစ်များကို ကျွမ်းကျင် တတ်မြောက်စေရန်၊ အထပ်မြင့်အဆောက်အအုံများအပါအဝင် အဆောက်အအုံမျိုးစုံတွင် အကျဉ်းအကျပ်အတွင်းရောက်ရှိနေသူ၊ ပိတ်မိနေသူ ဒုက္ခသည်များအား ကယ်ဆယ်နိုင်ရန်နှင့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများအား ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်ရန်၊ ကျန်းမာကြံ့ခိုင်ပြီး လုပ်ငန်းစွမ်းရည် မြင့်မားသည့် တပ်ဖွဲ့ဝင်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

ထို့အတူ အဆင့်မြင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းတွင် ခေတ်မီ ကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများကို ကောင်းစွာသိရှိနားလည်၍ ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုတတ်စေရန်၊ အဆောက်အအုံပြိုကျပိတ်မိခြင်းများ၊ မော်တော်ယာဉ်မတော်တဆဖြစ်မှုများ၊ တောင်ပြိုမြေပြိုပိတ်ဆို့မှုများ အပါအဝင် သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် ဒုက္ခရောက်နေသူများအား ကျွမ်းကျင် ထိရောက်စွာရှာဖွေကယ်ဆယ်နိုင်ရန် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။အပြည်ပြည်ဆိုင်ရာမြို့ပြ ရှာဖွေကယ်ဆယ်ရေးနည်းစနစ်သင်တန်းများကို စင်ကာပူနိုင်ငံ မြို့ပြကာကွယ်ရေးတပ်ဖွဲ့က ဗဟိုမီးသတ်သင်တန်းကျောင်းတွင် လာရောက်ပို့ချပေးခဲ့သည်။

သင်တန်းကျောင်း၌ မီးသတ်ပစ္စည်းကိရိယာပြခန်း၊ဓာတ်ခွဲခန်း၊ စာကြည့်တိုက်၊ မာတီလ်မီဒီယာစာသင်ခန်း၊ အီလက်ထရွန်နစ် စာကြည့်တိုက်တို့ကိုလည်း ဖွင့်လှစ်ထားပေသည်။

အကျယ်အဝန်း ၅၆၅ ဒသမ ၈၈ ဧကရှိသည့် သင်တန်းကျောင်းအတွင်း ချယ်ရီ၊ ပင်လယ်ကဗွီး၊ အော်ရေးရှား စသည့် ကြီးထွားနှုန်းမြန်သည့် အပင်ပေါင်း ၂၇၅၀ စိုက်ပျိုးထားသည်။ အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံ ၅၉ လုံး၊ လေ့ကျင့်ရေးဆိုင်ရာ အဆောက်အအုံ ၂၉ လုံး ဆောက်လုပ်ထားကာ ရေပြင်အသက်ကယ် ရှာဖွေကယ်ဆယ်ရေးလေ့ကျင့်ရေး ရေကူးကန်တစ်ခုကို ထည့်သွင်းပြုလုပ်ထားသည်။

သင်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်ဖွဲ့ဝင်များသက်သာချောင်ချိရေးအတွက် ပဲထောပတ်စိုက်ခင်း ခုနစ်ဧက၊ပြောင်းစိုက်ခင်း ၁၀ ဧက၊ ပဲစင်းငုံ စိုက်ခင်းလေးဧက၊ ကြက်သွန်နီစိုက်ခင်း နှစ်ဧကခွဲနှင့် လျှော်ဖြူစိုက်ခင်း နှစ်ဧက အပါအဝင် နဂါးမောက်၊ သရက်၊ ကီလိုမာလကာ၊ ငှက်ပျော၊ သံပရာ၊ သီဟိုဠ်နှင့် ဆူးပုပ်စိုက်ခင်းများကိုလည်း စိုက်ပျိုးထားသည်။ ထို့အတူ ဆိတ် ၁၆၁ ကောင်၊ ခိုင်းနွား ၂၅ ကောင်၊ နို့စားနွား ခြောက်ကောင်၊ အသားတိုးဝက် ၃၁ ကောင်၊ ဥစားကြက် ၅၀၀နှင့် ငါးမြစ်ချင်း အကောင် ၂၅၀၀ မွေးမြူထားသည်။

နိုင်ငံတော်၏ အရန်အင်အားစုများဖြစ်သည့် မီးသတ်တပ်ဖွဲ့ဝင်များကို မွေးထုတ်လေ့ကျင့်ပေးနေသည့် ဗဟိုမီးသတ်သင်တန်းကျောင်းသည် လာမည့် ၂၀၁၉ ခုနှစ်တွင် သက်တမ်းနှစ် ၂၀ ပြည့်တော့မည်ဖြစ်သည်။ နှစ် ၂၀ ကာလအတွင်း မီးသတ်သမား နိုင်ငံသားကောင်းများစွာကို မွေးထုတ်ခဲ့သည့် ဗဟိုမီးသတ်သင်တန်းကျောင်းသည် လာမည့်နှစ်များတွင်လည်း နိုင်ငံ့သားကောင်းများကို ဆက်လက်မွေးထုတ်ပေးနေဦးမည်သာဖြစ်ပါပေသည်။ ။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီး

**နေပြည်တော်  စက်တင်ဘာ  ၁၈**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ တစ်ခု ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း တစ်ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် **ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါက်တာ ဦးခင်မောင်မောင်၏ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မူလကွန်ကရစ်လမ်းပေါ်တွင် ကတ္တရာထပ်ပိုးလွှာတင်ရာ၌ ကာလကြာရှည်မခံဘဲ မိုးဦးကာလမှာပင် ချိုင့်၊ ကျင်းများ အမြောက်အမြား ပေါ်ပေါက်လာရခြင်းသည် ထပ်ပိုးလွှာတင်သည့် A.C ကတ္တရာ အရည်အသွေး ညံ့ဖျင်းခြင်းကြောင့်လား သို့မဟုတ် နည်းပညာနိမ့်ပါး၍လား သို့မဟုတ် အခြားအကြောင်းကြောင့်လား ဆိုသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ကတ္တရာကွန်ကရစ်ခင်းခြင်းနှင့် ပတ်သက်၍ အချို့နေရာများတွင် လှိုင်းများဖြစ်ခြင်း၊ အချို့နေရာများတွင် အပေါက်များဖြစ်ခြင်းတို့သည် ကတ္တရာအရည်အသွေးကြောင့် ဖြစ်နိုင်သကဲ့သို့ နည်းပညာကြောင့်လည်း ဖြစ်နိုင်ပါကြောင်း။

ဖြစ်နိုင်သည့်အကြောင်းအရင်း ၅ ချက်ရှိပါကြောင်း၊ ကတ္တရာအရည်အသွေးကြောင့် လှိုင်းများဖြစ်ပေါ်နိုင်ခြင်း၊ အပေါက်များဖြစ်ခြင်း၊ နည်းပညာကြောင့် လှိုင်းများ ဖြစ်ပေါ်နိုင်ခြင်း၊ ကတ္တရာခင်းသည့်အခါ အထူအပါးမညီမျှမှုနှင့် မူလရှိနေသည့် ကွန်ကရစ်လှိုင်းဖြစ်နေသော မျက်နှာပြင်ကို ညီညာအောင်မပြုပြင်ဘဲ ခင်းသည့်အတွက် လှိုင်းများဖြစ်ပေါ် ပျက်စီးခြင်း၊ စက်၊ ယာဉ်ယန္တရားများအားနည်းချက်များကြောင့် လှိုင်းများဖြစ်ပေါ်နိုင်ခြင်း၊ အောက်ခံ ၁၈ လက်မထူသော Rigid Pavement ပေါ်တွင် AC ခင်းသည့်နေရာတွင် AC ၏ Mixed Design နှင့် Pavement Design မှားယွင်းမှုကြောင့် ဖြစ်ပေါ်နိုင်ခြင်း စသည်တို့ဖြစ်ပါကြောင်း။

မူလကွန်ကရစ်လမ်းပေါ်တွင် ကတ္တရာထပ်ပိုးလွှာတင်ရာ၌ ဖြစ်ပေါ်လာသည့် ပျက်စီးမှုအခြေအနေနှင့် ပတ်သက်၍ မိမိတို့၏ အားနည်းချက်များကို ထောက်ပြဆွေးနွေးမေးမြန်းခဲ့သည့် ကိုယ်စားလှယ်အား အထူးပင်ကျေးဇူးတင်ပါကြောင်း၊ မိမိတို့အနေဖြင့် အားနည်းချက်များအားလုံးကို သင်ခန်းစာဖော်ထုတ်ပြင်ဆင်၍ AC ခင်းမည့် လမ်းများကို ယခုထက် အကောင်းဆုံးဖြစ်အောင် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## အုတ်တွင်း-ရေနံတောင်-ထိန်ပင်မြောင်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ ဦးစားပေးအဆင့် (၁) တွင် ပါဝင်သောလမ်းဖြစ်ပါသဖြင့် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်

ကြံခင်းမဲဆန္ဒနယ်မှ ဒေါက်တာ ဦးထွန်းလင်းမော်၏ **ကြံခင်းမြို့နယ်အတွင်းရှိ Class(A) အဆင့်သတ်မှတ်ပြီး လမ်းမကြီးအား ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲရန်နှင့် ပျက်စီးနေမှုအား မည်သည့်ဘဏ္ဍာနှစ်တွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စတင်တာဝန်ယူ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက အုတ်တွင်း-ရေနံတောင်-ထိန်ပင်မြောင်လမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(A) ဦးစားပေးအဆင့် (၁)တွင် ပါဝင်သော လမ်းဖြစ်ပါသဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## သနပ်ပင်မြို့နယ် အခြေခံပညာကျောင်းများတွင် လိုအပ်ချက်ရှိသော ဆရာ၊ ဆရာမများကို ဒေသခံများအား ဦးစားပေးခန့်ထားမည့် အစီအစဉ်များ ဆောင်ရွက်ပေးမည်

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **သနပ်ပင်မြို့နယ် အခြေခံပညာကျောင်းများတွင် လိုအပ်ချက်ရှိသော ဆရာ၊ ဆရာမများအား ဖြည့်ဆည်းခန့်ထားပေးရန်နှင့် ယင်း ဆရာ၊ ဆရာမများနေရာတွင် ဒေသခံဘွဲ့ရလူငယ်များအား ဦးစားပေးခန့်ထားရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဝန်ကြီးဌာနအနေဖြင့် သနပ်ပင်မြို့နယ်ရှိ အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသည့် မူလတန်းပြနှင့် အလယ်တန်းပြ ဆရာ၊ ဆရာမများကို ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် PPTT နှင့် DTET သင်တန်းဆင်း မူလတန်းပြ ဆရာ၊ ဆရာမ ၁၄ ဦး၊ မူလတန်းပြမှ အလယ်တန်းပြ ရာထူးတိုး ၅၂ ဦး၊ PGDMA ဆရာ တစ်ဦးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ဒုတိယအကြိမ်အဖြစ် အထက်တန်းပြ အပြောင်းအရွှေ့ ရာထူးများ ခန့်ထားဆောင်ရွက်ချိန်၌ ဘာသာရပ်လိုအပ်ချက်အပေါ် မူတည်၍ ဆန္ဒပြုလျှောက်ထားသူများ၊ ဘာသာရပ်ကိုက်ညီမှုရှိသူများအား လုပ်သက်တန်းစီဇယားမူဘောင်သတ်မှတ်ချက်အရ ဖြည့်ဆည်းခန့်ထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသခံပြင်ပဘွဲ့ရလူငယ်များအား ဆရာခန့်ထားခြင်းအဖြစ် လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း PPTT သင်တန်းခေါ်ယူသည့်အချိန်တွင် သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသောသူများ လျှောက်ထားနိုင်ပြီး ကိုက်ညီပါက ဒေသခံများအား ဦးစားပေးခန့်ထားမည့် အစီအစဉ်များ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။




ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်

ဆက်လက်၍ ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးမျိုးညွန့်၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်နှင့် မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်းတို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## မြန်မာ့သစ်တောသယံဇာတ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး အကြံပြုဆွေးနွေး

ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦးက မိမိတို့နိုင်ငံအသီးသီးတွင်ရှိသည့် ကြိုးဝိုင်းတောများ၊ ကြိုးပြင်ကာကွယ်တောများတွင် အမှီပြုပြီး နေထိုင်ကြသည့် တောင်သူများအတွက် အမြန်ဆုံးဖြေရှင်းပေးနိုင်ပါရန် အကြံပြုလိုပါကြောင်း၊ ဖမ်းဆီးရမိသည့် သစ်တောထွက်ပစ္စည်းများကို ကြာရှည်ထားပြီး ဟောင်းနွမ်းမှ လေလံတင်ခြင်း မပြုဘဲ ဟောင်းနွမ်းပျက်စီးမှု၊ အရည်အသွေးများ ကျဆင်းမှုမရှိမီ အများပြည်သူအကျိုးပြုလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများနှင့် အခြားလုပ်ငန်းများစသည့် အမှန်တကယ်အကျိုးပြုလုပ်ငန်းများတွင် ရောင်းချပေးသင့်ပါကြောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအနေဖြင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ မြန်မာ့သစ်တောသယံဇာတ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ပါစေကြောင်း အကြံပြုဆွေးနွေးသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့်က ကော်မတီ၏ တစ်နှစ်တာ ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာထဲတွင် ဖော်ပြထားသည့် ဘတ်ဂျက်ပူးပေါင်းရေးအဖွဲ့အနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ဘတ်ဂျက်ကို စိစစ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့ ညှိနှိုင်းစည်းဝေးပွဲများ ကျင်းပ၍ စိစစ်ခဲ့သည်ကို မိမိအနေဖြင့် ထောက်ခံပါကြောင်း၊ ပြည်ထောင်စုအစိုးရမှ ဆောင်ရွက်သည့်လုပ်ငန်းများသည် ပြည်သူ့ဘဏ္ဍာငွေများနှင့် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် လုပ်ငန်းပမာဏထက် ပိုမိုတောင်းခံထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် မလျော်ညီဘဲ တောင်းခံထားသည့် ငွေများကို သေချာစိစစ်ပြီးမှသာ ခွင့်ပြုသင့်ပါကြောင်း၊ မိမိတို့နိုင်ငံသည် အဖိုးတန်သယံဇာတများ ထွက်ရှိသော်လည်း စနစ်တကျထုတ်ယူသုံးစွဲနိုင်မှု မရှိခြင်း၊ တရားမဝင်ထုတ်ယူနေမှုများကို စနစ်တကျကိုင်တွယ်ဖြေရှင်းနိုင်မှု မရှိခြင်းတို့အတွက် နိုင်ငံတော်အတွက် ဘဏ္ဍာငွေရရှိမှုများစွာ နစ်နာနေရပါကြောင်း၊ ယင်းဖြစ်ရပ်များကို ကော်မတီအနေဖြင့် ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးဝင်းသိန်းဇော်နှင့် ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစိုးသူရထွန်းက ဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းတင်ပြပြီး အဆိုပါ အစီရင်ခံစာအား သဘောတူလက်ခံရန် ကော်မတီအတွင်းရေးမှူး ဦးအေးနိုင်က အဆိုတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားရယူရာ လွှတ်တော်က သဘောတူ အတည်ပြုသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုသည်။

## ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၂၈ ခုရှိပြီး ဥပဒေကြမ်း ၁၀ ခုကို အတည်ပြုနိုင်ခဲ့

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် အစည်းအဝေး ကျင်းပရက် ၁၉ ရက်ရှိခဲ့ပြီး ကြယ်ပွင့်ပြမေးခွန်း ၁၂၃ ခု မေးမြန်းဖြေကြားခြင်း၊ ကြယ်ပွင့်မပြမေးခွန်း ၂၁၄ ခု ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ အဆို ၁၁ ခု တင်သွင်းနိုင်ခဲ့ပြီး အတည်ပြုအဆို ခြောက်ခု၊ မှတ်တမ်းတင်အဆို ငါးခုတို့ ဖြစ်ကြပါကြောင်း၊ ဥပဒေကြမ်းအနေဖြင့် ဆွေးနွေးဆောင်ရွက်ခဲ့သည့် ဥပဒေကြမ်း ၂၈ ခုရှိပြီး ဥပဒေကြမ်း ၁၀ ခုကို အတည်ပြုနိုင်ခဲ့ပါကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ဥပဒေကြမ်း ၁၈ ခု ကျန်ရှိပါကြောင်း၊ အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော်ကော်မတီ ခြောက်ခု၏ နှစ်ပတ်လည်အစီရင်ခံစာများကို အတည်ပြုခြင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦးကို ကော်မတီအဖွဲ့ဝင်များအဖြစ် ထပ်မံထည့်သွင်းဖွဲ့စည်းခြင်းကို ဆောင်ရွက်ခဲ့ပါကြောင်း။

နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆက်လက်ထမ်းဆောင်ကြရမည့် တာဝန်များစွာ ကျန်ရှိနေပါကြောင်း၊ နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့အားလုံး တာဝန်သိသိ သစ္စာရှိရှိဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ပြဋ္ဌာန်းချက်ပါအတိုင်း နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်း အပြန်အလှန် ထိန်းညှိခြင်းတို့ကို ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ဥပဒေပြုရေးကဏ္ဍတွင်လည်း ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့် အညီသာ ဆောင်ရွက်နေရမည် ဖြစ်ပါကြောင်း၊ “No one is above the Law” ဥပဒေအထက်တွင် မည်သူမျှမရှိ ဆိုသည့် စကားနှင့်အညီ မိမိတို့ လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကို စံနမူနာပြ လေးစားလိုက်နာကြရန် အထူးလိုအပ်ပါကြောင်း၊ ပြည်သူလူထု ခံစားနေရသည့် အခက်အခဲများ၊ အကျပ်အတည်းများ၊ ပြဿနာများကို မေးခွန်းများ၊ အဆိုများ၊ ဥပဒေကြမ်းများအဖြစ် ပြောင်းလဲပြီး လွှတ်တော်လုပ်ငန်းစဉ်များကို ဆောင်ရွက်နေကြရခြင်း ဖြစ်ပါကြောင်း၊ လွှတ်တော်၏ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာပြီး ပြည်သူများ၏ မျှော်လင့်ချက်များ၊ ဆန္ဒများကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါ လွှတ်တော်က အတည်ပြုပြဋ္ဌာန်းလိုက်သည့် ဥပဒေများသည် ပြည်သူလူထုကို အကာအကွယ်မပေးနိုင်သည့် ဥပဒေများဖြစ်နေပါက ဒီမိုကရေစီယဉ်ကျေးမှုလမ်းကြောင်းမှ သွေဖည်သွားစေနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း။

ထိုသို့ အဖြစ်မျိုးများကို ရှောင်ရှား၍ ဥပဒေဆိုသည်မှာ ဖိနှိပ်ချုပ်ချယ်ရန် မဟုတ်ဘဲ လူမျိုးမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ကျား/မ ခွဲခြားမှုမရှိ၊ လူတန်းစားခွဲခြားမှု မရှိဘဲ နိုင်ငံသားအားလုံးကို တန်းတူအကာအကွယ်ပေးသည့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် အထူးလိုအပ်ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးမဏ္ဍိုင်၏ ပြယုဂ်များဖြစ်သည့်အတွက် သွားသတိ၊ လာသတိနှင့် နေထိုင်ကြရန်နှင့် ပြည်သူလူထုနှင့် ဆက်ဆံသည့်အခါတွင်လည်း ဆင်ခြင်တုံတရား လက်ကိုင်ထားပြီး ပြောဆိုဆက်ဆံဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း။

## လွှတ်တော်အတွေ့အကြုံရှင်းလင်းခြင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေး

ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင်လည်း တက်တက်ကြွကြွဆောင်ရွက်ရန် မှာကြားလိုပါကြောင်း၊ နိုင်ငံတော်၏ မည်သည့်နေရာဒေသတွင်မဆို ဘေးအန္တရာယ်ကျရောက်ခဲ့ပါကလည်း ပြည်သူလူထု၏ အခက်အခဲများကို စာနာနားလည်ပြီး တတ်စွမ်းသမျှ ကူညီစောင့်ရှောက်ပေးကြရန် လိုအပ်ပါကြောင်း၊ ပြည်သူများက အားကိုးယုံကြည်စွာဖြင့် ရွေးချယ်တာဝန်ပေးလိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များသည် ပြည်သူများ ကြုံတွေ့ခံစားနေရသည့် အခြေအနေမှန်များကို မျက်ခြည်မပြတ်စေဘဲ သတိရှိရှိဖြင့် အမြဲနားစွင့်နေရန် လိုအပ်ပါကြောင်း။

ပြည်သူ့အသံ၊ လွှတ်တော်အသံဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းပူးပေါင်း ကူညီပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း၊ လွှတ်တော်အစည်းအဝေး ရပ်နားထားစဉ်ကာလအတွင်း မဲဆန္ဒရှင်ပြည်သူလူထုထံ အရောက်သွား၍ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်ပေးကြပါ၊ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နေသူများပီသစွာ ပြည်သူလူထုကိုလည်း စစ်မှန်သည့် ဒီမိုကရေစီအလေ့အကျင့်ကောင်းများ ဖွံ့ဖြိုးလာရန် ကူညီဆောင်ရွက်ပေးကြပါ၊ ပြည်သူက အားကိုးယုံကြည်ရသည့် လွှတ်တော်ကိုယ်စားလှယ်များ ပီသစွာ ပြည်သူ့အကျိုးကို စိတ်ကောင်းစေတနာမှန်ဖြင့် ကူညီဆောင်ရွက်ပေးကြပါ၊ ပြည်သူများအကြား လွှတ်တော်အတွေ့အကြုံရှင်းလင်းခြင်းကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးကြပါရန် မှာကြားလိုပါကြောင်း ပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပြီးစီးကြောင်း ကြေညာသည်။  **အေးအေးသန့် (သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၉-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၆ ပါ အရေးကြီးသည့် တိရစ္ဆာန်ကျန်းမာရေး ဆောင်းပါး၏ ပထမကော်လံ ဒုတိယအပိုဒ် စာကြောင်းရေ ၆ တွင် $H_1N_1$ အစား $H_5N_1$ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**(စာရေးသူ)**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော်  စက်တင်ဘာ  ၁၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ဆယ့်နှစ်ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

နေပြည်တော် စက်တင်ဘာ ၁၈

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အစီရင်ခံစာ တစ်ခု ဖတ်ကြားခြင်း၊ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နဝမပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က **အမျိုးသားလွှတ်တော် ကော်မတီများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်နေရာများ အစားထိုးပြင်ဆင် ဖွဲ့စည်းခြင်း** ကို လွှတ်တော်သို့တင်ပြ၍ အတည်ပြုချက်ရယူသည်။

## နေပူတောင်ဒေသကို သဘာဝအခြေခံ ခရီးသွားစခန်းအဖြစ် တိုးမြှင့်သတ်မှတ်မည်ဆိုပါက ဒေသတွင်း ခရီးသွားလုပ်ငန်းကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေးမည်

ထို့နောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော် ၏ **ရခိုင်ရိုးမရှိ နေပူတောင်ကျောက်ထုတ်လုပ်မှု စီမံကိန်းကို ရပ်ဆိုင်းထားပြီး သဘာဝအခြေခံ ခရီးသွားလုပ်ငန်းစီမံကိန်းအဖြစ် အစားထိုးပြောင်းလဲလုပ်ကိုင်သွားရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် အတွင်းရှိ ရခိုင်ရိုးမအပေါ်တွင်တည်ရှိသည့် နေပူတောင်နေရာကို သဘာဝအခြေခံ ခရီးသွားဒေသအဖြစ် ပေါ်ပေါက်ရေးအတွက် ဖော်ထုတ်မြှင့်တင်ကြော်ငြာဆောင်ရွက်သွားရန် လတ်တလောတွင် အစီအစဉ် မရှိသေးပါကြောင်း၊ ကုမ္ပဏီမှထုတ်လုပ်မှုလုပ်ငန်းများ အပြီးပိတ်သိမ်းခွင့် တင်ပြထားချက်အပေါ် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းနှင့် သဘောတူစာချုပ်ဖျက်သိမ်းပြီးပါက ပြည်နယ်အစိုးရအနေဖြင့် နေပူတောင်ဒေသကို သဘာဝအခြေခံ ခရီးသွားစခန်းအဖြစ် တိုးမြှင့်သတ်မှတ်မည်ဆိုပါက ဒေသတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင် ၏ **စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် နယ်စပ်ဖြစ်သော ကားရော်လောင်ကိုင်နှင့် ကားရော်ဂျဲထောက်ကြား (ဂျဲထားချောင်း) ပေ ၂၀၀ နှင့် ကားရော်လောင်ကိုင်နှင့် ထန်ခေါ်နောက်ကုန်းကြား (စိုးညိုချောင်း) ပေ ၁၀၀ တို့ကို သံကြိုးတံတားဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က မေးခွန်းနှင့် စပ်လျဉ်း၍ တံတားတည်ဆောက်မည့်လမ်းကြောင်းသည် လက်ရှိတွင် ဝန်ကြီးဌာနအနေဖြင့် ကားလမ်းဖောက်လုပ်ထားခြင်း မရှိသေးပါကြောင်း၊ ကားလမ်းဖောက်လုပ်ပြီးမှသာ အဆိုပါ တံတားနှစ်စင်း တည်ဆောက်ရေးလုပ်ငန်းကို စဉ်းစားသင့်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ၏ **ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်း ရွှေပြည်ရွာဟောင်း၊ သာစည်ကျေးရွာအုပ်စု၊ မျောက်တောင်ကျေးရွာအုပ်စု၊ မာလာကျေးရွာအုပ်စုတို့ကို မဟာဓာတ်အားလိုင်း၏** (11 KVA) **ဓာတ်အားလိုင်းမှတစ်ဆင့် ၄၀၀ ဗို့အားလိုင်းများ သွယ်တန်းပြီး ၂၄ နာရီ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင် က ကျောက်တော်မြို့နယ် သာစည်ကျေးရွာ ဓာတ်အားရရှိရေးနှင့် မျောက်တောင်ကျေးရွာ ဓာတ်အားရရှိရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေတွင် လည်းကောင်း၊ ရွှေပြည်ရွာဟောင်းကျေးရွာ ဓာတ်အားရရှိရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ၏ ဖြည့်စွက်ရန်ပုံငွေတွင် လည်းကောင်း လျာထားဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း။

မာလာကျေးရွာအုပ်စုရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကျောက်တော်မှ တင်းမသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၁ မိုင် တည်ဆောက်ခြင်းနှင့် တင်းမကျေးရွာတွင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံအသစ် တစ်ရုံ တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံဆောင်ရွက်သွားရန် စီစဉ်ထားရှိပါကြောင်း။

တင်းမကျေးရွာတွင် ၆၆/၁၁ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ပြီးပါက အဆိုပါ ဓာတ်အားခွဲရုံမှတစ်ဆင့် မာလာကျေးရွာအုပ်စုထံသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၁၁ ကေဗွီဓာတ်အားလိုင်းနှင့် ၁၁/၀.၄ ကေဗွီ ထရန်စဖော်မာများ ထပ်မံတည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ တည်ဆောက်ရေးလုပ်ငန်းများအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းနှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း။

အမှတ်(၈)မှ ဒေါ်မမလေးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ဆက်လက်ရှင်းလင်းဖြေကြားခဲ့ကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က **အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်သိန်းက **တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ က အဆိုပါ ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် **အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာ**ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ကော်မတီ၏ အစီရင်ခံစာအပေါ် စိစစ်တွေ့ရှိချက်များ၊ သုံးသပ်အကြံပြုချက်များအပေါ်တွင် အစိုးရအနေဖြင့် လိုက်ပါလုပ်ဆောင်ရန်မှာလည်း အလွန်အရေးကြီးပါကြောင်း၊ ထိုသို့ လုပ်ဆောင်နိုင်ရန်လည်း ကော်မတီအနေဖြင့် စောင့်ကြည့်နိုင်ရေး ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း က ကော်မတီ၏ အစီရင်ခံစာသည် ပြည့်စုံသလောက်ရှိပါကြောင်း၊ နောက်နောင်လည်း လက်တွေ့ကျကျ ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးစေလိုပါကြောင်း၊ အစီရင်ခံစာအတိုင်း မဆောင်ရွက်နိုင်သည့် ဝန်ကြီးဌာနများကို ယခုထက်မက တိုး၍ဆောင်ရွက်စေမည့် နည်းလမ်းများဖြင့် ရှာဖွေထိန်းကျောင်းပေးစေလိုပါကြောင်း ဆွေးနွေးသည်။

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာစန်းမောင်မောင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းနှင့် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်းတို့က ဆက်လက်ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူ အတည်ပြုခဲ့သည်။

## အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များအနေဖြင့် မေးခွန်းမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏အကျိုးအလို့ငှာ လွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၈၇ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၅၄ ခု တို့ကို မေးမြန်း

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၃ ရက်မှ စက်တင်ဘာလ ၁၈ ရက်အထိ အစည်းအဝေး ကျင်းပရက် ၁၉ ရက်အတွင်း အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များအနေဖြင့် မေးခွန်းမေးမြန်းခြင်းကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူလူထု၏အကျိုးအလို့ငှာ လွှတ်တော်သို့ ကြယ်ပွင့်ပြမေးခွန်း ၈၇ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၅၄ ခုတို့ကို မေးမြန်းခဲ့ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များက လွှတ်တော်တွင် နှုတ်ဖြင့်ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ဖြေကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ **အဆိုတင်သွင်းခြင်းကဏ္ဍ**တွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၏ **မြန်မာနိုင်ငံတွင် လယ်ယာဥယျာဉ်ခြံမြေများကို စည်းကမ်းမဲ့စွာ အကွက်ဖော် ရောင်းစားနေကြခြင်းတို့ကြောင့် စိုက်ပျိုးမြေများ အလျင်အမြန် လျော့နည်းလာခြင်း၊ မြို့ပေါ်နှင့် ကျေးရွာများတွင် နောင်တစ်ချိန်လိုအပ်ပါက အသုံးပြုနိုင်ရန် ချန်လှပ်ထားသော မြေလွတ်များ ပျောက်ဆုံးကုန်ခြင်း စသည်တို့နှင့် အဓိက သက်ဆိုင်သော စီမံခန့်ခွဲမှုကော်မတီ၊ စည်ပင်သာယာရေးကော်မတီနှင့် လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့် (ကော်သုံးကော်)တို့၏ လျော့ရဲပြီး အဂတိတရားမကင်းသည့် လုပ်ဆောင်ချက်များကို ထိရောက်စွာ ထိန်းညှိပေးနိုင်မည့် အစီအမံတစ်ခုကို အလျင်အမြန် ရေးဆွဲပြဋ္ဌာန်း အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို လွှတ်တော်သို့ တင်သွင်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ပြီး အဆိုကို အတည်ပြုခဲ့ပါကြောင်း။

**ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍအနေဖြင့်** အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့ထားသည့် တံတားကြီးများ ဥပဒေကြမ်း၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းတို့ကို လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်မှ စတင်ဆွေးနွေးအတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည့် ဥပဒေကြမ်းများအနက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးရာတွင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးရန် ပေးပို့ခဲ့ပါကြောင်း၊ ယင်းဥပဒေအား ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၄ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါကြောင်း။

## မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြု

မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခဲ့ရာ လွှတ်တော်က ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုခဲ့ပါကြောင်း၊ ယင်းဥပဒေအား ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၆ ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပါကြောင်း၊ ၂၀၁၇ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း၊ စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေကြမ်း၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းအား လွှတ်တော်သို့ အသိပေးပြီး ဆွေးနွေးရန် အမည်စာရင်း တောင်းခံခဲ့ပါကြောင်း။

ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေး အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သည့် ဥပဒေကြမ်းများအနက် မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းတို့ကို ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားတင်သွင်းခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့သော တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အစီရင်ခံစာပြန်လည်ဖတ်ကြားခြင်း၊ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ဆွေးနွေးရန် အမည်စာရင်း တောင်းထားသည့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဥပဒေကြမ်းတို့ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းသည့် ဥပဒေကြမ်းများမှာ အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ဆွေးနွေးရန် အမည်စာရင်း တောင်းခံထားသည့်

*စာမျက်နှာ ၉ သို့*

# ၇၁ ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၇၁ ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပွဲကို ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက် (သောကြာ)နေ့မှ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်(အင်္ဂါ)နေ့အထိ (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)မှ (၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)အထိ ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုမည့် သံဃာတော်အရှင်သူမြတ်များသည် ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် (၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်) နောက်ဆုံးထား၍ ဝင်ခွင့်တောင်းခံလွှာများကို (ဓာတ်ပုံနှစ်ပုံနှင့်အတူ) ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ၊ စာမေးပွဲဌာနခွဲ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့သို့ ပေးပို့ရန်ဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးတင်သွင်းပြီးနောက် အကြောင်းမညီညွတ်၍ ပြန်ဆို/ဖြေဆိုရန် ပျက်ကွက်ပါက ပျက်ကွက်သည့်အကြောင်းကို ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်) နောက်ဆုံးထား၍ အကြောင်းပြန်ကြားရန်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၁၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော ၂၀၁၈ ခုနှစ်၊ အဘိဓမ္မာ၊ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်နေ့မှ နတ်တော်လပြည့်ကျော် ၁၊ ၂ ရက် (၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂၊ ၂၃၊ ၂၄) ရက်တို့တွင် ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲများကို အစိုးရပထမငယ်တန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိပါသည်။ အဘိဓမ္မာ(ရိုးရိုး)အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ်စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း(သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်လုံးဖြစ်စေ နှစ်ချင်းပေါက်ဖြေဆိုခွင့်ရှိပါသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံမအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဝင်ခွင့်တောင်းခံလွှာများကို သက်ဆိုင်ရာစာဖြေဌာနတည်ရှိရာ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ ပေးပို့ထားပြီးဖြစ်၍ ယင်းရုံးများတွင် ဖြေဆိုလိုသည့်ပုံစံများကို တောင်းယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ကမ္ဘာ့ဘဏ်မှ ဌာနေကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် ကမ္ဘာ့ဘဏ် (World Bank) မှ ဌာနေကိုယ်စားလှယ် Ms. Ellen Goldstein နှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ UN၊ NGOs၊ INGOs အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ နိုင်ငံတော်အစိုးရမှ ရခိုင်ပြည်နယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဖွင့်လှစ်သင်ကြားလျက်ရှိသော အသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများအား အဆင့်မြှင့်တင်ရေးလုပ်ငန်းများနှင့် ဘိန်းအစားထိုး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကမ္ဘာ့ဘဏ်အနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မီဒီယာ အင်္ဂလိပ်စာ စာအုပ်ထွက်ရှိ


**နေပြည်တော် စက်တင်ဘာ ၁၈**

ဆရာ ဦးလှမောင် (Arakan Sein)၏ မီဒီယာ အင်္ဂလိပ်စာ စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

စာရေးသူက ယခုအခါ မီဒီယာလောကကြီးသည် တစ်ဟုန်ထိုး ကြီးထွားလာရာ အင်္ဂလိပ်မှ မြန်မာဘာသာသို့ ဘာသာပြန်နေကြသည့် လူငယ်ဂျာနယ်လစ်များအတွက် လည်းကောင်း၊ အင်္ဂလိပ်စာသင်ရင်း ပြင်ပဗဟုသုတရှာကြသူများအတွက် လည်းကောင်း ရည်ရွယ်၍ ယခုကဲ့သို့ ထုတ်ဝေခြင်းဖြစ်ကြောင်း၊ ဤစာအုပ် ရေးသားပြုစုသည့် ရည်ရွယ်ချက်မှာ အင်္ဂလိပ်စာတတ်ပြီး ဘာသာပြန်သူများ ထွက်ပေါ်လာစေရန်၊ ကျောင်းတွင်းစာမှ ပြင်ပစာပေများ ဖတ်ကာ ဗဟုသုတများ တိုးပွားစေရန် စသည့်အချက်များ ပါဝင်ကြောင်း ဖော်ပြထားသည်။

ယင်းစာအုပ်ကို တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

**သတင်းစဉ်**




**စာအုပ်စာပေ လှူမိတ်ဆွေ**

# ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာ အကျိုးပြု လမ်းသစ်ဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာလမ်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။

အဆိုပါ လမ်းဖွင့်ပွဲအခမ်းအနားတွင် Cardno ရုံးချုပ်မှ CEO Mr. Lan Ball, International Development Manager Mrs.Marian Boreland နှင့် စီမံကိန်းမန်နေဂျာ ဦးသန်းညွန့်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုးကျော်သူ၊ လူထုဗဟိုပြုစီမံကိန်း တာဝန်ခံ ဦးကျော်ညီညီထွန်း၊ နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင် ဦးသန့်ဇော်ဝင်းတို့ တက်ရောက်ကာ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အောက်ပုံ)** ထို့နောက် လူထုဗဟိုပြုစီမံကိန်းရုံးသို့ သွားရောက်ကာ စီမံကိန်းအကောင်အထည်ဖော်ပြီးစီးမှု အခြေအနေများကို လေ့လာခဲ့သည်။

ထို့နောက် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသော ကမာပတ်ကျေးရွာ၊ နတ်ရေတွင်းကျေးရွာနှင့် ဖျံရွာချောင်ကျေးရွာသို့ သွားရောက်ပြီး ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းပြီးစီးမှု အခြေအနေများအား မေးမြန်း၍ စီမံကိန်းလုပ်ငန်းခွဲများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**သွန်းဝသန်**



*စာမျက်နှာ ၈ မှ*

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) (တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ) ဦးဘမျိုးသိန်း တင်သွင်းသည့် ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းနှင့် အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်းက ရာဇသတ်ကြီးကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်း၊ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ၎င်းတို့၏ ဆွေးနွေးချက်များကို ဥပဒေကြမ်းကော်မတီသို့ ပြန်လည်ကြားနာနိုင်ရန် ပေးပို့ခဲ့ပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးစိုးမိုးက တရားလွှတ်တော် ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်သို့ အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးနိုင်ရန် အမည်စာရင်း တောင်းခံခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

နည်းဥပဒေများနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးခြင်း၊ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါကြောင်း၊ အစီရင်ခံစာတင်သွင်းခြင်းကဏ္ဍတွင် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် တင်သွင်းမေးမြန်းခဲ့သည့် အဆို၊ မေးခွန်းများနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခြင်းနှင့် လွှတ်တော်က အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းထားသည့် ကော်မတီများ၏ လွှတ်တော်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့သည့် ကော်မတီအစည်းအဝေးများမှာ ဥပဒေကြမ်းကော်မတီ (၂၂)ကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီ (၄)ကြိမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ (၂၀)ကြိမ်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော် မတီ (၄)ကြိမ်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ (၄)ကြိမ်၊ တိုင်းရင်းသားရေးရာကော်မတီ (၁၀)ကြိမ်၊ တောင်သူလယ်သမားရေးရာကော်မတီ (၆) ကြိမ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ (၇)ကြိမ်၊ ပညာရေးမြှင့်တင်မှုကော်မတီ (၆)ကြိမ်၊ ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာ ကော်မတီ(၈) ကြိမ်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ(၈)ကြိမ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ (၉)ကြိမ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ (၄)ကြိမ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ (၁)ကြိမ်၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီ (၅)ကြိမ် စုစုပေါင်းကော်မတီအစည်းအဝေး (၁၁၈)ကြိမ် ပြုလုပ်ခဲ့ပါကြောင်း။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအတွက် သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးကာလအတွင်း စာတမ်းတို သုံးစောင် ထုတ်ဝေခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် ၇၃ ဦးက သိရှိလိုသည့် သတင်းအချက်အလက် မေးမြန်းခဲ့မှုများအနက် ၈၆ ချက်ကို ရှာဖွေဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်ဆဲ ၁၅ ချက် ဖြစ်သည်ကို လွှတ်တော်ကိုယ်စားလှယ်များကို အသိပေးပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များအားလုံး မိမိတို့သက်ဆိုင်ရာဒေသအသီးသီးသို့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပြန်လည်ရောက်ရှိကြပြီး မိမိတို့၏ မဲဆန္ဒရှင်ပြည်သူများအကျိုး၊ ဒေသ၏အကျိုး၊ နိုင်ငံတော်၏ အကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးကြောင်း ကြေညာသည်။

**အောင်ရဲသွင် (သတင်းစဉ်)**

# ပြည်သူတွေကလည်း ဒီလုပ်ငန်းကို သဘောပေါက်နားလည်ပြီး ရောင်းကြဝယ်ကြမယ်ဆိုရင်၊ အမှိုက်သရိုက်မပစ်ကြဘူးဆိုရင် လာလည်တဲ့ နိုင်ငံခြားသားက လာပြီးထပ်လာချင် ဖြစ်လာမှာ မုချပဲလို့ပြောပါရစေ

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်

## ဟိုတယ်နှင့်ခရီးသွားကဏ္ဍနှင့်ပတ်သက်၍ "နိုင်ငံစီးပွားခရီးသွားဖြင့် ကြိုးပမ်းတိုးမြှင့် ကမ္ဘာ့အဆင့်" ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ဟိုတယ်နှင့် ခရီးသွားကဏ္ဍနှင့် ပတ်သက်၍ "နိုင်ငံစီးပွားခရီးသွားဖြင့် ကြိုးပမ်းတိုးမြှင့် ကမ္ဘာ့အဆင့်"ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ ဒေါ်ခင်သန်းဝင်း (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန)၊ ဒေါ်မေမြတ်မွန်ဝင်း (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း)၊ ဦးခင်ဇော် (အကြံပေး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်)၊ ဦးသက်လွင်တိုး (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းရှင်များအသင်း)နှင့် ဦးအောင်မျိုးမင်းဒင် (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း) တို့က ပါဝင်ဆွေးနွေးကြသည်။**

**အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ဖော်ပြအပ်ပါသည်။**



***ယမန်နေ့မှ အဆက်***

ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက်၊ ခရီးစဉ်ဒေသသစ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်ဆောင်ရတဲ့ ကော်မတီတစ်ခုဖြစ်ပါတယ်။ ဇုန်နယ်မြေအကုန်လုံးမှာ ဟိုတယ်တွေရှိတယ်။ သူတို့တွေ အကုန်လုံးကလည်း သူတို့ဒေသဖွံ့ဖြိုးတိုးတက်ဖို့ကို လိုလားကြတဲ့အတွက် မြန်မာနိုင်ငံမှာ ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် အများကြီး အထောက်အကူရပါတယ်။ နောက်တစ်ခုက လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးကော်မတီပါ။ မြန်မာနိုင်ငံကို ခရီးသွားတွေလာတဲ့အခါ ဒီမှာပျော်ရွှင်သွားဖို့ကလည်း အရေးကြီးပါတယ်။ အဲဒီအတွက် ကျွန်တော်တို့က ဟိုတယ်ဝန်ထမ်းတွေကို နိုင်ငံတကာ အဆင့်မီအောင် Training တွေ အများကြီးလုပ်ပေးရပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့က အများကြီးကံကောင်းပါတယ်။ ကျွန်တော်တို့ မြန်မာလူမျိုးတွေရဲ့ DNA က Service DNA ဖြစ်နေတယ်။ လူလူချင်းတွေ့ရင် ပြုံးပြဖို့၊ မင်္ဂလာပါလို့ နှုတ်ဆက်ဖို့ဆိုတာ မသင်ရဘဲနဲ့ကို ပါလာတဲ့ Service DNA ဖြစ်နေတယ်။ ကျွန်တော်တို့ Industry က ကံကောင်းပါတယ်။

နောက်တစ်ခုက ပျော်ရွှင်ချင်တယ်။ စိတ်ချမ်းမြေ့ချင်တယ်ဆိုပြီး လာတဲ့သူတွေကို အတတ်နိုင်ဆုံး၊ အကောင်းဆုံးတွေ ဖန်တီးပေးတယ်။ ဒါကို local taste အနေနဲ့ လုပ်ကြတယ်။ ဒီချိန်မှာပေးတဲ့ service ကလည်း human ဖြစ်တယ်။ လာတဲ့ ဧည့်သည်ကလည်း human ဖြစ်တယ်။ အဲဒီတော့ ကျွန်တော်တို့အတွက် service ပေးတဲ့အခါ လွယ်ကူပါတယ်။ ဒီတော့ ခဏခဏလည်း ပြန်လာချင်တဲ့စိတ် ဖြစ်ပေါ်သွားစေတယ်။ ဒါမျိုးတွေ အများကြီးကြုံတွေ့ရပါတယ်။ စွဲမက်ဖွယ်ရာ ပြည်မြန်မာဆိုတဲ့ brand အသစ်ကို လုပ်နေပါတယ်။ ကျွန်တော်တို့ ဟိုတယ်အပိုင်းမှာလည်း ဒီအတွက် ပြင်ဆင်နေပါတယ်။

**အစီအစဉ်မှူး။ ။မြန်မာနိုင်ငံက ခရီးသွားတွေကို နှလုံးသားနဲ့ နှုတ်ဆက်ကြတယ်။ နှလုံးသားကလာတဲ့ အပြုံးတွေနဲ့ နှုတ်ဆက်ကြတယ်။ ဆက်လက်ပြီးတော့ ဝန်ကြီးအနေနဲ့ ခရီးသွားကဏ္ဍနဲ့ ပတ်သက်ပြီး လုပ်ငန်းရှင်တွေ လုပ်သာကိုင်သာအောင် ဆောင်ရွက်ပေးနေတာတွေကို ဆွေးနွေးပေးပါ။**

**ပြည်ထောင်စုဝန်ကြီး။** ။ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ လုပ်ငန်းရှင်တွေ လုပ်သာကိုင်သာအောင် မူဝါဒတွေချမှတ်ဖို့ လိုပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၁၉၉၃ ခုနှစ်ကတည်းက ချမှတ်ခဲ့တဲ့ ဟိုတယ်နဲ့ ခရီးသွားလာရေးဥပဒေကို အခု ၁၅ နှစ်အကြာမှာ ဒီဥပဒေက Out of Date ဖြစ်နေတယ်။ အဲဒီအတွက် ဥပဒေအသစ်တစ်ရပ်ကို ပြင်ဆင်ရေးဆွဲထားပါတယ်။ ပြင်ဆင်ရေးဆွဲတဲ့နေရာမှာ ဆက်စပ်ဝန်ကြီးဌာနတွေ၊ မြန်မာခရီးသွားလုပ်ငန်း အဖွဲ့ချုပ်နဲ့ ညီနောင်အသင်းတွေ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံနေတဲ့ ပုဂ္ဂိုလ်တွေ၊ ပညာရှင်တွေ ဖိတ်ခေါ်ပြီးတော့မှ သူတို့ရဲ့အကြံဉာဏ်ကို ရယူပြီးတော့ခေတ်စနစ်နဲ့ ကိုက်ညီတဲ့ ခရီးသွားလုပ်ငန်းဥပဒေအသစ်ကို စပြီးပြဋ္ဌာန်းခဲ့ပါတယ်။

**"မြန်မာနိုင်ငံမှာ ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် အများကြီး အထောက်အကူရပါတယ်။ နောက်တစ်ခုက လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီပါ။ မြန်မာနိုင်ငံကို ခရီးသွားတွေ လာတဲ့အခါ ဒီမှာပျော်ရွှင်သွားဖို့ကလည်း အရေးကြီးပါတယ်။ အဲဒီအတွက် ကျွန်တော်တို့က ဟိုတယ်ဝန်ထမ်းတွေကို နိုင်ငံတကာအဆင့်မီအောင် Training တွေအများကြီးလုပ်ပေးရပါတယ်။ အဲဒီအတွက်လည်း ကျွန်တော်တို့က အများကြီး ကံကောင်းပါတယ်"**

အဲဒီဥပဒေဟာ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်ကို ဖြတ်သန်းပြီး ပြည်ထောင်စုလွှတ်တော်မှာ မူကြမ်းအဖြစ် တင်ထားပါပြီ။ အဲဒီကနေ နိုင်ငံတော်သမ္မတဆီ တင်ပြီးတော့၊ နိုင်ငံတော်သမ္မတကနေ ပြည်ထောင်စုလွှတ်တော်ကို ပြန်ပို့ရင် ပြဋ္ဌာန်းတော့မှာပါ။ အဲဒီဥပဒေအသစ်မှာ ဘာပါလဲဆိုရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေကို လုပ်ပိုင်ခွင့်တွေ ပေးထားပါတယ်။ အဲဒီလို လုပ်ပိုင်ခွင့်တွေ ပိုပြီးပေးရခြင်း အကြောင်းရင်းကလည်း ဒီခရီးသွားလုပ်ငန်း ပိုပြီးဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေက သူတို့ဆီမှာ ဖွံ့ဖြိုးတိုးတက်စေချင်တဲ့အပိုင်း၊ ရင်းနှီးမြှုပ်နှံစေချင်တဲ့အပိုင်းတွေကို ဗဟိုအစိုးရထက် ပိုပြီးတော့ သိပါတယ်။ ပိုသိတဲ့အတွက် လုပ်ငန်းမှာ ထိရောက်အောင်မြင်အောင်၊ ရင်းနှီးမြှုပ်နှံသူတွေလည်း အဆင်ပြေအောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီလိုမျိုး ဆောင်ရွက်တဲ့အခါမှာလည်း ကျွန်တော်တို့ ကော်မတီအရပ်ရပ်တွေ ဖွဲ့ထားပါတယ်။ ဒါကို ဒေါ်ခင်သန်းဝင်းက ဆက်ပြီး ရှင်းပြပါလိမ့်မယ်။

**ဒေါ်ခင်သန်းဝင်း။** ။၁၉၉၃ ခုနှစ်မှာ မြန်မာနိုင်ငံ ဟိုတယ်နဲ့ ခရီးသွားလာရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးတော့ လက်ရှိကျင့်သုံးနေပါတယ်။ ခုနက ပြည်ထောင်စုဝန်ကြီးပြောသလိုပဲ မကြာမီ ဥပဒေအသစ် (မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေ) ထွက်ပေါ်လာပါ့မယ်။ လွှတ်တော်သုံးရပ်ကို ဖြတ်သန်းပြီးတော့ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးပြီးရင် အသစ်ပြဋ္ဌာန်းမယ်။ ဥပဒေအသစ်မှာ ကော်မတီသုံးရပ်ကို ထည့်သွင်းထားပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့က အမျိုးသား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဗဟိုကော်မတီကို ဖွဲ့ပါ့မယ်။ အဲဒီအဖွဲ့မှာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဥက္ကဋ္ဌဖြစ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးက ဒုတိယဥက္ကဋ္ဌဖြစ်ပြီးတော့ အမြဲတမ်းအတွင်းဝန်က အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်က တွဲဖက်အတွင်းရေးမှူးဖြစ်ပါတယ်။ နောက်ကော်မတီတစ်ရပ်က ခရီးသွားလုပ်ငန်းကော်မတီပါ။ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ ဖြစ်ပါတယ်။ နောက်ကော်မတီတစ်ရပ်က ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဖြစ်ပါတယ်။ ဒေသမှာရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်တွေ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီးတော့ ဟိုတယ်နဲ့ခရီးသွားညွှန်ကြားမှုဦးစီးဌာနက တာဝန်ခံတွေက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ကြပါတယ်။

ဒါကြောင့်မို့ ဥပဒေအသစ်ပြဋ္ဌာန်းပြီးရင် ဖြေလျှော့တာတွေရှိမယ်။ ဒေသကနေ လိုင်စင်နဲ့ ပတ်သက်တာတွေ၊ ဟိုတယ်ဆောက်တာ ဒါမျိုးတွေကို ဒေသဆိုင်ရာ ကော်မတီမှာသာ တင်ပြရမှာဖြစ်ပါတယ်။ သက်တမ်းအနေနဲ့ အခုလက်ရှိမှာ လိုင်စင်သက်တမ်းက နှစ်နှစ်ဖြစ်ပါတယ်။ ဖြေလျှော့လိုက်တဲ့အတွက် လိုင်စင်သက်တမ်းသည် သုံးနှစ်ဖြစ်သွားပါမယ်။ ဒေသကပိုပြီး လုပ်ပိုင်ခွင့်ရှိလာမယ်။ လုပ်ငန်းတွေလည်း ပိုပြီးလျင်မြန်လာမှာ ဖြစ်ပါတယ်။ ဥပဒေအသစ်က ပွင့်လင်းမြင်သာမှုရှိပြီးတော့ နိုင်ငံသားတွေအတွက် ပိုပြီးအကျိုးရှိစေမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ပြည်ထောင်စုဝန်ကြီးအနေနဲ့ ကျန်ရှိတဲ့ အစိုးရသက်တမ်းမှာ ဘယ်လောက်အထိ တိုးတက်အောင် ဆောင်ရွက်သွားမယ်ဆိုတဲ့ အခြေအနေနဲ့ ဒီအခြေအနေအပေါ်မှာ ဝန်ကြီးအနေနဲ့ အားရကျေနပ်မှု ရှိ၊ မရှိဆိုတာ ဆွေးနွေးပေးပါ။**

**ပြည်ထောင်စုဝန်ကြီး။** ။ကျွန်တော်ကလည်း ဟိုတယ်လောက ကနေလာတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ။ သို့ပေမယ့် မြန်မာနိုင်ငံမှာ လုပ်ငန်းတွေလုပ်တဲ့အခါ ကျွန်တော်ကိုယ်တိုင်လည်း လုပ်ငန်းတွေအမျိုးမျိုး လုပ်ခဲ့ဖူးပါတယ်။ ပြောရမယ်ဆိုရင် ကျွန်တော်တို့အချင်းချင်း ရောင်းကြဝယ်ကြမယ်ဆိုရင် အကြွေးကျတယ်။ တောင်းရင် မုန်းတယ်။ တောင်းလည်း မတောင်းရ၊ အကြွေးလည်းမကျတဲ့လုပ်ငန်းက ခရီးသွားလုပ်ငန်းပဲဖြစ်တယ်။ ဟိုတယ်လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ဆိုရင် ခရီးသွားလုပ်ငန်းကုမ္ပဏီတွေကို Contract ပေးလိုက်တယ်။ ဒီခရီးသွားလုပ်ငန်းကုမ္ပဏီတွေကလည်း Booking တွေ တင်တယ်။ ကျွန်တော့်ဟိုတယ်ဆီ ပိုက်ဆံအရင်ကြိုပေးမှ နေရာရတယ်။ အဲဒီတော့ အကြွေးမကျဘူး။ Service ကိုလည်း ပိုက်ဆံကြိုရတဲ့အတွက် ကြိုတင်ပြင်ဆင်ချိန်ရတယ်။ ပြင်ဆင်ချိန်ရတဲ့အတွက် Service လည်း ကောင်းကောင်းပေးနိုင်တော့ လုပ်ငန်းအောင်မြင်တာပေါ့။ ထိုနည်းအတိုင်းပဲ ဟိုတယ်လုပ်ငန်းရှင်တွေ၊ ခရီးသွားလုပ်ငန်းရှင်တွေရော အတွေးသစ်၊ အမြင်သစ်တွေနဲ့ လုပ်ကြတဲ့အခါ သူ့ထက်ငါ ယှဉ်ပြိုင်ပြီး လုပ်လာကျတော့ အနာဂတ်ကို ခရီးသွားလုပ်ငန်းအတွက် ကောင်းမွန်တဲ့အနာဂတ်လို့ပဲ မြင်ပါတယ်။ အရှေ့တောင်အာရှမှာလည်း ကြည့်လိုက်ရင် အင်္ဂလိပ်စာလုံး S နဲ့ ပြောရင် လေးခု၊ ငါးခုလောက်ပဲ ရှိတယ်။ ကျွန်တော်တို့က ခြောက်ခုရှိတယ်။ S ခြောက်ခုက Smile ၊ Sand ၊ Sun၊ Snow ၊ Sea ၊ Service အစုံရှိတယ်။ အရှေ့တောင်အာရှမှာ သူများထက် ကံကောင်းတာ နှင်းဖုံးတောင်တန်းတွေ ရှိတယ်။ အဲဒီတော့ ကျွန်တော်တို့မှာ လုပ်ငန်းတိုးချဲ့စရာ အများကြီးပါ။ လိုအပ်တာက awareness ပါ။ ပြည်သူတွေကလည်း ဒီလုပ်ငန်းကို သဘောပေါက်နားလည်ပြီး ရောင်းကြဝယ်ကြမယ်ဆိုရင်၊ အမှိုက်သရိုက်မပစ်ကြဘူးဆိုရင် လာလည်တဲ့ နိုင်ငံခြားသားက လာပြီးထပ်လာချင် ဖြစ်လာမှာ မုချပဲလို့ ပြောပါရစေ။

**ရှင်မင်း**

***(ဆက်လက်ဖော်ပြပါမည်)***

---

## သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း ရုပ်တုဖွင့်ပွဲ ကျင်းပရန်ဆွေးနွေး

**ပုသိမ် စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့ အ.ထ.က စိန်ရတုစာကြည့်တိုက်တွင် ယမန်နေ့က ငါးသိုင်းချောင်းမြို့ တစ်ဖက်ကမ်း ဒေါင့်ကြီးရွာဇာတိ၊ သမိုင်းပညာရှင် မန္တလေးတက္ကသိုလ် သမိုင်းပါမောက္ခ (ငြိမ်း) ဒေါက်တာသန်းထွန်း ရုပ်တုမှာ မန္တလေးတိုင်း အမရပူရမြို့ တောင်လေးလုံးကျောင်းတိုက်မှ ရောက်ရှိပြီးဖြစ်၍ လာမည့်ဒီဇင်ဘာလအတွင်း စာကြည့်တိုက် အရှေ့မျက်နှာစာတွင် အမှတ်တရအဖြစ် ဂုဏ်ပြုထားရှိရန် ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ငါးသိုင်းချောင်းမြို့ အသင်းဥက္ကဋ္ဌ ဦးသောင်းထွန်း၊ စိန်ရတုစာကြည့်တိုက် ဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့်ကော်မတီဝင်များ၊ ရုပ်တုစိုက်ထူရေးကော်မတီဝင်များ စုံညီစွာတက်ရောက်ကြသည်။ ရှေးဦးစွာ ရုပ်တုစိုက်ထူရေး နာယက ဦးစိန်ဝင်းက ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းပြီး တက်ရောက်လာကြသူများက လုပ်ငန်းစီမံချက်များကဏ္ဍအလိုက် ညှိနှိုင်းကြသည်။

အဆိုပါ ရုပ်တုမှာ အမြင့် သုံးပေခွဲရှိပြီး ဦးခေါင်းပိုင်းပုံဖြစ်ကာ ဖွင့်ပွဲကို ငါးသိုင်းချောင်း အ.ထ.က (၂၄) ကြိမ်မြောက် အာစရိယပူဇော်ပွဲရက်ဖြစ်သော ဒီဇင်ဘာ ၃၀ ရက်အကြို ဒီဇင်ဘာလ ၂၉ ရက်တွင် စည်ကားစွာ ကျင်းပရန်စီစဉ်ထားကြောင်း သိရသည်။

**သိန်းဇော်(ရွှေလီဦး)**

# ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၈

**ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးစောဝင်းထွန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီ အထွေထွေအတွင်းရေးမှူး ဦးစောဝင်းထွန်း

(မောင်ဆွန်းခ)၊ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် အထွေထွေအတွင်းရေးမှူး စောဝင်းထွန်းဖြစ်ပါတယ်။ မကြာခင်ကျင်းပတော့မယ့် ၂၀၁၈-ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ကချင်ပြည်နယ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ်မြေ(၂)၊ မြစ်ကြီးနားမြို့နယ်အတွက် အမျိုးသားလွှတ်တော်တစ်နေရာမှာ ကျွန်တော်တို့ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်မယ့် လွှတ်တော်ကိုယ်စားလှယ်လောင်းကတော့ မြစ်ကြီးနားမြို့မှာနေထိုင်တဲ့ အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းဖြစ်ပါတယ်။ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်ပါတယ်ဆိုတာကို ဦးစွာပထမ အသိပေးတင်ပြလိုပါတယ်။

ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီရဲ့ ရည်ရွယ်ချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်များကို မဲဆန္ဒရှင်မိဘပြည်သူများအား ပါတီရဲ့ ကိုယ်စား ဆက်လက်မတင်ပြခင်မှာ (ရှမ်းနီဆိုတာဘာလဲ) သိရှိရအောင် နောက်ခံသမိုင်းအကျဉ်းချုပ်ကို အနည်းငယ်တင်ပြလိုပါတယ်။

လက်ရှိအတည်ပြုထားတဲ့ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးထဲမှာ ရှမ်းနီလူမျိုးဟာ ရှမ်းမျိုးနွယ်အုပ်စု ၃၃ မျိုးထဲမှာ ပါဝင်တဲ့ လူမျိုးဖြစ်ပြီး ကုတ်နံပါတ်အားဖြင့် (၈၀၃) ရှမ်းကလေးအနေဖြင့်လည်းကောင်း၊ ကုတ်နံပါတ် (၈၂၈) ဖြင့် တိုင်းလျှန်အဖြစ်လည်းကောင်း ဖော်ပြထားပါတယ်။ လက်ရှိရှမ်းပြည်နယ်အတွင်းရှိ ရှမ်းလူမျိုးများအား ဒေသအခေါ်အားဖြင့် ရှမ်းကြီးလို့ခေါ်ဆိုကြသလို မြေပြန့်ဒေသမှာ နေထိုင်ကြတဲ့ ကျွန်တော်တို့လူမျိုးကို ဒေသအခေါ် (ရှမ်းကလေး၊ ရှမ်းဗမာ၊ ရှမ်းနီ)လို့ ရှမ်းဘာသာစကားအသံဖြင့် (တိုင်းလျှန်၊ တိုင်းလိုင်၊ တိုင်းနိုင်း)လို့ ခေါ်ဆိုသမုတ်ကြတဲ့ တရားဝင် တိုင်းရင်းသား ရှမ်းမျိုးနွယ်စုတစ်ခု ဖြစ်ပါတယ်။

ကျွန်တော်တို့ ရှမ်းနီလူမျိုးနဲ့ မြန်မာနိုင်ငံမြောက်ပိုင်းဒေသအတွင်းရှိ မျိုးနွယ်စုများဖြစ်တဲ့(တိုင်းခန္တီး၊ တိုင်းလေ၊ တိုင်းဆာ၊ တိုင်းကဒူး၊ တိုင်းကနန်း)တို့ဟာ လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံအတွင်း ဝင်ရောက်အခြေချနေထိုင်ခဲ့ကြပြီး ဖြစ်ပါတယ်။ အခြားလူမျိုးများရဲ့နယ်မြေကို အနိုင်ကျင့်တိုက်ခိုက်၊ လုယူခဲ့ခြင်းမျိုးမဟုတ်ဘဲ နယ်သစ်၊ ပယ်သစ်ရှာဖွေတွေ့ရှိပြီး ခုတ်ထွင်ရှင်းလင်းကာ (ဓားမဦးချ) အခြေချနေထိုင်ခဲ့ကြခြင်း ဖြစ်ပါတယ်။ ဘာသာစကား၊ စာပေ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အုပ်ချုပ်မှုအတတ်ပညာ၊ စစ်ရေးအတတ်ပညာတွေကိုလည်း အဲဒီကာလကတည်းက အဆင့်မြင့်ထွန်းကားနေခဲ့ပြီး ဖြစ်ပါတယ်။ ဘိုးဘေး ဘီဘင်ကတည်းက သမိုင်းအဆက်ဆက်နေထိုင်ခဲ့ကြတဲ့ ကျွန်တော်တို့ ရှမ်းနီလူမျိုးများရဲ့ဒေသဟာ၊ ယခုလက်ရှိပထဝီမြေပုံနဲ့ အုပ်ချုပ်ပုံစနစ်အရ (စစ်ကိုင်းတိုင်း မြောက်ပိုင်းနယ်မြေမှာ ကလေး၊ တမူး၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီး၊ နန်းယွန်း၊ ကသာ၊ ထီးချိုင့်၊ အင်းတော်၊ ဝန်းသို၊ ကောလင်း၊ ပင်လည်ဘူး၊ ဗန်းမောက်- ၁၄-မြို့နယ်)နဲ့ (ကချင်ပြည်နယ်မှာ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ဝိုင်းမော်၊ မြစ်ကြီးနား၊ တနိုင်း၊ ဗန်းမော်၊ ရွှေကူ၊ မိုးမောက်၊ မံစီ- ၁၀ - မြို့နယ်)၊ ရှမ်းပြည်မြောက်ပိုင်းမှာ (မိုးမိတ်နဲ့ မဘိမ်း-၂-မြို့နယ်)၊ စုစုပေါင်းမြို့နယ် ၂၂ မြို့မှာ အဓိကနေထိုင်ခဲ့ကြပြီး ယခုထက်တိုင် နေထိုင်နေကြဆဲ ဖြစ်ပါတယ်။

အချုပ်အားဖြင့်ပြောရရင် ကြီးမားကျယ်ပြန့်တဲ့ နယ်မြေဒေသကြီးမှာ မြို့များ၊ ရွာများ၊ လယ်မြေများ၊ တောတောင်များ (တစ်ဆက်တစ်စပ်တည်း) တည်ရှိနေတဲ့အပြင် ကိုယ်ပိုင်ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်းကြောင်းအထောက်အထား၊ စာပေများ အပြည့်အဝရှိနေတဲ့အပြင် လူဦးရေအားဖြင့်လည်း သန်းနဲ့ချီပြီးနေထိုင်နေကြဆဲ (ရှမ်းနီလူမျိုး)များ ဖြစ်တယ်ဆိုတာကို မိဘပြည်သူများအား အသိပေး တင်ပြလိုရင်း ဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား...**

ကျွန်တော်အထက်မှာ တင်ပြခဲ့သလို လူမျိုးစုဒေသနဲ့ လူမျိုးများကို အခြေခံပြီး ပွင့်လင်းလာတဲ့ခေတ်၊ စနစ်အောက်မှာ ကျွန်တော်တို့ ရှမ်းနီ (တိုင်းလိုင်)နှင့် မြောက်ပိုင်း ရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီကို ၂၀၁၅ ခုနှစ် မေလအတွင်းမှာ တရားဝင်ဖွဲ့စည်းတည်ထောင်ခွင့်ရရှိခဲ့ပြီး ပြည်ထောင်စုနယ်မြေအားလုံးကို ကိုယ်စားပြုပါတီအနေနဲ့ မှတ်ပုံတင်ထားတဲ့ တိုင်းရင်းသားပါတီတစ်ရပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ပြည်ထောင်စုမဲဆန္ဒနယ်မြေအားလုံးကို ကိုယ်စားပြုနိုင်ခြင်းမရှိဘဲ မိမိတို့ရဲ့ တိုင်းရင်းသားဒေသ မဲဆန္ဒနယ်မြေကိုသာ အကန့်အသတ်ဖြင့် ကိုယ်စားပြုခွင့်ရှိတာကြောင့်(ပြည်ထောင်စုအာဏာကို)ရယူနိုင်ခြင်းမရှိတဲ့အပြင် ပြည်နယ်မရှိတဲ့ အတွက်လည်း(ပြည်နယ် အာဏာ / ဒေသန္တရအာဏာ)ကိုလည်း ရယူနိုင်ခြင်းမရှိတာ ရိုးသားစွာ တင်ပြလိုပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ပါတီဟာ မိမိတို့ရဲ့ အခြေခံမဲဆန္ဒနယ်များမှ တစ်ဆင့် သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး လွှတ်တော်များ၊ ပြည်ထောင်စုလွှတ်တော်များမှာ ပါတီရဲ့ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များမှ နယ်မြေဒေသနှင့် ဌာနေလူမျိုးများအတွက် ကိုယ်စားပြုနိုင်ခွင့်ရရှိနိုင်အောင် ဆောင်ရွက်သွားဖို့ ရည်မှန်းထားပါတယ်။ မည်သည့် အာဏာရှင်စနစ် (စစ်အာဏာရှင်ဖြစ်စေ၊ တစ်ပါတီအာဏာရှင်စနစ်ဖြစ်စေ)ကိုမှ မလိုလားဘဲ မှန်ကန်သောဒီမိုကရေစီစနစ်ဖြင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်တဲ့ ပြည်သူလူထုကရွေးကောက်တဲ့ မည်သည့်အစိုးရနဲ့ လွှတ်တော်မျိုးကိုမဆို ဝိုင်းဝန်းထောက်ခံဖို့ဟာ ကျွန်တော်တို့ပါတီရဲ့ ရည်ရွယ်ချက်တစ်ခုလည်းဖြစ်ပါတယ်။ ထပ်တူအားဖြင့် (ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု) တည်ဆောက်ရေးကို ဦးမတည်တဲ့၊ ဆန့်ကျင်တဲ့ မည်သည့်အစိုးရနဲ့လွှတ်တော်ကိုမဆို ဆန့်ကျင်ကန့်ကွက်သွားရမှာပဲ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း ရည်ရွယ်ချက်ချင်းတူညီသော အခြားတိုင်းရင်းသား အင်အားစုများ၊ တိုင်းရင်းသား ပါတီများ၊ ဒီမိုကရေစီ အင်အားစုများနဲ့အတူ ပူးပေါင်းလက်တွဲဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား...**

လက်ရှိမြန်မာနိုင်ငံရဲ့နိုင်ငံရေးအခြေအနေဟာ ဒီမိုကရေစီကို အပြည့်အဝကျင့်သုံးနိုင်ခြင်းမရှိသေးတဲ့အပြင် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းနေရဆဲ ကာလဖြစ်တယ်ဆိုတာကို အလေးအနက်ထား သတိပြုရမှာဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၅ အထွေထွေရွေးကောက်ပွဲများအပြီးမှာ ပြည်သူလူထုက ရွေးကောက်တင်မြှောက်တဲ့ ပြည်သူ့ကိုယ်စားလှယ်၊ တိုင်းရင်းသားကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားတဲ့လွှတ်တော်၊ အစိုးရအဖွဲ့အစည်းများဖြင့် တည်ရှိနေသော်လည်း ဒီမိုကရေစီကို အပြည့်အဝကျင့်သုံးနိုင်တဲ့လွှတ်တော်နဲ့ အစိုးရဖြစ်ဖို့အတွက် အကန့်အသတ်၊ အဟန့်အတားများရှိနေဆဲဖြစ်တယ်ဆိုတာကို အားလုံးလက်ခံနားလည်ထားကြပြီး ဖြစ်ပါတယ်။ (၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေအောက်မှာ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုနဲ့ ဒီမိုကရေစီစနစ်ကို မတည်ဆောက်နိုင်ဘူးဆိုတာ လက်ရှိအရှိတရားပဲဖြစ်ပါတယ်။ ဒါ့ကြောင့်(၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြုပြင်ပြောင်းလဲခြင်း၊ အသစ်ပြန်လည်ရေးဆွဲခြင်းများပြုလုပ်ရမှာ ဖြစ်တယ်ဆိုတာကို အရပ်ဘက်၊ စစ်ဘက်အင်အားစုအားလုံးက နားလည်လက်ခံထားကြပြီး ဖြစ်ပါတယ်။ ပြင်ဆင်ပြောင်းလဲရေးကိုသာ ဘယ်လိုပုံစံနဲ့ သွားကြမလဲဆိုတဲ့ (နည်းနာ)အပိုင်းမှာသာ ချဉ်းကပ်မှုချင်း ကွဲပြားနေကြတယ်ဆိုတာ တွေ့ရှိကြမှာ ဖြစ်ပါတယ်။

လက်ရှိအခြေအနေမှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအင်အားစုများ၊ နိုင်ငံရေးပါတီများ၊ ပြည်သူလူထုများအနေဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံမှတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး ၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်နေကြပါတယ်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ အောင်မြင်မှုရပါမှ အားလုံးလိုလားနေတဲ့ (၂၀၀၈) ဖွဲ့စည်းပုံပြင်ဆင်ရေးနဲ့ဖက်ဒရယ်ဒီမိုကရေစီတည်ဆောက်ရေးကို လုပ်ကိုင်နိုင်မှာဖြစ်ပါတယ်။ ဒီညီလာခံရဲ့အစ ပထမအစဟာ တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်စာချုပ် (NCA)၊ တစ်နည်းပြောရရင် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ဆိုတာကို သတိပြုကြရမှာဖြစ်ပါတယ်။ နှစ် ၇၀ ကြာတည်ရှိနေတဲ့ တိုင်းရင်းသားများနဲ့ အစိုးရအဆက်ဆက်ရဲ့ ပဋိပက္ခကို လက်နက်ကိုင်မဖြေရှင်းကြဘဲ နိုင်ငံရေးပြဿနာဖြစ်တဲ့အတွက် နိုင်ငံရေးဆွေးနွေးပွဲများ တွေ့ဆုံဆွေးနွေးအဖြေရှာရေး နည်းလမ်းကိုသာ အသုံးပြုပြီး ငြိမ်းချမ်းရေးတည်ဆောက်နေဆဲကာလ ဖြစ်ပါတယ်။

အချုပ်အားဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်အောင်မြင်ပါမှ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံအောင်မြင်နိုင်မှာပါ။ ဒီညီလာခံအောင်မြင်မှသာ(၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ ဖက်ဒရယ်ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး၊ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေး၊ ငြိမ်းချမ်းသာယာတဲ့၊ တန်းတူညီမျှမှုရှိတဲ့၊ တိုးတက်ကောင်းမွန်တဲ့ (ပြည်ထောင်စုစစ်စစ်) ဖြစ်ပေါ်လာနိုင်မယ်လို့ ကျွန်တော်တို့ ရှမ်းနီ (တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီမှ အလေးအနက်ခံယူထားပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေး အပြည့်အဝအောင်မြင်အောင် ကျွန်တော်တို့ပါတီနဲ့ ရှမ်းနီလူမျိုးများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားဖို့ ရည်ရွယ်ချက်ထားရှိပြီး ဖြစ်ပါတယ်။

**ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာမှ၊**

ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်နိုင်မှ ကျွန်တော်တို့ ရှမ်းနီလူမျိုးအတွက် အခြားတိုင်းရင်းသားများနည်းတူ နိုင်ငံရေးအရ တန်းတူညီမျှမှုရှိတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ရှိတဲ့ (ပြည်နယ်အသစ် / နယ်မြေဒေသအသစ်)တစ်ခုကို (တရားသောနည်းလမ်း၊ ဥပဒေဘောင်ထဲကနည်းလမ်း)ဖြင့် တည်ဆောက်ပိုင်ခွင့်၊ ရယူပိုင်ခွင့်၊ တောင်းဆိုပိုင်ခွင့်ရှိမယ်ဆိုတာကို ကျွန်တော်တို့ပါတီမှ အလေးအနက် ယုံကြည်ချက်ထားရှိပါတယ်။ ဖြစ်ကိုဖြစ်ပေါ်လာရမယ်ဆိုတာကိုလည်း အပြည့်အဝသန္နိဋ္ဌာန်ချမှတ်ထားပါတယ်။



အချုပ်အားဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံဖြစ်စဉ်၊ ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေး ဖြစ်စဉ်များမှတစ်ဆင့် ဖြစ်ပေါ်လာမယ့် (ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံသစ်)မှာ ရှမ်းနီနဲ့ မြောက်ပိုင်းရှမ်းမျိုးနွယ်စုများအတွက် အခြားတိုင်းရင်းသားများနည်းတူ နိုင်ငံရေးအရ တန်းတူညီမျှမှုရှိတဲ့ ပြည်ထောင်စုအဖွဲ့ဝင် တိုင်းရင်းသားလူမျိုးနဲ့ ဒေသတစ်ရပ်ဖြစ်ပေါ်လာရေးဟာ ကျွန်တော်တို့ပါတီရဲ့အဓိက (မူဝါဒ) ဖြစ်သလို သမိုင်းပေးတာဝန်လည်း ဖြစ်တယ်ဆိုတာကို လေးစားစွာတင်ပြလိုပါတယ်။

**မိဘပြည်သူများခင်ဗျား...**

အနာဂတ်မှာဖြစ်ပေါ်လာမယ့် (စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု)တည်ဆောက်ကြဖို့ တိုင်းရင်းသားများ၊ နိုင်ငံသားများအားလုံး လက်ခံထားကြပြီးဖြစ်တယ်လို့ ယုံကြည်ထားတဲ့အတွက် စစ်မှန်တဲ့ ပြည်ထောင်စုတည်ဆောက်ရေးမှာ ဖြစ်ပေါ်လာမည့် အခက်အခဲများအားလုံးကို ကျော်လွှားပြီး ပါတီရဲ့ရည်မှန်းချက်များကို အေးချမ်းစွာ အကောင်အထည်ဖော်နိုင်မယ်လို့ အလေးအနက် ခံယူထားပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ပါတီဟာ ကျဉ်းမြောင်းတဲ့ လူမျိုးရေးအမြင်ကို လက်ခံထားခြင်းမရှိဘဲ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အခြားတိုင်းရင်းသားများနဲ့ တန်းတူအတူတကွ ယှဉ်တွဲနေထိုင်ကြရမှာ ဖြစ်တယ်ဆိုတာကို နားလည်ထားပါတယ်။ လူမျိုးကြီး၊ လူမျိုးငယ်၊ အင်အားကြီး၊ အင်အားသေး မခွဲခြားဘဲ ဗမာအပါအဝင် အခြားတိုင်းရင်းသားများ၊ အခြားနိုင်ငံသားများနဲ့ အေးချမ်းစွာ နေထိုင်ကြရမှာလည်းဖြစ်ပါတယ်။ တစ်နည်းအားဖြင့် (သစ်ပင်တစ်ပင်ချင်းကိုလည်း အလေးအနက်ထားရမယ့်အပြင် တောအုပ်တစ်ခုလုံးကိုလည်း လွှမ်းခြုံကြည့်ရမယ့် ကျယ်ပြန့်တဲ့အမြင်) ထားရှိရမယ်လို့ ခံယူထားပါတယ်။ မိမိတို့လူမျိုးနဲ့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အေးချမ်းသာယာရေး၊ ကောင်းမွန်သောစနစ်တည်ဆောက်ရေးများမှာ ဘာသာမရွေး၊ လူမျိုးမရွေးခွဲခြားခြင်းမရှိဘဲ အတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမှာပဲဖြစ်ပါတယ်။

သမိုင်းကြောင်းအရလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရလည်းကောင်း၊ မှန်ကန်တဲ့ဖြစ်တည်မှုအရလည်းကောင်း မိမိတို့ဒေသနဲ့ လူမျိုးအတွက် ရပိုင်ခွင့်၊ အသိအမှတ်ပြုပိုင်ခွင့်၊ တည်ရှိပိုင်ခွင့်ကို (ဥပဒေဘောင်အတွင်းမှ) တောင်းဆိုခြင်းဟာ မိမိတို့ပါတီရဲ့သမိုင်းပေးတာဝန်ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း အခြားတိုင်းရင်းသားများ နိုင်ငံသားများရဲ့ရပိုင်ခွင့်ကို အထိအခိုက်မရှိစေဘဲ ဆွေးနွေးရေးနည်းလမ်းများဖြင့် အေးချမ်းစွာညှိနှိုင်းအဖြေရှာသွားကြရမယ်လို့ ကျွန်တော်တို့ပါတီမှ လက်ခံထားပါတယ်။

အချုပ်အားဖြင့် ပြည်ထောင်စုအတွင်းမှာဖြစ်စေ၊ ဒေသတစ်ခုမှာဖြစ်စေ အတူနေတိုင်းရင်းသားများ၊ နိုင်ငံသားများနဲ့အတူ အေးအတူပူအမျှ ယှဉ်တွဲနေထိုင်ပြီး ပြည်ထောင်စုအကျိုးစီးပွား၊ ဒေသအကျိုးစီးပွားများကို တရားမျှတစွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမယ်ဆိုတာ မိဘပြည်သူများအား အသိပေးတင်ပြအပ်ပါတယ်။

**မိဘပြည်သူများခင်ဗျား...**

ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီဟာ စစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး၊ နိုင်ငံသားများ တိုင်းရင်းသားများ အေးချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ တရားဥပဒေစိုးမိုးမှုရှိတဲ့၊ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့၊ ပြည်ထောင်စုစစ်စစ်နိုင်ငံတော် ဖြစ်ပေါ်လာရေးတို့ကို အလေးအနက်ထားဆောင်ရွက်သွားမယ့် ပါတီတစ်ရပ်ဖြစ်တယ်ဆိုတာကို မိဘပြည်သူများကို ရှင်းရှင်းလင်းလင်း အသိပေးတင်ပြပြီး ဖြစ်ပါတယ်။ တိုင်းရင်းသားပါတီတစ်ရပ်အဖြစ် တည်ရှိနေသော်လည်း ကျယ်ပြန့်တဲ့ ပြည်ထောင်စုအမြင်သဘောထားကိုလည်း အလေးအနက်သဘောထားကြောင်းကို သိရှိနိုင်မှာဖြစ်ပါတယ်။

ဒါ့ကြောင့် အခုကျင်းပမည့် ၂၀၁၈ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာ ကချင်ပြည်နယ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်မြေ (၂)၊ မြစ်ကြီးနားမြို့နယ်မှာ ဝင်ရောက်ယှဉ်ပြိုင်မယ့် ကျွန်တော်တို့ရှမ်းနီ(တိုင်းလိုင်)နှင့် မြောက်ပိုင်းရှမ်းမျိုးနွယ်စုများ သွေးစည်းညီညွတ်ရေးပါတီရဲ့ကိုယ်စားလှယ်လောင်းကို ဒေသအကျိုးစီးပွား၊ ပြည်ထောင်စုအကျိုးစီးပွားများအတွက် ယုံယုံကြည်ကြည်ထောက်ခံပေးကြဖို့ မိဘပြည်သူအပေါင်းကို မေတ္တာရပ်ခံ၊ တောင်းဆိုလိုက်ပါတယ်။

ပါတီရဲ့ ဆောင်ပုဒ်ကတော့-

-(ဖက်ဒရယ်ပြည်ထောင်စုမှသည်- တန်းတူညီမျှရေးဆီသို့)

-(တန်းတူညီမျှရေးမှသည်- အတူယှဉ်တွဲနေထိုင်ရေးဆီသို့)

အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။

# ပထမဆုံးအကြိမ် အီလက်ထရွန်နစ် ဂိမ်းပြိုင်ပွဲ Mobile Legends Professional League ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

မိုဘိုင်းဂိမ်းထုတ်လုပ်သည့် ကုမ္ပဏီ Moonton နှင့် HOG Esport၊ မြန်မာနိုင်ငံ အီလက်ထရွန်နစ်အားကစား အဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင် ပထမဆုံး Mobile Legends Professional League (အီလက်ထရွန်နစ်ဂိမ်းပြိုင်ပွဲ-MPL) ကျင်းပမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲပိုင်းက ကမာရွတ်မြို့နယ် မာလာမြိုင်ရိပ်သာလမ်းရှိ မြန်မာနိုင်ငံ အီလက်ထရွန်နစ်အားကစား အဖွဲ့ချုပ်ရုံးတွင် ပြုလုပ်သည့် E-SPORT ပြိုင်ပွဲ သတင်းစာရှင်းလင်းပွဲမှ သိရသည်။

အဆိုပါ MPL ဂိမ်းပြိုင်ပွဲသည် အမေရိကန်ဒေါ်လာဆုကြေး ၃၀၀၀၀ အထိ ရရှိနိုင်ကာ မိုဘိုင်းဂိမ်းဆော့ကစားသည့် မြန်မာလူငယ်များအတွက် စီစဉ်ကျင်းပသည့် ပထမဆုံးဂိမ်းပြိုင်ပွဲတစ်ခုဖြစ်ကြောင်း သိရသည်။

MPL ဂိမ်းပြိုင်ပွဲကို ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ စသည့်နိုင်ငံများတွင် ကျင်းပလျက်ရှိပြီး မြန်မာနိုင်ငံတွင် ပထမဆုံး ကျင်းပခြင်းဖြစ်သည်။

HOG Esport တည်ထောင်သူ ကိုကောင်းထက်စံက "Mobile Legends Professional League က ဆုကြေးငွေ ဒေါ်လာသုံးသောင်း ချီးမြှင့်မှာပါ။ အသက် ၁၈ နှစ်အထက် မည်သူမဆို ပြိုင်လို့ရပါတယ်။ အသက် ၁၈ နှစ်အောက်ဆိုရင်တော့ အုပ်ထိန်းသူထောက်ခံရင် ယှဉ်ပြိုင်ခွင့်ပေးပါမယ်။ စာရင်းပေးသွင်းရမယ့် အချိန်ကို Mobile Legends: bang bang Myanmar Page မှာ တင်ပေးသွားပါမယ်။ အလုပ်လုပ်နေသူတွေရော ကစားသမားတွေပါ အဆင်ပြေအောင် ပွဲစဉ်တိုင်းကို စနေ၊ တနင်္ဂနွေနေ့တွေမှာပဲ ရေးဆွဲထားပါတယ်"ဟု ပြောသည်။

MPL ၏ နောက်ဆုံး Grand Final ပြိုင်ပွဲကို ဒီဇင်ဘာ ၂ ရက်တွင် မြန်မာပလာဇာ၌ ကျင်းပသွားမည်ဖြစ်ပြီး ပထမရရှိသည့်အသင်းကို ဒေါ်လာ ၁၀၀၀၀ ဆုကြေးငွေ ပေးအပ်မည်ဖြစ်ကာ စတုတ္ထဆုအထိ ရွေးချယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အီလက်ထရွန်နစ်အားကစားအဖွဲ့ချုပ်မှ ကိုစိုပြေအောင်က "ဂိမ်းတွေက အရင်လို ဝါသနာအရကစားတာမဟုတ်တော့ပါဘူး။ အသက်မွေးဝမ်းကျောင်းပုံစံဘက်ကို ရောက်လာပါပြီ။ လုပ်ငန်းရှင်တွေကလည်း ဒီအပေါ်မှာ ကြော်ငြာလာကြတဲ့အတွက် လမ်းတွေလည်းပွင့်လာပြီ။ ဂိမ်းပေါ်မှာ Professional ကစားနိုင်ပြီး တော်တဲ့သူတွေအတွက်လည်း လမ်းတွေပွင့်လာပါပြီ"ဟု ပြောသည်။

Mobile Legends ဂိမ်းရေးဆွဲသည့် လုပ်ဆောင်သူ Moonton ကုမ္ပဏီမှ မြန်မာနိုင်ငံအတွက် ရည်ရွယ်၍ ဂိမ်းဟီးရိုးတစ်ပုံကို ထုတ်လုပ်လျက်ရှိသည်။

Mobile Legends ဂိမ်း ရေးဆွဲရာတွင်ပါဝင်သူ မြန်မာနိုင်ငံသား ကိုရဲလင်းအောင်က "ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် ဟီးရိုးကိုရွေးထားတဲ့ပုံ ထွက်နေပါပြီ။ လောလောဆယ် ပုံကြမ်းပဲ ရေးထားတော့ နောက်ဆုံး ဒီဇိုင်းကိုတော့ ပြောလို့မရသေးပါဘူး။ မြန်မာဟီးရိုးကိုတော့ ကျွန်တော်တို့ ကျန်စစ်သားရဲ့ပုံစံကို ယူထားပါတယ်။ လုပ်ဆောင်ရတာတွေက များတော့ နှစ်လ၊ သုံးလလောက် အတွင်းမှာတော့ ကျန်စစ်သား ဟီးရိုးထွက်လာအောင် ဆောင်ရွက်နေပါတယ်။ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံကိုယ်စားပြုကစားသူတွေက တောင်းဆိုလို့ အခြားနိုင်ငံတွေလို မြန်မာနိုင်ငံရဲ့ဟီးရိုးကို ရေးဆွဲဖို့ ဆောင်ရွက်တာပါ "ဟု ပြောသည်။



**မြန်မာနိုင်ငံ အီလက်ထရွန်နစ်အားကစားအဖွဲ့ချုပ်ရုံးတွင် Mobile Legends လာရောက်ကစားနေကြသည့် အသင်းဝင်များကို တွေ့ရစဉ်။**

Moonton ကုမ္ပဏီ၏ စာရင်းများအရ မြန်မာနိုင်ငံတွင် Mobile Legends ဂိမ်းကစားသူ ငါးသန်းကျော်ရှိကာ မိုဘိုင်းဂိမ်းကို ဘဝနှင့်လုပ်ငန်းခွင်မထိခိုက်စေရန်အတွက် အလွန်အကျွံကစားခြင်းမှ ရှောင်ရှား၍ သတ်မှတ်ချက် တစ်ခုအနေဖြင့်သာ ကစားသင့်ကြောင်း HOG Esport တည်ထောင်သူ ကိုကောင်းထက်စံက ပြောသည်။

Mobile Legends ကစားနည်းသည် အွန်လိုင်းတွင် တစ်ကမ္ဘာလုံးရှိ Mobile Legends ကစားသူများနှင့် ကစားနိုင်ပြီး အချိန်နှင့်တစ်ပြေးညီ ယှဉ်ပြိုင်တိုက်ခိုက် ကစားရသည့်နည်းဖြစ်သည်။ ကစားရာတွင် တစ်ဖက်လျှင် ငါးဦးစီဖြင့် အဖွဲ့လိုက်ကစားရပြီး ကစားသမား ငါးဦးစလုံး တက်ညီလက်ညီဖြင့် စုပေါင်းကစားနိုင်မှ အနိုင်ရသည့် ကစားနည်းဖြစ်သည်။

**သတင်း-ညွန့်ကိုကို၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မိုးရာသီဘော်လီဘောပြိုင်ပွဲ ပုံနှိပ်စီစဉ်ရေးအသင်းဗိုလ်စွဲ

**နေပြည်တော် စက်တင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် နေပြည်တော် ပုံနှိပ်တိုက်အောက်ရှိ ဌာနပေါင်းစုံ မိုးရာသီဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၈ ရက် ညနေပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော် သတင်းစာတိုက်ဝင်း၌ ကျင်းပသည်။



**ပထမဆုရ ပုံနှိပ်စီစဉ်ရေးဌာနအသင်းအား ညွှန်ကြားရေးမှူး(စီမံ) ဦးမြင့်ဝေက ဆုချီးမြှင့်စဉ်။**

ယနေ့ညနေပိုင်းက မိုးရာသီဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ပုံနှိပ်စီစဉ်ရေးဌာနအသင်းနှင့် နေပြည်တော်ပုံနှိပ်စက်ရုံအသင်းတို့ ယှဉ်ပြိုင်ကြရာ ၁၀-၁၅၊ ၁၅- ၉၊ ၁၅-၄၊ ၁၅-၂ မှတ်ဖြင့် ပုံနှိပ်စီစဉ်ရေးဌာနအသင်းက အနိုင်ရဗိုလ်စွဲပြီး ပထမဆုဆွတ်ခူးနိုင်ခဲ့ကာ ဒုတိယဆုကို နေပြည်တော်ပုံနှိပ်စက်ရုံက ရရှိခဲ့သည်။

ယမန်နေ့ကကျင်းပသည့် တတိယနေရာလုပွဲ၌ မြန်မာ့အလင်းသတင်းစာတိုက်အသင်းနှင့် မော်တော်ယာဉ်အသင်းတို့ ယှဉ်ပြိုင်ကြရာ မြန်မာ့အလင်းသတင်းစာတိုက်အသင်းက သုံးပွဲပြတ်အနိုင်ရရှိခဲ့ကာ တတိယဆု ဆွတ်ခူးနိုင်ခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ပထမဆုရ ပုံနှိပ်စီစဉ်ရေးဌာနအသင်းအား ညွှန်ကြားရေးမှူး(စီမံ) ဦးမြင့်ဝေက လည်းကောင်း၊ ဒုတိယဆုရ နေပြည်တော်ပုံနှိပ်စက်ရုံ အသင်းအား မြန်မာ့သတင်းစဉ် (နိုင်ငံခြား)စာတည်းမှူးချုပ် ဦးသာစိန်နှင့် တတိယဆုရ မြန်မာ့အလင်းသတင်းစာတိုက်အသင်းအား ကြေးမုံသတင်းစာတိုက် (ခေတ္တ)စာတည်းမှူးချုပ် ဦးဝင်းရွှေတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ-သီဟစည်သူ**

# အများပြည်သူသိရှိစေရန် အသိပေးကြေညာခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၃၁-၈-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၄/၂၀၁၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဆင့်ပွားဈေးကွက်ဖြန့်ချိရေးလုပ်ငန်း (Multi Level Marketing) နှင့် စပ်လျဉ်း၍ တားမြစ်ခြင်း အမိန့်ကြော်ငြာစာကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၄၆/၂၀၁၈) ဖြင့် ထုတ်ပြန်ထားပါသည်။

အဆိုပါ အမိန့်ကြော်ငြာစာသည် အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ အာဏာသက်ရောက်မည်ဖြစ်ပြီး တားမြစ်ထားသည့် ဆင့်ပွားဈေးကွက်ဖြန့်ချိရေးလုပ်ငန်း (Multi Level Marketing) လုပ်ကိုင်ဆောင်ရွက်နေသည်ကို စုံစမ်းတွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

အလယ်အလတ်အဆင့် သင်ကြားရေး ဆရာ၊ ဆရာမများအတွက် သုတေသနကျင့်ဝတ်နှင့်ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲ (Workshop on Research Ethics and Responsible Conduct of Research for mid-level teaching staff) ကို စက်တင်ဘာ ၁၇ ရက် မှ ၁၈ ရက်အထိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) ရွှေရတုခန်းမ၌ ကျင်းပရာ ကထိက ငါးဦးနှင့် လက်ထောက်ကထိက ၁၃ ဦး စုစုပေါင်း ဆရာ၊ ဆရာမ ၁၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

***❖ ကျော့ဖုံးမှ***

မကွေးအသင်းမှာလည်း ဒဏ်ရာရနေသည့် ဘယ်နောက်ခံလူ နန္ဒကျော်မှ လွဲ၍ လူစုံပါဝင်ခဲ့ပြီး ရန်ကုန်အသင်းကို အကောင်းဆုံး တုံ့ပြန်နိုင်ခဲ့သည်။ မကွေးအသင်းသည် ပထမပိုင်းတွင် ထိန်းကစားခဲ့ပြီး ရန်ကုန်နောက်တန်း၏ အမှားကိုစောင့်ကာ ဂိုးရရန် ကြိုးစားခဲ့သည်။

ရန်ကုန်အသင်းသည် ပိုဖိကစားနိုင်သော်လည်း တိုက်စစ်ကစားပုံမှာ လိုအပ်ချက်များ ရှိနေသောကြောင့် မကွေးနောက်တန်း အလွယ်တကူ ဖျက်ထုတ်နိုင်ခဲ့သည်။ ပထမပိုင်းတွင် ရန်ကုန်အသင်း ဂိုးရနိုင်သည့် အပိုင်အခွင့်အရေး သုံးကြိမ်ထက်မနည်းရသော်လည်း အီမန်နျူရယ်နှင့် ဆယ်လာတို့ အသုံးချနိုင်ခြင်း မရှိခဲ့ပေ။ ဒုတိယပိုင်းတွင် မကွေးအသင်းက တိုက်စစ်ကစားပုံမြှင့်လာပြီး ရန်ကုန်ခံစစ်ကို ပိုမိုဖိအားပေးခြိမ်းခြောက်နိုင်ခဲ့သည်။ မကွေးအသင်း ဂိုးရနိုင်သည့် အခွင့်အရေးများရသော်လည်း အသုံးမချနိုင်ခဲ့၍ ရန်ကုန်အသင်း သက်သာရာရခဲ့သည်။ ရန်ကုန်အသင်းသည် ဒုတိယပိုင်းတွင် ကျော်ဇင်ဦး အစား စိုးမင်းနိုင်၊ အီမန်နျူရယ် အစား သန်းပိုင်ကိုထည့်ကာ တိုက်စစ်အားမြှင့်ခဲ့ပြီး ဆယ်လာနှင့် စိုးမင်းနိုင်တို့ အပိုင်ဂိုးသွင်းခွင့်များရသော်လည်း လွဲချော်ခဲ့သည်။ အဆုံးသတ်အားနည်းနေသည့် ရန်ကုန်အသင်းသည် မိနစ် ၈၀ တွင် တစ်လုံးတည်းသောအနိုင်ဂိုးရခဲ့ပြီး ဆယ်လာက တစ်ကိုယ်တော်အစွမ်းဖြင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ မကွေးနှင့် ရန်ကုန်အသင်းတို့၏ ဒုတိယအကျော့ကို စက်တင်ဘာ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

### ယှဉ်ပြိုင်ကစားမည်

ဆီမီးဖိုင်နယ် ပထမအကျော့ (ဒုတိယနေ့)ကို စက်တင်ဘာ ၁၉ ရက် (ယနေ့) ညနေ ၃ နာရီခွဲတွင် ပဲခူးကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဟံသာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် မလေးရှားယူ-၁၆ အမျိုးသမီးအသင်း ယနေ့ကစားမည်

**ရန်ကုန် စက်တင်ဘာ ၁၈**

၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အုပ်စု (င)ကို စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ နီပေါနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စုပထမနေ့ပွဲများကို ယနေ့ စတင်ကျင်းပမည်ဖြစ်ကာ မြန်မာနှင့် မလေးရှား၊ နီပေါနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ခြေစစ်ပွဲအုပ်စု (င) တွင် မြန်မာ၊ မလေးရှား၊ ဖိလစ်ပိုင်နှင့်နီပေါအသင်းတို့ ပါဝင်သည်။ အုပ်စု (င) ပထမနေ့အဖြစ် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာအသင်းနှင့် မလေးရှားအသင်း၊ ညနေ ၄ နာရီခွဲတွင် ဖိလစ်ပိုင်အသင်းနှင့် နီပေါအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းနှင့် မလေးရှား ယူ-၁၆ အမျိုးသမီးအသင်းသည် မေလက ကျင်းပသည့် ၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲတွင် တွေ့ဆုံခဲ့ပြီး မြန်မာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ခြေစစ်ပွဲကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပလျက်ရှိပြီး မြန်မာအသင်းပါဝင်သော အုပ်စုတွင် လေးသင်းပါဝင်ကာ ကျန်အုပ်စုငါးခုမှာ ငါးသင်းစီ ပါဝင်နေသည်။ အုပ်စု တစ်ခုစီမှ ထိပ်ဆုံးခြောက်သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယ နှစ်သင်းမှာ ဒုတိယအဆင့် ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**

# ဘားအံအကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်နေသည့်အကျဉ်းသားများကို အမှုသုံးမှု ရေးဖွင့်ထားပြီး ဖမ်းဆီးရမိသူ ၂၂ ဦးကို အထူးအမှုစစ်အဖွဲ့များဖြင့် စစ်ဆေးသွားမည်

ဘားအံ စက်တင်ဘာ ၁၈

**ကရင်ပြည်နယ် ဘားအံအကျဉ်းထောင်တွင် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ထွက်ပြေးလွတ်မြောက်သွားသည့် အကျဉ်းသား ၄၁ ဦးနှင့် ထောင်ဗူးဝတွင် ဖမ်းဆီးရမိသူ တစ်ဦးအပါဝင် ထောင်မှထွက်ပြေးခဲ့သည့် အကျဉ်းသား စုစုပေါင်း ၄၂ ဦး ဖြစ်ကြောင်း သိရပြီး အဆိုပါအကျဉ်းသားများကို အမှုသုံးမှုခွဲဖွင့်၍ အရေးယူဆောင်ရွက်ထားပြီး ဖမ်းဆီးရမိသူ ၂၂ ဦးကို အထူးအမှုစစ်အဖွဲ့များဖြင့် စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။**


ထွက်ပြေးခဲ့သည့် အကျဉ်းသားအနက် ထောင်ဗူးဝအနီးတွင် ပုန်းအောင်းနေသည့် စောညို(ခ)သိန်းညို (၃၉)နှစ် ကရင်၊ အောင်မေတ္တာလမ်း အမှတ်(၂)ရပ်ကွက် သာမညကျေးရွာ ဘားအံမြို့ မူး/စိတ် ပုဒ်မ ၁၅ (ထောင်ဒဏ်လေးနှစ်)၊ ၁၉(က) (ထောင်ဒဏ် ၁၀ နှစ်) ကို ဖမ်းဆီးရမိခဲ့ပြီး လွတ်မြောက်သွားခဲ့သည့် အကျဉ်းသား ၄၁ ဦးအား ဖမ်းဆီးရမိရေး ပိတ်ဆို့ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၇ ရက် ည ၉ နာရီထိ ဖမ်းဆီးရမိခဲ့သူများဖြစ်သော ဝတုတ်(ခ)စည်သူကျော်(၃၂နှစ်) မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ (ထောင်ဒဏ်ခြောက်နှစ်)၊ ရဲနောင်ဖြိုး(ခ)သဲမောင်(၂၀နှစ်) ရာဇသတ်ကြီး ၃၈၀ (ထောင်ဒဏ် ၁ နှစ်)၊ စောကျော်ပိ (၅၇နှစ်) မူး/စိတ်ပုဒ်မ ၁၉(က) (ထောင်ဒဏ် ၁၃ နှစ်)၊ လက်နက်ပုဒ်မ ၁၉(စ) (ထောင်ဒဏ်ခြောက်လ)၊ ဗီလား(ခ)ဇော်ထူး (၁၈)နှစ် မူး/စိတ်ပုဒ်မ ၁၆(ဂ) (ထောင်ဒဏ်ခြောက်နှစ်)၊ ထွန်းထွန်းသန့်(ခ)ကိုနေ (၂၂နှစ် မူး/စိတ် ပုဒ်မ ၁၅ (ထောင်ဒဏ်သုံးနှစ်)၊


ဗီလား(ခ)ဇော်ထူး

၁၉(က) (ထောင်ဒဏ် ၁၁ နှစ်)၊ ဝဏ္ဏ (ခ) ဖြိုးတေဇာ (၂၈နှစ်) မူး/စိတ် ပုဒ်မ ၁၅ (ထောင်ဒဏ်လေးနှစ်)၊ ၁၉(က) (ထောင်ဒဏ် ၁၂ နှစ်)၊ ပြည့်ဟိန်း (၂၈နှစ်)၊ မူး/စိတ် ပုဒ်မ ၁၅ (ထောင်ဒဏ်လေးနှစ်)၊ ၁၉(က) (ထောင်ဒဏ် ၁၂ နှစ်)၊ ဇင်အောင်(ခ)မိုးဒီ (၂၂နှစ်) မူး/စိတ် ပုဒ်မ ၁၉(က) (ထောင်ဒဏ် ၁၁ နှစ်)၊ အောင်ဝင်း(ခ)အပု (၄၂နှစ်) မူး/စိတ် ပုဒ်မ ၁၉(က)ဖြင့် တရားရုံးစစ်ဆေးဆဲ၊ ထွန်းထွန်းဦး(ခ)သားသား (၂၅နှစ်) မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင် တရားရုံးစစ်ဆေးဆဲ၊ ကျော်မိန်လ (ခ) အရှောင် (ခ) ကျော်ဖကုလား (ခ) မိန်လ (၃၃)နှစ် မူး/စိတ်ပုဒ်မ ၁၉(က)၊ ၂၂(ခ) (နှစ်အကန့်အသတ်မရှိ)၊ မူး/စိတ်ပုဒ်မ ၁၅(ထောင်ဒဏ်လေးနှစ်)၊ ရာဇသတ်ကြီး ၃၀၂(၁)(ဂ) (တစ်သက်)၊ ရာဇသတ်ကြီး ၃၂၆ (ထောင်ဒဏ် ၁၀ နှစ်)၊ ပြည့်ဖြိုးအောင်(ခ)ကိုဖြိုး(၂၆နှစ်)၊ မူး/စိတ်ပုဒ်မ ၁၅(ထောင်ဒဏ်လေးနှစ်)၊ မူး/စိတ်ပုဒ်မ ၁၉(က) (ထောင်ဒဏ် ၁၁နှစ်)၊ကံမြင့်(ခ) ဇော်ကြီး (၂၅နှစ်) မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် တရားရုံးစစ်ဆေးဆဲ၊ အောင်ဆန်းဦး (၂၂နှစ်) မူး/စိတ် ပုဒ်မ ၁၉(က) (ထောင်ဒဏ် ၁၁ နှစ်)၊ မျိုးမင်းမြတ် (၂၉နှစ်) မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁၊ ၁၉(က)/၂၁


ရန်နောင်ဖြိုး(ခ)သဲမောင်၊ ဝတုတ်(ခ)စည်သူ၊ စောကျော်ပိ


မြင့်ထွန်း(ခ)ဒဘူလာ


သန်းနိုင်ဦး


ထွန်းထွန်းဦး(ခ)သားသား၊ အောင်ဝင်း(ခ)အပု


အောင်ဆန်းဦး မျိုးမင်းမြတ်

တို့ဖြင့် တရားရုံးစစ်ဆေးဆဲ၊ သန်းနိုင်ဦး (၃၃နှစ်) လက်နက်ပုဒ်မ ၁၉(င)ဖြင့် ထောင်ဒဏ်လေးလကျခံနေသူ၊ မြင့်ထွန်း (ခ)ဒဘူလာ(၂၉နှစ်) မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၁၉(က)/ ၂၁ အမှုဖြင့် တရားရုံးစစ်ဆေးဆဲ၊ ဝင်းသိန်း (ခ) အရှည်ကြီး မူးစိတ်ပုဒ်မ ၁၅/၁၉(က) ဖြင့် တရားရုံးစစ်ဆေးဆဲ၊ စောမြင့်စိုး(ခ) စောသံဏီ(၄၅နှစ်) မူး/စိတ် ပုဒ်မ ၁၉(က)/၂၁ ဖြင့် တရားရုံးစစ်ဆေးဆဲ၊ အောင်မြင့်လင်း(ခ)မြင့်လင်း(၃၉နှစ်) မူး/စိတ်ပုဒ်မ ၁၉(က)ဖြင့် ထောင်ဒဏ် ၁၁ နှစ် ကျခံနေရသူတို့ကို ဖမ်းဆီးရမိခဲ့ရာ စုစုပေါင်း အကျဉ်းသား ၂၁ ဦး ဖမ်းဆီးရမိပြီဖြစ်ကြောင်း သိရသည်။

အကျဉ်းထောင်မှ ထွက်ပြေးသည့် အကျဉ်းသား ၄၂ ဦးကို ဘားအံမြို့နယ် ရဲတပ်ဖွဲ့က စက်မှုဇုန်နယ်မြေရဲစခန်းတွင်(ပ)၃၉/၂၀၁၈၊ရာဇသတ်ကြီးပုဒ်မ ၂၂၄/၁၁၄ ဖြင့် လည်းကောင်း၊ (ပ) ၄၀/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၃၃(ပ) ၄၁/၂၀၁၈၊ ၁၉၆၁ ခုနှစ် ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေတို့ဖြင့် အမှုဖွင့်အရေးယူထားပြီး ဖမ်းဆီးရမိသူများကို အထူးအမှုစစ်အဖွဲ့သုံးဖွဲ့ခွဲကာ စက်တင်ဘာ ၁၈ ရက်မှ စတင် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **မင်းသူ(ဘားအံ)**

---

## မြန်မာ့ရုပ်မြင်သံကြား

**၁၉ . ၉ . ၂၀၁၈(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း

**ညပိုင်း**

- ၁၇း၃၀ - MRTV Travelogue
- ၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "နေရယ်လရယ် အမှန်တရားရယ် " (အပိုင်း- ၇) (အိမ်ပြန်လမ်း)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊
- ၂၀း၃၅ - **၂၀၁၈ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက်** "ဇိုတိုင်းရင်းသားဒေသဖွံ့ဖြိုးရေးပါတီ" "စမ်းချောင်းဆစ်ကွန်၊ ဆစ်ကွန်စမ်းချောင်း" (အပိုင်း- ၉) ( ဆစ်ဂနေချာဟင်းချို ) မျိုးသန္တာထွန်း၊ မေသဥ္စာဦး၊ သန်းသန်းစိုး၊ ဇော်ဝင်းနိုင်၊ ညီနိုင်း၊ ဇေယျာထွန်းပိုင်၊ ရွှေဖူးသစ်၊ နန့်အင်ကြင်းမာန် ဒါရိုက်တာ- ရှင်ဒေဝီ
- ဂီတသမား၊ ဂီတစကား "မြဝတီမင်းကြီးဦးစ၏ အထူးထူးငယ်နှင့်ပတ်ပျိုး" ဂီတစာဆို- ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်

---

## ဘားအံ အကျဉ်းထောင်မှ ထွက်ပြေးသော အကျဉ်းသား ၂၂ ဦး ဖမ်းဆီးရမိပြီး ၂၀ ဦး လွတ်မြောက်နေဆဲဖြစ်

**ဘားအံ စက်တင်ဘာ ၁၈**

ဘားအံအကျဉ်းထောင်မှ ထောင်ကျအကျဉ်းသား ၃၀ နှင့် တရားရုံးစစ်ဆေးဆဲအချုပ်သား ၁၂ ဦး စုစုပေါင်း ၄၂ ဦး စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ထွက်ပြေးသွားခဲ့ပြီး ပူးပေါင်းအဖွဲ့များဖြင့် ပိတ်ဆို့ရှာဖွေဖမ်းဆီးခဲ့ရာ စက်တင်ဘာ ၁၈ ရက် ညနေ ၅ နာရီထိ ထောင်ကျအကျဉ်းသား ၁၅ ဦး၊ တရားရုံးစစ်ဆေးဆဲ အချုပ်သားခုနစ်ဦး၊ စုစုပေါင်း ၂၂ ဦးကို ပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

"ဘားအံအကျဉ်းထောင်က ထွက်ပြေးခဲ့တဲ့ ၄၂ ဦးထဲက စက်တင်ဘာ ၁၆ ရက်မှာ ၁၃ ဦး၊ စက်တင်ဘာ ၁၇ ရက်မှာ ရှစ်ဦး၊ စက်တင်ဘာ ၁၈ ရက်မှာ တစ်ဦးနဲ့ အားလုံး ၂၂ ဦး ဖမ်းဆီးရမိပါပြီ"ဟု ကရင်ပြည်နယ် ရဲတပ်ဖွဲ့ ရဲအရာရှိကြီး တစ်ဦးက ပြောသည်။

ထို့ကြောင့် ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်သော ထောင်ကျအကျဉ်းသား ၁၅ ဦး၊ တရားရုံးစစ်ဆေးဆဲအချုပ်သား ငါးဦး စုစုပေါင်း ၂၀ ကို ဖမ်းဆီးရန်ကျန်ရှိနေပြီး ဖမ်းဆီးရမိရေးအတွက် နယ်မြေခံတပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ တာဝန်သိပြည်သူများ ပူးပေါင်းကာ ရှာဖွေပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်သူများ သတင်းပေးနိုင်ရန်အတွက် ထွက်ပြေးလွတ်မြောက်နေသည့် အကျဉ်းသားနှင့် အချုပ်သားများ၏ အမည်စာရင်းနှင့် မှတ်တမ်းဓာတ်ပုံများကိုလည်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့ facebook စာမျက်နှာတွင် ဖော်ပြထားကြောင်း ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

အကျဉ်းထောင်မှထွက်ပြေးသည့် အကျဉ်းသား ၄၂ ဦးကို ဘားအံမြို့နယ် ရဲတပ်ဖွဲ့က စက်မှုဇုန်နယ်မြေရဲစခန်းတွင်(ပ) ၃၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၂၂၄/၁၁၄ ဖြင့် လည်းကောင်း၊ (ပ)၄၀/၂၀၁၈ ရာဇသတ်ကြီးပုဒ်မ ၃၃၃(ပ)၄၁/၂၀၁၈၊ ၁၉၆၁ခုနှစ် ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေတို့ဖြင့် အမှုဖွင့်အရေးယူထားပြီး ဖမ်းဆီးရမိသည့် အကျဉ်းသားများကို အဆိုပါအမှုတို့ဖြင့် ဆက်လက်အရေးယူဆောင်ရွက်ရန် အဖွဲ့ခေါင်းဆောင်အဖြစ် ရဲမှူးတစ်ဦးစီပါဝင်သော အထူးအမှုစစ်အဖွဲ့သုံးဖွဲ့ဖြင့် စက်တင်ဘာ ၁၈ ရက်တွင် စတင်စစ်ဆေးလျက်ရှိကြောင်း ဘားအံမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။ **မင်းသူ(ဘားအံ)**

---

## ဘူးသီးတောင်မြို့နယ်၌ တစ်ပိုင်တစ်နိုင် ကြိတ်ခဲ့သည့် ဆန်စက်မီးရှို့ခံရ

**နေပြည်တော် စက်တင်ဘာ ၁၈**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် နယ်မြေ(၁၀) ကင်းတောင်(မြောက်) ကျေးရွာနေ အာလာဝါဒင်၊ ဆန်စက်လုပ်ငန်းလုပ်ကိုင်သူ၏ ၂၁×၁၃ ပေခန့် ဓနိမိုး၊ ထရံကာဆန်စက်အား ကင်းတောင်(တောင်)ကျေးရွာနေ မာမွတ်ဒူလ္လာဆောင်း ပါ နှစ်ဦးက ယမန်နေ့ နံနက် ၁ နာရီခွဲက မီးရှို့ထွက်ပြေးသွားသည်ကို အာလာဝါဒင်က မြင်တွေ့ခဲ့သောကြောင့် အော်ဟစ်အကူအညီတောင်းခဲ့သဖြင့် အနီးဝန်းကျင်က ဝိုင်းဝန်းငြိမ်းသတ်သော်လည်း အခြားနေအိမ်များသို့ မီးကူးစက်လောင်မှုဖြစ်ပွားခဲ့ရာ အဆိုပါ မီးလောင်မှုကြောင့် ဆန်စက်တစ်လုံး၊ နေအိမ်ငါးလုံးနှင့် အခန်းလွတ်ကုန်စုံဆိုင်တစ်ခန်း စုစုပေါင်း တန်ဖိုးငွေကျပ် ၁၄၇၃၀၀၀ တို့ မီးလောင်ဆုံးရှုံးခဲ့ပြီး နံနက် ၂ နာရီတွင် မီးငြိမ်းသွားခဲ့သည်။

သို့ပါ၍ မာမွတ်ဒူလ္လာဆောင်း ပါ နှစ်ဦးအား ညောင်ချောင်းနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိ ကြောင်း သိရသည်။ **ရဲပြန်ကြား**

---

## ဘိုကလေးမြို့နယ် ဗဟိုရဲကင်းအချုပ်ခန်းမှ ဖောက်ထွင်းထွက်ပြေး တရားခံသုံးဦး ပြန်လည်ဖမ်းမိ



**ဖျာပုံ စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မြို့မရဲစခန်းတွင် အချုပ်ခန်းသုံးခန်းရှိရာမှ အမှတ်(၂) အချုပ်ခန်းမှ တရားခံသုံးဦးသည် စက်တင်ဘာ ၁၈ ရက် နံက် ၃ နာရီ မိနစ် ၃၀ ခန့်တွင် အမှတ်(၂) အချုပ်ခန်း၏ တိုင်အမှတ် (၉၃) မြေပြင်မှ (၃)ပေအမြင့် တိုင်အား သံဖြတ်လွှဖြင့် ဖြတ်တောက်ထွက်ပြေးသွားသော တရားခံသုံးဦးအား ၂၄ နာရီအတွင်း ပြန်လည်ဖမ်းမိခဲ့ကြောင်း သိရသည်။

ထွက်ပြေးသွားသော တရားခံသုံးဦးသည် ဘိုကလေးမြို့နယ် ပိုက်စလေးကျေးရွာအုပ်စုအနီးတွင် ဘိုကလေးမြို့ဘက်မှ မော်လမြိုင်ကျွန်းမြို့ဘက်သို့ ဆိုင်ကယ်မောင်းနှင်းလာသူထံမှ ဆိုင်ကယ်လု၍ ထွက်ပြေးသွားခဲ့သဖြင့် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ကြီးကြပ်၍ ဖျာပုံခရိုင်ရဲတပ်ဖွဲ့၊ မအူပင်ခရိုင်နှင့် ဘိုကလေးမြို့နယ်ရဲတပ်ဖွဲ့မှ လိုက်လံစုံစမ်းဖမ်းဆီးရာ စက်တင်ဘာ ၁၈ ရက် နံနက် ၇ နာရီ မိနစ် ၄၀ ခန့်က မအူပင်မြို့နယ်အတွင်း ရေလဲကျေးရွာလယ်ကွင်းအတွင်း တရားခံ အာကာဂျူး (၂၃နှစ်) ဘိုကလေးမြို့မရဲစခန်း (ပ)၃၆၁/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀ နှင့် တရားခံ ဖိုးဖြူ(ခ)နန္ဒာအောင် (၁၉နှစ်) ဘိုကလေးမြို့မရဲစခန်း (ပ) ၂၃၇/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၃၈၂/၁၁၄ တို့ တရားခံနှစ်ဦးတို့အား ပြန်လည်ဖမ်းမိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တရားခံလှနိုင်ဦး (၃၃ နှစ်) ဘိုကလေးမြို့မရဲစခန်း (ပ)၃၄၆/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၇၇ အား ဖမ်းမိနိုင်ရေး လိုက်လံစုံစမ်းဖမ်းဆီးရာ စက်တင်ဘာ ၁၈ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် သောင်ကြီးရဲစခန်းပိုင် လှိုင်သာယာ (၁၀)ရပ်ကွက်တွင် ဖမ်းမိခဲ့ပြီး တရားခံ လှနိုင်ဦးအား ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှ ဖျာပုံသို့ ခေါ်ဆောင်လာပြီဖြစ်ကြောင်း သိရသည်။ ပြန်လည်ဖမ်းဆီးမိသော တရားခံ အာကာဂျူးနှင့် ဖိုးဖြူတို့အား ဖျာပုံမြို့မရဲစခန်းသို့ ပြောင်းရွှေ့ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုးမိုး**

# တောင်-မြောက်ထိပ်သီးအစည်းအဝေး တက်ရောက်ရန် သမ္မတ မွန်ဂျယ်အင်း ပြုံယမ်းမြို့သို့ရောက်ရှိ

**ဆိုးလ် စက်တင်ဘာ ၁၈**

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း တို့သည်အင်္ဂါနေ့တွင် ပြုံယမ်းလမ်းမပေါ်၌ အတူတကွဖြတ်သန်းခဲ့ရာ ထောင်ပေါင်းများစွာသော ပြည်သူများသည် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ ထိပ်သီးအစည်းအဝေးအတွင်း အခြေအနေအေးစက်နေသည့် မြောက်ကိုရီးယားနှင့် အမေရိကန်တို့၏နျူကလီးယားလက်နက်ကင်းစင်ရေးဆွေးနွေးပွဲကို ပြန်လည်အသက်ဝင်လာနိုင်မည့်နည်းလမ်းများ ရှာဖွေသွားနိုင်ဖွယ်ရှိသည်။ ကင်ဂျုံအန်းသည် ပြုံယမ်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တောင်ကိုရီးယားသမ္မတ မွန်ကို ကြိုဆိုနှုတ်ဆက်ခဲ့သည်။ လမ်းဘေးဝဲယာမှပြည်သူများသည် တိုင်းပြည်ပြန်လည်ပေါင်းစည်းရေးအတွက် ကြွေးကြော်ခဲ့ကြပြီး ခေါင်းဆောင်ကင်နှင့်သမ္မတမွန်တို့သည် အမိုးဖွင့်ကားဖြင့် Kumsusan နန်းတော်သို့ သွားရောက်ခဲ့ကြသည်။

ဆယ်စုနှစ်တစ်ခုအတွင်း တောင်ကိုရီးယားခေါင်းဆောင်တစ်ဦးအနေဖြင့် မြောက်ကိုရီးယား မြို့တော်ပြုံယမ်းသို့ ပထမဦးဆုံးအကြိမ်အဖြစ်သွားရောက်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ်အတွင်း ခေါင်းဆောင်ကင်နှင့် သမ္မတမွန်တို့ တတိယအကြိမ် တွေ့ဆုံဆွေးနွေးကြခြင်းလည်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုကလည်း မြောက်ကိုရီးယားတွင် နျူကလီးယားလက်နက် လုံးဝကင်းစင်ရေးကို ဖိအားပေးတောင်းဆိုလျက်ရှိပြီး ပြုံယမ်းဘက်ကလည်း ၁၉၅၀-၅၃ ကိုရီးယားစစ်ပွဲကို အဆုံးသတ်ပြီဖြစ်ကြောင်း တရားဝင်ကြေညာမှုပြုလုပ်ပေးစေလိုသည်။ တောင်ကိုရီးယားဘက်ကလည်း ကိုရီးယားကျွန်းဆွယ်တွင် ပဋိပက္ခများ၊ ခြိမ်းခြောက်မှုများ လျော့ပါးစေရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းကို ရှာဖွေလိုသည်။



သမ္မတမွန်သည် မြောက်ကိုရီးယားတွင် နျူကလီးယားကင်းစင်ရေး ခေါင်းဆောင်ကင်ကို တိုက်တွန်းနိုင်ရေးအတွက် နှစ်ကျော့ဆွေးနွေးသွားဖွယ်ရှိသည်။ ဆွေးနွေးပွဲရလဒ်များကို ယခုလနှောင်းပိုင်းတွင် ပြုလုပ်မည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် သမ္မတထရန့်နှင့် တွေ့ဆုံသည့်အခါ ပြန်လည်ရှင်းလင်းသွားဖွယ်ရှိသည်။**အေအက်ဖ်ပီ**

# အမေရိကန် ဖလောရန့်စ်မုန်တိုင်းနှင့် နောက်ဆက်တွဲရေဘေးကြောင့် သေဆုံးသူ ၃၁ ဦးအထိ မြင့်တက်

**ဝါရှင်တန် စက်တင်ဘာ ၁၈**

မုန်တိုင်းကြောင့် မိုးရေမြစ်ကြီးဖြစ်ကာ ယင်းက အမေရိကန်အရှေ့ပိုင်းကမ်းရိုးတန်းဒေသကို ခြိမ်းခြောက်လျက်ရှိသလို ဟာရီကိန်းမုန်တိုင်း ဖလောရန့်စ်မှာလတ်တလောတွင် အပူပိုင်းလေဖိအားနည်းရပ်ဝန်းအဖြစ် ပြောင်းလဲသွားသော်လည်း ယင်းကြောင့်သေဆုံးသူဦးရေမှာ ယခုအခါ ၃၁ ဦးအထိ ရောက်လာခဲ့ပြီဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတွင်ဖော်ပြခဲ့သည်။

မြောက်ပိုင်း ကာရိုလိုင်းနား အရှေ့ပေါ် စီမံခန့်ခွဲမှုအာဏာပိုင်များက မုန်တိုင်းကြောင့် အစောပိုင်း သေဆုံးသူဦးရေမှာ ၁၇ ဦးရှိကြောင်းနှင့် သောကြာနေ့တွင် ၂၅ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ပြောကြားခဲ့သည်။ မုန်တိုင်းတိုက်ခတ်ပြီးနောက် ဆည်ကျိုးကျမှုများနှင့် မြေပြိုမှုများလည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တောင်ကာရိုလိုင်းနားတွင် သေဆုံးသူဦးရေမှာ ခြောက်ဦးရှိကြောင်း အတည်ပြုခဲ့သည်။ မြစ်ရေလျှံမှုများမှာလည်း ကြောက်စရာကောင်းပြီး ပြည်နယ်တစ်ခုလုံးတွင် ဖြစ်ပွားခဲ့ကြောင်း မြောက်ကာရိုလိုင်းနား မြို့တော်ဝန် ရိုင်ကူပါးက သတင်းထောက်များကို ပြောခဲ့သည်။



“ ဒီကြီးမားတဲ့ မုန်တိုင်းကြီးရဲ့ အကျိုးဆက်တွေဟာ ဆက်လက်ဖြစ်ပေါ်နေသေးတယ်။ ဒါဟာ ကျွန်တော်တို့ပြည်နယ်အတွက်တော့ မှတ်တမ်းတင်လောက်တဲ့ ဘေးဒုက္ခတစ်ခုပဲ”ဟု ကူပါးက ပြောသည်။

မြောက်ကာရိုလိုင်းနားရှိ မြစ်ချောင်းတစ်ဒါဇင်ကျော်ရေလျှံခြင်းမှာ ပြည်နယ်အတွင်း အဓိကရေလျှံမှုများကို ဖြစ်ပေါ်စေကြောင်းနှင့် ယခုအချိန်တွင် စိုးရိမ်ရေမှတ်ထိရောက်ရှိနိုင်ကြောင်း သိရသည်။ ပြည်နယ်အတွင်းရှိ လမ်းများမှာ ရေဘေးအန္တရာယ်ရှိနေသေးကြောင်းနှင့် ရွှေ့ပြောင်းသူများကိုလည်း အိမ်ပြန်မလာရန်နှင့် အခြားသူများကိုလည်း မလိုအပ်ဘဲ အပြင်မထွက်ကြရန် ဆော်သြထားကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# ထိုင်းဘတ် သန်းချီတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ထိုင်းမူးယစ်နှိမ်နင်းရေးဗျူရိုမှ ဖမ်းမိ

**ဗန်ကောက် စက်တင်ဘာ ၁၈**

ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးနှိမ်နင်းရေးဗျူရိုမှ မကြာသေးမီက ထိုင်းဘတ် ၂ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၇၆ ဒသမ ၇ သန်း) တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ (မတ်အက်ဖာတမင်း)နှင့်ဘိန်းဖြူများကို ထိုင်းနိုင်ငံအလယ်အထက်ပိုင်း ဆူခိုထိုင်းပြည်နယ်တွင် ဖမ်းဆီးရမိခဲ့ကြောင်း ပြောကြားခဲ့သည်။

ထိုင်းရဲတပ်ဖွဲ့သည် စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သန်းနှင့် ဘိန်းဖြူ ၃၅ ကီလိုဂရမ်ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ တတိယနိုင်ငံတစ်ခုသို့ တင်ပို့မည့် မူးယစ်ဆေးဝါးများဖြစ်မည်ဟု ယုံကြည်ရကြောင်း ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးနှိမ်နင်းရေးဗျူရိုက ပြောကြားခဲ့သည်။ မူးယစ်ဆေးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များက ဆူခိုထိုင်းပြည်နယ်အတွင်း ဆူခိုထိုင်းမှ တက်ခ်သို့ ဦးတည်မောင်းနှင်လာသော အဝေးပြေးလမ်းမပေါ်ရှိ ပစ်ကပ်ကားတစ်စီးကို ရပ်တန့်စစ်ဆေးခဲ့ကြောင်းနှင့် ယင်းကားပေါ်တွင် ကြက်မစင် (ကြက်ချေး)ပုံများ အကြား သိုဝှက်တင်ဆောင်လာသော မူးယစ်ဆေးဝါးများကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ ကားသမားနှင့် အမျိုးသမီးသုံးဦးကို လက်ရဖမ်းဆီးမိခဲ့ပြီး ၎င်းတို့အားလုံးသည် မှုန်းတောင်ပေါ်နေမျိုးနွယ်စုဝင်များဖြစ်ကြောင်း သိရသည်။

ယာဉ်မောင်းဖြစ်သူ ပရာဝစ် ဆယ်မာက အဆိုပါကြက်ချေးများကို တက်ခရိုင်ဖော့ဘ်ဖရာသို့ ပို့ဆောင်ပေးခြင်းဖြင့် ထိုင်းဘတ် ၇၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၂၁၄၇၃)ပို့ဆောင်ခရရှိကြောင်း ရဲတပ်ဖွဲ့အား ပြောကြားခဲ့သည်။ ထိုင်းမှတစ်ဆင့် မူးယစ်ဆေးဝါးများကို အမျိုးမျိုးသောနည်းလမ်းများဖြင့် တတိယနိုင်ငံတစ်ခုသို့ တင်ပို့နေကြောင်း၊ မှောင်ခိုသမားများသည် မူးယစ်ဆေးဝါးများကို တောင်ပိုင်းမှတစ်ဆင့် နယ်စပ်ဖြတ်ကျော်ကာ သင်္ဘောများဖြင့် သယ်ဆောင်ရန်အတွက် ဗန်ကောက်မြို့သို့မဟုတ် အခြားနိုင်ငံအလယ်ပိုင်း ပြည်နယ်များသို့ ခရီးတစ်ထောက်အဖြစ် ယာယီရပ်နားရန် အသုံးပြုနေကြောင်း သိရသည်။

**ဆင်ဟွာ**

# ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးနှင့် ပါလက်စတိုင်းတို့ ပဋိပက္ခဖြစ်ပွားရာ ပါလက်စတိုင်း ၄၅ ဦး ဒဏ်ရာရ

**ဂါဇာ စက်တင်ဘာ ၁၈**

ဂါဇာကမ်းမြောင်ဒေသနှင့် အစ္စရေးနိုင်ငံအကြားနယ်စပ်တွင် မကြာသေးမီက အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ပါလက်စတိုင်းတို့အကြား ပဋိပက္ခဖြစ်ပွားခဲ့ရာ အနည်းဆုံး ပါလက်စတိုင်း ၄၅ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဂါဇာကမ်းမြောင်ဒေသ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဒဏ်ရာရရှိသူများအနက် ၂၆ဦးမှာ ကျည်အစစ်များဖြင့် ပစ်ခတ်ခံရခြင်းဖြစ်ပြီး အခြားလူများမှာ မျက်ရည်ယိုဗုံးများကြောင့် အသက်ရှူကျပ်သည့်ဝေဒနာကိုခံစားခဲ့ရကြောင်း ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာ့ရက်ဖ်အယ်လ်ကွတ်ဒရာက သတင်းထောက်များကို ပြောခဲ့သည်။

ဆန္ဒပြသူများသည် နယ်စပ်ခြံစည်းရိုးများကို ကျောက်တုံးများ၊ မီးလောင်နေသည့် တာယာများဖြင့် ပစ်ပေါက်ခဲ့ပြီး အစ္စရေးတပ်ဖွဲ့ဝင်များက ပြန်လည်တုံ့ပြန်သည့်အနေဖြင့် မျက်ရည်ယိုဗုံးများ၊ ကျည်အစစ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ မတ်လ ၃၀ ရက်မှ စသည့်ဆန္ဒပြမှုများကြောင့် အနည်းဆုံးပါလက်စတိုင်း လူမျိုး ၁၇၇ ဦးသေဆုံးခဲ့ပြီး အခြားလူပေါင်း ၁၉၀၀၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်၏ အခွန်စည်းကြပ်မှုကြောင့် ဂျပန်ကုမ္ပဏီများပါ ထိခိုက်ခံစားရ

**တိုကျို စက်တင်ဘာ ၁၈**

အမေရိကန်ပြည်ထောင်စုက နောက်ထပ် ပြုလုပ်မည့် တရုတ်ကုန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်မှုများကြောင့် တရုတ်နိုင်ငံအတွင်း စီးပွားရေးလုပ်ကိုင်နေကြသော ဂျပန်ကုမ္ပဏီများအတွက် ပိုမိုခက်ခဲသော အခြေအနေများနှင့် ကြုံတွေ့လာရဖွယ်ရှိသည်။

ဂျပန်ကုမ္ပဏီ ၃၂၀၀၀ ခန့်မှာ ကမ္ဘာ့ဒုတိယစီးပွားရေး အကြီးဆုံးနိုင်ငံတွင် လုပ်ကိုင်လျက်ရှိသည်။ စက်ရုံလုပ်ငန်းအများစုမှာ မော်တော်ကားနှင့် လျှပ်စစ်ကုမ္ပဏီများ ဖြစ်ကြသည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

အများစုမှာ ပြည်တွင်း၌ပင် ထုတ်လုပ်ကြပြီး ထုတ်လုပ်မှုစရိတ်စက နည်းပါးကာ အမေရိကန်သို့လည်း တင်ပို့နိုင်သည်။ အမေရိကန်ပြည်ထောင်စုသည် တရုတ်ပြည်မှ တင်သွင်းသောပစ္စည်းများကို အခွန်စည်းကြပ်မှုများ ပြုလုပ်ခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် ဂျပန်ကုမ္ပဏီများသည် အခွန်စည်းကြပ်မှုက ရှောင်ရှားနိုင်ရန် ကုမ္ပဏီများကို တရုတ်နိုင်ငံအတွင်းမှ ရွှေ့ပြောင်းရန် စဉ်းစားလာကြသည်။ လာမည့်သီတင်းပတ်အတွင်း အမေရိကန်ပြည်ထောင်စုမှ တရုတ်ကုန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်မှုများထပ်မံ ပြုလုပ်မည်ဖြစ်ရာ ဂျပန်ကုမ္ပဏီများမှာလည်း ထိခိုက်ခံစားရဖွယ်ရှိသည်။

**အင်န်အိတ်ချ်ကေ**

---

### ထရီပိုလီလေဆိပ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထား

**ထရီပိုလီ စက်တင်ဘာ ၁၈**

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လုံခြုံရေးအတွက် ပုံမှန်လုံခြုံရေးတပ်ဖွဲ့ဝင်များကို ထပ်မံတပ်ဖြန့်ချထားကြောင်း ပြည်ထဲရေးဝန်ကြီး အဗ္ဗဒူဆယ်မန် အက်ရှောက တနင်္လာနေ့တွင် ကြေညာခဲ့သည်။

ဗိုလ်ချုပ်ကြီးအဆင့် ဦးဆောင်သော ဗဟိုလုံခြုံရေးတပ်ဖွဲ့ဝင်များသည် လေဆိပ်အတွင်းပိုင်း လုံခြုံရေးကို တာဝန်ယူမည်ဟု သတင်းစာရှင်းလင်းပွဲတွင် ပြည်ထဲရေးဝန်ကြီးက ပြောသည်။ ထရီပိုလီမြို့ရှိ လေဆိပ်သည် မကြာသေးမီက မြို့အတွင်း အစိုးရတပ်ဖွဲ့များနှင့် လက်နက်ကိုင်စစ်သွေးကြွများ၏ ပဋိပက္ခများကြောင့် နှစ်ကြိမ်တိုင်တိုင် ပိတ်ထားခဲ့ရသည်။

အဆိုပါတိုက်ပွဲများကြောင့် ၇၈ ဦး သေဆုံးခဲ့ပြီး ၁၂၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် မိသားစုပေါင်း ၁၈၀၀ ခန့်မှာလည်း နေရပ်စွန့်ခွာခဲ့ရသည်။ လစ်ဗျားရှိ ကုလသမဂ္ဂအဖွဲ့မှ စစ်သွေးကြွများနှင့် အစိုးရတပ်များကြားတိုက်ပွဲများ ရပ်ဆိုင်းရေးအတွက် ကြိုးပမ်းခဲ့သည်။ လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ် လူထုအုံကြွမှုအတွင်း တိုင်းပြည်ခေါင်းဆောင် ကဒါဖီကို ဖြုတ်ချနိုင်ခဲ့ပြီးနောက် တိုင်းပြည်အတွင်း မငြိမ်သက်မှုများ၊ အကြမ်းဖက်မှုများ ဆက်တိုက်ပေါ်ပေါက်ခဲ့သည်။

**ဆင်ဟွာ**

---

# ခေါင်းဆောင်သစ်ရဲ့ဦးဆောင်မှုနဲ့ အီသီယိုပီးယားကို အမှန်တကယ်ပြောင်းလဲစေမှာလား

**ချူးစန္ဒီနွေး**



အီသီယိုပီးယားဝန်ကြီးချုပ် အဘီအာမက်ကို ဇြေလအတွင်းက အိုရိုမီယာဒေသ စုဝေးပွဲတစ်ခုတွင် တွေ့ရစဉ်။

အီသီယိုပီးယားဝန်ကြီးချုပ် မစ္စတာ အဘီဟာ အာဖရိကမှာ အသက်အငယ်ဆုံး နိုင်ငံ့ခေါင်းဆောင်တစ်ဦး ဖြစ်တဲ့အပြင် စောင့်အကြည့်ခံရဆုံး ခေါင်းဆောင်တစ်ဦးလည်း ဖြစ်ပါတယ်။

**မေမေ့စိတ်ကူး**

အသက် ခုနစ်နှစ်အရွယ် ပထမဦးဆုံး ကျောင်းစတက်စဉ်က သူ့အမေပြောခဲ့ဖူးတာကတော့ "ငါ့သားဟာ သာမန်ကလေးမဟုတ်ဘူး။ တစ်နေ့မှာ ပေါက်မြောက် အောင်မြင်မယ့်လူ။ ဒါကြောင့် ကျောင်းကိုသွားတဲ့အခါ တစ်နေ့မှာ နိုင်ငံတာဝန်ထမ်းဆောင်မယ်ဆိုတဲ့ စိတ်နဲ့သွား" ဆိုတာပါပဲ။ သူ့အမေရဲ့ အတွေးတွေမှန်ကန်ခဲ့ပါတယ်။ အသက် ၄၁ နှစ်သာရှိသေးတဲ့ မစ္စတာ အဘီဟာ အခုအခါမှာ အီသီယိုပီးယားနိုင်ငံရဲ့ အသက်အငယ်ဆုံး ဝန်ကြီးချုပ် ဖြစ်လာခဲ့ပါတယ်။

**ဖြေလျှော့မှုတွေပြုလုပ်လာ**

မတ်လအတွင်း ဝန်ကြီးချုပ်တာဝန်စတင် ထမ်းဆောင်စဉ်ကတည်းက သူဟာဆယ်စုနှစ် နှစ်ခုကျော်ကြာ မသင့်မမြတ်ဖြစ်ခဲ့ရတဲ့ အီသီယိုပီးယားနိုင်ငံရဲ့ အိမ်နီးချင်းလည်းဖြစ်၊ ရန်ဘက်လည်းဖြစ်တဲ့ အီရီထရီးယားနိုင်ငံနဲ့ ပြန်လည်သင့်မြတ်အောင် ကြိုးစားနိုင်ခဲ့ပါတယ်။ အဲဒီနောက်မှာတော့ သူဟာ တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ထားတဲ့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေကို ဖြေလျှော့မှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။ နောက်ပြီးတော့ ပါတီစုံရွေးကောက်ပွဲဖြစ်စေဖို့အတွက် အစိုးရနဲ့သဘောထားကွဲလွဲသူတွေကိုလည်း ဖိတ်ခေါ်ခဲ့တဲ့အပြင် တိုင်းပြည်ပြင်ပကိုထွက်သွားကြတဲ့ နိုင်ငံသားတွေကိုလည်း ပြန်ခေါ်ခဲ့ပါတယ်။ သူ့ရဲ့ဖိတ်ခေါ်မှုကြောင့်ပဲ အတိုက်အခံအုပ်စုကခေါင်းဆောင်တွေက တနင်္ဂနွေနေ့က အီသီယိုပီးယားနိုင်ငံ မြို့တော်မှာ တွေ့ဆုံမှုတွေပြုလုပ်ခဲ့ပါတယ်။

**နောက်ထပ်စိန်ခေါ်မှုများ**

နောက်ထပ်စိန်ခေါ်မှုတွေ၊ စမ်းသပ်မှုတွေကတော့အများကြီးပါပဲ။ အီသီယိုပီးယားဆိုတာ အာဖရိကမှာ ဒုတိယလူဦးရေ အထူထပ်ဆုံးနိုင်ငံလည်း ဖြစ်တယ်။ လူသန်းပေါင်း ၁၀၀ ကျော်ရှိပါတယ်။ ဒါကြောင့် ဆင်းရဲမှုတွေ၊ အကြမ်းဖက်ဖိနှိပ်မှုတွေဟာလည်း အီသီယိုပီးယားလူမျိုးစုတွေကြားမှာ ပေါ်ပေါက်နေပါတယ်။

လူမှုအဖွဲ့အစည်းအတွင်းမှာ ကန့်သတ်မှုတွေ ဖယ်ရှားလိုက်ပေမယ့် သူကတိပေးထားသလို ပါတီစုံရွေးကောက်ပွဲကျင်းပနိုင်ပါ့မလားဆိုတာကတော့ မသေချာသေးပါဘူး။ မစ္စတာအဘီနဲ့ ဩဂုတ်လအတွင်းက တွေ့ဆုံခဲ့တဲ့ ဒီမိုကရက်တစ်ဦးဖြစ်တဲ့ ကာရန်ဘက်စ်ကတော့ မစ္စတာအဘီရဲ့ပြောင်းလဲရေးလုပ်ဆောင်မှုတွေကို ချီးကျူးခဲ့ပေမယ့် တောင်းဆိုမှုတွေများလာတဲ့အခါ ဖြည့်ဆည်းမပေးနိုင်တဲ့ ပြဿနာအခက်အခဲတွေနဲ့ ကြုံတွေ့လာနိုင်ကြောင်းလည်းသတိပေးထားပါတယ်။ လူတစ်ဦးတစ်ယောက်ချင်းစီရဲ့ဘဝကို ပြောင်းလဲမပေးနိုင်တဲ့အခါ လူတွေဟာစိတ်မရှည်ဖြစ်လာမယ်။ အဲဒီအတွက် ပြစ်တင်ဝေဖန်မှုတွေကိုလည်း ခံရနိုင်တယ်လို့ သတိပေးထားပါတယ်။

**လူမျိုးစုများကြားမှ ပဋိပက္ခ**

လူမျိုးစုအချင်းချင်း အပြစ်တင်ကြတယ်။ ပြီးတော့ အချင်းချင်းမုန်းတီးကြတယ်။ လူမျိုးစုအချင်းချင်းကြားတိုက်ပွဲတွေကြောင့် လူသန်းပေါင်းများစွာဟာ နေရပ်စွန့်ခွာ ထွက်ပြေးခဲ့ကြရတယ်လို့ မစ္စတာအဘီက အင်တာဗျူးတစ်ခုမှာ ပြောခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ကပဲ အိုရိုမိုမျိုးနွယ်စုက လူငယ်တွေက အစိုးရရဲ့တင်းကျပ်မှုတွေ၊ ဖိနှိပ်မှုတွေကိုမကျေနပ်တဲ့အတွက် အကြီးအကျယ်ဆန္ဒပြခဲ့ကြတယ်။ အဲဒီအတွက် ဝန်ကြီးချုပ်ဟေးမယ်ရီးယန်း ဒက်စလိန်း နုတ်ထွက်သွားခဲ့ရတယ်။ သူ့နောက်မှာ မစ္စတာအဘီတက်လာတယ်။ မစ္စတာအဘီဟာလည်း အိုရိုမိုမျိုးနွယ်စုကပါပဲ။ သူဟာ ဆန့်ကျင်ဆန္ဒပြသူတွေကို ငြိမ်သက်သွားစေမယ့် နည်းလမ်းကို တွေ့ရှိခဲ့ပါတယ်။

**ငြိမ်းချမ်းရေးတည်ဆောက်**

သူအာဏာရလာတဲ့အခါ ချက်ချင်းပဲ အစိုးရလုံခြုံရေး တပ်ဖွဲ့ဝင်တွေကြောင့် သေဆုံးသွားရတဲ့ ဆန္ဒပြသူတွေကို တောင်းပန်ခဲ့တယ်။ အတိုက်အခံအုပ်စုတွေအပေါ်ထားရှိတဲ့ ကန့်သတ်ချက်တွေကို ဖယ်ရှားပေးတယ်။ ပြီးတော့ တိုင်းပြည်အတွင်းမှာ လူသိများ အကျော်ကြားဆုံး နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပေးလိုက်တယ်။ အီရီထရီးယားနိုင်ငံနဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့ကတော့ ဦးစားပေးအစီအစဉ်ပါပဲ။ အီရီထရီးယားနိုင်ငံအပေါ်မှာ ဩဇာအာဏာသက်ရောက်တဲ့ ယူအေအီးနိုင်ငံက အိမ်ရှေ့မင်းသား ရှိတ်မိုဟာမက်ဘင်ဇယ် အပါအဝင် အခြားသော နိုင်ငံခေါင်းဆောင်တွေဆီက အကူအညီတောင်းခံခဲ့ပါတယ်။ ယူအေအီး အိမ်ရှေ့မင်းသား အဓိကလုပ်ဆောင်ပေးရမယ့် အရာကတော့ အီသီယိုပီးယားနဲ့ အီရီထရီးယားနိုင်ငံတို့ကြား ငြိမ်းချမ်းရေးပါပဲလို့ သူက ပြောပါတယ်။

**စစ်ပွဲပြီးဆုံးကြောင်းကြေညာ**

ဒီလို ကြိုးပမ်းမှုတွေကြောင့်ပဲ နှစ် ၂၀ ကျော်ကြာ နယ်စပ်ပဋိပက္ခ ဖြစ်ပွားခဲ့တဲ့ အီရီထရီးယားနိုင်ငံနဲ့ ပြဿနာကို ဇွန်လအတွင်းမှာ ဖြေရှင်းနိုင်ခဲ့ပါတယ်။ နောက်တစ်လမှာပဲ နှစ်နိုင်ငံစလုံးက ခေါင်းဆောင်တွေဟာ စစ်ပွဲပြီးဆုံးပြီလို့ ကြေညာခဲ့ကြပါတယ်။ ဇူလိုင်လလယ်မှာပဲ အီရီထရီးယား သမ္မတဟာ အီသီယိုပီးယားကို အလည်အပတ် လာရောက်ခဲ့ပါတယ်။ ဆယ်စုနှစ် နှစ်ခုအတွင်းမှာ ပထမဦးဆုံးအကြိမ်လည်း ဖြစ်တယ်။

"ကျွန်တော်ဟာ ဘုရင်မဟုတ်တဲ့အတွက် ပါတီစုံရွေးကောက်ပွဲ ဖြစ်လာစေဖို့ဟာ အဓိကရည်မှန်းချက် ပန်းတိုင်ပါ"လို့ ပြောခဲ့ပါတယ်။ အခုဆိုရင် အတိုက်အခံအုပ်စုတွေလည်း လွတ်လွတ်လပ်လပ်ရှိလာပါတယ်။ ဒါပေမယ့်လည်း အရပ်ဘက် အဖွဲ့အစည်းတွေပေါ်မှာ ကန့်သတ်ထားတဲ့ ကန့်သတ်မှုတွေကို ဘယ်အချိန်မှာ ဘယ်လောက်အတိုင်းအတာထိ ဖယ်ရှားပေးမယ်ဆိုတာကိုတော့ သူကမပြောသေးပါဘူး။

**အတားအဆီးတွေကကြီးမားလွန်း**

ဒါပေမယ့်လည်း သူဟာ တိုင်းပြည်ကို အတွင်းကျကျ ပြောင်းလဲနိုင်ဖို့ ကြိုးစားနေတယ်။ သူလုပ်နေတာမျိုး တိုင်းပြည်မှာ တစ်ခါမှမတွေ့သေးဘူးလို့ အတိုက်အခံ နိုင်ငံရေးသမားတစ်ဦးဖြစ်သူ လိန်းကိုလက်တာက ပြောပါတယ်။ ပြုပြင်ပြောင်းလဲမှုကို ထောက်ခံသူတွေနဲ့ အစိုးရအဖွဲ့ကြားမှာလည်း တိုက်ပွဲတွေရှိနေတယ်လို့ သူကဆက်ပြောပါတယ်။ အစိုးရဟာ ဒီမိုကရေစီနည်းကျကျ ဆောင်ရွက်နိုင်လိမ့်မယ်လို့ ယုံကြည်ပေမယ့် အတားအဆီးတွေက ကြီးမားလွန်းလို့ စိုးရိမ်စိတ်လည်း ဖြစ်မိတယ်လို့ သူကဆက်ပြောပါတယ်။

**နေရပ်ပြန်ခေါ်**

တိုင်းပြည်အတွင်းမှာ ပဋိပက္ခတွေ၊ အပျက်အစီးတွေ၊ ပြဿနာတွေကြောင့် တိုင်းပြည်ကို စွန့်ခွာပြီး တိုင်းတစ်ပါးကို ထွက်သွားကြတာလို့လည်း သူ့အမြင်ကို ဆက်ပြောပါတယ်။ အီသီယိုပီးယားနိုင်ငံသား ၂၃၀၀၀ ဟာ သူတို့ရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကြောင့် တိုင်းပြည်ကိုပြန်လာမရ ဖြစ်နေပါတယ်။ ဒါကို ဝန်ကြီးချုပ် မစ္စတာ အဘီက ဖြေလျှော့ပေးခဲ့ပါတယ်။

**ဝိုင်းဝန်းဆောင်ရွက်ကြဖို့တောင်းဆို**

ကိုယ့်တိုင်းပြည်ကို ပြန်ရင် အဖမ်းခံရမှာကြောက်လို့ မပြန်ဝံ့ကြတဲ့ နိုင်ငံသားတွေကို ပြန်လာခွင့်ပေးခဲ့ပါတယ်။ တိုင်းပြည်ရပ်ခြားမှာ သွားရောက်နေထိုင်နေကြရတဲ့ လူတွေဟာ အီသီယိုပီးယားကို အလွန်ပြန်လာချင်ကြပါတယ်။ ဒီလိုမျိုး အိမ်ပြန်လာဖို့ ပြန်အခေါ်ခံရလိမ့်မယ်လို့ သူတို့ဘယ်တုန်းကမှ မထင်ခဲ့ကြပါဘူး။ လူထုအတွင်း ပြောကြားခဲ့တဲ့ မိန့်ခွန်းမှာတော့ အီသီယိုပီးယား ကြွယ်ဝချမ်းသာလာဖို့အတွက် မကူညီချင်ဘူးလားလို့ မေးခဲ့ပါတယ်။ တိုင်းပြည်ကြွယ်ဝ ချမ်းသာလာဖို့အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြဖို့ မစ္စတာ အဘီကတိုက်တွန်းခဲ့ပါတယ်။

**တိုင်းပြည်ကို အမှန်တကယ် ပြောင်းလဲစေမှာလား**

တစ်ဦးနဲ့တစ်ဦး မုန်းတီးနေကြမယ့်အစား လက်တွေခိုင်ခိုင်တွဲရင်း ငြိမ်းချမ်းမှု၊ ချစ်ကြည်မှုနဲ့အတူ ရှေ့ဆက်မယ်လို့ လူမျိုးစုအချင်းချင်းကြားပေါ်ပေါက်နေတဲ့ ပဋိပက္ခတွေ ချုပ်ငြိမ်းသွားစေဖို့ရာ တိုက်တွန်းခဲ့ပါတယ်။ လူငယ်တွေရဲ့ ထောက်ခံမှုကိုလည်း ရထား၊ ပြုပြင်ပြောင်းလဲရေးတွေကိုလည်း အများကြီးလုပ်ဆောင်နေတဲ့ အီသီယိုပီးယား ဝန်ကြီးချုပ်ဟာ တိုင်းပြည်ကို တကယ်ပြောင်းလဲစေမှာလားဆိုတာကို အာဖရိကနိုင်ငံတွေက စောင့်ကြည့်နေကြမှာတော့ အမှန်ပါပဲ။ ။

**ကိုးကား -နယူးယောက်တိုင်းမ်**

# မန္တလေး၌ လူမှုရေးရာဆန်းစစ်ချက်နှင့် အသိပေးဆွေးနွေးခြင်းဆိုင်ရာ လုပ်ငန်းများရှင်းလင်း

**မန္တလေး စက်တင်ဘာ ၁၈**

ပညာရေးဝန်ကြီးဌာန၏ လူနည်းစုများအား လက်လှမ်းမီရေးစီမံချက်အရ လူမှုရေးရာဆန်းစစ်ချက်နှင့် အသိပေးဆွေးနွေးခြင်းဆိုင်ရာ လုပ်ငန်းများရှင်းလင်းပွဲကို စက်တင်ဘာ ၁၆ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၈ × ၂၉ လမ်းကြား ၇၆ လမ်းရှိ အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း နတ်ရှင်နောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲတွင် ကျောင်းအုပ်ကြီးဦးလှဝင်းက "လူမှုရေးရာဆန်းစစ်ချက်ရဲ့ တွေ့ရှိချက်တွေကို ကျောင်းအဆင့်မှာဆိုရင် ကျောင်းအုပ်ကြီးတွေ၊ မြို့နယ်အဆင့်မှာတော့ မြို့နယ်ပညာရေးမှူးရုံးတွေက ဆောင်ရွက်မှာဖြစ်ပြီး အဲဒီလူမှုရေးရာ ဆန်းစစ်ချက်ကနေ ထွက်ပေါ်လာတဲ့ အိမ်ထောင်စုတွေ၊ လူအုပ်စုတွေကို စာသင်ကျောင်းကနေ ပံ့ပိုးပေးတဲ့ လုပ်ငန်းအစီအစဉ်တွေကို သိရှိစေပြီး ကျောင်းလုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်စေဖို့ အသိပေးဆွေးနွေးခြင်း၊အခွင့်အလမ်းများ ဖော်ထုတ်ခြင်းတွေကို ရပ်ရွာလူထုနဲ့ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

ထို့ပြင် "လူမှုရေးရာဆန်းစစ်ချက်နဲ့ အသိပေးဆွေးနွေးခြင်းလုပ်ငန်းတွေကို ကျောင်းနယ်မြေအတွင်း ရပ်ရွာလူထုတွေအတွက် ကျောင်းအုပ်ကြီးနဲ့ ကျောင်းကော်မတီတွေ၊ နောက်မြို့နယ်အဆင့်ဆိုရင်လည်း မြို့နယ်ပညာရေးမှူးက ဦးစီးဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒီလုပ်ငန်းတွေဟာ ကျောင်းဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (SIP) ရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆောင်ရွက်မှာဖြစ်တဲ့အတွက် ကျောင်းဖွံ့ဖြိုးမှုအစီအစဉ် ပြင်ဆင်တဲ့အချိန်မှာ တစ်ပါတည်းလုပ်ဆောင်မှာပါ။ မြို့နယ်ပညာရေးမှူးရုံးကို တင်ပြအစီရင်ခံပြီး ပုံမှန်အားဖြင့် ဇွန်လကျောင်းမဖွင့်မီကျောင်းအပ်နှံရေး သီတင်းပတ်တွေမှာ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသားမိဘများက သိရှိလိုသည်များနှင့် အကြံပြုချက်များကို ဆွေးနွေးကြရာ ကျောင်းအုပ်ကြီးကပြန်လည်ရှင်းလင်းဖြေကြားသည်။

အခြေခံပညာအဆင့်တွင် ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းဖြင့် အတန်းလိုက် ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသည့် ကျောင်းသားများ အကျိုးဖြစ်ထွန်း၍ တိုင်းပြည်အတွက်လည်း အကျိုးများစွာရရှိမည် ဖြစ်သည့်အပြင် နိုင်ငံတော်၏အစီအစဉ်ဖြစ်သော မူလတန်း၊ မသင်မနေရ အခမဲ့ပညာရေး အလယ်တန်းနှင့် အထက်တန်းအခမဲ့ ပညာရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်မှုတွင်လည်း အထောက်အကူဖြစ်စေ၍ နိုင်ငံသားတိုင်း အခြေခံပညာအဆင့်ပြီးစီးအောင်မြင်ရေး မျှော်မှန်းနိုင်ပြီး နိုင်ငံအတွက် ကောင်းမွန်သော နိုင်ငံ့သားကောင်းသမီးမွန်များ မွေးထုတ်နိုင်မည်ဖြစ်သည်။

ယင်းအပြင် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်၍ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိသည့် ကျောင်းသားများကို ပံ့ပိုးနိုင်ရန်၊ ဒေသအလိုက်ပညာသင်ထောက်ပံ့ကြေးအစီအစဉ်ကို ရေရှည်အကျိုးဖြစ်ထွန်းစေရန် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးဌာနမှ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဘိုကလေးမြို့နယ် ကွင်းကြီးစားကျက်မြေကြင်းလွတ်ခွင့်ရရေး သတင်းစာရှင်းလင်းပွဲ ကွန်ဒိုင်းကျေးရွာ၌ ကျင်းပ

**ဘိုကလေး စက်တင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကွင်းကြီးကျေးရွာအုပ်စု စားကျက်မြေကြင်းလွတ်ခွင့်ရရေး သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာ ၁၆ ရက်က ကွန်ဒိုင်းကျေးရွာဘုန်းတော်ကြီးကျောင်း ကျင်းပသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ ကွန်ဒိုင်း၊ ငါးအိမ်တန်း၊ အလယ်ကြီးနှင့် ဆန်းသစ်ဦး ကျေးရွာများမှ စားကျက်မြေဧက ၁၀၀၀ ကျော်တွင် လယ်ယာလုပ်ကိုင်လျက်ရှိသော ကျေးရွာအလိုက်တောင်သူလယ်သမားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ကွင်းကြီးကျေးရွာအုပ်စု စားကျက်မြေ၏ နောက်ခံသမိုင်းကြောင်းကို ကွန်ဒိုင်းကျေးရွာလယ်သမားကိုယ်စားလှယ် ဒေါ်ဇာဇာမိုးကလည်းကောင်း၊ ကွင်းကြီးစား ကျက်မြေကြင်းလွတ်ခွင့်ရရေးကို ငါးအိမ်တန်းကျေးရွာလယ်သမား ကိုယ်စားလှယ် ဦးဇော်ဝင်းကလည်းကောင်း၊ စားကျက်မြေတွင် စပါးအထွက်နှုန်းတိုးတက်မြင့်မားရေးကို အလယ်ကြီးကျေးရွာ လယ်သမားကိုယ်စားလှယ် ဦးသိန်းထိုက်အောင်ကလည်းကောင်း၊ စားကျက်မြေကြင်းလွတ်ခွင့်ရရေး အကြံပြုခြင်းကို ကျေးရွာလေးရွာ တောင်သူများကိုယ်စား ဦးဖိုးဆိတ်နှင့် ဦးဇော်လင်းအောင်တို့ကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းစားကျက်မြေမှာ နှစ်ပေါင်း ၄၀ ကျော်ကပင် တောင်သူများက ကျူတော၊ ကိုင်းတောကြီးများကို ခုတ်ထွင်ရှင်းလင်းပြီး လယ်ယာမြေတည်ဆောက်ခဲ့ကြကြောင်း၊ ယခုအခါ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းခဲ့ပြီဖြစ်၍ ကျေးရွာများတွင် ကျွဲ၊ နွားများ မရှိတော့ကြောင်း၊ စားကျက်မြေမှာ အမည်ခံသာရှိတော့သဖြင့် ကွင်းကြီး ကျေးရွာအုပ်စု စားကျက်မြေဧက ၁၀၀၀ ကျော်အား ကင်းလွတ်ခွင့်ပြုပါရန် သတင်းစာရှင်းလင်းပွဲ၌ တောင်သူလယ်သမားကိုယ်စားလှယ်များက တင်ပြခဲ့ကြောင်း သိရသည်။

**မော်ကျွန်း- မြင့်အောင်**

# သဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအခြေခံသင်တန်းကို ယနေ့နံနက်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းရွှေက အမှာစကားပြောကြားပြီး UN Habitat မှ DRR Programme Manager Mr. Shashank Mishra က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း၊ သင်တန်းကို စက်တင်ဘာ ၂၁ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းသား ၃၅ ဦး တက်ရောက်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# သရေခေတ္တရာမြို့ဟောင်းမြို့ရိုး လမ်းပိုင်းအား မြို့ရှောင်လမ်းသစ်ဖောက်လုပ်သွားမည်

**ပြည် စက်တင်ဘာ ၁၈**



ပဲခူးတိုင်းဒေသကြီး ပြည်မြို့အနီးရှိ ရှေးဟောင်းအမွေအနှစ်စာရင်းဝင် သရေခေတ္တရာမြို့ဟောင်း မြို့ရိုးပေါ်တွင် တည်ဆောက်ထားသော ပြည်- ပေါက်ခေါင်း- တောင်ငူ ကားလမ်းပိုင်းအား မြို့ရိုးရှောင်လမ်းသစ်တစ်ခု ဖောက်လုပ်တော့မည်ဖြစ်ကြောင်း သိရသည်။

မြို့ဟောင်းမြို့ရိုးပေါ် ဖောက်လုပ်ထားသော ရိုးမဖြတ်ကျော်လမ်းပိုင်းမှာ ပြည်- ပေါက်ခေါင်း- တောင်ငူမြို့များသို့ ဆက်သွယ်ထားသည့် လမ်းပိုင်းတစ်ခုဖြစ်ပြီး မြို့ရိုးပေါ်ဖောက်လုပ်ထားသည့် လမ်းဖြစ်သည့်အတွက် ကျဉ်းမြောင်း၍ နေ့စဉ် ကုန်တင်ကားများ၊ ရာသီပေါ်ချိန်၌ ကြံကားများ သွားလာလျက်ရှိပြီး ပြည်တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများနှင့် ဒေသခံများစီးနင်းသည့် ဆိုင်ကယ်များလည်း သွားလာလျက်ရှိရာ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်သည့်အပြင် ရှေးဟောင်းမြို့ရိုး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မြို့ရှောင်လမ်းကို ဖောက်လုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

မြို့ရှောင်လမ်းပိုင်း တိုးချဲ့ဖောက်လုပ်နိုင်ရေးအတွက် ပြည်မြို့နယ် တိုင်း ဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန် အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခဲ့ပြီး လမ်းပန်း/စက်မှုဝန်ကြီးက ဆောင်ရွက်အကောင်အထည်ဖော်မည် ဖြစ်ကြောင်း ပြန်လည် ဖြေကြားပေးခဲ့ခြင်းဖြစ်သည်။

"မြို့ရိုးပေါ် မှာတည်ဆောက်ထားတဲ့ သုံးမိုင်နီးပါးအတွက် ရှေးဟောင်းဇုန် မြို့ရှောင် လမ်းတည်ဆောက်ဖို့ အဆိုတင်တာအောင်မြင်တယ်။ အခုကွင်းဆင်းတိုင်းတာနေကြပါပြီ။ လမ်းချဲ့ခြင်း တာထပ်ပိုးလွှာတင်တာတွေလည်း မလုပ်ဖို့တားမြစ်ထားပါတယ်။ ဒီလမ်းကကျဉ်းတဲ့အတွက် ကျောင်းသားတွေနဲ့ ကားတွေ မကြာခဏ ယာဉ်မတော်တဆမှုလည်း ဖြစ်တယ်" ဟု တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇေယျက ပြောသည်။

အဆိုပါ မြို့ရိုးရှောင်လမ်းအူကြောင်း အသစ်မှာ ပြည်- ပေါက်ခေါင်း- တောင်ငူ လမ်းရှိမိုင်(၃/၇ မှ ၄/၀)ကြား လက်ခုပ်ပင်ရွာမှ စတင်၍ရန်ကုန်- ပြည်- မန္တလေး မိုင်(၁၈၃/၆-၇)ကြားအထိ လေးမိုင်ခန့် ရှည်လျားမည်ဖြစ်ပြီး မြို့သစ်စီမံကိန်း အတွင်းသို့ ၆ ဖာလုံခန့် ကျရောက်မည် ဖြစ်သည့်အတွက် ၃ မိုင် ၂ ဖာလုံ ခန့်သာ လမ်းအသစ် ဖောက်လုပ်ရမည်ဖြစ်ကြောင်း ယင်းလမ်းအူကြောင်းသစ်သည် လာမည့် ၂၀၁၉-၂၀၂၀ ဘတ်ဂျက်တွင် စတင်လုပ်ဆောင်မည်ဖြစ်ကာ နှစ်နှစ်ခန့် ကြာမည်ဖြစ်ကြောင်း သိရသည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မျိုးဝင်းက ယခုကဲ့သို့ ပြုလုပ်သည့်အတွက် ကြိုဆိုရမည်ဖြစ်ကြောင်း။

အဆိုပါ သရေခေတ္တရာမြို့ဟောင်း၏ မြောက်ဘက်မြို့ရိုးမှာ ရှေးနှစ်ပေါင်းများစွာက အင်္ဂလိပ်ခေတ်တွင် ရိုးမထဲမှ သစ်ထုတ်ရန် ရည်ရွယ်ဖောက်လုပ်ထားခြင်းဖြစ်ပြီး ရှေးဟောင်းမြို့ရိုးဖြစ်သည့်အတွက် ကတ္တရာပါးပါးလေးသာ ခင်းခဲ့ကြောင်း၊ အဆိုပါလမ်းမှာ ရှေးဟောင်းမြို့ရိုးပေါ်တွင် ရှိသည့်အတွက် အခြေအနေ ပိုမိုဆိုးရွားသွားနိုင်ကြောင်း။

အဆိုပါ မြို့ရိုးပေါ် ဖောက်လုပ်ထားသည့်လမ်းမှာ ပြည်မြို့အနီးရှိ နဂါးတွန့်တံခါးမှစကာ မြို့ရိုးပေါ်တွင် တစ်မိုင်ခန့် ရှည်လျားသည်။

**ကိုလွင်(ဆွာ)**

# တပ်မတော်ကိုထောက်ခံခြင်းနှင့် ပြင်ပစွက်ဖက်လုပ်ဆောင်မှုများ ဆန့်ကျင်သည့် ဆန္ဒဖော်ထုတ်ပွဲ တိုက်ကြီးမြို့၌ပြုလုပ်

**တိုက်ကြီး စက်တင်ဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က ဦးဆောင်လျက် တပ်မတော်ကို ထောက်ခံခြင်းနှင့်ပြင်ပစွက်ဖက်လုပ်ဆောင်မှုများကို ဆန့်ကျင်သည့် ဆန္ဒဖော်ထုတ်ပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက တိုက်ကြီးမြို့ ရန်ကုန်-ပြည်လမ်း ဘူတာရပ်ကွက် ဘုရားကြီးကျောင်းတိုက်ရှေ့ကွင်းပြင်၌ ပြုလုပ်ရာ အင်အား ၁၅၀ ခန့်က အသံတိတ် ဆန္ဒဖော်ထုတ်ခဲ့သည်။

ဆန္ဒဖော်ထုတ်ပွဲကျင်းပရခြင်းနှင့်စပ်လျဉ်းပြီး "မြန်မာ့တပ်မတော်ကို ပြည်ပဖိအားတွေက ဖြိုခွဲဖို့လုပ်လာတာကို တို့က ရပ်ကြည့်နေလို့မဖြစ်တော့ဘူး။ ဒါကြောင့် တပ်မတော်အပေါ် ဘယ်လိုထိပါးမှုမျိုးကိုမဆို မြန်မာပြည်သူလူထုက လက်မခံဘူးဆိုတာ ပြည်တွင်း ပြည်ပ မျက်လုံးတွေမြင်ကြအောင် အခုလို ကမ်ပိန်းလုပ်ပြီး ဆန္ဒထုတ်ဖော်ပြရတာဖြစ်တယ်"ဟု တိုက်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီး အောင်မြင့်(ငြိမ်း)က ပြောကြားသည်။ **ထွန်းလှိုင်(မြိုင်)**




ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အုပ်ချုပ်ရေးမှူးဖလား အသက် ၂၁ နှစ်အောက် ရပ်ကွက်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို စက်တင်ဘာ ၁၈ ရက်က စမ်းချောင်းပဒုမ္မာကွင်း၌ ကျင်းပရာ အနိုင်ရဗိုလ်စွဲသွားသော ဇုန်(၄) အသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်က ဆုဖလားနှင့် ငွေသားဆုများ ချီးမြှင့်စဉ်။ အေကေလင်း

# ပြည်တွင်းနွားပွဲများတွင် နွားအဝင်ပါးသော်လည်း ဈေးကွက်အတွင်း ငွေပေးချေမှုကောင်း၍ နွားအရောင်းအဝယ်သွက်

**ဇီးကုန်း စက်တင်ဘာ ၁၈**

မြန်မာ့နွားဈေးကွက်သည် ၂၀၁၇ ခုနှစ်နှင့်မတူဘဲ တရုတ်နိုင်ငံမှ နွားအဝယ်ရှိ၍ ၂၀၁၈ ခုနှစ်ဆန်းပိုင်းမှစကာ နွားဈေးများ လှုပ်လာခဲ့သည်။ ယခုအခါ တရုတ်နိုင်ငံမှ ဝယ်ယူသော နွားများမှာ သင်းပြီးသားနွားထီး(ပျမ်းမျှအချိန် ၁၀၀ ရှိ) ကျန်းမာရေး ထောက်ခံချက်ရပြီး ငါးနှစ်အထက်ရှိ နွားများကို ရွေးချယ်ဝယ်ယူနေကြောင်း သိရသည်။

ယင်းနွားများမှာ ဒေသပေါက်ဈေးတစ်ကောင်လျှင် ငွေကျပ် ၁၀ သိန်းမှ ၁၅ သိန်းအထိရှိပြီး ထို့ထက်ချောသော နွားကြီးများဖြစ်ပါက ငွေကျပ် ၂၅ သိန်းအထိ ဈေးကောင်းပေးဝယ်ယူလျက်ရှိရာ ယမန်နှစ်ကထက် ဈေးပိုမိုမြင့်တက်လာခဲ့သည်။

ယခင်ကဆိုလျှင် နွားရောင်းသော တောင်သူတို့မှာ အကြွေးစနစ်ဖြင့် စောင့်ဆိုင်းရောင်းချရပြီးမှသာ နွားဖိုးငွေရသော်လည်း ယခုအခါတွင် ငွေပေးချေမှုမြန်ဆန်သဖြင့် ငွေလက်ငင်းရရှိ၍ အဆင်ပြေလျက်ရှိသည်။

" ဒီဘက်က နွားပွဲတွေမှာ အင်းမနွားပွဲနဲ့ ကြို့ပင်ကောက်နွားပွဲက နွားအဝင်အများဆုံးပါ။ အနည်းဆုံးအကောင် ၄၀၀ ကနေ ၅၀၀ အထိဝင်တယ်။ ကျန်မြို့တွေမှာ နွားအဝင်ပါးတယ်။ ပြည်ပအဝယ်ရှိနေတဲ့အတွက် အဆင့်ဆင့်ခွင့်ပြုချက်တွေ ပြုလုပ်ပြီး နေပြည်တော်ကို တင်ရတယ်။ အားလုံးစုံရင် နယ်စပ်မူဆယ်အထိ ပို့ရပါတယ်။ တရားဝင်ပို့ရတဲ့လမ်းကြောင်းဖြစ်လို့ နိုင်ငံတော်လည်း အခွန်ဝင်ငွေရ တောင်သူတွေလည်း ငွေကြေးအဆင်ပြေနေကြတယ်။ နိုင်ငံတော်က တစ်ပိုင်တစ်နိုင် နွားမွေးမြူရေးကို ကျယ်ကျယ်ပြန့်ပြန့် အားပေးမယ်ဆိုရင် တောင်သူတွေ ဝင်ငွေတိုးတက်လာမှာဖြစ်ပါတယ်"ဟု နွားကုန်သည် ဦးကျော်စိုးက ပြောသည်။

**ကိုသက်(ဇီးကုန်း)**

# ရောဝတီတိုင်းဒေသကြီးမှ ဆရာတော်ကြီးများအား ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၈**

ပုသိမ်အသင်း( ရန်ကုန် )က ကြီးမှူး၍ နိုင်ငံတော်မှဆက်ကပ်သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ရောဝတီတိုင်းဒေသကြီးမှ ဆရာတော်ကြီးသုံးပါးတို့အား ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲနှင့် (၃၄) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ကြားတောရလမ်းရှိ ရောဝတီတိုင်းဒေသကြီးဓမ္မာရုံ၌ ကျင်းပသည်။အခမ်းအနားတွင် ပုသိမ်အသင်း (ရန်ကုန်) အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက အခမ်းအနားဖွင့်စာတမ်းကို ဖတ်ကြားကာ ဖွင့်လှစ်ပေးပြီး ပုသိမ်မြို့ အမှတ် ( ၂ ) ရပ်ကွက် နိဂြောဓာရုံညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ယင်းနောက် ပုသိမ်အသင်း(ရန်ကုန်)ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးစိုးဟန်လင်းက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ချီးကျူးဂုဏ်ပြုပူဇော်ရခြင်းကို လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်မှဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများဖြစ်သည့် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့စက်တော်ရာရပ်ကွက်၊ စန္ဒာရုံစာသင်တိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုက္ကန္ဒော ဘာသ၊ ငပုတောမြို့နယ် မကျည်းပင်ကျေးရွာ ရွှေကျောင်းတိုက်မှ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသောဘဏနှင့် ပုသိမ်မြို့ အမှတ်( ၃ )ရပ်ကွက် မြောင်းမြစာသင်တိုက်မှ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပညာသိရီရတနာဘိဝံသတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပုသိမ်အသင်း (ရန်ကုန်)မှ အသင်းသူ အသင်းသားများက ဆရာတော်ကြီးများနှင့် သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဖြိုးသူရကျော်(ဖျာပုံ)**



# မောင်တောမြို့နယ်၌ ကွမ်းဈေးကောင်းသော်လည်း ကွမ်းပျိုးပင်ရှားလာခြင်းကြောင့် ကွမ်းစိုက်တောင်သူနည်းလာ

**မောင်တော စက်တင်ဘာ ၁၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း၌ ကွမ်းဈေးကောင်းသော်လည်း ကွမ်းပျိုးပင်ရှားလာခြင်းကြောင့် ကွမ်းစိုက် တောင်သူနည်းပါးလာသဖြင့် မောင်တောမြို့နယ်၏ ကွမ်းရွက်လိုအပ်ချက်ကို စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့များမှ မှာယူနေရကြောင်း ကွမ်းရွက်ရောင်းသူ တစ်ဦးထံမှ သိရသည်။

မောင်တောမြို့နှင့် ခြောက်မိုင်ခန့် ကွာဝေးသည့် မောင်တော-အငူမော် ကားလမ်းဘေးမှ အိမ်ခြေ ၈၀ ရှိ ကင်းချောင်းကျေးရွာ၌ ကွမ်းစိုက်တောင်သူ တစ်ဦးသာရှိပြီး အဆိုပါ ကွမ်းစိုက်တောင်သူမှာ ခက်ခဲစွာဖြင့် ကွမ်းပျိုးပင်ကို ရှာဖွေဝယ်ယူစိုက်ပျိုးထားခြင်းဖြစ်ကြောင်း သိရသည်။

ကွမ်းစိုက်ပျိုးခြင်းနှင့်ပတ်သက်၍ ဦးအောင်သာလုက "ကျွန်တော့်မှာ အရင်စိုက်ထားတာရှိတယ်။ အဲ့ဒီခြံက ပိုးကျသွားတယ်။ ဒီတော့ ပျိုးပင်အတွက် မျိုးယူလို့မရတော့ဘူး။ဒါနဲ့ မြောက်ဦးမြို့အထိသွားပြီး ပျိုးပင်တွေကို ရှာဝယ်ခဲ့ရတယ်။ မြောက်ဦးကဝယ်လာတဲ့ ကွမ်းပျိုးပင်ပေါင်း ၂၀၀၀ ကို သယ်ယူစရိတ်အပါအဝင် ငွေကျပ်သုံးသိန်းဝန်းကျင် ကုန်ကျပါတယ်" ဟု ရှင်းပြသည်။

ယခင်နှစ်အတွင်းက ကွမ်းဈေးကွက်မှာ ကွမ်းရွက်အသေးမှအကြီးအထိ တစ်ပိဿာ ငွေကျပ် ၄၅၀၀ မှ ၇၀၀၀ အတွင်း သာရှိခဲ့ပြီး ယခုနှစ်တွင် ကွမ်းဈေးမှာ ကွမ်းရွက်အသေးမှ အကြီးအထိ တစ်ပိဿာ အနည်းဆုံးငွေကျပ် ၆၅၀၀ မှ ၁၀၀၀၀ အထိဈေးတက်နေသည့်အတွက် တစ်ဦးတည်းစိုက်ပျိုးထားသည့် ဦးအောင်သာလုအတွက် အဆင်ပြေသော်လည်း ကျန်ကျေးရွာနေသူ အများစုမှာ ကွမ်းစိုက်ပျိုးချိန်တွင် ကွမ်းပျိုးပင်အခက်အခဲနှင့် ငွေကြေးအဆင်မပြေမှုများကြောင့် မစိုက်ဖြစ်ကြကြောင်း သိရသည်။

ကင်းချောင်းကျေးရွာနှင့် တစ်မိုင် ဝန်းကျင်သာဝေးသည့် ဗောဓိကုန်းရွာ တွင်လည်း တစ်ရွာလုံးကွမ်းစိုက်တောင်သူ နှစ်ဦးသာရှိကြောင်း သိရသည်။

ကိုယ်တိုင်ပျိုးထောင်ထားသည့် ပျိုးပင် ၃၀၀၀ ကို စိုက်ပျိုးမည့် ဗောဓိကုန်းရွာသား ဦးလှမောင်ဦးက "ကျွန်တော်က စက်တင်ဘာလထဲမှာ စိုက်မယ်။ နောက်တစ်ဦးက ကွမ်းစိုက်ဖို့ ပျိုးပင်ကိုလိုက်ဝယ်နေတာ ဘူးသီးတောင်တို့၊ ရသေ့တောင်တို့ဘက်ကို လိုက်ရှာတာ တစ်ပတ်ကျော်ပြီပြောတယ်။ ခုထိတော့ သူ့မှာ ပျိုးပင်မရသေးပါဘူး" ဟု ရှင်းပြသည်။

ကွမ်းဈေးကြီးခြင်းမှာ ကွမ်းစိုက်တောင်သူ နည်းပါးလာခြင်း၊ ကွမ်းပျိုးပင်များရှားလာခြင်းနှင့် ပျိုးပင်ဈေးကြီးခြင်းတို့ကြောင့်ဖြစ်ပြီး စစ်တွေမြို့သို့ ဝင်ရောက်လာသည့် ကွမ်းရွက်များမှာ ပုဏ္ဏားကျွန်း၊ မင်းဘူးနှင့် ရန်ကုန်မြို့တို့မှ အများအပြား တင်ပို့နေခြင်းဖြစ်ကြောင်း ကွမ်းအရောင်းအဝယ်လုပ်ကိုင်သူများထံမှ သိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကွမ်းဈေးအေးနေသော်လည်း ရခိုင်ပြည်နယ်၌ ကွမ်းဈေးမြင့်မားနေခြင်းမှာ ကွမ်းစိုက်တောင်သူနည်းပါးလာခြင်းကြောင့် ဖြစ်ကြောင်း ကွမ်းစိုက်တောင်သူများနှင့် ကွမ်းအရောင်းအဝယ်လုပ်သူများက ပြောကြားပြီး ကွမ်းစိုက်တောင်သူများအတွက် ပျိုးပင်များ အလွယ်တကူ ဝယ်ယူရရှိလာနိုင်ပါက ကွမ်းဈေး ပြန်လည်တည်ငြိမ်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်၊အေးမင်းသူ**

# ကျေးရွာအရောက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မှိုမျိုးစုံ စိုက်ပျိုးနည်း သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၁၈**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တရုတ်နိုင်ငံ (IPRCC) ဆင်းရဲမှုလျှော့ချရေးဗဟိုဌာနတို့ ပူးပေါင်း၍ ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး စံပြစီမံကိန်း ဆောင်ရွက်လျက်ရှိသော လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းပညာများဖြင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မှိုမျိုးစုံစိုက်ပျိုး ထုတ်လုပ်နည်းသင်တန်းကို စက်တင်ဘာလပထမပတ်မှ ဒုတိယပတ်ထိ အဆိုပါကျေးရွာ၌ ပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ကျေးရွာမှ သင်တန်းသား ၅၀ တက်ရောက်ခဲ့ပြီး ကောက်ရိုးမှို၊ ဂျပ်စက္ကူမှို၊ ငွေနှင်းမှို စိုက်ပျိုးထုတ်လုပ်နည်းလမ်းများကို စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ နည်းပြများဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေး၊ ကျေးရွာနေပြည်သူများ ဝင်ငွေတိုးပွားစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**သိခ်**



# ရေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်နိုင်ရန် မျိုးစပါးများထောက်ပံ့

**ကျောက်ကြီး စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် နတ်သံကွင်းဒေသရှိ ရေဘေးသင့်ပြည်သူများအား ယမန်နေ့က ရေကြီးနစ်မြုပ်၍ ပျက်စီးဆုံးရှုံးခဲ့သော လယ်မြေများအား ပြန်လည်စိုက်ပျိုးနိုင်ရန် မျိုးစပါးများ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

မျိုးစပါးထောက်ပံ့ရာတွင် ပဲခူးတိုင်းဒေသကြီး ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဘုရားကြီး တိုက်နယ်လုံးဆိုင်ရာ ဓမ္မစကူးလ် မြို့နယ်ဥက္ကဋ္ဌဆရာတော်နှင့် ချောင်းဖျားဒေသအဖွဲ့ဝင် ဆရာတော်များ၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ အလှူရှင်ဒါယကာ၊ ဒါယိကာမများ ပူးပေါင်း၍ လာရောက်ထောက်ပံ့ကြခြင်းဖြစ်ပြီး ကျောက်ကြီးမြို့နယ် နတ်သံကွင်းဒေသ ရေလဲကျေးရွာအုပ်စုရှိ မရမ်းစိန်ကြီး၊ မရမ်းစိန်လေး၊ ထွနီကုန်း၊ ရေလဲဗမာ၊ ရေလဲကရင်ကျေးရွာတို့အား မျိုးစပါး ၁၈၅ တင်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **ခင်အောင်လှိုင်(ညောင်လေးပင်)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၈-၉-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၀၂၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၈၅/၁၀၂၀ ကျပ် | ၁၀၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၉၅/၁၀၃၀ ကျပ် | ၁၀၇၀/၁၀၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၅၅/၉၉၀ ကျပ် | ၁၀၅၅/၁၀၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၀၅/၁၀၃၅ကျပ် | ၁၁၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၅၀ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၀၉ · ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၂၈ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၃၇ · ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၈၆ · ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၁၀ · ၁ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ · ၀၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၃၆၈ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၇ · ၃၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၃ · ၉၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၇ · ၄၅၉ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး(တာဝန်) | - | ဝင်းကျော် |
| စာတည်းမှူး | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ခတ်ပုံ)၊ မြတ်မွန်ထွေး |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၇။ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဗဟိုကော်မတီက ချမှတ်သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဂ) ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) မြန်မာနိုင်ငံ၏ ရေမြေသဘာဝ အလှအပများ၊ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးအတွက် ခရီးသွားလုပ်ငန်းနှင့်အတူ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်စေမည့် လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးကို အထောက်အကူ ဖြစ်စေမည့် လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) ခရီးသွားလုပ်ငန်းများကို အဆင့်အတန်းသတ်မှတ်ပေးခြင်း၊ သတ်မှတ်အရည်အချင်း ပြည့်မီစေရန် တွန်းအားပေးဆောင်ရွက်ခြင်းနှင့် အရည်အသွေးကောင်းမွန်သူများကို ချီးမြှင့်ခြင်း၊

(ဆ) နိုင်ငံတစ်ဝန်း လက်ရှိလုပ်ငန်းဆောင်ရွက်နေသော ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဇ) နိုင်ငံတစ်ဝန်း ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်၍ ခရီးသွားလုပ်ငန်း တိုးတက်စေရန် စီမံဆောင်ရွက်ခြင်း၊

(ဈ) ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြလာပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြေရှင်း ဆောင်ရွက်ပေးခြင်း။

**အခန်း (၅)**

**ခရီးသွားလုပ်ငန်းအမျိုးအစား သတ်မှတ်ခြင်း၊ လိုင်စင်ကြေးများ သတ်မှတ်ခြင်းနှင့် စစ်ဆေးရေးအဖွဲ့ဖွဲ့စည်းခြင်း**

၈။ ဝန်ကြီးဌာနသည် -

(က) ခရီးသွားလုပ်ငန်း အမျိုးအစားများနှင့် လုပ်ငန်းလိုအပ်ချက်များ၊ စည်းကမ်းချက်များကို သတ်မှတ်ရမည်။

(ခ) လိုင်စင်ကြေးများ၊ လိုင်စင်အသစ်လဲလှယ်ကြေးများ၊ လိုင်စင်ဒဏ်ကြေးများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်ကြေးများကို ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

(ဂ) ခရီးသွားလုပ်ငန်းများ သတ်မှတ်ထားသည့် အရည်အသွေးပြည့်မီခြင်း ရှိ မရှိ စစ်ဆေးနိုင်ရန် စစ်ဆေးရေးအဖွဲ့များကို လိုအပ်သလို ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။

(ဃ) အများပြည်သူ သွားလာလည်ပတ်နိုင်သော ခရီးစဉ်များ၊ ခရီးစဉ် ဒေသများကို ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

**အခန်း (၆)**

**ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၉။ ခရီးသွားလုပ်ငန်းကော်မတီသည်-

(က) အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော ဒေသဆိုင်ရာခရီးသွားလုပ်ငန်း ကော်မတီကို ဖွဲ့စည်းရမည်-

(၁) နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် — ဥက္ကဋ္ဌ

(၂) ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် နေပြည်တော် ကောင်စီဝင်၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရှိဝန်ကြီး — ဒုတိယဥက္ကဋ္ဌ

(၃) သက်ဆိုင်ရာအစိုးရဌာနမှ တာဝန် ပေးအပ်သည့် ပုဂ္ဂိုလ်ခြောက်ဦး — အဖွဲ့ဝင်များ

(၄) ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင် တစ်ဦး — အဖွဲ့ဝင်များ

(၅) ပုဂ္ဂလိက ခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ဒေသခံကိုယ်စားလှယ် သုံးဦး — အဖွဲ့ဝင်များ

(၆) ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန လက်အောက်ရှိ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ ပြည်ထောင်စု နယ်မြေ နေပြည်တော်ကောင်စီမှ ရုံးခွဲတာဝန်ခံ — အတွင်းရေးမှူး

(ခ) ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကို ဖွဲ့စည်းရာတွင် လိုအပ်ပါက တွဲဖက်အတွင်းရေးမှူးကို အဖွဲ့ဝင်များအနက်မှ ရွေးချယ်တာဝန်ပေးအပ် နိုင်သည်။

(ဂ) ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

**အခန်း (၇)**

**ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များ**

၁၀။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က) ဗဟိုကော်မတီမှချမှတ်သည့် မူဝါဒများ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) လိုင်စင်လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်နိုင်ရန် လိုင်စင်စိစစ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်းနှင့် ယင်းအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း၊

(ဂ) ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အအုံတစ်ခုခု ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့အတွက် ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းကို ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ပြင်ဆင်ခြင်း၊

(ဃ) လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊ လိုင်စင်လွှဲပြောင်းခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(င) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် လိုင်စင်ပျက်ပြယ်စေခြင်း၊

(စ) ခရီးစဉ်ဒေသ အသီးသီးတို့တွင် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အဆင့်အတန်းနှင့် အရည်အသွေးမြင့်မားတိုးတက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုမည့် လုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ နေပြည်တော်ကောင်စီ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဆ) ခရီးသည်များအတွက်သာမက ဒေသခံပြည်သူများအတွက်ပါ လုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ စိတ်အနှောင့်အယှက်မဖြစ်ရေး၊ စိတ်ကျေနပ်မှုရရှိရေးတို့ကို နှစ်ဖက်သဟဇာတဖြစ်စေရေးအတွက် ဒေသဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ခြင်း၊

(ဇ) ဤဥပဒေအရ ကောက်ခံရရှိသော လိုင်စင်ကြေးများ၊ လိုင်စင်အသစ်လဲလှယ်ကြေးများ၊ လိုင်စင်ဒဏ်ကြေးများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားသာမန်ရငွေများကို ဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရုံးခွဲများမှ ကောက်ခံစေ၍ သက်ဆိုင်ရာ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းစေခြင်း၊

(ဈ) လုပ်ငန်းဆောင်ရွက်ချက်များကို သုံးသပ်၍ တိုးတက်မှုအခြေအနေကို ခရီးသွားလုပ်ငန်းကော်မတီသို့ တင်ပြခြင်း၊

(ည) ခရီးစဉ်ဒေသအသစ်များ ဖော်ထုတ်ခြင်း၊

(ဋ) ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု အားနည်းသည့် ဒေသများတွင် နေအိမ်များ အပါအဝင်ဖြစ်သည့် ခရီးသည်တည်းခိုနေထိုင်ရန် နေရာများကို သတ်မှတ်ပေးခြင်း၊

(ဌ) ခရီးသည်များအတွက် ၎င်းတို့သွားရောက်လေ့ရှိသော ခရီးစဉ်ဒေသများ အလိုက် လုံခြုံရေး၊ ရောဂါဖြစ်ပွားမှု၊ သဘာဝဘေးအန္တရာယ်အစရှိသည့် ကိစ္စရပ်များဆိုင်ရာ အသိပေးနှိုးဆော်ချက်များကို ထုတ်ပြန်ခြင်း၊

(ဍ) ခရီးသွားလုပ်ငန်းဆောင်ရွက်သူများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြလာပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခြင်း။

**အခန်း (၈)**

**ဦးစီးဌာန၏ လုပ်ငန်းတာဝန်များ**

၁၁။ ဦးစီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကော်မတီကချမှတ်သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒများ၊ ခရီးသွားလုပ်ငန်းကော်မတီ၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီနှင့် ဝန်ကြီးဌာနတို့၏ လမ်းညွှန်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(ခ) ခရီးသွားလုပ်ငန်းဆိုင်ရာ အရည်အသွေး၊ အဆင့်အတန်းစနစ်တကျ တိုးတက်လာစေရန် ပြည်တွင်း၊ ပြည်ပတွင် လေ့ကျင့်ပညာပေးခြင်း၊ သင်တန်းပေးခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊

(ဂ) ခရီးသွားလုပ်ငန်းအရပ်ရပ်ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) လိုင်စင်နှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(င) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) ခရီးသွားလုပ်ငန်းများအနေဖြင့် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများ ပေးနိုင်စေရေးအတွက် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဆ) လုပ်ငန်းဆောင်ရွက်ချက်များကို ဝန်ကြီးဌာနသို့ သုံးသပ်တင်ပြခြင်းနှင့် အစီရင်ခံတင်ပြခြင်း၊

(ဇ) ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနပြုလုပ် လေ့လာခြင်း၊ စာတမ်းပြုစုခြင်း၊

(ဈ) ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများက လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို တင်ပြလာပါက သက်ဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ လမ်းညွှန်မှုပြုနိုင်ရန် တင်ပြခြင်း။

**အခန်း (၉)**

**ဘဏ္ဍာငွေကြေး ရယူသုံးစွဲမှု**

၁၂။ ဝန်ကြီးဌာနသည် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် -

(က) ဗဟိုကော်မတီမှ သဘောတူသည့် စီမံကိန်းများကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်၏ နှစ်စဉ်အရအသုံး ခန့်မှန်းခြေ ငွေစာရင်းတွင် ထည့်သွင်းဖော်ပြနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြရမည်။

(ခ) ပြည်ပနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်း များထံမှ ငွေကြေးနှင့် နည်းပညာအကူအညီများရယူ၍ ဆောင်ရွက် နိုင်သည်။

**အခန်း (၁၀)**

**ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၏ တာဝန်နှင့် အခွင့်အရေးများ**

၁၃။ ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများသည်-

(က) ခရီးသွားလုပ်ငန်းဆိုင်ရာ လိုင်စင်များကို သတ်မှတ်ပြဋ္ဌာန်းချက်များ နှင့်အညီ လျှောက်ထားခွင့်ရှိသည်။

(ခ) ခရီးသွားလုပ်ငန်းဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ အခက်အခဲတစ်စုံ တစ်ရာ ဖြစ်ပေါ်လာပါက ခရီးသွားလုပ်ငန်းကော်မတီ၊ ဝန်ကြီးဌာန၊ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ သို့မဟုတ် ဦးစီးဌာနသို့ တင်ပြခွင့်ရှိသည်။

၁၄။ ခရီးသွားလုပ်ငန်းဆောင်ရွက်သူများသည်-

(က) တာဝန်သိ၍ ရေရှည်တည်တံ့စေသော နည်းလမ်းဖြင့် လုပ်ကိုင်ရမည်။

(ခ) မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာ များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ကို အလေးထားဆောင်ရွက်ရမည်။

(ဂ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

(ဃ) ခရီးသည်များ၏ အခြေခံကျန်းမာရေး၊ လုံခြုံရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို ဆောင်ရွက်ရမည်။

(င) ခရီးသည်များ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထိန်းသိမ်း ကာကွယ်ရမည်။

(စ) တည်ဆဲဥပဒေများနှင့်အညီ ပေးဆောင်ရန် တာဝန်ရှိသော အခွန်အခ များကို သက်ဆိုင်ရာဌာနများသို့ ပေးသွင်းရမည်။

(ဆ) လိုင်စင်ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

**အခန်း(၁၁)**

**ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း**

၁၅။ ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်မည့်သူသည် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အခြားနည်းလမ်းဖြင့် ဖော်ပြထားခြင်းမရှိလျှင် လုပ်ငန်းစတင်အကောင်အထည်မဖော်မီ ဟိုတယ် သို့မဟုတ် တည်းခိုရိပ်သာ အဆောက်အအုံတစ်ခုခု ဆောက်လုပ်ခြင်းနှင့် ပြုပြင်မွမ်းမံခြင်းတို့ ပြုလုပ်လိုပါက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ သတ်မှတ်ထားသော နည်းလမ်းများနှင့် အညီ ကြိုတင်ခွင့်ပြုချက် လျှောက်ထားရမည်။

၁၆။ ဤဥပဒေ မပြဋ္ဌာန်းမီက ဟိုတယ်လုပ်ငန်း သို့မဟုတ် တည်းခိုရိပ်သာလုပ်ငန်း လုပ်ကိုင်မည့်သူသည် ဝန်ကြီးဌာနထံမှ အဆောက်အအုံဆောက်လုပ်ခြင်း ကြိုတင် ခွင့်ပြုချက်ရရှိခဲ့ပြီးဖြစ်ပါက ထပ်မံလျှောက်ထားရန် မလိုအပ်တော့ဘဲ လုပ်ငန်း လိုင်စင်ကို ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသို့ ဆက်လက်လျှောက် ထားရမည်။

၁၇။ ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီသည် ပုဒ်မ ၁၅ ပါ ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း၊ ငြင်းပယ် ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ပြင်ဆင်ခြင်း ပြုနိုင်သည်။

**အခန်း(၁၂)**

**လိုင်စင်**

၁၈။ အောက်ဖော်ပြပါ လုပ်ငန်းအမျိုးအစားတစ်ခုချင်းစီအတွက် ခရီးသွားလုပ်ငန်း တစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်နှင့်အညီ ဒေသ ဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီသို့ လျှောက်ထားရမည် -

(က) ခရီးလှည့်လည်ရေးလုပ်ငန်း၊

(ခ) ဟိုတယ်လုပ်ငန်း၊

(ဂ) တည်းခိုရိပ်သာလုပ်ငန်း၊

(ဃ) ဧည့်လမ်းညွှန်လုပ်ငန်း၊

(င) ခရီးသွားလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်း။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

၈။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အောက်ဖော်ပြပါ ကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ အသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း-

(၁) ပြည်တွင်း၊ ပြည်ပ ဘွဲ့လက်မှတ် စိစစ်ရေးကော်မတီ၊

(၂) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင် စိစစ်ရေးကော်မတီ၊

(၃) ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၊

(၄) စံချိန်စံညွှန်း သတ်မှတ်ရေးကော်မတီ၊

(၅) သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာအရည်အချင်း စိစစ်ရေး ကော်မတီ၊

(၆) အသိအမှတ်ပြုလက်မှတ်ဆိုင်ရာသင်တန်းနှင့် အရည်အချင်းစိစစ်ရေးကော်မတီ၊

(၇) အခြားလိုအပ်သော ကော်မတီများ။

(ခ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်း၊ကာလ အကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကာလအကန့် အသတ်ဖြင့် ရုပ်သိမ်းခြင်း၊ စိစစ်၍ ပြန်လည်ထုတ်ပေးခြင်း၊

(ဃ) ဆေးကုသခွင့်လိုင်စင်သက်တမ်း သတ်မှတ်ခြင်း၊ သက်တမ်းတိုးမြှင့် ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(င) အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(စ) နိုင်ငံတော်နှင့် သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာလောကအတွက် အကျိုးပြုမည့် ကိစ္စရပ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ သို့မဟုတ် ပြည်တွင်းပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့်ဆက်သွယ် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) မှတ်ပုံတင်ကြေး၊ ဆေးကုသခွင့် လိုင်စင်ကြေး၊ ဆေးကုသခွင့် လိုင်စင် သက်တမ်းတိုးမြှင့်ကြေး၊ ရက်လွန်ကြေး၊ စာမေးပွဲကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်စရိတ်များကို သတ်မှတ်ခြင်းနှင့် ကောက်ခံခြင်း၊

(ဇ) ကောင်စီသည် မိမိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အလုပ်အမှုဆောင် အဖွဲ့သို့ လွှဲအပ်နိုင်ခြင်း၊

(ဈ) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အခါအားလျော်စွာ အပ်နှင်း သော လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း(၅)

## ကောင်စီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် လစ်လပ်ရာထူး နေရာများတွင် အစားထိုးခန့်ထားခြင်း

၉။ အောက်ပါအကြောင်းအရာတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ကောင်စီသည် ကောင်စီဝင်တစ်ဦးဦးအား ကောင်စီဝင်အဖြစ်မှ ရပ်စဲရမည် -

(က) ကွယ်လွန်ခြင်း၊

(ခ) မိမိဆန္ဒအရ နုတ်ထွက်ခြင်း၊

(ဂ) ကောင်စီသို့ခွင့်ပန်ခြင်းမရှိဘဲ ကောင်စီအစည်းအဝေးသို့တက်ရောက် ရန်တစ်ဆက်တည်း သုံးကြိမ် ပျက်ကွက်ခြင်း သို့မဟုတ် တစ်ဆက်တည်း မဟုတ်ဘဲ ငါးကြိမ်ပျက်ကွက်ခြင်း၊

(ဃ) ကောင်စီသို့ ခွင့်ပန်ခြင်းမရှိဘဲ ပြည်ပသို့ ခြောက်လနှင့်အထက် ထွက်ခွာ ခြင်း၊

(င) သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(စ) ဆေးကုသခွင့်လိုင်စင် ပယ်ဖျက်ခံရခြင်း သို့မဟုတ် ကာလအကန့်အသတ် ဖြင့် ရုပ်သိမ်းခံရခြင်း၊

(ဆ) ကောင်စီကသတ်မှတ်သော အကျင့်စာရိတ္တပျက်ပြားမှုဆိုင်ရာ ပြစ်မှု တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ထောင်ဒဏ် ချမှတ်ခံရခြင်း၊

(ဇ) ကိုယ်ကျင့်တရားပျက်ပြားသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း၊

(ဈ) ကောင်စီကပေးအပ်သော တာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက် ခြင်း။

၁၀။ (က) လစ်လပ်သည့် နေရာသည် နာယကအဖွဲ့က တိုက်ရိုက်ရွေးချယ်ပေးသည့် နေရာဖြစ်လျှင် နာယကအဖွဲ့က အစားထိုးတာဝန်ပေးရမည်။

(ခ) လစ်လပ်သည့်နေရာသည် ရွေးချယ်တင်မြှောက်ခံရသော ကောင်စီဝင် တစ်ဦးဦးဖြစ်ပါက ယင်းတို့ကို ရွေးချယ်ခဲ့သည့် နည်းလမ်းအတိုင်း အစားထိုးရွေးချယ် တင်မြှောက်ရမည်။

(ဂ) ပုဒ်မခွဲ (က)သို့မဟုတ်(ခ)အရ အစားထိုးတာဝန် ပေးအပ်ခြင်း သို့မဟုတ် အစားထိုး ရွေးချယ်တင်မြှောက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်း သည် ကောင်စီ၏ ကျန်ရှိသည့် သက်တမ်းကုန်ဆုံးသည်အထိ ဖြစ်သည်။

၁၁။ ကောင်စီဝင်အဖြစ်မှ နုတ်ထွက်လိုသော ကောင်စီဝင်တစ်ဦးဦးသည် မိမိ၏ နုတ်ထွက်စာကို ကောင်စီသို့ တင်ပြရမည်။

## အခန်း(၆)

## အစည်းအဝေးကျင်းပခြင်း

၁၂။ ကောင်စီ၏ ပုံမှန်အစည်းအဝေးကို လေးလလျှင် တစ်ကြိမ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ခေါ်ယူကျင်းပနိုင်သည်။

၁၃။ (က) အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးကို နှစ်လလျှင် တစ်ကြိမ်ကျင်းပ ရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပနိုင်သည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ကောင်စီ၏ အနီးကပ် ဆုံး ပုံမှန်အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၁၄။ ကောင်စီအစည်းအဝေး သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးများ ကျင်းပရာတွင် တက်ရောက်ခွင့်ရှိသူဦးရေ၏ ထက်ဝက်ကျော် တက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်။

၁၅။ ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့သည် မိမိတို့၏ ဆောင်ရွက်ချက်များကို သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များနှင့်နီးနွယ်အဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံ သွားနှင့် ခံတွင်း ဆရာဝန်အသင်း၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေး ကောင်စီ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်းသို့ အခါအားလျော်စွာ အသိပေးအကြောင်းကြားနိုင်သည်။

## အခန်း(၇)

## ရုံးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် တာဝန်ပေးခြင်း

၁၆။ ကောင်စီသည် ကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့၏ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်-

(က) ရုံးအဖွဲ့မှူးတစ်ဦး၊ ဒုတိယရုံးအဖွဲ့မှူးတစ်ဦးနှင့် မှတ်ပုံတင် အရာရှိတစ်ဦး တို့ကို ခန့်ထားပြီး တာဝန်များသတ်မှတ်ပေးရမည်။

(ခ) လိုအပ်သောဝန်ထမ်းများကို ခန့်ထားပြီး တာဝန်များ သတ်မှတ်ပေးရမည်။

## အခန်း(၈)

## ဘဏ္ဍာရေး

၁၇။ ကောင်စီသည် ကောင်စီ၊ အလုပ်အမှုဆောင်အဖွဲ့နှင့် ရုံးအဖွဲ့တို့၏ ကုန်ကျစရိတ်များ ကို ကျခံရမည်။

၁၈။ ကောင်စီသည် မိမိ၏ရန်ပုံငွေမှ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ကောင်စီဝင်များအတွက် စရိတ်နှင့် ချီးမြှင့်ငွေများ သတ်မှတ်ခွင့်ပြုနိုင်သည်။

၁၉။ ကောင်စီသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အောက်ပါရငွေများဖြင့် ရန်ပုံငွေ တစ်ရပ်ထူထောင်ရမည်-

(က) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေး၊ လိုင်စင်သက်တမ်း တိုးမြှင့်ကြေး၊ ရက်လွန် ကြေး၊ စာမေးပွဲကြေးနှင့် အခြားသော အထွေထွေဝန်ဆောင်စရိတ်များမှ ကောက်ခံရရှိငွေများ၊

(ခ) ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းငွေနှင့် ထောက်ပံ့ငွေများ၊

(ဂ) ရန်ပုံငွေမှ တရားဝင် တိုးပွားငွေများ။

၂၀။ ကောင်စီသည် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ အလှူငွေ၊ ပစ္စည်းနှင့် အခြားအကူအညီများကို လက်ခံနိုင်သည့်အပြင် တည်ဆဲဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၂၁။ ကောင်စီသည် မိမိရန်ပုံငွေဖြင့် သီးခြားရပ်တည်နိုင်ရန် ဆောင်ရွက်ရမည်။ မိမိ ရန်ပုံငွေဖြင့် ရပ်တည်ရာတွင် လုံလောက်မှုမရှိပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲနိုင်ရန် တင်ပြတောင်းခံနိုင်သည်။

၂၂။ ကောင်စီသည် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း(၉)

## သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ်

၂၃။ မှတ်ပုံတင်လက်မှတ် ရရှိလိုသော အောက်ပါဘွဲ့တစ်ခုခု သို့မဟုတ် ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ)အရ ကောင်စီက အသိအမှတ်ပြုသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့ ရရှိသည့် နိုင်ငံသားတစ်ဦးသည် သတ်မှတ်ထားသည့် အလုပ်သင်ကာလပြီးဆုံးပါက သတ်မှတ်ချက်များနှင့် အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီသည် ဤလျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်း ပေးရမည် -

(က) ပြည်တွင်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့၊

(ခ) ပြည်ပ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် သို့မဟုတ် သွားဘက်ဆိုင်ရာ ဆေးကောလိပ်တစ်ခုခုက ဖြစ်စေ၊ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာ အတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းပြီး ကောင်စီကလည်း စိစစ်အသိအမှတ်ပြုထားသည့် သွားနှင့် ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့။

၂၄။ အလုပ်အမှုဆောင်အဖွဲ့သည် -

(က) ပုဒ်မ ၂၃ အရ လျှောက်ထားသည့်လျှောက်လွှာကို သတ်မှတ်ချက်များ နှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ကြေးနှင့် အခြားသတ်မှတ်ထားသည့်ကြေးများ ပေးသွင်းစေ၍ မှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းခံရသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်၏ အမည်နှင့် သက်ဆိုင်ရာအချက်အလက်များကို သွားနှင့်ခံတွင်းဆိုင်ရာ မှတ်ပုံတင်စာရင်းတွင် ရေးသွင်းရမည်။

၂၅။ ကောင်စီသည် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင် လက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းပြု ရမည် -

(က) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာနှင့် သက်ဆိုင် သည့်အပြင် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အဖြစ်လည်း ဆက်လက် ထမ်းဆောင်ရန်မသင့်ဟု ကောင်စီက သတ်မှတ်ထားသည့် ပြစ်မှုတစ်ရပ် ရပ်ဖြင့် တရားရုံး၏ပြစ်မှုထင်ရှား စီရင်ခြင်းကို ခံရခြင်း၊

(ခ) သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ကျင့်ဝတ်သိက္ခာ ပျက်ယွင်း၍ သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန် မသင့်လျော်ခြင်း၊

(ဂ) သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကုသမှုဆိုင်ရာ တာဝန်ကို ထမ်းဆောင်ရာတွင် အရမ်း သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်း။

## အခန်း(၁၀)

## သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့် ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာ ကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူများ အသိအမှတ်ပြုလက်မှတ်

၂၆။ အသိအမှတ်ပြုလက်မှတ် ရရှိလိုသော အောက်ပါ ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် လက်မှတ်တစ်ခုခုရရှိသည့် နိုင်ငံသားတစ်ဦးသည် သတ်မှတ်ထားသည့် သတ်မှတ် ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီသည် ဤလျှောက် ထားချက်ကိုရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန်လွှဲပြောင်းပေးရမည်-

(က) ပြည်တွင်း သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့် ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် သင်တန်းဆင်းလက်မှတ်၊

(ခ) ပြည်ပ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် သို့မဟုတ် သွားဘက်ဆိုင်ရာ ဆေးကောလိပ်တစ်ခုခုက ဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာ အတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုခုက ဖြစ်စေ အပ်နှင်းပြီး ကောင်စီကလည်းစိစစ် အသိအမှတ်ပြုထားသည့် ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် သင်တန်းဆင်းလက်မှတ်၊

(ဂ) ကောင်စီက ဖွင့်လှစ်သည့် အသိအမှတ်ပြုလက်မှတ်ဆိုင်ရာ သင်တန်း ဆင်းလက်မှတ်။

၂၇။ အလုပ်အမှုဆောင်အဖွဲ့သည် -

(က) ပုဒ်မ ၂၆ အရ လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များ နှင့်အညီစိစစ်ပြီး မှတ်ပုံတင်ကြေးနှင့် အခြားသတ်မှတ်ထားသည့် ကြေးများ ပေးသွင်းစေ၍ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းခံရသော သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး စောင့် ရှောက်သူ၊ သွားတုပညာ ကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက် အကူပြုသူများ၏ အမည်နှင့်သက်ဆိုင်သော အချက်အလက်များကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရမည်။

၂၈။ ကောင်စီသည် သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက်အကူ ပြုသူ တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါ အချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက အသိအမှတ်ပြုလက်မှတ်ကို ပယ်ဖျက်ရမည်-

(က) သက်ဆိုင်ရာ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်သည့်အပြင် သွားဘက် ဆိုင်ရာ သူနာပြု၊ သွားနှင့် ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူ အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန် မသင့်ဟု ကောင်စီက သတ်မှတ်ထားသော ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခံရခြင်း၊

(ခ) သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့် ရှောက်သူ၊ သွားတုပညာ ကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက် အကူပြုသူတစ်ဦး၏ ကျင့်ဝတ်သိက္ခာပျက်ယွင်း၍ လုပ်ငန်းများဆက် လက် ထမ်းဆောင်ရန် မသင့်လျော်ခြင်း၊

(ဂ) သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့် ရှောက်သူ၊ သွားတုပညာ ကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက် အကူပြုသူတစ်ဦး၏ ကုသမှုဆိုင်ရာတာဝန်ကို ထမ်းဆောင်ရာတွင် အရမ်း သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်း။

## အခန်း(၁၁)

## သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသခွင့်လိုင်စင်

၂၉။ (က) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးသည် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဖြင့် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက အထွေထွေဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီသည် လျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့စိစစ်ရန် လွှဲပြောင်းပေးရမည်။

(ခ) အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် လျှောက်လွှာကိုစိစစ်ပြီး လိုင်စင်ကြေးနှင့်အခြားသတ်မှတ်ထားသော ကြေးများပေးသွင်းစေ၍ လိုအပ်ပါက အရည်အချင်းစစ်ဆေးခြင်း ပြုလုပ်ပြီး အရည်အချင်းပြည့်မီပါက အထွေထွေဆေးကုသခွင့်လိုင်စင် ထုတ်ပေးရမည်။ အရည်အချင်း ပြည့်မီခြင်းမရှိလျှင် ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။


*(ဆက်လက်ဖော်ပြပါမည်)*

## ဗီလိန်ကာရိုက်တာကို ရိုက်ဖူးချင်၍ ရိုက်ခဲ့ကြောင်း အေးမြတ်သူပြောကြား

MRTV-4 ရုပ်သံလိုင်းက ထုတ်လွှင့်ပြသနေသည့် မိုးကောင်းကင်အိပ်မက်များ ဇာတ်လမ်းတွဲထဲတွင် နေခြည်ဝင့်ထည်ဟု အမည်ရသည့် ခပ်ဆိုးဆိုးအမျိုးသမီးလေးအဖြစ် ဗီလိန်ကာရိုက်တာကို ပီပြင်စွာသရုပ်ဆောင်ထားသူ အေးမြတ်သူက ဗီလိန်ကာရိုက်တာကို ရိုက်ဖူးချင်၍ ပထမဆုံးရိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

"တော်တော်များများက သဘောကျကြတယ်။ တချို့ကလည်း မကြိုက်ကြဘူး။ တချို့ကလည်း ဒီကာရိုက်တာကို မလုပ်စေချင်ကြဘူး။ တချို့ကလည်း ကိုယ့်ကို တအားမုန်းသွားကြတယ်။ အေးမြတ်သူကတော့ ပရိသတ်မုန်းရင် ပျော်ပါတယ်။ အဲဒီထဲမှာ အေးမြတ်သူက မုန်းအောင်သရုပ်ဆောင်ရတဲ့ သရုပ်ဆောင်ဖြစ်နေတာကိုး။ နေခြည်ဝင့်ထည်ကာရိုက်တာကို ဘာကြောင့်လက်ခံပြီး ရိုက်လဲဆိုတော့ ကာရိုက်တာကိုမကြည့်ဘဲ ပရိသတ်မျက်နှာကိုပဲ ကြည့်လိုက်တာပါ။ ဗီဒီယိုဇာတ်ကားတွေရှားပါးနေချိန်မှာ ဒီဇာတ်လမ်းတွဲက တစ်ပတ်မှာ တနင်္လာနေ့ကနေ သောကြာနေ့အထိ ကိုယ်ချစ်တဲ့သူတွေနဲ့ အမြဲထိတွေ့ခွင့်ရမယ်။ အဲဒီတော့ ကာရိုက်တာကြမ်းတာ မကြမ်းတာ ဂရုမစိုက်အားဘူး။ ကိုယ်ချစ်တဲ့သူတွေနဲ့ နေ့တိုင်းနီးပါး အနီးကပ်နေခွင့်ရမယ်ဆိုတဲ့ စိတ်တစ်ခုနဲ့ ဒီဇာတ်ကားထဲက နေခြည်ဝင့်ထည်ကာရိုက်တာကို မျက်စိစုံမှိတ်ပြီး လက်ခံခဲ့ပါတယ်။ ပြီးတော့ တစ်ဆုံးလည်း ကောက်ကောက်ကျစ်ကျစ် ယုတ်ယုတ်မာမာအက်တင်တွေနဲ့ အမုန်းခံရအောင်လုပ်လိုက်တယ်။ ဘာပဲပြောပြော နေခြည်ဝင့်ထည်ကိုအားပေးတဲ့အတွက် ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်"ဟု အေးမြတ်သူက ပြောသည် ။

အေးမြတ်သူအနေဖြင့် လတ်တလောတွင် မင်းဦးက ဒါရိုက်တာအဖြစ် ရိုက်ကူးထားသည့် ချူဆီရုပ်ရှင်ဇာတ်ကားကြီးတွင်လည်း ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါဇာတ်ကားမှ ကာရိုက်တာနှင့်ပတ်သက်၍ ပရိသတ်များ၏ ဝေဖန်အကြံပေးမှုကို မျှော်လင့်နေကြောင်းလည်း ဆက်ပြောသည်။ **ကိုလင်း**



## အစိုးမရသောအနတ္တ ရုပ်ရှင်ဇာတ်ကားသစ်ကို သရုပ်ဆောင်သစ်များ ရွေးချယ်ရိုက်ကူးသွားမည်

မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်မှုရရှိခဲ့သည့် ဥပါဒါန် ရုပ်ရှင်ဇာတ်ကားကြီးကို ဖန်တီးခဲ့သည့် ဒါရိုက်တာတစ်ဦးဖြစ်သူ ဗန်းကြီးအနေဖြင့် သရုပ်ဆောင်သစ်များထပ်မံရွေးချယ်ပြီး အစိုးမရသောအနတ္တဟု အမည်ပေးထားသည့် ရုပ်ရှင်ဇာတ်ကားသစ်ကို မကြာမီရိုက်ကူးရန်စီစဉ်နေကြောင်း သိရသည် ။

"ကျွန်တော့်အနေနဲ့ ဥပါဒါန်ဇာတ်ကားမှာ ဘုန်းကြီးတွေနဲ့ပတ်သက်ပြီး အလှူအတန်းလုပ်တဲ့ ဒကာမတွေ သဒ္ဓါလွန်တဲ့အခါ နောက်ဆက်တွဲခံစားရတဲ့ အကျိုးအကြောင်းတွေကို တင်ပြခဲ့တယ်၊ အခုနောက်ထပ်ရိုက်မယ့် ဇာတ်လမ်းကတော့ ဘုန်းကြီးတချို့မှာ မရည်ရွယ်ဘဲလွဲနေတဲ့ အလွဲလေးတွေရှိနေတယ်၊ အဲဒီအကြောင်းလေးတွေကို အခြေခံပြီး ရိုက်ဖို့ရှိပါတယ်၊ ဆရာတော်တွေ နေထိုင်၊ ပြောဆို၊ သွားလာ၊ စားသောက်ပုံစံလေးတွေကို အဓိကထားရိုက်ပြမှာပါ၊ နောက်တစ်ခုက လူသားတွေဆိုတာ တစ်နေ့တစ်နေ့ ဝမ်းရေးအတွက် ရှာဖွေစားသောက်နေတဲ့အခါ ကုသိုလ်နဲ့ အကုသိုလ်ဆိုတာ မသိတော့ဘူးလေ၊ မသိဘဲနဲ့ မေ့လျော့နေတဲ့သူတွေကို အနတ္တတရားကို ပရိသတ်တွေသိအောင် ပြသွားမှာပါ"ဟု ဒါရိုက်တာ ဗန်းကြီးက ပြောသည်။

"အတ္တဆိုတဲ့အကြောင်းအရာကို လူတွေသေတဲ့အခါ ဘယ်လိုစိတ်မျိုး ခံစားဖြစ်ပေါ်တယ်ဆိုတာပေါ့နော်၊ နောက် ပရိသတ်တွေနားလည်ပေးရမှာက ဒီထဲမှာပါတဲ့ ဇာတ်ကောင်ကိုပဲ၊ တံငါသည်ဆိုတာမျိုးကို မမြင်စေချင်ဘူး၊ သူ့စိတ်ကိုမြင်စေချင်တဲ့ ပုံစံပါ၊ လူတွေကို ကွယ်လွန်တော့မယ့်ဆဲဆဲမှာ တရားသွားပြရင် နောက်ကျသွားမှာစိုးလို့ တရားရအောင် မကွယ်လွန်ခင် အသက်ရှိစဉ်ချပြတာပါပဲ"ဟု ဇာတ်လမ်းနှင့်ပတ်သက်၍ ၎င်းက ဆက်ပြောသည်။

ထိုဇာတ်ကားသည် နာဂစ်မုန်တိုင်းတိုက်ခတ်မှုဖြစ်စဉ်များကိုပါ ထည့်သွင်းရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ဝင်ခန်းများကို လပွတ္တာမြို့တွင် သွားရောက်ရိုက်ကူးမည်ဟု သိရသည်။ "ဒီလို ဘာသာရေးကားတွေရိုက်ရတာ မလွယ်ပါဘူး၊ ကျွန်တော် ဒီကားကို ရိုက်ဖို့အတွက် ဇာတ်ညွှန်းရေးနေတာ တစ်နှစ်ကျော်လောက်ရှိပါပြီ၊ စက်တင်ဘာ ၇ ရက်လောက်မှာမှ ဆရာတော်တွေကိုတိုင်ပင်ပြီး အစကနေပြန်ရေး ပြန်ပြင်နေပါတယ်၊ လိုအပ်တာတွေဖြည့်ရတာပေါ့"ဟုလည်း ဇာတ်လမ်းအတွက် ပြင်ဆင်ထားမှုများနှင့် ပတ်သက်၍ ၎င်းက ဆိုသည်။ **ကိုလင်း**

## ရဝမ်တိုင်းရင်းသူ ဆာယာဆောင်းဦးက အနုပညာအလုပ်များ ဆက်လုပ်သွားမည်

အနုပညာအလုပ်များလုပ်ကိုင်ရန်အတွက် ကချင်ပြည်နယ် ပူတာအိုမြို့မှ ရန်ကုန်မြို့အထိ အခက်အခဲများကိုရင်ဆိုင်ကျော်ဖြတ်ရင်း ရောက်ရှိလာခဲ့သည့် ရဝမ်နှင့် လီဆူ တိုင်းရင်းသူလေး ဆာယာဆောင်းဦးက စကားဝါ အခမဲ့သရုပ်ဆောင်သင်တန်းကို



တက်ရောက်ခဲ့ပြီးနောက် အနုပညာအလုပ်များ ဆက်လုပ်သွားမည်ဟု သိရသည်။

"ဆရာဦးအုန်းခိုင်ဆီမှာ တက်ခဲ့တာပါ၊ ဆရာ့ဆီက ပညာတွေအများကြီးရခဲ့ပါတယ်၊ အနုပညာလောကကြီးထဲမှာ နေထိုင်နည်းတွေ၊ သရုပ်ဆောင်ပိုင်းတွေ သေချာသင်ကြားပေးပါတယ်၊ သင်တန်းတက်တာ ကာလကြာရှည်ခဲ့ပေမယ့် ဒီလောကထဲမှာ ဝင်ဆံ့ဖို့ဆိုတာ မလွယ်ကူဘူး၊ အဆက်အသွယ်ကလည်း မရှိဘူးလေ၊ ရန်ကုန်နဲ့ ပူတာအိုကို သွားလိုက်လာလိုက်၊ သင်တန်းလေးတွေတက်လိုက်နဲ့ လုပ်နေရင်းကနေ ၂၀၁၇ ခုနှစ် ဒီဇင်ဘာမှ Miss New Year 2018 Winner အဖြစ် ရွေးချယ်ခံခဲ့ရပါတယ်၊ အဲနောက်ပိုင်း ရှိုးပွဲတွေ ဆက်တိုက်လျှောက်ဖြစ်ခဲ့တယ်၊ ကြော်ငြာမှာ မင်းသား ဇာဏ်ခီနဲ့ အူရီဒူးဆင်းကတ်ကြော်ငြာလေး စရိုက်ဖြစ်ခဲ့တယ်၊ ၂၀၁၈ ခုနှစ် ၅ လပိုင်းမှာ ဟီးရိုးရုပ်ရှင်ဇာတ်ကားမှာ ပထမဆုံး သရုပ်ဆောင်ရပါတယ်၊ အဲဒီကားကို ပြင်ဦးလွင်မှာ ရိုက်နေတုန်း ဆရာဒါရိုက်တာစတီး( ဒွေးမေတ္တာ )က နိုင်ငံကြီးသားရုပ်ရှင်ဇာတ်ကားမှာပါဝင်ဖို့ ပြောလာတယ်၊ ဒီကားကတော့ ညီမရဲ့ ဒုတိယမြောက် သရုပ်ဆောင်ခွင့်ရတဲ့ကားပါ"ဟု ဆာယာဆောင်းဦးက ပြောသည်။

တိုင်းရင်းသူဖြစ်၍ စကားမပီသည့်အခက်အခဲအပါအဝင် အခက်အခဲများရှိသော်လည်း အလှမယ်တစ်ယောက်အဖြစ်မှ သရုပ်ဆောင်ဖြစ်လာခဲ့သူတစ်ယောက်အနေဖြင့် အနုပညာလှုပ်ရှားမှုများ ဆက်လုပ်သွားမည်ဖြစ်ကာ မွေးရပ်မြေတွင်လိုအပ်နေသည့်အရာများအတွက် ဖြည့်ဆည်းပေးနိုင်သူတစ်ဦးဖြစ်ရန်လည်း ပြင်ဆင်နေကြောင်း၊ ပညာရေးအားနည်းနေသော ပူတာအိုမြို့လေး၏ ပညာရေးကဏ္ဍအတွက် ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ချက်များလည်းရှိကြောင်း ဆာယာဆောင်းဦးက ဆိုသည်။

**ကိုလင်း**

## နေပြည်တော်တွင် ပထမဆုံး Wedding Fair 2018 ပြပွဲ ကျင်းပပြုလုပ်မည်

Horizon Lake View Resort က ဦးစီး၍ မင်္ဂလာမောင်နှံများအတွက် "The First Ever Wedding Fair 2018" ပြပွဲကြီးကို စက်တင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသွားမည်ဟု သိရသည်။

"ကျွန်မတို့ပြပွဲကို နေပြည်တော်မှာ ပထမဆုံးကျင်းပမှာပါ၊ ကျင်းပရတဲ့ရည်ရွယ်ချက်ကတော့ Horizon မှာ မင်္ဂလာဆောင်မယ်ဆိုရင် ဈေးလည်း အသင့်အတင့်ဖြစ်တဲ့အပြင် ဝန်ဆောင်မှုလည်း အကောင်းဆုံးပေးဖို့အတွက် နှစ်ရက်တိတိ စည်စည်ကားကားနဲ့ ကျင်းပပေးသွားမှာပါ။ နောက် လယ်ဝေးဘက်က မင်္ဂလာမောင်မယ်တွေက အခုဆိုရင် Pre Wedding Photo တွေ ရိုက်ခွင့်ရမယ်။ ဒါကြောင့် One Stop Service တွေနဲ့ ချိတ်မိတဲ့အတွက် အသက်သာဆုံးဖြစ်အောင် ပွဲကျင်းပတဲ့နှစ်ရက်မှာ မင်္ဂလာပွဲအတွက် လာပြီးအပ်မယ်ဆိုရင် ကျွန်မတို့ Horizon က ၂၀ ရာခိုင်နှုန်း ဈေးလျှော့ပေးသွားမှာပါ"ဟု Horizon Lake View Resort မှ မသဉ္ဇာမောင်က ပြောသည်။

အဆိုပါပြပွဲတွင် ဒီဇိုင်နာများဖြစ်သော အောင်မြတ်သူ(Aroma)၊ မျိုးမင်းစိုး၊ စိုင်းလတ်၊ ရတုတို့က နာမည်ကြီးအနုပညာရှင်များဖြင့် Round လေးခုခွဲ၍ ပြသမည်ဖြစ်ပြီး မိတ်ကပ်ပညာရှင်များဖြစ်သော မောင်ဦးမောင်နှင့်အဖွဲ့ကလည်း မိတ်ကပ်လိမ်းခြယ်ခြင်း သရုပ်ပြအစီအစဉ်များ ပြုလုပ်ပေးမည်ဖြစ်သည်။

**ကိုလင်း**

## အောက်တိုဘာ ၆ ရက်နေ့ သုဝဏ္ဏအားကစားရုံ(၁)၌ ပြုလုပ်မည့် "လိမ္မော်ရောင် ကောလိပ်ဂီတည" ရန်ပုံငွေပွဲ

နှစ်ပေါင်း ၂၀ ကျော် ရှိပြီဖြစ်သည့် ရန်ကုန်တက္ကသိုလ်ကျောင်းသားဟောင်းများ ဦးစီးပြီး ကျင်းပမည့် "လိမ္မော်ရောင် ကောလိပ်ဂီတည"ရန်ပုံငွေဖျော်ဖြေပွဲကို အောက်တိုဘာ ၆ ရက် ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံ(၁)၌ ကျင်းပသွားမည်ဟု သိရသည်။

"ကျွန်တော်တို့ ဒီပွဲကျင်းပတာ အခုဆိုရင် ဒုတိယအကြိမ်မြောက် ရှိပါပြီ။ ကျွန်တော်တို့ ၂၀၁၇ ခုနှစ်က ပထမဆုံးအကြိမ် ပြုလုပ်ခဲ့တုန်းကလည်း အားလုံးပျော်ရွှင်ခဲ့ရတဲ့ ပွဲလေးတစ်ပွဲဖြစ်ခဲ့ပါတယ်။ အဓိက ပွဲရဲ့ရည်ရွယ်ချက်ကတော့ သက်ကြီးဆရာ ဆရာမတွေရဲ့ ကျန်းမာရေးတွေကို စောင့်ရှောက်ပေးတဲ့ ပွဲပါ။ ကျွန်တော့်အနေနဲ့ဆိုလည်း အနုပညာရှင်တစ်ယောက်လည်းဖြစ်တယ်၊ ပြီးတော့ ကျောင်းသားဟောင်းတစ်ယောက်လည်းဖြစ်ခဲ့တာမို့ ကိုယ်တတ်စွမ်းတဲ့ အနုပညာလေးနဲ့ ပြန်ဂါရဝပြုရလို့ အတိုင်းမသိဝမ်းသာရပါတယ်။ ပါဝင်ကြတဲ့ အနုပညာရှင်တွေအနေနဲ့လည်း ငွေကြေးအတွက်မဟုတ်ဘဲ သဒ္ဓါစိတ်နဲ့ ပါဝင်ကြတာမို့ အားလုံး ဂီတပိုင်းကိုလည်း ပရိသတ်တွေ မပျင်းအောင် ဖန်တီးသွားမှာပါ" ဟု အဆိုတော် ကိုင်ဇာက ပြောသည်။

အဆိုပါဖျော်ဖြေပွဲတွင် အဆိုတော်ကြီး ဘိုဘိုဟန်၊ စိန်ဝင်းထွန်း၊ ကိုင်ဇာ၊ ဂျေမောင်မောင်၊ အောင်နိုင်၊ အက်စ်ကဲနက်၊ မွန်းအောင်၊ ဇော်ဝင်းထွဋ်၊ တူးတူး၊ ချစ်ကောင်း၊ ဗစ်တာခင်ညို၊ စံလင်း၊ စည်သူလွင်၊ ဇော်ပိုင်၊ စောဖိုးခွား၊ မေဆွိ၊ ကော်နီ၊ သျှီ၊ ရတနာဦး၊ ချောစုခင်တို့ ပါဝင်သီဆိုဖျော်ဖြေသွားမည်ဖြစ်ပြီး လက်မှတ်များကို ငွေကျပ် ၁၀၀၀၀၊ ၂၀၀၀၀၊ ၃၀၀၀၀၊ ၅၀၀၀၀ ဖြင့် ယခု ၁၈ ရက်နေ့မှစတင်ပြီး မန်းသီရိ တေးသံသွင်းနှင့် ပါရမီလမ်းမပေါ်ရှိ ကောင်းသန့်စားတော်ဆက်တို့တွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **ကိုလင်း**

## စုန်းမတစ်ယောက်ကာရိုက်တာထက် မိခင်မေတ္တာတရားပြသည့် ဇာတ်ရုပ်တစ်ခုအနေနှင့်သာ မြင်စေချင်သူ စိုးမြတ်သူဇာ



၁၉၉၁ ခုနှစ်က မြသန္တာ(အမျိုးသားစာပေဆု)ရေးသားသည့် ဝတ္ထုကို ဒါရိုက်တာ အောင်စိုးဦး ရိုက်ကူးသည့် "နော်ရင်မွှေး"ဇာတ်ကားဖြင့် ၁၉၉၄ ခုနှစ်က အကောင်းဆုံးအမျိုးသမီး ဇာတ်ဆောင်ဆုကို ပထမဆုံး ဆွတ်ခူးခဲ့ပြီး ထပ်ဆင့်အကယ်ဒမီဆုရှင်အဖြစ် ၁၉၉၈ ခုနှစ်၌ "ရွှေနှံ့သာစံအိမ်"နှင့်အတူ ယနေ့တိုင် အောင်မြင်နေဆဲ ပြည်သူ့အချစ်တော် ထပ်ဆင့်အကယ်ဒမီ စိုးမြတ်သူဇာက "ဇာတ်ကားတော်တော်များများတော့ မကြီးက လက်ခံရိုက်ဖြစ်တာပါ။ အဲ့လိုပဲ "ဆတ်သေချောင်း"ကားကြီးကိုလည်း မကြီးကို လာပြောလို့ ရိုက်ဖြစ်ခဲ့တာပါ။ အဲဒီဇာတ်ကားမှာ မကြီးက ကလေးသုံးယောက်အမေ ကာရိုက်တာနဲ့ တွေ့ရမယ်။ အများကထင်နေတဲ့ "စုန်းမ"ကြီးတစ်ယောက်တော့ မဟုတ်ပါဘူး။ ကလေးတွေ ကိုယ့်ရှေ့မှာ ဆုံးပါးသွားတော့ သွေးပျက်ပြီး ရူးသွားတာပေါ့နော်။ အဲ့ဒီနေရာကနေ ပါဝင်မှာပါ။ ရူးသွားတဲ့အခါဆိုတော့ ပါးစပ်ကနေ ကျိန်စာတွေတိုက် အဝတ်အစားတွေကအစ ပြောင်းလဲသွားတော့ ကိုယ့်ကို စုန်းမကြီးလို့ ထင်ကြတာပေါ့"ဟု ဆိုသည်။

အကယ်ဒမီစိုးမြတ်သူဇာသည် အနုပညာသက်တမ်းရင့်ကျက်လာသော်လည်း ကာရိုက်တာပိုင်းအနေဖြင့် အပြည့်အစုံလုပ်ဆောင်စရာများ ကျန်ရှိနေကြောင်း သိရသည်။

"မကြီးအနေနဲ့ သွက်သွက်ခါအောင်ရူးတဲ့သူတစ်ယောက်နေရာကနေ တစ်ခါမှတော့ သရုပ်မဆောင်ခဲ့ဖူးပါဘူး။ ပြီးတော့ တရားသူကြီး၊ အနုရောဂါသည်၊ တောင်းစားတဲ့သူ အဲ့တာမျိုးတွေတစ်ခါမှ မကြီး မလုပ်ဖူးသေးဘူး။ အဲဒီတော့ လုပ်ကြည့်ချင်ပါတယ်။ အဲ့လိုမျိုးတွေ လုပ်ပြချင်တယ်၊ ငယ်ငယ်တုန်းကလည်း ကိုယ့်ကို လာငှားရင် အဲဒီလိုမျိုး တစ်ခါမှမငှားကြဘူး။ အခုဆိုလည်း ဇာတ်လမ်းကောင်းတွေက ရှားသွားကြပြီဆိုတော့ အဆင်မပြေတော့ဘူး။ ဒါပေမယ့် အသက်ကြီးလာရင် ကိုယ်မှန်းမသိတဲ့ ကာရိုက်တာမျိုးတွေ လုပ်ချင်တာတော့အမှန်ပဲ" ဟု ထပ်မံဖြည့်စွက်ပြောကြားခဲ့သည်။

**ကိုလင်း** ■

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# ၂၀၁၈ ခုနှစ် Emmy ထူးချွန်ဆုပေးပွဲ ကျင်းပ

၂၀၁၈ ခုနှစ်အတွက် Emmy ရုပ်သံထူးချွန်ဆုပေးပွဲကို လော့အိန်ဂျလိစ်မြို့မှာပဲ ကျင်းပပြီးစီးခဲ့ပါပြီ။ ဆုပေးပွဲမှာ နာမည်ကျော်အနုပညာရှင်တွေ တက်ရောက်ခဲ့ကြပြီး ဖြိုတိန်သရုပ်ဆောင်တွေဟာလည်း ဆုတွေတပွေ့တပိုက်ကြီးနဲ့ အိမ်ပြန်သွားနိုင်ခဲ့ပါပြီ။ အမြဲလိုလို ပြိုင်ဘက်တွေဖြစ်နေကြတဲ့ HBO နဲ့ Netflix တို့ရဲ့ ယှဉ်ပြိုင်မှုဟာလည်း အဆုံးသတ်သွားပါပြီ။ HBO ဟာ လွန်ခဲ့တဲ့ ၁၆ နှစ်ခန့်က Emmy ထူးချွန်ဆုပေးပွဲမှာ ဗိုလ်စွဲခဲ့ပြီး အဲဒီနောက်မှာတော့ Netflix ကသာ HBO ကို တဖြည်းဖြည်းကျော်တက်သွားခဲ့ပါတယ်။ ဒါပေမယ့် ယခုနှစ် Emmy ထူးချွန်ဆုပေးပွဲမှာတော့ HBO ရော Netflix ပါ ဆု ၂၃ ဆုစီနဲ့ ယှဉ်ပြိုင်မှုအဆုံးသတ်ခဲ့ရပါတယ်။ HBO ကုမ္ပဏီရဲ့ Game of Thrones ရုပ်သံစီးရီးဟာ အကောင်းဆုံးဒရာမာဆုကို ရရှိခဲ့ပါတယ်။

Game of Thrones ရုပ်သံစီးရီးအတွက် ထူးချွန်ဆုကိုတော့ ဒီဘီဝစ်က လက်ခံခဲ့ပါတယ်။ ဒါတင်မကသေးပါဘူး Game of Thrones ဇာတ်လမ်းတွဲဟာ ဆုသုံးဆုလက်ခံ ရရှိခဲ့ပါတယ်။ အထူးချွန်ဆုံးဟာသဇာတ်လမ်းတွဲကိုတော့ The Marvelous Mrs.Maisel ဆိုတဲ့ ဇာတ်လမ်းတွဲနဲ့ ရရှိသွားပါတယ်။ ပြီးတော့ ဆုပေးပွဲခေတ္တရပ်နားစဉ် အတောအတွင်းမှာ အစီအစဉ်တင်ဆက်သူ ကော်လင်းဂျို့စ်ဟာ မကြာသေးခင်က အမေရိကန်ကို ဝင်မွှေသွားတဲ့ ဟာရီကိန်းဖလောရန့် ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက်လည်း ကူညီပေးကြပါလို့ ကြည့်ရှုသူတွေကို မေတ္တာရပ်ခံခဲ့ပါတယ်။ အခုဆိုရင် မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးသွားတာတွေအတွက် ပြန်လည်ထူထောင်ရေးတွေ လုပ်နေပါပြီ။ ဒါကြောင့် အမေရိကန်ကြက်ခြေနီနဲ့ အခြားသော ပရဟိတအဖွဲ့တွေကို လှူဒါန်းမှုတွေ ပြုလုပ်ကြဖို့လို့လည်း ကော်လင်းဂျို့စ်က တိုက်တွန်းခဲ့ပါတယ်။

**စီအင်န်အင်န်**



# အစ်ကိုဝမ်းကွဲနဲ့ တွဲနေတယ်ဆိုတဲ့ ကောလာဟလကြောင့် ပဲရစ်ဂျက်ဆင် ဒေါသထွက်

ပေါ့ဘုရင်မိုက်ကယ်ဂျက်ဆင်ရဲ့ သမီးဖြစ်သူ ပဲရစ်ဂျက်ဆင်ဟာ အစ်ကိုဝမ်းကွဲနဲ့စုံတွဲခုတ်နေကြတယ်ဆိုတဲ့ ကောလာဟလကို ငြင်းဆိုလိုက်ပါတယ်။ သူနဲ့တွဲနေတဲ့လူမည်း အမျိုးသားဟာ သူ့ရဲ့ချစ်သူအသစ်လို့ ပြောဆိုနေတဲ့အပေါ် ပဲရစ်ဂျက်ဆင်ကတော့ သူ့ရဲ့ အစ်ကိုဝမ်းကွဲသာဖြစ်တယ်၊ တွဲနေတာလည်းမဟုတ်ဘူးလို့ တုံ့ပြန်ခဲ့ပါတယ်။ ဒီလိုသတင်းအမှားတွေ ထွက်ပေါ်လာမှုအပေါ် ပဲရစ်က လူတွေဟာအချက်အလက်ကို တိတိကျကျ မစစ်ဆေးဘဲ ဝေဖန်ကြတယ်၊ တကယ်တော့ သူဟာ ကျွန်မအစ်ကိုပါလို့ အင်စတာဂရမ်မှာ ရေးသားခဲ့ပါတယ်။ အစောပိုင်းကာလတုန်းကလည်း ပဲရစ်ဟာ ချစ်သူဟောင်း ကာရာဒယ်လီဗင်းနဲ့ ပတ်သက်ပြီးလည်း ကောလာဟလသတင်းတွေ ထွက်ခဲ့သေးပါတယ်။

People မဂ္ဂဇင်းရဲ့ အချောအလှဆုံးစာရင်းထဲမှာ ပါဝင်ခဲ့တဲ့ ပဲရစ်ဟာ ၂၀၁၈ ခုနှစ်အတွင်းမှာ သူ့ရဲ့ ပွဲဦးထွက်ဇာတ်ကားဖြစ်တဲ့ Gringo ဆိုတဲ့ဇာတ်ကားကို ရိုက်ကူးခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်တုန်းကတော့ ပဲရစ်ဟာ မီဒီယာကုမ္ပဏီတစ်ခုဖြစ်တဲ့ IMG မော်ဒယ်နဲ့စာချုပ် ချုပ်ဆိုခဲ့ပါတယ်။ မော်ဒယ်တစ်ဦးလည်းဖြစ် သရုပ်ဆောင်အလုပ်လည်း လုပ်ကိုင်နိုင်တဲ့ ပဲရစ်ဟာ သူ့အဖေဆီက အကပညာကိုလည်း သင်ယူနိုင်ခဲ့သူ တစ်ဦးလည်း ဖြစ်ပါတယ်။

**ဟောလိဝုဒ်လိုက်ဖ်**



## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၃၉)

# ဗီယက်နမ် တရားစီရင်ရေး

**ဦးဟန်ညွန့် (ဥပဒေ)**



**တစ်ဖက်တစ်လမ်း**

ဗီယက်နမ်နိုင်ငံသို့ တာဝန်နှင့်ရောက်နေခိုက် ဥပဒေလေ့လာသူတစ်ဦးအနေဖြင့် တစ်ဖက်တစ်လမ်းမှ တရားဥပဒေရေးရာအကြောင်း လေ့လာ မှတ်စုပြုခဲ့ပါသည်။ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ အစိုးရစစ်ဆေးရေးဌာနမှ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများအကြောင်း မေးသမျှမေးခွန်းများကို ဖြေဆိုပေးကြပါသည်။

**သတင်းစာ**

မြန်မာအဖွဲ့အား နံနက်မိုးလင်းလျှင် သတင်းစာဖတ်ခွင့်ရအောင် စီမံပေးကြသည်။ သတင်းသမားဖြစ်သူ ကျွန်တော့်အတွက် Việt Nam News သတင်းစာကို ဖတ်ခွင့်ရ၍ အလွန်ကြည်နူး ဝမ်းသာမိသည်။ အင်္ဂလိပ်ဘာသာဖြင့် (The National English Language Daily) နေ့စဉ်သတင်းစာဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ သတင်းမျိုးစုံကို ဖတ်ခွင့်၊ သိခွင့်ရပေသည်။

**ဥပဒေလေ့လာသူ**


ဗီယက်နမ်စစ်ဆေးရေးရုံးမှ ဒုညွှန်ချုပ် မစ္စတာဒူး ( Mr. Do Trung Kien) သည် ဥပဒေမဟာဘွဲ့ရသူဖြစ်သည်။ စစ်ဆေးရေးအရာရှိ မစ္စစ်ဟွန်း ( Ms. Hoang Thanh Thug) ကလည်း ဥပဒေစိတ်ဝင်စားသူဖြစ်သည်။ သူ့ခင်ပွန်းက ရှေ့နေ၊ သူ့သားက ဥပဒေသင်တန်း တက်နေသူ။ ကျွန်တော်က မြန်မာရှေ့နေတစ်ဦး ဖြစ်ကြောင်းသိသွား၍ ဗီယက်နမ်တရားစီရင်ရေးအကြောင်း၊ တရားသူကြီးများ၊ ရှေ့နေများအကြောင်း ရှာရှာဖွေဖွေ၊ ထွေရာလေးပါး စကားများ သူတို့နှင့် ပြောဖြစ်ကြပါသည်။

**တရားစီရင်ရေးစနစ်**

ဗီယက်နမ် တရားစီရင်ရေးစနစ်အကြောင်း အကျဉ်းမျှလေ့လာခွင့်ရသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့တရားရုံးများ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (၂၀၁၄)၊ ပြည်သူ့ဥပဒေအကျိုးဆောင်ရုံးများ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (၂၀၁၄) တို့အရ ဗီယက်နမ် တရားစီရင်ရေးစနစ်ကို တီထွင်ပြဋ္ဌာန်းထားကြောင်း သိရသည်။

**တစ်ပါတီစနစ်**

ဗီယက်နမ်သည် တစ်ပါတီစနစ်ကျင့်သုံးသော ဆိုရှယ်လစ်သမ္မတနိုင်ငံ တစ်နိုင်ငံဖြစ်သည်။ ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ ဦးဆောင်မှုကို တရားစီရင်ရေးစနစ်က ခံယူသည်။ တရားသူကြီးများ၊ ဥပဒေအကျိုးဆောင်များအားလုံးသည် ပါတီဝင်များဖြစ်ကြသည်။ တရားစီရင်ရာတွင် အမျိုးသားလွှတ်တော်အား တာဝန်ခံရသည်။ ဗီယက်နမ်နိုင်ငံ၏ အမြင့်မားဆုံးအာဏာပိုင်အဖွဲ့အစည်းမှာ အမျိုးသားလွှတ်တော် ဖြစ်သည်။




**ရုံးများ**

တရားစီရင်ရေးစနစ်အရ ဗီယက်နမ် ပြည်သူ့တရားရုံးများ၊ စစ်ခုံရုံးများနှင့် ပြည်သူ့ဥပဒေ အကျိုးဆောင်ရုံးများကို ဖွင့်လှစ်ထားသည်။ အမြင့်ဆုံးတရားရုံးမှာ ပြည်သူ့တရားရုံးချုပ်ဖြစ်သည်။ ယင်းအောက်တွင် တရားရုံး သုံးမျိုးအဆင့်ဆင့်ဖွဲ့စည်းသည်။ ဗဟိုအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့် ပြည်သူ့တရားရုံးများဖြစ်သည်။

**ပြည်သူ့ဥပဒေအကျိုးဆောင်ရုံးများ**

ပြည်သူ့ဥပဒေအကျိုးဆောင်ရုံးများ ( Procuracies) ကို ပြည်သူ့စစ်ဆေးရေးနှင့် ကြီးကြပ်ရေးရုံးဟူ၍ သိရှိကြသည်။ ယင်းရုံးများသည် တရားစွဲဆိုခြင်းဆိုင်ရာ အခွင့်အာဏာနှင့်အညီ ဆောင်ရွက်ကြသည်။ အစိုးရဌာနများနှင့် အစိုးရ တာဝန်ရှိသူများအနေဖြင့် ဥပဒေစည်းမျဉ်းများအား လိုက်နာခြင်းရှိ၊ မရှိကိုပါ စစ်ဆေးသည်။ ကြီးကြပ်သည်။ ဥပဒေနှင့်အညီ အလုပ်လုပ်ကြသလားစဉ်းစားသုံးသပ်သည်။ စစ်မေး၊ စစ်ဆေးသည်။ ပြည်သူ့တရားရုံး တစ်ရုံးလျှင် ပြည်သူ့ဥပဒေအကျိုးဆောင် ရုံးတစ်ရုံးစီ ဖွဲ့စည်းထားရှိသည်။

စစ်ဘက်ဆိုင်ရာအနေဖြင့် ကိုယ်ပိုင်စစ်ဘက်ဆိုင်ရာ ဥပဒေအကျိုးဆောင်ရုံးများထားရှိပေသည်။

ဗီယက်နမ်၏ တရားစီရင်ရေးစနစ်နှင့် တရားရုံးများ ဖွဲ့စည်းပုံအကြောင်း သိရှိရသောအခါ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ရုံးများမှာ တာဝန်ထမ်းခဲ့ရသော ကျွန်တော်၏ဘဝကို ပြန်လည်သတိရမိသေးသည်။ ပါတီ၏ ဦးဆောင်မှုဖြင့် တရားစီရင်ပုံများ မမေ့ပါ။

အဓိကအချက်မှာ ပြည်သူ့ဆန္ဒ၊ ပြည်သူ့ဘဝထင်ဟပ်သော တရားစီရင်ရေးဖြစ်ကြောင်း ကျွန်တော်သဘောပေါက်မိသည်။ ပြည်သူအဓိက။

**လက်တွေ့လေ့လာဖို့**

ဗီယက်နမ်တရားရုံးတွေအကြောင်း၊ ဥပဒေအကျိုးဆောင်ရုံးများသို့ လက်တွေ့လိုက်ပြဖို့ သူတို့စီစဉ်သေးသည်။ တာဝန်နှင့် အချိန်ဇယားနှင့် သွားလာနေရသည်မို့ တရားရုံးများ၊ ဥပဒေအကျိုးဆောင်ရုံးများသို့ ကျွန်တော်(ကိုယ်တိုင်ကိုယ်ကျ) မရောက်ခဲ့ရပါ။ See You Again နှင့်သာ ကျေနပ်ခဲ့ရသည်။ နောက်တစ်ခေါက်လာရင် တရားရုံးတွေ လေ့လာရေးသွားကြတာပေါ့ဟု ဗီယက်နမ်မိတ်ဆွေများက ပြောပါသည်။

**အဂတိတိုက်ဖျက်ရေးဥပဒေ**

တရားရုံးများ၊ ဥပဒေရုံးများသို့ ကိုယ်တိုင်ကိုယ်ကျ(အချိန်အတိုင်းအတာကြောင့်) မရောက်ခဲ့ရသော်ငြား၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ စစ်ဆေးရေးရုံးများ၊ စာရွက်စာတမ်းများ၊ ဟောပြောချက်များ၊ ဆွေးနွေးမှုများကိုမူ အတော်များများ သိခွင့်၊ လေ့လာခွင့်ရခဲ့သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ (Anti- corruption Law) နှင့် ရာဇသတ်ကြီး (Penal code) အကြောင်း သူတို့ရှင်းပြခဲ့ကြပေသည်။ အတော်စုံလင်သည်။

ရာဇသတ်ကြီး ဥပဒေကတော့ သူတို့အတွက် အခြေခံကျသော အဓိကဥပဒေဖြစ်ပေသည်။ ကျွန်တော်တို့ (မြန်မာ)နှင့် သိပ်ပြီး ကွာခြားသည်တော့ မဟုတ်ပေ။

ရာဇသတ်ကြီးဥပဒေအပြင်၊ နိုင်ငံတော်တာဝန်ရှိသူများဥပဒေ (Law on Cadres and State Officials) နှင့် ပြည်သူ့ဝန်ထမ်းများဆိုင်ရာ ဥပဒေ (Law on Public Employees) တို့ကိုပါ ဆက်စပ်ရည်ညွှန်း ကိုးကားသုံးစွဲပေသည်။

**ပေးသူ/ယူသူ**

၂၀၁၆ ဇူလိုင် ၁ ရက်နေ့မှစ၍ ဥပဒေအသစ်တစ်ရပ် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး လာဘ်ပေးသူရော၊ လာဘ်ယူသူပါ အရေးယူနိုင်သည်။ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ကြားလူတစ်ဦးဦးကဖြစ်စေ လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းကို တင်းကျပ်စွာ တားမြစ်သည်။ လက်ဆောင်ပေးခြင်း၊ ခရီးသွားလာစရိတ်ထောက်ပံ့ခြင်း၊ အစားအစာကျွေးမွေးညှော်ခံခြင်း၊ ဖျော်ဖြေခြင်းစသည့် အသုံးစရိတ်များအတွက် လာဘ်ပေး၊ လာဘ်ယူဥပဒေတွင် ကန့်သတ်ပြဋ္ဌာန်းထားသည်။

**မြန်မာ-ဗီယက်နမ်**

မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေး အခြေခံလျက် ၂၀၁၈ ဩဂုတ်လအတွင်း သွားလာခွင့်ရခဲ့သော ဗီယက်နမ်ခရီးစဉ်ကို ကျွန်တော် မမေ့ရက်နိုင်ပါ။ မှတ်သားမိသမျှ မျှဝေအစီရင်ခံခြင်းပါ။

**စေတနာ**

ထို့အတူ ဗီယက်နမ်သတင်းစာများမှတစ်ဆင့်၊ ဗီယက်နမ်မိတ်ဆွေများကတစ်ဆင့် လက်လှမ်းမီသမျှ သိရှိလေ့လာခွင့်ရခဲ့သော ဗီယက်နမ်တရားစီရင်ရေးအကြောင်း ပြန်လည်စဉ်းစားမိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

# မြေပုံမြို့နယ်ရှိ ကျေးရွာ ၁၂ ရွာ ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်

**မြေပုံ စက်တင်ဘာ ၁၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြေပုံမြို့နယ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကျေးရွာငါးရွာကို ၂၀၁၈ ခုနှစ် ဧပြီလမှ ဇွန်လအတွင်း အိမ်သုံးမီတာများ တပ်ဆင်ပေးခဲ့ပြီး မဟာဓာတ်အားလိုင်းမှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

ထို့အပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင်လည်း မြောက်ဦးခရိုင် မြေပုံမြို့နယ်အတွင်း ကျေးရွာပေါင်း ၁၂ ရွာသို့ ပြည်နယ် အစိုးရရန်ပုံငွေဖြင့် ဓာတ်အားလိုင်းများ တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်ဟု ထပ်မံသိရသည်။ ထို့အပြင် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းမှ စက်တင်ဘာလ တတိယပတ်မှစတင်ကာ မြို့နယ်လျှပ်စစ်မှူး ဦးဝင်းလှိုင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များနှင့် လျှပ်စစ်မီးရရှိပြီးဖြစ်သော ကျေးရွာများသို့ ကွင်းဆင်းသွားရောက်ပြီး လျှပ်စစ်နှင့်သက်ဆိုင်သော လူထုဟောပြောပွဲများ ပြုလုပ်ခြင်း၊ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# မြစ်ကြီးနား၌ ဒစ်ဂျစ်တယ်အဆင့်မြင့်မီးပွိုင့်များ ပြောင်းလဲတပ်ဆင်

**မြစ်ကြီးနား စက်တင်ဘာ ၁၈**



ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရပ်ကွက်များရှိ လမ်းမကြီးများဆုံရာ လမ်းဆုံ ရှစ်နေရာ၌ ယခင် ရိုးရိုးအချက်ပြမီးပွိုင့်များအစား ဒစ်ဂျစ်တယ် အဆင့်မြင့်မီးပွိုင့်များကို စက်တင်ဘာလ ဒုတိယပတ်မှစတင်၍ ပြောင်းလဲတပ်ဆင်ပေးလျက်ရှိကြောင်း Dream Light လျှပ်စစ်ပစ္စည်းမျိုးစုံ ဝန်ဆောင်မှုကုမ္ပဏီမှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုးမြတ်ထံမှ သိရသည်။

အဆိုပါ အဆင့်မြင့်ဒစ်ဂျစ်တယ် အချက်ပြမီးပွိုင့်များကို မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်ရှိ ဆွမ်ပရာဘွမ်လမ်းနှင့် ပြည်ထောင်စုလမ်းမကြီး နာရီစင်လမ်းဆုံ၊ မင်းရပ် ရပ်ကွက်ရှိ ဈေးကြီးလမ်းနှင့် သခင်နက်ဖေလမ်းဆုံ၊ သခင်နက်ဖေလမ်းနှင့် စည်ပင်သာယာလမ်းဆုံ၊ တပ်ကုန်းရပ်ကွက်အတွင်းရှိ ဆွမ်ပရာဘွမ်လမ်းနှင့် ရွှေလမ်းမကြီးလမ်းဆုံ၊ ရှေရပ်ကွက်ရှိ ဆွမ်ပရာဘွမ်လမ်းနှင့် ဆမားလမ်းဆုံ၊ စီတာပူရပ်ကွက်ရှိ သခင်နက်ဖေလမ်းနှင့် ဇော်ဂျွန်းလမ်းဆုံ၊ မြေမြင့်ရပ်ကွက်ရှိ မဟာဗန္ဓုလလမ်းနှင့် ပြည်ထောင်စုလမ်းဆုံနှင့် အောင်နန်းရိပ်သာရပ်ကွက်ရှိ မဟာဗန္ဓုလလမ်းနှင့် အထက(၃) ကျောင်းလမ်းဆုံတို့တွင် တပ်ဆင်သွားမည်ဟု သိရသည်။

ထိုသို့ အဆင့်မြင့် ဒစ်ဂျစ်တယ် အချက်ပြမီးပွိုင့်များ စိုက်ထူပေးသွားမည့်အပြင် မြို့၏ အချက်အချာကျသည့် ဈေးကြီးလမ်းနှင့် သခင်နက်ဖေလမ်းဆုံ၊ သခင်နက်ဖေလမ်းနှင့် စည်ပင်သာယာလမ်းဆုံနှင့် ဆွမ်ပရာဘွမ်လမ်းနှင့် ဆမားလမ်းဆုံတို့တွင် လူကူးအချက်ပြမီးတိုင်များပါ တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ အချက်ပြမီးတိုင်များ စိုက်ထူပေးခြင်းကြောင့် ဖြုတ်သိမ်းမည့် အချက်ပြမီးပွိုင့်ဟောင်းများကို အခြားလိုအပ်မည့် လမ်းဆုံများတွင် တိုးချဲ့စိုက်ထူပေးသွားမည်ဖြစ်ကြောင်း၊ မီးပွိုင့်သစ်တပ်ဆင်မှု ကုန်ကျငွေမှာ လမ်းဆုံတစ်ခုချင်းအတွက် ငွေကျပ်သိန်း ၁၅၀ ခန့်ရှိကြောင်းနှင့် အောက်တိုဘာလ ဒုတိယအပတ်တွင် လုပ်ငန်းများအပြီးဆောင်ရွက်ရန် စီစဉ်ထားကြောင်း တာဝန်ခံအင်ဂျင်နီယာထံမှ သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ဝါးခယ်မမြို့နယ်အတွင်းမှ ကျေးရွာ ၂၁ ရွာ၌ တစ်အိမ်သုံး ဆိုလာစနစ်ဖြင့် မီးလင်းမည်

**ဝါးခယ်မ စက်တင်ဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP ICB2)အရ တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းကို မြို့နယ်အတွင်းရှိ ကျေးရွာ ၂၁ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းကို အကောင်အထည်ဖော်ခြင်းကြောင့် ကျေးလက်နေ တောင်သူလယ်သမားများအနေဖြင့် လယ်ယာလုပ်ငန်းသာမက အခြားလုပ်ငန်းများကို တွင်ကျယ်စွာ လုပ်ဆောင်လာနိုင်မည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း အဆင်ပြေစွာ စာပေလေ့လာနိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာအတွင်း ဆိုလာစနစ်ဖြင့် လမ်းမီးများရရှိသောကြောင့် ဆက်သွယ်သွားလာမှု ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ကျေးရွာနေပြည်သူတို့၏ဆန္ဒအလိုက် မိမိတို့အိမ်တွင် ၆၀ ဝပ်နှင့် ဝပ် ၁၀၀ ဆိုလာများကို တပ်ဆင်နိုင်ပြီး ကျေးရွာရှိ ဘာသာရေးအဆောက်အအုံများ၊ ကျန်းမာရေးနှင့် အခြေခံပညာကျောင်းများ၊ ကျေးရွာအတွင်းမှ လမ်းမီးတိုင်များမီးလင်းရေးအတွက် အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အတွင်းရှိ ထီးဝဖလံကျေးရွာ၊ ကုလားကျွန်းသောင်ကျေးရွာနှင့် ကျုံခရာကျေးရွာတို့အပါအဝင် ကျေးရွာ စုစုပေါင်း ၂၁ ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်နေသော တစ်အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာမီးလင်းရေးကော်မတီဝင်များနှင့်ပူးပေါင်း၍ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကယားပြည်နယ်မှ မိုင်းကြောင့်ဒဏ်ရာရသူများအား ထောက်ပံ့

**လွိုင်ကော် စက်တင်ဘာ ၁၈**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်၊ ရှားတောမြို့နယ်နှင့် ဖားဆောင်းမြို့နယ်အတွင်းမှ မိုင်းကြောင့်ထိခိုက်ဒဏ်ရာရရှိသူများအား ထောက်ပံ့ငွေများပေးအပ်ပွဲကို စက်တင်ဘာ ၁၈ ရက်က ကယားပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်ဌေးက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်ပြည်နယ်အတွင်းရှိသည့် မသန်စွမ်းသူများအတွက် မသန်စွမ်းသုံးအထောက်အကူပစ္စည်းများဖြစ်သော ဝှီးချဲ ၆၄ စီး၊ ချိုင်းထောက် ၅၆ စုံနှင့် လက်ထောက်တစ်ခု စုစုပေါင်းတန်ဖိုး ကျပ် ၆၄ သိန်းဖိုးကို ဧပြီလအတွင်းက ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ မသန်စွမ်းသူ ၅၀၉ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်တစ်သိန်းစီ ထောက်ပံ့ပေးခဲ့သည့်အတွက်လည်း မသန်စွမ်းသူများ၏ကိုယ်စား ဝမ်းသာပီတိဖြစ်ရကြောင်း၊ မသန်စွမ်းသူများအတွက် ဆောင်ရွက်နေသည့် ရပ်ရွာအခြေပြု ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဌာနများက ကူညီလုပ်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆက်အောင်က ထောက်ပံ့ငွေပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မိုင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသော လွိုင်ကော်မြို့နယ်မှ ပြည်သူ ၁၇ ဦးအား တစ်ဦးလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၃၄ သိန်းကို ဝန်ကြီးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

**စိုင်းဉာဏ်လင်းထွဋ်**

# တရုတ်-မြန်မာကုန်သွယ်မှုလုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်၌ ပြုလုပ်

**မူဆယ် စက်တင်ဘာ ၁၈**

တရုတ်-မြန်မာ ကုန်သွယ်မှုလုပ်ငန်းပိုင်းဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက်က မူဆယ်မြို့နယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန် အစည်းအဝေးခန်းမဆောင်၌ ကျင်းပခဲ့ပြီး တရုတ်နိုင်ငံ ရွှေလီမြို့မှ ဒုတိယမြို့တော်ဝန်များဖြစ်သည့် မစ္စတာတိုက်ယုန့်လီ၊ မစ္စတာဝမ်ခွင်ဖုန့်၊ မစ္စတာဝမ်ယို့တို့အပါအဝင် တရုတ်နိုင်ငံရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူ ၂၁ ဦး တက်ရောက်ခဲ့သည်။



မြန်မာဘက်မှ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန် တာဝန်ခံ ညွှန်ကြားရေးမှူး ဦးတင်ရဲဝင်းနှင့် ကုန်သွယ်ရေးဝန်ထမ်းများ၊ အကောက်ခွန်ညွှန်ကြားရေးမှူး ဦးနေစိုးနှင့် အကောက်ခွန်ဝန်ထမ်းများ၊ OSS မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးအုန်းဟန်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်းမှ ဥက္ကဋ္ဌ ဦးစိုင်းနွံနှင့် တာဝန်ရှိသူများ၊ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းမှတာဝန်ရှိသူများ၊ အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းမှဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်နှင့်တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုမ္ပဏီများမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံဘက်မှ တက်ရောက်လာကြသူများမှ နှစ်နိုင်ငံကုန်သွယ်မှုအကြောင်း၊ လမ်းပိုင်းဆက်သွယ်မှုအကြောင်း၊ နှစ်နိုင်ငံနယ်စပ်ရှိဂိတ်များ ဖွင့်လှစ်နိုင်ရန်နှင့် လူဝင်/လူထွက်ကိစ္စရပ်များအကြောင်း၊ မန္တလေး-လားရှိုး-မူဆယ်-နမ့်ခမ်းလမ်းတွင် ယာဉ်ကြောပိတ်ဆို့ရခြင်းကို ဖြေရှင်းရန်နှင့် အခြားလိုအပ်သည့် အကြောင်းအရာများကို ဆွေးနွေးတင်ပြခဲ့ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံအဖွဲ့မှ တာဝန်ရှိသူများက ကုန်သွယ်ရေးဇုန် ကုန်စစ်ဆေးရေးကွင်းနှင့် အရှေ့မြောက်တံခါး သစ်သီးပွဲရုံကုမ္ပဏီလီမိတက်သို့ လှည့်လည်ကြည့်ရှုခဲ့ကာ အဆိုပါကုမ္ပဏီမှ CEO ဦးအောင်ကျော်မိုးက နှစ်နိုင်ငံသစ်သီးရောင်းဝယ်မှုအကြောင်းအရာများကို ရှင်းလင်းတင်ပြခဲ့သည်။ နှစ်နိုင်ငံအဖွဲ့မှ တာဝန်ရှိသူများသည် တရုတ်-မြန်မာနယ်စပ်ရှိ ဂိတ်များ၊ ကျိန်စမ်းကျော့လမ်းပိုင်း ဆက်သွယ်မှုအခြေအနေ၊ မူဆယ်-နမ့်ခမ်း လမ်းပိုင်းဆက်သွယ်မှုအခြေအနေနှင့် မင်္ဂလာမူဆယ် နယူးစတားလိုက် စီးပွားရေးဇုန်တို့ကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ပြီးနောက် တရုတ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် မူဆယ် ရွှေနန်းတော်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ ပြန်လည်ထွက်ခွာသွားခဲ့သည်။

**သန့်ဇင်(မူဆယ်)**

# ဆားလင်းကြီးမြို့နယ်၌ မူခင်းကျဆင်းရေး ဟောပြော

**ဆားလင်းကြီး စက်တင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့၌ မူခင်းလျော့နည်းကျဆင်းရေးအတွက် ဆားလင်းကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေထွန်းနှင့် ရဲတပ်ဖွဲ့ဝင်အရာရှိများပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၁၈ ရက်က ဆားလင်းကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောကာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးက အသက် ၁၈ နှစ်မပြည့်သေးသည့် ကလေးသူငယ်များ ဆိုင်ကယ်စီးနင်းနေမှုများ၏ အကျိုးအပြစ်များနှင့် ဥပဒေဆိုင်ရာသိကောင်းစရာများ၊ ဒုတိယမြို့နယ်ရဲမှူး ရဲမှူးမျိုးမင်းလတ်က လူကုန်ကူးခံရမှုများနှင့် သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအတွက် သိရှိလိုက်နာကြရမည့် ဆောင်ရန်ရှောင်ရန်များ၊ မြို့မရဲစခန်းမှူး ရဲမှူးဂျော်နီသိန်းက မူးယစ်ဆေးဝါးနှင့် လောင်းကစားပြုလုပ်သူများအား ဖမ်းဆီးအရေးယူသည့် ဥပဒေများနှင့် ပြစ်မှုပြစ်ဒဏ်များ၊ ကြေးစင်တောင်ရဲကင်းစခန်းမှ ရဲအုပ်ကျော်မင်းနိုင်က မူခင်းလျော့နည်းကျဆင်းရေး သိကောင်းစရာများကို အသိပညာပေးဟောပြောကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြသည်။

**ဦးငယ်(ဆားလင်းကြီး)**



# မြန်မာရွှေ့ပြောင်းအလုပ်သမားကိုးဦးကို တာချီလိတ်၌ ပြန်လည်လွှဲပြောင်းပေးအပ်

**တာချီလိတ် စက်တင်ဘာ ၁၈**

မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်နေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားကိုးဦးကို ထိုင်းနိုင်ငံ တာဝန်ရှိသူများက မြန်မာနိုင်ငံဘက်သို့ စက်တင်ဘာ ၁၇ ရက်က တာချီလိတ်မြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတား၌ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မြန်မာရွှေ့ပြောင်းအလုပ်သမားများမှာ ထိုင်းနိုင်ငံတွင် နယ်စပ်ဖြတ်ကျော်ခွင့် သက်တမ်းလွန်ခြင်းနှင့် အထောက်အထားမဲ့နေထိုင်ခြင်းတို့ကြောင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတာဝန်ရှိသူများက လွှဲပြောင်းလက်ခံပြီးနောက်တွင် ၎င်းတို့၏ နေရပ်ဒေသများသို့ လုံခြုံချောမွေ့စွာပြန်နိုင်ရန်အတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာန၊ လူကုန်ကူးမှုတိုက်ဖျက်ရေးရဲတပ်ဖွဲ့၊ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများ ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီ (CNCMC)မှ ကော်မတီဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ယခုလွှဲပြောင်းပေးအပ်ခဲ့သည့် အလုပ်သမား ကိုးဦးအပါအဝင် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ စက်တင်ဘာ ၁၇ ရက်အထိ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့သည့် တရားမဝင် မြန်မာရွှေ့ပြောင်းအလုပ်သမား အရေအတွက်မှာ အမျိုးသား ၅၆၃ ဦး၊ အမျိုးသမီး ၂၆၀ နှင့် ကလေး ၃၁ ဦး စုစုပေါင်း ၈၅၄ ဦးရှိပြီဖြစ်ကြောင်း သိရသည်။**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်း ဖွင့်လှစ်

**လောက်ကိုင် စက်တင်ဘာ ၁၈**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့နယ်၌ ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၁၈) သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၈ ရက်က ကျုံကျိုင်းရွာရှိ ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်း ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီဝင် ဦးခင်မောင်လွင်က အမှာစကားပြောကြားပြီး လောက်ကိုင်ခရိုင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းကျော်ကျော်က ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးသင်တန်း ဖွင့်လှစ်ခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ မန်နေဂျာ ဦးခိုင်ဝင်းက သင်တန်းဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များ၊ သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းကို စက်တင်ဘာ ၃၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဘဦး(လောက်ကိုင်)**

## ဆွာမြို့နယ်မှ ရေဘေးသင့်ခဲ့သည့်ရွာများတွင် နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ဖြစ်လာနိုင်

**ရေတာရှည် စက်တင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဆွာချောင်းရေကြီးရေလျှံမှုကြောင့် ကျေးရွာပေါင်းများစွာ ရေဝင်နစ်မြုပ်ခဲ့ရာ လူနေအိမ်များ မျောပါ/ ပျက်စီးခြင်းများလည်းဖြစ်ပေါ်ခဲ့ရပြီး အိမ်ထောင်စုတိုင်းအတွက် မရှိမဖြစ်လိုအပ်သော ယင်လုံအိမ်သာများပါမရှိကြတော့သည့်အတွက် လတ်တလောတွင် အခက်အခဲများစွာဖြစ်ပေါ်လျက်ရှိပြီး နောက်ဆက်တွဲ ကျန်းမာရေးပြဿနာများကိုပါ စိုးရိမ်နေရကြောင်း ဒေသခံများထံမှ သိရသည်။

ယင်လုံအိမ်သာများ ရေမျောပါပျက်စီးသွားသော အိမ်ထောင်စုတိုင်းအတွက် အိမ်သာခွက်များကို သက်ဆိုင်ရာဌာနများက အခမဲ့ဖြန့်ဖြူးပေးထားပြီးဖြစ်သော်လည်း အိမ်သာဆောက်လုပ်ရန် သစ်သားအတိုအစပါမကျန် ရေမျောပါသွားခဲ့ခြင်းကြောင့် အိမ်သာများပြန်ဆောက်ရန် အခက်အခဲများစွာဖြစ်ပေါ်နေကြကြောင်းလည်း သိရသည်။

"ရွာတိုင်းအခက်အခဲဖြစ်နေတာ အဲဒါပဲ၊ အိမ်သာခွက်တွေ ဝေငှပေးတယ်၊ ဒါပေမယ့် ဆောက်လုပ်ဖို့အတွက် သစ်သားလည်းမရှိ၊ ဝါးလည်းမရှိဖြစ်ကုန်ပြီ၊ အကုန်မျောပါကုန်တာ၊ ရွာတွေမှာ မပျက်စီးဘဲကျန်နေတဲ့အိမ်သာ ခပ်ရှားရှားပဲ။ သက်ကြီးရွယ်အိုတွေနဲ့ အမျိုးသမီးတွေအတွက် ပိုဒုက္ခဖြစ်နေတာ၊ ဖြစ်သလိုကြုံသလို သွားပြန်ရင်လည်း နောက်ဆက်တွဲ ကျန်းမာရေးပြဿနာတွေက လာဦးမှာ"ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ယခုရက်ပိုင်းအတွင်း ဆွာမြို့နယ်တွင် နေ့အပူချိန်များမြင့်တက်မှုကြောင့် ရေဝင်နစ်မြုပ်သွားသောကျေးရွာများရှိ မြေသားများနှင့် သဲနုန်းများ ခြောက်သွေ့မှုမြန်ဆန်လာသည့်အားလျော်စွာ မကြာမီမြေကျင်းများ တူးဖော်နိုင်ပါက အိမ်သာများကို အမြန်ဆုံးပြန်ဆောက်နိုင်ရန် ဒေသခံပြည်သူများ ပြင်ဆင်နေကြသည်ကိုလည်း တွေ့ရသည်။

"အမှိုက်သရိုက်တွေက အိမ်တွေမှာရော၊ ခြံဝိုင်းတွေထဲမှာရော အပြည့်ပဲ၊ သန့်ရှင်းရေးကို မလုပ်နိုင်သေးဘူး၊ အိမ်သာဆိုလည်း ဘယ်နားနေမှန်းကို မသိသေးတာ၊ ဝမ်းတွေတောင်ချုပ်ကုန်တယ်၊ ခုတော့ နေတအားပူလာတော့ မြေတွေခြောက်လာရင် တွင်းတွေတူးနိုင်တော့မှာပါ"ဟု ကညင်အိုင်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

**ကိုလွင်(ဆွာ)**

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ ရေများပုံမှန်အတိုင်း ပြန်လည်ဖြန့်ဝေ

**ရန်ကုန် စက်တင်ဘာ ၁၈**

မရမ်းကုန်းမြို့နယ် ကျောက်တော်ကြီးဘုရားအနီးရှိ ရန်ကုန်မြို့ကို ရေပေးဝေလျက်ရှိသည့် လှော်ကားရေလှောင်တမံနှင့် ဆက်သွယ်ထားသော အချင်း ၆၆ လက်မရှိ ကွန်ကရစ်ပိုက်လိုင်းကြီးကို အစားထိုးလဲလှယ်ဆက်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သဖြင့် စက်တင်ဘာ ၁၄ ရက် ည ၁၀ နာရီမှ စတင်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၉ မြို့နယ်သို့ ရေများပုံမှန်အတိုင်း ပြန်လည် ဖြန့်ဝေပေးလျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ထံမှ သိရသည်။



အဆိုပါ ကွန်ကရစ်ပိုက်လိုင်းကြီးကို အစားထိုးလဲလှယ်ခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးမှ မြို့နယ်အချို့တွင် စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီမှ စတင်၍ ရေခေတ္တပြတ်တောက်ခဲ့ကြောင်း သိရသည်။ ကွန်ကရစ်ပိုက်လိုင်းအစားထိုးလဲလှယ်ဆက်သွယ်မှုလုပ်ငန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အရာရှိနှင့် အခြားအဆင့်ဝန်ထမ်းများ ၁၅၀ ခန့် အပါအဝင် စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ သတ်မှတ်အချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ ဌာနစုမှူး ဦးတင့်ဇော်က ပြောကြားသည်။

အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)အနေဖြင့် အဆိုပါပိုက်လိုင်း အစားထိုးလဲလှယ် တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသည်မှာ အချိန်တစ်နှစ်ခန့်ရှိပြီး ယခုအခါ ပိုက်လိုင်းထိပ်နှစ်ခု ဆက်ခြင်းကြောင့် ရေခေတ္တပြတ်တောက်ရခြင်းဖြစ်ကြောင်း သိရသည်။ ယင်းပိုက်လိုင်းတစ်လျှောက် ရေပေါက်ထွက်မှုဖြစ်စဉ်သည် ၁၀ ကြိမ်အထိဖြစ်ပွားခဲ့ပြီး ပိုက်လိုင်းကြီးမှာနှစ်ပေါင်း ၃၀ ခန့် အသုံးပြုခဲ့၍ မကြာခဏရေပေါက်ထွက်မှုဖြစ်စဉ်များ ဖြစ်ပွားတတ်ကြောင်း သိရသည်။

ယခု အစားထိုးဆောင်ရွက်သော နေရာသည် ၂၀၀၆ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်တွင် တစ်ကြိမ် ရေပေါက်ထွက်ခဲ့ခြင်းကြောင့် ယခုအခါ ခေတ်မီ အရည်အသွေးကောင်းသောပိုက်လိုင်းများဖြင့် အစားထိုးလဲလှယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)အနေဖြင့် လှော်ကားရေလှောင်ကန်နှင့် ရေကူးရေတွန်းစက်ရုံအထိ အပိုင်းလိုက်လဲလှယ်ခြင်းများလည်း ဆက်လက်ဆောင်ရွက်မည်ဟု သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ-ထိန်လင်း**

## နိုင်ငံတကာအထည်အလိပ်အလုပ်ရှင်များနှင့် မြန်မာနိုင်ငံမှလုပ်ငန်းရှင်၊ အလုပ်သမားများ စုပေါင်းဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၈**

နိုင်ငံတကာမှ အထည်အပ်သော အလုပ်ရှင်များနှင့် မြန်မာနိုင်ငံမှ အလုပ်ရှင်၊ အလုပ်သမားများ တွေ့ဆုံ၍ စုပေါင်းဆွေးနွေးပွဲကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ စက်တင်ဘာ ၁၇ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က "ဒီနေ့ကျင်းပပြုလုပ်တဲ့ Action Collaboration Transformation(ACT)ပွဲဟာ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်မှုကို အထောက်အကူပြုနေတဲ့ အထည်ချုပ်လုပ်ငန်းနဲ့ပတ်သက်ပြီး ရေရှည်ရင်းနှီးမြှုပ်နှံတဲ့အခါမှာ စီးပွားရေးအရ ပိုပြီးအဆင့်မြှင့်တင်နိုင်ဖို့အတွက် စုပေါင်းညှိနှိုင်းဆွေးနွေးပြီး တောင်းဆိုမှုတွေနဲ့ ပိုမိုကောင်းမွန်စေတဲ့ရည်ရွယ်ချက်တွေနဲ့ ကျင်းပတာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ရန်ကုန်မြို့တွင် စက်မှုဇုန်ပေါင်း ၂၉ ဇုန်ရှိပြီး လှိုင်သာယာစက်မှုဇုန်တွင် ပြင်ပဇုန်အပါအဝင် ဇုန် ၁၅ ဇုန်ရှိကာ အထည်ချုပ်စက်ရုံအများဆုံး တည်ရှိသော စက်မှုဇုန်ကြီးဖြစ်၍ စက်ရုံ၊ အလုပ်ရုံပေါင်း တစ်ထောင်ကျော်တွင် အလုပ်သမားသုံးသိန်းခန့်နှင့် အထည်ချုပ်အသင်းအဖွဲ့ဝင်ပေါင်း ၅၀၀ ကျော်ရှိကြောင်း သိရသည်။

ဆက်လက်၍ ရွှေလင်ပန်းစက်မှုဇုန်ဥက္ကဋ္ဌ ဦးအေးသောင်းက "နိုင်ငံတကာမှာတော့ ACT ရှိနေတာ ကြာပါပြီ။ မြန်မာပြည်ကိုလာမယ်ဆိုတဲ့အတွက် ကြိုဆိုပါတယ်။ ကျွန်တော်တို့အလုပ်ရှင်ဆိုတာဟာလည်း တစ်ချိန်က အလုပ်သမားပါ။ အလုပ်သမားဘဝကနေ အလုပ်ရှင်အဖြစ်တက်လာတာ ပြည်တွင်းမှာများပါတယ်။ အလုပ်သမားတွေကို ပြည်တွင်းလုပ်ငန်းရှင်တွေက ကိုယ်ချင်းလည်းစာပါတယ်။ မြန်မာနိုင်ငံဟာ အထည်ချုပ်လုပ်ငန်းနဲ့အကျွမ်းတဝင်ရှိတာ နှစ် ၃၀နီးပါးရှိပါပြီ။ အလုပ်အကိုင်အခွင့်အလမ်းပေးနိုင်တယ်ဆိုတာ ဒီလုပ်ငန်းက အများဆုံးပါ။ ဒါပေမယ့် ကုန်ကြမ်းကို သေးသေးမွှားမွှားကအစ မြန်မာပြည်မှာ ဘာမှ မလုပ်နိုင်သေးပါဘူး။ ပြည်ပကပဲမှာယူရတာပါ။ လုပ်ငန်းတစ်ခုဖွံ့ဖြိုးဖို့ဆိုတာ အစအဆုံး ကုန်ကြမ်းဒီမှာရှိမယ်ဆိုရင် လုပ်ငန်းရှင်တွေအတွက် အဆင်ပြေစေမှာပါ။ နိုင်ငံတော်၊ လုပ်ငန်းရှင်နဲ့ အလုပ်သမား သုံးဦးသုံးဖလှယ်စုပေါင်းပြီး လုပ်ဆောင်ရမယ့်အရာတွေရှိနေပါတယ်။ ကျွန်တော်တို့ ပန်းတိုင်နဲ့ဝေးနေပါသေးတယ်။ ညီညွတ်ခြင်းအားတွေလိုနေတာပါ။ အလုပ်အကိုင်အခွင့်အလမ်းပေါတယ်ဆိုပေမယ့် အထည်ချုပ်အများစုဟာ ပြည်ပကလာပြီးလုပ်ကိုင်တဲ့ လုပ်ငန်းကျွမ်းကျင်သူတွေကိုပဲ တွေ့ရမှာပါ။ အပြုသဘောဆောင်ပြီး ဒီလုပ်ငန်းကြီးတိုးတက်လာအောင် နိုင်ငံတကာက ပါဝင်လာတဲ့အတွက် ရှေ့ကိုကောင်းဖို့လို့မြင်ပါတယ်။ စက်ရုံတွေငွေရမယ့် Brand တွေ အများကြီးရှိပါတယ်။ လုပ်ငန်းရှင်တွေက ရှုံးမှာကိုမကြောက်ပါဘူး။ အလုပ်လုပ်လို့မရတာကို ကြောက်ကြတာပါ။ အမေရိကန်နဲ့ တရုတ်စီးပွားရေးစစ်ဖြစ်တဲ့အခါမှာ မြန်မာပြည်ကအထည်ချုပ်တွေလည်း အထိုက်အလျောက်ထိခိုက်မှုတွေရှိနေပါတယ်။ နယ်တွေမှာမအောင်မြင်ဘူးဆိုတာ အခြေအနေမှန်ကိုသိဖို့တော့ လိုပါတယ်။ ပုသိမ်မှာအောင်မြင်ချင်ရင် ဆိပ်ကမ်းရှိရင် အောင်မြင်မှာပါ။ စက်ရုံလုပ်ငန်းတွေမှာ အဖွဲ့အစည်းတွေများလာရင် လုပ်ငန်းလုပ်ဖို့ မနိုင်တော့ပါဘူး။ ယနေ့ကမ္ဘာဒီးယားကိုကြည့်ရင် သိနိုင်ပါတယ်။ တွေ့ဆုံညှိနှိုင်းမှုတွေလိုလာပါပြီ။ ရန်ကုန်မြို့မှာ စက်မှုဇုန် ၂၉ ဇုန်ရှိပါတယ်။ နိုင်ငံတော်ရဲ့လမ်းညွှန်မှုနဲ့ စက်မှုဇုန်တွေထပ်တည်ဖို့လည်း ရှိနေပါတယ်။ တကယ်သာဖွံ့ဖြိုးလာရင် လူသန်းချီပြီး အလုပ်တွေရလာကြမှာပါ။ တိုင်းပြည်ချစ်တဲ့စိတ်နဲ့ အလုပ်လုပ်တဲ့အခါမှာ အပြုသဘောဆောင်ပြီး ဆွေးနွေးညှိနှိုင်းရင်းနဲ့ လုပ်ဆောင်မယ်ဆိုရင် ကမ္ဘာနဲ့ဝင်ဆံ့နိုင်မယ့် နိုင်ငံတစ်ခုဖြစ်မယ်လို့ ပြောလိုပါတယ်"ဟု ပြောကြားသည်။



မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် CTUM ဥက္ကဋ္ဌ ဦးမောင်မောင် ဆွေးနွေးပြောကြားစဉ်။

Action Collaboration Transformation(ACT)သည် မြန်မာနိုင်ငံရှိ အထည်ချုပ်ကဏ္ဍ၏ လူမှုရေးရာနှင့် လုပ်ငန်းရေးရာအဆင့်မြှင့်တင်ရေးအတွက် နိုင်ငံတကာဝယ်လက်များ၊ ပြည်တွင်းပြည်ပထုတ်လုပ်သူများ၊ အလုပ်သမားသမဂ္ဂများဖြင့် နိုင်ငံတော်ကိုအထောက်အကူပြုစေလျက် စီးပွားရေး၊ ဆက်ဆံရေး တည်ငြိမ်စေရန်၊ အခကြေးငွေနှင့် လုပ်ငန်းခွင်အခြေအနေများကောင်းမွန်စေရန်၊ စွမ်းဆောင်ရည်ပိုမိုမြင့်မားစေရန်၊ နိုင်ငံတကာကုန်အမှတ်တံဆိပ်များနှင့် ချိတ်ဆက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် အခွင့်အလမ်းများကို ACT က ဖော်ဆောင်ပေးခြင်းဖြစ်ပြီး အထည်ချုပ်၊အထည်အလိပ်နှင့် ခြေဝတ်ပစ္စည်း နိုင်ငံတကာကုန်အမှတ်တံဆိပ်များနှင့် လက်လီဖြန့်ချိသူများ ၁၉ ဖွဲ့နှင့် အထည်ချုပ်နှင့် အထည်အလိပ်အလုပ်သမားများ၏ ကမ္ဘာလုံးဆိုင်ရာအလုပ်သမားသမဂ္ဂတို့ပူးပေါင်းကာ ACT ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သိရသည်။ ACT သည် မြန်မာနိုင်ငံသို့ လေးကြိမ်မြောက်လာရောက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းနှင့်ပတ်သက်၍ ဂျီနီဗာတွင် ILO နှင့်အတူပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(CTUM)၏ ဥက္ကဋ္ဌ ဦးမောင်မောင်က "ကျွန်တော်တို့ သူတို့နဲ့ဆွေးနွေးတာက ပြည့်စုံလုံလောက်တဲ့လုပ်ခပေးဖို့ သဘောတူထားတယ်။ ကုန်ပစ္စည်းကိုလည်း ကြိုမှာပြီးတော့ ဈေးနှုန်းကိုလည်း ပြောထားမယ်။ စပိန်၊ ဘာရာဇီးနဲ့ ပေါ်တူဂီတို့ကို ပစ္စည်းရောင်းနေတဲ့ အင်းဒီးတက်ဆိုတဲ့ အနောက်ဥရောပမှာအကြီးဆုံးဈေးကွက်ကိုင်ထားတဲ့ ဘာရာတွေကိုယ်တိုင်လာတာ။ သူတို့ပြောနေတာက ပြည့်စုံလုံလောက်တဲ့ လုပ်ခကိုပေးမယ်။ သို့သော် မြန်မာနိုင်ငံမှာရှိတဲ့ ကျင့်ပုံကျင့်နည်းကိုလည်း ပြင်ပေးရမယ်။ ဆိုလိုတာက ကလေးအလုပ်သမားရှိတယ်ဆိုရင်၊ အဓမ္မလုပ်အားပေးရှိတယ်ဆိုရင် မဝယ်နဲ့ဆိုတာနဲ့ နောက်နေ့ဈေးပြုတ်ကျသွားရော။ အပြည်ပြည်ဆိုင်ရာဝယ်လိုအားကိုပေးနေပြီ။ ဒီမှာ တရုတ်စက်ရုံက ၁၆၆ ရုံနဲ့ မြန်မာက ၁၆၄ ရုံပဲရှိတယ်။ တရုတ်က များနေတယ်။ သူတို့ကို ပြင်ဖို့လည်းပြောနေတယ်ဆိုတော့ ဒီပွဲက အလွန်အရေးကြီးပါတယ်။ ကျွန်တော်တို့အလုပ်သမား တွေက ထိုင်းမှာဆိုရင် နှာခေါင်းစည်း၊ ဖိနပ်ပါမယ်၊ နေစရာအခန်း၊ တီဗွီ၊ ရေခဲသေတ္တာ အကြွေးဝယ်ပေးထားတယ်။ ကျွန်တော်တို့ဆီမှာလည်း ဘာလို့မဖြစ်နိုင်ရမှာလဲ။ နောင်ငါးနှစ်ဆိုရင် အဆင့်အတန်းမီနိုင်တယ်။ အလုပ်သမားတွေ လိုက်နာဖို့ပဲလိုမယ်။ အလုပ်သမားတွေ ထစ်ခနဲဆို လမ်းပေါ်ထွက်ရင် လုပ်အားခမရဘူး။ လုပ်ငန်းခွင်ထဲမှာ လက်ပတ်၊ နဖူးစည်းနဲ့ လိုအပ်ချက်ကို ထုတ်ဖော်ပြောလို့ရတယ်။ လမ်းပေါ်ထွက် တံခါးပိတ်လိုက်ရင် အငြင်းပွားဖြေရှင်းမှုဟာ ပြင်ပရောက်သွားပြီ။ ဘယ်သူမှ အကျိုးမရှိဘူး။ အဲဒီအတွက် သင်တန်းတွေပေးနေတယ်။ အလုပ်ရှင်တွေကလည်းသင်တန်းကို လွှတ်ဖို့တော့လိုမယ်။ တစ်ဦးနဲ့တစ်ဦးအကြည့်တွေ ပြောင်းဖို့လိုမယ်။ ဒီပုဂ္ဂိုလ်တွေကို ကျွန်တော်တို့ရအောင်ခေါ်လာပြီးပြီ။ အနိမ့်ဆုံးလုပ်ခလစာရအောင် ပြောင်းလဲမှုကို ဖော်ထုတ်မယ်ဆိုရင် အားလုံးအကျိုးရှိမှာပါ"ဟု ပြောသည်။

ဆွေးနွေးပွဲတွင် ACT၏ အမှုဆောင်အရာရှိချုပ် ဒေါက်တာ Frank က နိုင်ငံတကာ ကုန်အမှတ်တံဆိပ်နှင့် လက်လီဖြန့်ချိသူများ၊ နိုင်ငံတော်၊ လုပ်ငန်းရှင်နှင့် အလုပ်သမားသမဂ္ဂများကြားမည်သူမဆိုအမြတ်ကျန်မည့် ပူးပေါင်းမှု၊ လုပ်ငန်းကဏ္ဍအဆင့်မြှင့်တင်မှုနှင့် ကမ္ဘာ့ဈေးကွက်အတွင်းဝင်ဆံ့မှု၊ ကျွမ်းကျင်လုပ်သားအင်အားစုကို ဖြစ်ထွန်းစေမှုနှင့် တည်မြဲစေမှု၊ လုပ်ငန်းခွင်အခြေအနေကောင်းများနှင့် အခကြေးငွေကောင်းများဖြင့် ဂုဏ်သိက္ခာကိုကောင်းမွန်စေမှု၊ အလုပ်ရှင်နှင့် အလုပ်သမားကြား လူမှုငြိမ်းချမ်းရေးနှင့် အပြုသဘောဆောင်သည့်ဆက်ဆံရေး၊ အခကြေးငွေ သတ်မှတ်ချက်နှုန်းထားနှင့် တည်ငြိမ်သောလုပ်သားအင်အားစု၊ ဆန်းသစ်တီထွင်ခြင်းနှင့် ကုန်ထုတ်စွမ်းအားအကျိုးကျေးဇူးတို့ကို အဆင့်ဆင့်ရှင်းလင်းပြောကြားခဲ့ပြီး ကမ္ဘာလုံးဆိုင်ရာစက်မှုသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ်ကလည်း သက်ဆိုင်ရာကဏ္ဍများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

## မင်္ဂလာဒုံမြို့နယ်၌ ရဲတပ်ဖွဲ့နေ့အကြို စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေး

**ရန်ကုန် စက်တင်ဘာ ၁၈**

မကြာမီကျရောက်တော့မည့် (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ကြည်စိုးသန့်နှင့် ရဲတပ်ဖွဲ့ဝင် ၃၀ ခန့်နှင့် ရပ်မိရပ်ဖများ စုပေါင်း၍ ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်အဖြစ် ထောက်ကြန့် ရွာမရပ်ကွက် ရန်ကုန်-ပဲခူး ကားလမ်းဘေးရှိ ဇီနမာန်အောင်ဘုရားဝင်းအတွင်း၌ ချုံနွယ်များနှင့် အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းကို စက်တင်ဘာ ၁၅ ရက်က ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဟန်စိုး**

# တေဇ(၁၃) နှစ်ပတ်လည်ဖိတ်ကြားလွှာ

အလုပ်သင်ဗိုလ် - ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၃)၏ (၃၂) နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ဆရာများ၊ သူငယ်ချင်းများနှင့် မိသားစုဝင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နံနက်ပိုင်းအစီအစဉ်**

**နေ့ရက်**။ ။ ၂၂-၉-၂၀၁၈ ရက် (စနေနေ့)
**အချိန်**။ ။ နံနက် ၉ နာရီ
**နေရာ**။ ။ တပ်မတော်ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးရုံ (ခုတင်-၃၀၀)၊ မင်္ဂလာဒုံ

(က) ဆရာများအား ဂါရဝပြုကန်တော့ခြင်း
(ခ) ကျဆုံး/သေဆုံး သူငယ်ချင်းများအတွက် အလှူဒါန ပြုလုပ်ခြင်း
(ဂ) ဆေးရုံပဒေသာပင်စိုက်ထူခြင်းနှင့် လူနာများအား ကျွေးမွေးခြင်း

**ညနေပိုင်းအစီအစဉ်**

**နေ့ရက်**။ ။ ၂၂-၉-၂၀၁၈ ရက် (စနေနေ့)
**အချိန်**။ ။ ညနေ ၆ နာရီ
**နေရာ**။ ။ M3 စားသောက်ဆိုင်၊ ဗဟန်းမြို့နယ်

(က) ပညာရည်ချွန်ဆုပေးခြင်း
(ခ) အမှတ်တရလက်ဆောင်ပစ္စည်းလဲလှယ်ခြင်း
(ဂ) ညစာသုံးဆောင်ခြင်း

နယ်မှ လာရောက်တည်းခိုမည့်သူများ ဗိုလ်မှူးသက်ဦး-ဖုန်း-၀၉-၅၁၂၃၆၃၃သို့ သတင်းပေးပို့ကြပါရန်။

**သာရေးနာရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတို့တွင် အသုံးပြုရန်အတွက် လိုအပ်လျက်ရှိသော ကျေးလက်၊ မြို့ငယ်နှင့် မြို့ကြီးသုံး 1 Ø 2 W အိမ်သုံးမီတာများနှင့် Energy Meter Box With Ring CT များအား မြန်မာကျပ်ငွေ(Kyat)ဖြင့် ဝယ်ယူသော ၉-၈-၂၀၁၈ရက်၌ ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ပါဝင်သည့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Web Portal (www.moee.gov.mm) တွင် ကြော်ငြာထားသော ပစ္စည်းဈေးနှုန်းတောင်းခံလွှာအမှတ် 2(T)/ESE/2018-2019(1-Year)၏ တင်ဒါပိတ်ရက်အား ၂၅-၉-၂၀၁၈ ရက်အစား ၂၆-၁၀-၂၀၁၈ရက် မွန်းတည့် ၁၂ နာရီဟု ပြောင်းလဲသတ်မှတ်လိုက်ကြောင်း အသိပေးအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆**

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ (အောက်တိုဘာလမှ စက်တင်ဘာလ) ဘဏ္ဍာရေးနှစ် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားများအား ဇုန်ဝင်ကြေး ကောက်ခံခြင်းနှင့်ပတ်သက်၍ တင်ဒါခေါ်ယူမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၁၉-၉-၂၀၁၈ ရက်
**တင်ဒါလျှောက်လွှာရောင်းချမည့်အချိန်** - ရုံးချိန်အတွင်း
**တင်ဒါပိတ်မည့်ရက်** - ၂၆-၉-၂၀၁၈ ရက်
**တင်ဒါတင်သွင်းရမည့်နေရာ** - ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲရုံး

၃။ အသေးစိတ်သိလိုပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မြောက်ဦးဌာနခွဲ၊ စီမံဌာနစိတ်-ဖုန်း-၀၉-၄၂၉၆၆၀၅၀၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဖခင်အမည်မှန်**

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ဇာဒီမော်ကျေးရွာနေ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မမိုးမိုး၏ဖခင်အမည်မှန်မှာ ဦးစိုးမိုးအောင် ၁၁/အမန(နိုင်)၀၆၆၂၂၆ ဖြစ်ပါကြောင်း။ **ဦးစိုးမိုးအောင်**

### ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ အထက(အမ်းမြို့) တက္ကသိုလ်ဝင်တန်း(D)မှ မဇင်မာဖြူ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်သန်း ၁၁/ကဖန(နိုင်)၁၅၅၂၄၀ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်သန်း**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်4H/8735၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး၊(ရန်ကုန်မြောက်ပိုင်း)**

### ဖခင်အမည်မှန်

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ဆင်ခုံတိုင်ကျေးရွာ အထက(၁) တက္ကသိုလ်ဝင်တန်း(D)မှ မစန္ဒာဝင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်စံ ၁၁/အမန(နိုင်)၀၄၉၈၇၈ ဖြစ်ပါကြောင်း။

**ဦးမောင်စံ**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သိုင်းဝ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မဖြိုးအိမွန်၏ ဖခင်အမည်မှန်မှာ ဦးတင်ငွေ ၇/ရတရ(နိုင်)၀၃၀၄၁၆ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ခေတ္တရာရပ်ကွက်၊ အကွက်အမှတ်(၁၆-စီ)၊ အဆင့်မြင့်အိမ်ရာ(၂)၊ ဦးပိုင်အမှတ်(၁၅)၊ ဧရိယာ ၀ဒသမ ၀၅၅ဧကရှိ မြေယာနှင့်အဆောက်အအုံသည် ဖခင် ဦးထွန်းသိန်းနှင့် မိခင် ဒေါ်တင်တင်အေးလွင်တို့ တရားဝင်ပိုင်ဆိုင်ခဲ့ပြီး ယခုအခါ မိဘနှစ်ပါးကွယ်လွန်ပြီးဖြစ်သည့်အတွက် တစ်ဦးတည်းသောသားဖြစ်သူ ဦးရဲလင်းထွန်းမှ ဂရန်မြေအကျိုးခံစားခွင့်နှင့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို ဆက်လက်ခံစားလျက်ရှိရာ အဆိုပါမြေယာနှင့် အဆောက်အအုံအား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် ကန့်ကွက်လိုသူရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရဲလင်းထွန်း ၁၂/တမန(နိုင်)၀၉၈၆၄၃**

**ဖခင်အမည်မှန်**

ခင်ဦးမြို့နယ်၊ အလယ်သျှိုကျေးရွာ အထက တက္ကသိုလ်ဝင်တန်းမှ မောင်မောင်မိုးဒီ(ခ)မောင်အောင်ဇော်ထွန်း ၅/ခဥန(နိုင်)၁၄၇၈၇၁၏ ဖခင်အမည်မှန်မှာ ဦးမြိုင် ၅/ခဥန(နိုင်)၀၃၉၀၆၀ ဖြစ်ပါကြောင်း။

**ဦးမြိုင်**

### ဖခင်အမည်မှန်

မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ အထက (ငါန်းမြာကြီး) တက္ကသိုလ်ဝင်တန်း(B)မှ မယွန်းသဇင်လှိုင်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဆွေဦး ၅/ငဇန(နိုင်)၀၁၄၃၁၁ ဖြစ်ပါကြောင်း။

**ဦးကျော်ဆွေဦး**

### မိဘအမည်မှန်

ဆိပ်ဖြူမြို့နယ်၊ အထက လက်ဆည်ကျေးရွာ နဝမတန်းမှ မောင်ဝင်းလင်းထိုက်၏ မိဘအမည်မှန်မှာ ဦးသိန်းဇော် ၈/ဆဖန(နိုင်)၀၅၇၈၁၆ နှင့် ဒေါ်ခင်သက်ဝင်း ၈/ဆဖန(နိုင်)၀၇၄၉၆၃ တို့ ဖြစ်ပါကြောင်း။

### မိဘအမည်မှန်

မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ အထက(ငါန်းမြာကြီး) တက္ကသိုလ်ဝင်တန်း(B)မှ မသန္တာဇော်၏ မိဘအမည်မှန်မှာ ဦးတင့်ဇော်-ဒေါ်တင်တင်သိန်း ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အထက(၄) တက္ကသိုလ်ဝင်တန်း(C)မှ မဆုမြတ်နိုးသျှင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းလင်းလတ် ၁၂/ဒဂတ(နိုင်)၀၁၅၆၀၉ ဖြစ်ပါကြောင်း။

### နိုင်ငံသားစိစစ်ရေးကတ် အမှန်ဖြစ်ကြောင်း

ဆိပ်ဖြူမြို့နယ်၊ ကဇွန်းမကျေးရွာနေ ဦးတင်စိုး(ခ)ဦးထွန်းငွေ ၈/ဆဖန(နိုင်)၀၄၃၀၉၂နှင့် ဒေါ်ပိုင်းတင်(ခ)ဒေါ်စန်းရင် ၈/ဆဖန(နိုင်)၀၄၃၅၈၃တို့၏ နိုင်ငံသားစိစစ်ရေးကတ်များမှာ အမှန်ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ အထက(ဒူးယား) တက္ကသိုလ်ဝင်တန်းမှ မပန်းအိဇင်နှင့် အလက(ခွဲ) မန်းကုန်း သတ္တမတန်းမှ မအိနန္ဒာလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး ၁၄/ဟသတ(နိုင်)၂၉၈၂၁၇ ဖြစ်ပါကြောင်း။

**ဦးအောင်ကျော်ဦး**

### ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ အထက (အောက်ဆိပ်ကျေးရွာ) နဝမတန်းမှ မစိုးသန္တာထက်၏ ဖခင်အမည်မှန်မှာ ဦးသန်းလွင်ဦး ၈/ဆဖန(နိုင်)၀၅၆၇၂၉ ဖြစ်ပါကြောင်း။ **ဦးသန်းလွင်ဦး**

### အမည်ပြောင်း

ဦးဇော်မင်းထွန်း၏ သမီး စစ်တွေမြို့၊ အထက(သင်ပုန်းတန်း) တက္ကသိုလ်ဝင်တန်းမှ မညိုဆန်းဝင်းအား မခိုင်သုဝေဟု ပြောင်းလဲခေါ်ပါရန်။ **မခိုင်သုဝေ**

### အများသိစေရန် အသိပေးကြေညာခြင်း

ဦးမင်းထွန်း ၁၂/ဗဟန(နိုင်)၀၀၃၀၈၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းထွန်း၏ ဂုဏ်သိက္ခာကျဆင်းစေရန်၊ အရှက်ရစေရန် မမှန်ကန်သော ကိစ္စရပ်များကို Facebook ပေါ်တွင် ရေးသားနေမှုများရပ်တန့်ရန်နှင့် လိုက်နာမှုမရှိပါက ဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများ သိရှိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်**
**LL.B.,B.A(Business Law).,C.B.L.,**
**DL.101,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၇၉/၂၀၁၄)**
**အမှတ်(၁၃၄)၊ ပထမထပ်၊ ၃၇လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၈၆၁၀၅၁၃၊ ၀၉-၂၅၀၇၂၉၁၅၅၊ ၀၉-၄၅၀၉၇၆၅၉၉**

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ ကုန်းရွာကျေးရွာ အထက(ခွဲ) နဝမတန်းမှ မနှင်းနုလွင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး ၅/ယမပ(နိုင်)၀၇၉၄၈၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ အလက(ချင်းပုန်းကျေးရွာ) သတ္တမတန်းမှ မောင်သန်းငွေအောင်နှင့် စတုတ္ထတန်းမှ မအေးသက်ခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်သန်း ၅/ယမပ(နိုင်)၁၀၉၃၄၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ အလက (ချင်းပုန်းကျေးရွာ) သတ္တမတန်းမှ မောင်သီဟနိုင်နှင့် ပဉ္စမတန်းမှ မဖြိုးရတီမော်တို့၏ဖခင်အမည်မှန်မှာ ဦးမင်းဇော် ၅/ယမပ(နိုင်)၀၇၇၁၁၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ယင်းမာပင်ခရိုင်၊ ယင်းမာပင်မြို့နယ်၊ သလောက်ကျေးရွာ အလက(ခွဲ) အဋ္ဌမတန်းမှ မစိုးမြတ်မိုးနှင့် ပဉ္စမတန်းမှ မစိုးမြတ်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး ၅/ယမပ(နိုင်)၀၈၇၃၀၉ ဖြစ်ပါကြောင်း။

### ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၉-၂၀၁၈ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၂)ပါ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း ပြင်ဦးလွင်မြို့နယ် ကြော်ငြာတွင် ဦးခင်ဇော် ၇/ပခန(နိုင်)၁၁၉၁၂၂ အစား ဦးခင်မော် ၇/ပခန(နိုင်)၁၁၉၁၂၂ ဟု ပြင်ဆင်ဖတ်ရှုပါရန်။


### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AA/1067 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**


STI MYANMAR UNIVERSITY
ပိုမိုကောင်းမွန်သော အနာဂတ်အတွက် ယနေ့ပင် စတင်လိုက်ပါ

မြန်မာနိုင်ငံသို့ ဂုဏ်ယူစွာဖြင့် ယူဆောင်လာပါသည်
လူကြိုက်အများဆုံးနှင့် အထူးပြုဘာသာရပ် အစုံလင်ဆုံး MBA Program

MBA General
MBA Hospital and Health Services
MBA Marketing
MBA Finance
MBA Human Resource
MBA Digital Technology
MBA Logistics and Supply Chain
MBA Oil and Gas Management



WORLD CLASS DEGREE IN PARTNERSHIP WITH
University of Bedfordshire

USD 3,000 ပညာသင်ဆု ရရှိမည့် အခွင့်အရေး

Program အသေးစိတ်ကို www.stiedu.net တွင် လာရောက်ကြည့်ရှုနိုင်ပါသည်။
အသေးစိတ်သိရှိနိုင်ရန် 09 955 1234 46~49 သို့မဟုတ် admission@stiedu.net သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

- အဆောင်(၁၀)၊ MICT Park၊ လှိုင်တက္ကသိုလ်များနယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၉၅၅ ၁၂၃၄ ၄၆ ~ ၄၉
- အမှတ် ၃၇၇၊ ၃၈၇/၃၉၇၊ အထက်ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၄၂၀ ၁၈၃၁ ၅၅၊ ၀၉ ၄၂၀ ၁၃၁၇ ၃၀
- ဘီ - ၁၅/၁၆၊ ၆၆လမ်းနှင့် သဇင်လမ်းထောင့်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၇၈၃ ၈၀၀၀ ၆၂ ~ ၆၄

https://www.facebook.com/STIMyanmarUni
www.stiedu.net

**ဧောင်သရဖူ**
**အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**
လူကြီးမင်းတို့၏ အိမ်ပစ္စည်း/ရုံးပစ္စည်းများ ပြောင်းရွှေ့ခြင်း
အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်။
အမှတ်-၁၈၁၊ မြေယာမုံအိမ်ရာ၊ လေးထောင့်ကန်လမ်းသား
**09254009334,**
**09254009335,**
**09254009336**

## မွေးသက္ကရာဇ်အမှန်

ဦးစံသာအောင်၏သား ဦးဘိုးနု၏မွေးသက္ကရာဇ်အမှန်မှာ နိုင်ငံသားစိစစ်ရေးကတ်အရ ၁၃၂၀ခုနှစ် (၂၅-၂-၁၉၅၉) ဖြစ်ပါကြောင်း။

## အမည်မှန်

ပင်လောင်းမြို့၊ အထက(၁)သတ္တမတန်းမှ နန်းနန္ဒာအောင်၏ အမည်မှန်မှာ နန်းနွံခေးခမ်းနှင့် တတိယတန်းမှ စိုင်းအွမ်းလင်း၏ အမည်မှန်မှာ စိုင်းအောင်မြင့်စိုးတို့ ဖြစ်ပါကြောင်း။

**နန်းနွံခေးခမ်း၊ စိုင်းအောင်မြင့်စိုး**

## ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက(၂) နဝမတန်းမှ မချောရီ၏ ဖခင်အမည်မှန်မှာ ခွန်ဦးမောင် ၁၃/ပလန(နိုင်)၀၄၃၀၉၀ ဖြစ်ပါကြောင်း။

**ခွန်ဦးမောင်**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ ပညာဘဏ္ဍာတိုက် ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်း (A)မှ မောင်ဘုန်းခန့်သက်ဦးနှင့် အထက(၆)၊ သတ္တမတန်းမှ မကြယ်စင်သျှားသူတို့၏ ဖခင်အမည်မှန်မှာ ဦးညီထွေး ၉/မနမ(နိုင်)၁၀၃၇၀၀ ဖြစ်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁)၊မြို့ပတ်လမ်း၊ နံပါတ်-စ/101မှ မကြူကွေ့ရှန် (ခ)တုန်ရှန် ၁၃/လရန(နိုင်)၁၀၈၁၆၈မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

လားရှိုးမြို့၊ အလက(၅) (ထ-ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဘရန်ထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်မာထွယ် ၁၃/တယန(နိုင်)၀၁၀၀၇၇ ဖြစ်ပါသည်။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6A-1417 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၁၆)၊ ၆၄လမ်း၊ (၁၈×၁၉) လမ်းကြားရှိဦးရာဂိုပါး(ခ)ဂျေအာရ်ကူးပါး အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးရာဂိုပါး (ခ)ဂျေအာရ်ကူးပါး၊ မိခင်ဒေါ်ရာသ်ပတီးတို့ အသီးသီးကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၃၂၁၃/၂၀၀၈ဖြင့် အမွေဆက်ခံသောဦးပူနီယား (ခ)အေးလွင်၊ဒေါ်လက်ချမီးဒေဗီတို့ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ် ၇၀၂/၂၀၀၉ ဖြင့်ပေးကမ်းခြင်းကိုလက်ခံခဲ့သော ဒေါ်ကေသီဝင်း၉/ရမသ(နိုင်)၀၁၀၆၃၁မှ ဂရန်စာချုပ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်းရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တင်ပြ၍ သက်တမ်းလွန် ဂရန်ပျောက်ဇာတ်ကြေးများ ပေးသွင်းစေပြီး သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်ခွင့်ပြုပါ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်း-၂၀**
**တောင်ကြီးခရိုင်တရားရုံး**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၄**

| | | |
|---|---|---|
| ဒေါ်စန်းမြင့်ကြည် | **နှင့်** | ၁။ ဦးကျော်မင်းထွန်း<br>၂။ ဒေါ်အေးအေးမူ |
| **တရားလို** | | **တရားပြိုင်များ** |

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ အေးမြင့်သာယာလမ်း၊ (၃)ရပ်ကွက်နေ ဒေါ်အေးအေးမူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက နှစ်ဦးသဘောတူငွေယုံကြည်အပ်နှံထားသည့်ငွေ ၅၆၀၀၀၀၀၀/-ကျပ်ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ရက် (၁၃၈၀ပြည့်နှစ် တော်သလင်းလဆန်း ၁၀ရက်) နံနက် ၁၀:၀၀နာရီတွင် တရားလို၏စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများ နှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ခုနှစ် စက်တင်ဘာ ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယုယုဆွေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**တောင်ကြီးခရိုင်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်အမှုသည်ဖြစ်သူ ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ ရပ်ကွက်ကြီး (၂)၊ တပင်ရွှေထီးလမ်း၊ အမှတ်(၉/ဂဘီ)နေ (ဘ)ဦးတင့်ဆွေ၏သား ကိုမင်းသူရဆွေ ၇/ပခန(နိုင်)၁၈၆၅၂၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည် ဦးမင်းသူရဆွေနှင့် ၎င်း၏ဇနီး မခိုင်ဇာဦး (ဘ)ဦးစံလှဘော်တို့သည် လွန်ခဲ့သည့် (၁၄)နှစ်ခန့်က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာ သား(၁)ဦး မွေးဖွားခဲ့ပါသည်။

သို့ရာတွင် ယခုအချိန်အခါ၌ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်းတိုက်ဆိုင်မှု မရှိကြတော့ဘဲ အကြင်လင်မယားအဖြစ် ဆက်လက်မပေါင်းသင်းလိုတော့ပါသဖြင့် ပဲခူးခရိုင်တရားရုံး၊ ခရိုင်တရားသူကြီးရှေ့မှောက်တွင် ၃၀-၈-၂၀၁၈ရက်က မှတ်ပုံတင်အမှတ် ၁၁၃/၂၀၁၈ ဖြင့် နှစ်ဦးသဘောတူကျမ်းသစ္စာပြုလွှာဖြင့် တရားဝင်ကွာရှင်းပြတ်စဲလိုက်ပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မခိုင်ဇာဦးနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့ကို ကျွန်ုပ်အမှုသည်အနေဖြင့် (လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်အောင်မြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(၆၇၅၃)(၂-၂-၉၉)**
**တိုက်အမှတ်(အီး-၃)၊ အခန်း(၁)၊ လှျပ်စစ်ဝန်ထမ်းအိမ်ရာဝင်း**
**ကမာနတ်၊ ပဲခူးမြို့**

## ကွာရှင်းပြတ်စဲပြီးကြောင်းအများသိစေရန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ တာဝကုန်းတန်းကျေးရွာနေ ဦးကျော်ဇော ၇/သနပ (နိုင်)၀၈၄၀၈၄နှင့် ဒေါ်စန်းစန်းငြိမ်း ၁၂/ဒပန(နိုင်)၀၅၈၅၄၃တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း မတိုက်ဆိုင်သဖြင့် ၁၃-၉-၂၀၁၈ရက်တွင် ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ ရပ်ကွက် လူကြီးများနှင့် မိဘဆွေမျိုးများတို့၏ ရှေ့မှောက်တွင်နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်သည့်အတွက် နောက်နောင်တွင် ဒေါ်စန်းစန်းငြိမ်းမှ ဦးကျော်ဇော၏ အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် မည်သည့်ကိစ္စကိုမျှ ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခွင့်မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-**<br>**ဦးကျော်ဇော**<br>**၇/သနပ(နိုင်)၀၈၄၀၈၄** | **လွှဲအပ်ညွှန်ကြားချက်အရ-**<br>**ဦးကျော်ဝင်းခိုင် (LL.B,D.B.L)**<br>**တရားလွှတ်တော်ရှေ့နေ**<br>**စဉ် ၁၄၇၄၁/၂၀၁၈**<br>**အမှတ် (၁၀၁၈)၊ သခင်စံရွှေလမ်း၊**<br>**(၁၁)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**<br>**ရန်ကုန်တိုင်းဒေသကြီး** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြော်ငြာခြင်း

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်၊ ညောင်တန်းလမ်း၊ အမှတ်၁၈၆နေ ဦးကျန်ရစ်(ဘ)ဦးညိုချမ်းဦး ၁၁/တကန(နိုင်)၀၁၁၆၈၅၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်အသိပေးကြော်ငြာအပ်ပါသည်။

ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်၊ ညောင်တန်းလမ်း၊ အမှတ် ၁၈၆၊ အလျား(၁၇၄)ပေ၊ အနံ (၃၀)ပေရှိ အိမ်နှင့်ခြံမြေမှာ မူလက ဦးဖိုးသိန်းအမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ဦးဖိုးသိန်းနှင့် ဒေါ်ငွေတင်တို့တွင် သားသမီးသုံးဦးထွန်းကားခဲ့ပါသည်။ ၎င်းတို့မှာ (၁)ဒေါ်သိန်းရီ၊ (၂)ဦးသိန်းရွှေ၊ (၃)ဦးဟန်ရွှေတို့ဖြစ်ပါသည်။ မွေးချင်း(၃)ဦးအနက် ဦးသိန်းရွှေမှာ မိဘများမကွယ်လွန်မီကပင် ကွယ်လွန်သွားခဲ့သောကြောင့် ဦးဖိုးသိန်းနှင့် ဒေါ်ငွေတင်တို့တွင် ကျန်ရစ်ခဲ့သော အမွေပစ္စည်းဖြစ်သည့်အိမ်ခြံမြေအား ၂၀၀၆ခုနှစ်ကပင် တန်ဖိုးငွေ ကျပ်သိန်း ၁၄၀သတ်မှတ်ကာ ဒေါ်သိန်းရီမှ ဦးဟန်ရွှေအား ကျပ်သိန်း၇၀အမ်းပေးခဲ့ပြီးဖြစ်၍ ဒေါ်သိန်းရီတစ်ဦးတည်းကသာ ပိုင်ဆိုင်ခဲ့ပါသည်။

ဒေါ်သိန်းရီသည် ၁၇-၅-၂၀၁၇ရက်က ကွယ်လွန်သွားခဲ့ပါသည်။ ယခုအချိန်တွင် ဒေါ်သိန်းရီ၏ခင်ပွန်းဖြစ်သူ ဦးကျန်ရစ် ကျန်ရှိနေပါသည်။ ထို့ကြောင့် ဦးကျန်ရစ်သည်မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေအရ ဒေါ်သိန်းရီ၏ ပစ္စည်းဖြစ်သော ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်၊ ညောင်တန်းလမ်း၊ အမှတ် ၁၈၆ရှိ အိမ်နှင့်ခြံမြေမှာ ဦးကျန်ရစ်သာ ဆက်လက်ပိုင်ဆိုင်နေပါသည်။

ဦးကျန်ရစ်သည် ၎င်းပိုင်ဆိုင်ခွင့်ရ အမှတ်၁၈၆၊ ညောင်တန်းလမ်း၊ ဂူတာရပ်ကွက်၊ တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်ရှိအိမ်နှင့်ခြံမြေအား ဦးကျန်ရစ်အမည်ပေါက် ပြုလုပ်သွားမည်ဖြစ်သလို ထိုအိမ်နှင့်ခြံမြေအား ဦးကျန်ရစ်အမည်ပေါက်ရရှိပါက ရောင်းချသွားတော့မည်ဖြစ်ပါသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှတစ်လအတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မိမိပြုလုပ်ရမည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးကျန်ရစ်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မူယာ LL.B,D.I.R တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၉၃၂၉)(၂၄-၁၀-၂၀၁၃)**
**အမှတ် ၁၃၇၊ ညောင်တန်းလမ်း၊ ဂူတာရပ်ကွက်၊ တောင်ကုတ်မြို့၊**
**ဖုန်း-၀၉-၄၄၈၀၁၂၉၆၅**




## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5M/8545 Toyota Dyna XZU 308, Light Truck (4×2) R ယာဉ်လက်ဝယ်ရှိသူ Thu Wunna Shan Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9V/49747 Lifan , Farm Truck (4×2)L ယာဉ်လက်ဝယ်ရှိသူ Golden Belt Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ အကွက်အမှတ်(မန်အိုင်ဘုန်းကြီးကျောင်းအရှေ့)၊ ဦးပိုင်အမှတ် (၇၂)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၈၂၈ဧကရှိ မြေငှားဂရန်အမှုတွဲအမှတ် ၂၇၁-၅/၂၀၁၀-၂၀၁၁ (အေ)ဖြင့် ဦးဟန်ဝင်းစိုးအမည်ပေါက် အိမ်မြေကွက်အား လားရှိုးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂၇-၁၁-၂၀၁၇ရက်စွဲပါ စာချုပ်အမှတ် (၁၄၁I/၂၀၁၈) ဖြင့် ဦးဟန်ဝင်းစိုး၏ အထူးကိုယ်စားလှယ်လွှဲခြင်းခံရသူ ဒေါ်ရောက်စီ ၁၃/လရန(နိုင်) ၀၈၆၆၃၉၉ထံမှ ဦးကျိန်စော ၁၃/သနန (နိုင်)၀၂၇၃၈၅ မှစာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါ၍ ဦးကျိန်စောအမည်ဖြင့် အမည်ပြောင်း မြေငှားဂရန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ကြေညာသည့်ရက်မှ ရက်ပေါင်း ၂၀အတွင်း လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အများသိစေရန်အသိပေးကြေညာခြင်း

စစ်ကိုင်းမြို့၊ မြို့သစ်ရပ်နေ ဒေါ်ခိုင်ဇာဝင်း ၅/ကလဝ(နိုင်)၀၂၇၇၅၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။

၁။ အထက်အမည်ပါရှိသူသည် လူမှုကွန်ရက်စာမျက်နှာအွန်လိုင်း Facebook Account Phyu Phyu အမည်ဖြင့် လေလံစုကြေးများစုခြင်း၊ စုကြေးရောင်းချခြင်းများကို လုပ်ကိုင်ခဲ့ရာ ဒေါ်ခိုင်ဇာဝင်းထံမှ စုကြေးငွေများကို ထုတ်ယူကာလိမ်လည်ရယူသွားသူ ၎င်း၏စုကြေးဒိုင် ဒေါ်မာလာစိုးမှ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ပြန်လည်ပေးဆပ်ခြင်းမရှိသည့်အတွက် ငွေကြေး အခက်အခဲဖြစ်နေကြောင်း သိရှိရပါသည်။

၂။ သို့ပါသောကြောင့် ၎င်းအနေဖြင့် ငွေကြေးအခက်အခဲဖြစ်နေသော်လည်း တတ်နိုင်သမျှ ငွေကြေးများရှာဖွေခြင်း၊ အသိအကျွမ်းမိတ်ဆွေများထံမှ ငွေကြေးအကူအညီတောင်းခံခြင်းများ ဆောင်ရွက်နေပါသဖြင့် အချိန်ကာလတစ်ခုသတ်မှတ်ရန် လိုအပ်နေသည်ကို ထပ်မံ၍သိရှိရပါသည်။

၃။ ထို့ကြောင့် ၎င်းအနေဖြင့် ပေးရန်ရှိသူများကို ၃၀-၉-၂၀၁၉ရက်မှ စတင်ပြန်လည်ပေးဆပ်သွားမည်ဖြစ်ကြောင်းနှင့် ဒေါ်ခိုင်ဇာဝင်းမှ ငွေရရန်ရှိသူများထံသို့ အချိန်တိုကာလအတွင်းငွေကြေးများ တောင်းခံနေစဉ် ဒေါ်ခိုင်ဇာဝင်းမှ ငွေပေးရန်ရှိသူများက ခေတ္တစောင့်ဆိုင်းပေးခြင်းမရှိဘဲ ဒေါ်ခိုင်ဇာဝင်း၏နေအိမ်အတွင်းသို့ ဒေါ်ခိုင်ဇာဝင်း၏ခွင့်ပြုမပါဘဲ ဝင်ရောက်ခြင်း၊ ယုံကြည်အပ်နှံခြင်းဖြစ်ကြောင်း၊ အတင်းအကျပ်ဟန်ဆောင် ကတိစာချုပ်ချုပ်ဆိုခိုင်းခြင်း၊ အကြောက်တလန့်ဖြစ်စေရန်ခြိမ်းခြောက်ခြင်း၊ မလျော်ညီဇာသုံးခြင်း၊ ဒေါ်ခိုင်ဇာဝင်းနှင့် ၎င်း၏မိသားစု၊ မိဘဆွေမျိုးသားချင်းများ၏ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများပေါ်၌ မိသားစုဓာတ်ပုံနှင့်တကွ Posts တင်ခြင်း၊ မိဘဆွေမျိုးမိတ်ဆွေများအားစိတ်အနှောင့်အယှက်ဖြစ်စေရန် ပြုလုပ်ဆောင်ရွက်ခြင်း၊ ပုတ်ခတ်စော်ကားခြင်းများ ပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-**<br>**ဒေါ်ခိုင်ဇာဝင်း**<br>**၅/ကလဝ(နိုင်)၀၂၇၇၅၃** | **လွှဲအပ်ညွှန်ကြားချက်အရ-**<br>**ဦးခင်မောင်ဆွေ LL.B**<br>**တရားလွှတ်တော်ရှေ့နေ**<br>**(စဉ်-၆၉၀၈/၂၀၀၁)**<br>**အကွက်(၄၄)၊ ဒေါနဘွားရပ်၊**<br>**နန်းရှေ့၊ မန္တလေးမြို့၊**<br>**ဖုန်း-၀၉-၄၃၀၇၃၁၃၀** |

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်အသိပေးကြေညာခြင်း

ကျွန်တော်၏မိတ်ဆွေ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဇေယျာ(၆)လမ်း၊ အမှတ် ၁၅၆/ကနေ ဦးဖွဲ့ထက်ကို ၁၁/မအန(နိုင်)၀၃၉၄၈၆၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၇/အနောက်ရပ်ကွက်၊ ပတ္တမြား(၂)လမ်း၊ အမှတ် ၁၁၂၇/က၊ မြေဧရိယာ (အလျားပေ၂၀×အနံပေ ၆၀)ရှိသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ၂၄-၁၀-၁၉၉၃ ရက်စွဲပါ မြေငှားစာချုပ်အမှတ် သကတ/၇(န)၀၁၃၄/၉၃၊အမှုတွဲအမှတ်သကတ-မိတ္တူ-၂၉၈၃/၀၅ဖြင့် ဒေါ်ခင်ထွေး (AB -၀၀၃၅၈၄) အမည်ပေါက် နှစ်၆၀ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အာရ်စီ (၂)ထပ်တိုက်နေအိမ်တစ်လုံးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်နေထိုင်ပြီးအရှုပ်အရှင်းကင်းရှင်း၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဂရန်မူရင်းအပါအဝင် စာချုပ်စာတမ်းများကိုပြသ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန်အဆိုပြုစကားကမ်းလှမ်းလာကြသည့် ဦးကြည်စိန်၁၂/သကတ(နိုင်)၀၂၃၃၀၇နှင့် ၎င်း၏ ဇနီးဒေါ်စန်းကြည် ၁၂/သကတ (နိုင်)၀၂၃၃၀၆တို့ နှစ်ဦးထံမှအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက အိမ်နှင့်မြေ ရောင်းဖိုးငွေများအနက် စရန်ငွေတစ်ဝက်တိတိ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုခိုင်လုံသည့် အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိခဲ့ပါက အဆိုပါအိမ်နှင့်မြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-**<br>**ဦးဖွဲ့ထက်ကို**<br>**၁၁/မအန(နိုင်)၀၃၉၄၈၆** | **လွှဲအပ်ညွှန်ကြားချက်အရ-**<br>**ဒေါ်ဇင်ဇင်နိုင် LL.B,D.B.L**<br>**တရားလွှတ်တော်ရှေ့နေ**<br>**(စဉ်-၁၄၀၉၂)** | **ဦးအောင်နိုင်စိုး LL.B**<br>**တရားလွှတ်တော်ရှေ့နေ**<br>**(စဉ်-၉၈၈၂)** |

**အမှတ် ၁၄၇၀/က၊ ထူပါရုံ ၁၃လမ်း အရှေ့၊**
**၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၅၇၂၉၃၃၄၄၊ ၀၉-၄၄၇၁၉၃၃၄၄၊**
**၀၉-၇၉၈၁၉၃၂၉၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၁၃/သမိုင်း၊မြေကွက်အမှတ်၇/ဃ-၁၊ မြေကွက်တည်နေရာ အမှတ်၂၁၊ ဦးရွှေနုလမ်း၊၂-ရပ်ကွက်၊မရမ်းကုန်းမြို့နယ် မခိုင်အမည်ပေါက် Bမြေပိုင်မြေN/န ၃၉စိုက်ပျိုးရေးသုတေသန စခန်းမြေအဖြစ်အသုံးပြုရန် သတ်မှတ်မြေအား အမည်ပေါက် မိခင်ဒေါ်ခိုင်မှာ ၃၀-၆-၁၉၅၄ ရက်တွင်လည်းကောင်း၊ ဖခင် ဦးစောနဲလ်ဆင်မှာ ၃-၇-၁၉၆၀ရက်တွင် လည်းကောင်း အသီးသီး ကွယ်လွန်သွားပါသဖြင့် ၎င်းတို့၏ သားများဖြစ်ကြသည့် ဦးစောတာတု ၁၂/မရက(နိုင်)၀၄၁၆၉၂၊ ဦးစောလေးနော် ၈/မတန (နိုင်)၀၀၆၉၁၉တို့မှ သားများ တော်စပ်ကြောင်းနှင့်မိဘများသည် ကရင်လူမျိုး ခရစ်ယာန်ဘာသာကိုးကွယ်သူများ ဖြစ်ကြသော်လည်း ၎င်းတို့မကွယ်လွန်မီက သေတမ်းစာ တစ်စုံတစ်ရာရေးသားခဲ့ခြင်း မရှိကြောင်း ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ၊ ဒေါ်ခိုင်နှင့် ဦးစောနဲလ်ဆင်တို့၏ သေစာရင်းမှတ်တမ်းအား ရှာဖွေမတွေ့ရှိပါသဖြင့် သေစာရင်းမိတ္တူမှန် ထုတ်ပေးခြင်းမပြုနိုင်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏၁၀-၇-၂၀၁၈ ရက်ဖြင့် အကြောင်းကြားစာ၊ မရမ်းကုန်းမြို့နယ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး၏၁၆-၇-၂၀၁၈ရက်စွဲဖြင့် ထောက်ခံချက်တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/2249 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5D/2253 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပဲခူး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် EE/4528 Nissan AD VY12 S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ BARDO TRAVEL မှ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်သန်းညွန့် (ဇလွန်)**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ တိုက် ၁၄၁၊ အခန်း ၃၊ ရေနံ့သာလမ်း၊ သန္တာလမ်းသွယ်၊ (၂၄) ရပ်ကွက်၊ သုဝဏ္ဏနေ (ဦးအောင်ချိန်-ဒေါ်စိန်တင်)တို့၏သမီး၊ (ဦးခင်ထွန်း)၏ဇနီး၊ ဦးတင်ဝင်း-ဒေါ်မိုင်းမေဘယ်အောင်ဘော်တို့၏အစ်မ၊ ဒေါ်မြင့်မြင့်ဦး၊ ဗိုလ်မှူးကြီးမျိုးချစ်(ငြိမ်း)-ဒေါ်စဝ်စံဟွမ်၊ (ဦးအုန်းနိုင်)-ဒေါ်အေးအေးမော်၊ ဒေါ်စန်းစန်းမော်၊ ဦးထင်ကျော်လင်း-ဒေါ်ဝေဝေမော်၊ ဦးလှမျိုးထွန်း-ဒေါ်ရဲကြည်အောင် တို့၏မိခင်၊ မြေး ၁၀ ယောက်၊ မြစ်ခုနစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၄-၉-၂၀၁၈ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

R.D.C Co., Ltd.(Eushido & Dabo)

MD-ဒါရိုက်တာများနှင့် မိသားစုများ

---

**ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)**

**ဦးစော**

**ရာ-၁၇၂၉**

**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တိုက် ၆၊ အခန်း ၂၇၊ ရွှေဂုံရိပ်မွန်အိမ်ရာနေ ဒေါ်မြမြ(ရာ-၁၇၃၀)၏ ခင်ပွန်းသည် ၁၄-၉-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၉-၂၀၁၈ ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ သုဝဏ္ဏဝတီမြို့ အထကကျိုက်ကျော် တက္ကသိုလ်ဝင်တန်း (B)မှ နန်းမူသောင့်ဟွေ၏ ဖခင်အမည်မှန်မှာ ဦးစောအောင်မြင့် ၃/လဘန (နိုင်)၀၃၈၇၉၄ဖြစ်ကြောင်း။

**ဦးစောအောင်မြင့်**

---

## မိခင်အမည်မှန်

ပခုက္ကူမြို့နယ်၊ ကိုင်းရွာ အထက (ခွဲ) တက္ကသိုလ်ဝင်တန်း (B)မှ မောင်အောင်မြတ်မိုး၏ မိခင်အမည်မှန်မှာ ဒေါ်စန်းဦးဆွေ ၈/ပခက (နိုင်)၂၃၁၃၇၆ဖြစ်ပါကြောင်း။

---

## ဖခင်အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ထခွဲ(၅)မှ မမေသက်ခိုင်နှင့် မယွန်းနဒီလွင်တို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းလွင် ၁၂/တမန(နိုင်)၀၈၃၄၅၈ ဖြစ်ပါကြောင်း။

---

## မိခင်အမည်မှန်

ပန်းတနော်မြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်းမှ နမ့်မိုးပုလဲချစ်စု၏ မိခင်အမည်မှန်မှာ ဒေါ်ကျင်ဝင်း ၁၄/ပတန(နိုင်)၂၆၁၇၃၅ ဖြစ်ပါကြောင်း။

**ဒေါ်ကျင်ဝင်း**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၉၊ မြေကွက်အမှတ် ၁၆/ခ (၂-အေ)၊ ၁၆/ခ(၂-ဘီ)နှင့် ၁၆/ခ(၂-ဒီ)၊ မြေကွက်တည်နေရာအမှတ်-၄၄ (A)၊ (၆)မိုင်ခွဲ၊ ပြည်လမ်း၊ (၁၁) ရပ်ကွက်၊ ဘီ လ/န-၃၉ ရပြီး(အိမ်ရာမြေ သတ်မှတ်) အမည်ပေါက် ဒေါ်ခင်မြလွင် မြေကွက်(၃)ကွက်အား အမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်-၃၂၇၂/၂၀၁၈(၂၂-၃-၂၀၁၈) ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခင်အေးမြင့် ၅/မကန(နိုင်)၀၀၃၂၁၂၈ မြေအမည်ပေါက် စာချုပ်-၂၂၀/၁၉၇၀ (၁၈-၃-၁၉၇၀) စာချုပ်လက်ခံအမှန်နှင့်ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ၅-၉-၂၀၁၈ ရက်စွဲဖြင့် ကျမ်းကျိန်ဆိုထားသော ကျမ်းကျိန်လွှာမူရင်းတို့ကို တင်ပြ၍ အမှားပြင်စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းကြည်**

**အသက်(၈၈)နှစ်**

ဦးထွန်းဇော်(ဦးစီးအရာရှိ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်)၏ဖခင် ဦးထွန်းကြည် အသက်(၈၈)နှစ်သည် ၁၇-၉-၂၀၁၈ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုတိယဗိုလ်မှူးကြီး အောင်ဇော်ဝင်း (ကကနက်) OTS(58)**

**အင်ဂျင်နီယာမှူးကြီး-BE Matallurgy (1978 Batch)**

**အမှတ်(၃)သံမဏိစက်ရုံ(ရွာမ)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၃) သံမဏိစက်ရုံ(ရွာမ)ဝင်းအတွင်းနေ ဒေါက်တာဘုန်းအောင်ဇော်(ရန်ကင်းကလေးဆေးရုံကြီး)၏ဖခင်၊ (ဒေါ်ဝါဝါဝင်းကျော်)၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးအောင်ဇော်ဝင်း (ကကနက်)(ငြိမ်း) သည် ၁၇-၉-၂၀၁၈ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်လက်နက်ပစ္စည်းတပ်ဖွဲ့အငြိမ်းစားများမိသားစု**
**(မန္တလေး)**

---

## အထူးကျေးဇူးတင်ရှိခြင်း

ရှေးဦးစွာ အဖဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ၁၀-၉-၂၀၁၈ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားသော မိခင် နော်အဲလစ္စဘက်ခါး၏ ဈာပနတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီသော အောက်ပါဂုဏ်သရေရှိလူကြီးမင်းများဖြစ်သော ဦးတေဇ(ဥက္ကဋ္ဌ-Htoo Group of Companies)၊ ဦးပြည့်ဖြိုးတေဇ(ရန်ကုန်ယူနိုက်တက်ဘောလုံးအသင်း၊ YUFC၊ အသင်းတာဝန်ရှိသူများ၊ နည်းပြများနှင့်အားကစားသမားများ)၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်မှ တာဝန်ရှိသူများအားလုံး၊ ကရင်နှစ်ခြင်းဓမ္မတက္ကသိုလ်မှ တာဝန်ရှိသူများအားလုံး၊ ကရင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ဆေးရုံမှ တာဝန်ရှိသူများအားလုံး၊ တောင်ငူပကူးသာသနာနယ်မှ တာဝန်ရှိသူများအားလုံး၊ ပကူးမြို့မနှစ်ခြင်းအသင်းတော်မှ သင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများအားလုံး၊ လာရောက်ကူညီပေးသော ဓမ္မအမှုတော်ဆောင်များအားလုံးနှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**မညို့ဖူးမြတ်သွယ်(ဖူးဖူး)**

**အသက်(၁၇)နှစ်**

ဦးကျော်ဝင်း-ဒေါ်တင်မို့မို့လွင်တို့၏ တစ်ဦးတည်းသော သမီးငယ် မညို့ဖူးမြတ်သွယ်သည် ၁၅-၉-၂၀၁၈ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိသို့လားပါစေကြောင်း။

**ဦးစိုးပိုင်-ဒေါ်ဥမ္မာသိန်း**
**ဖူးပွင့်ဝေလှိုင်၊ အိန္ဒြာထက်**

---

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေ ဦးစိန်ဝင်း ၁၂/သဃက(နိုင်)၀၇၀၈၅၆က ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေကွက်အမှတ်(၆)၊ ဝေဇယန္တာလမ်းနှင့် ရတနာလမ်းထောင့် ရတနာမွန်အဆင့်မြင့်အိမ်ရာစီမံကိန်း၊ ရွှေကမ္ဘာမောင်မောင်ဆောက်လုပ်ရေးမှကြီးကြပ်ဆောက်လုပ်သည့် ရှစ်ထပ်တိုက်၏(တတိယထပ်)၊ တိုက်ခန်းအမှတ်($D_1$,$D_2$) နှစ်ခန်းတွဲကို လက်ရှိပိုင်ဆိုင်သူ ဒေါ်စမ်းမြင့်(ခ) ဒေါ်စမ်းစမ်းမြတ် ၁၂/ရကန(နိုင်)၀၃၇၇၃၉ထံမှ ဝယ်ယူရန် စရန်ငွေပေးထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်သူရှိပါက ဤကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဦးတင်အောင်ကြည်**
**B.Sc,H.G.P,R.L**
**အထက်တန်းရှေ့နေ(စဉ်-၁၁၀၈၆)**
**အမှတ်(၉၅၄)၊ သရေခေတ္တရာလမ်း၊ ၁၃၂ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)၊ ရန်ကုန်တိုင်းဒေသကြီး**

---

## အထူးကျေးဇူးတင်ရှိခြင်း

**ဦးအုန်းညွန့် (ထားဝယ်)**

**တနင်္သာရီတိုင်းကောင်စီလုပ်ငန်းစစ်ဆေးရေးဥက္ကဋ္ဌ(ငြိမ်း)**

**မြို့နယ်ပညာရေးမှူး(ငြိမ်း)**

**အသက်(၈၆)နှစ်**

၁၂-၉-၂၀၁၈ ရက် နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်ပြီး ၁၅-၉-၂၀၁၈ ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ဇဟာသုသာန်၌ မီးသင်္ဂြိုဟ်ခဲ့သော ဦးအုန်းညွန့်၏ နာရေးကိစ္စအရပ်ရပ်တွင် လိုက်ပါပို့ဆောင်သူများနှင့် မိသားစုစိတ်ဖြင့် လိုလေသေးမရှိ ဝိုင်းဝန်းကူညီခဲ့သော ရပ်နီး/ရပ်ဝေးမှ ဆရာသမားများ၊ ဆရာ/ဆရာမများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ လုပ်ဖော်ကိုင်ဖက်များ၊ တပည့်များအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းညွန့် (ဇလွန်)**

**အသက်(၈၅)နှစ်**

ဗိုလ်မှူးကြီးမျိုးချစ်(ငြိမ်း)-ဒေါ်စဝ်စံဟွမ်တို့၏ ချစ်လှစွာသောမိခင် ဒေါ်သန်းညွန့်သည် ၁၄-၉-၂၀၁၈ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိသို့လားပါစေကြောင်း။

**ပီတိလူမှုကူညီရေးအသင်း(စမ်းချောင်း)**
**အသင်းသားများ**

---

## အထူးကျေးဇူးတင်ရှိခြင်း

၂၈-၈-၂၀၁၈ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားသော ပါမောက္ခ ဒေါက်တာဒေါ်အေးသောင်း (ဘူမိဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၏မကျန်းမာစဉ်တွင် မေတ္တာ၊ စေတနာ အပြည့်ဖြင့် ကုသပေးပါသော မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးမှ အထူးကုသမားတော်ကြီးများနှင့် ဆရာဝန်၊ ဆရာ၊ ဆရာမများ၊ ICU ဌာနမှ အထူးကုသမားတော်ကြီးများနှင့် ဆရာဝန်၊ ဆရာ၊ ဆရာမများ၊ မေတ္တာ၊ စေတနာအပြည့်ဖြင့် အားပေးစောင့်ရှောက်ကူညီခဲ့ကြပါသော ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဘူမိဗေဒဌာနမှ ဆရာကြီး၊ ဆရာမကြီးများ၊ နေမကောင်းဖြစ်စဉ်မှစ၍ နာရေးပြီးဆုံးချိန်အထိ အစစအရာရာ စေတနာအပြည့်အဝနှင့် ကူညီစောင့်ရှောက်ပေးပါသော ၈၂ခုနှစ် ဘူမိဗေဒ ကျောင်းနေဖက်သူငယ်ချင်းများ၊ ဒေါက်တာစိုးမိုးလွင်နှင့် ကျောင်းသားကျောင်းသူများ၊ မွန်ပြည်နယ်၊ မုဒုံမြို့၊ ညောင်ကုန်းကျေးရွာမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း ဖုန်းမှတစ်ဆင့် ဆက်သွယ်မေးမြန်းအားပေးကြသော မိတ်ဆွေသူငယ်ချင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းပံ့ပိုးလှူဒါန်းပေးခဲ့ကြပါသော မိတ်ဆွေသူငယ်ချင်းများ၊ ဖြူစင်မေတ္တာနာရေးကူညီမှုအသင်း၊ ရင်တွင်းမေတ္တာနာရေးကူညီမှုအသင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ဝင်းကြည်**

**ညွှန်ကြားရေးမှူး(ငြိမ်း)**

**စက်မှုဆောင်ရွက်မှုလုပ်ငန်း၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန**

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ စံပယ်လမ်း၊ အမှတ် ၂၉/၄၁ နေ (ဦးကျော်ညွန့်-ဒေါ်စောညွန့်)တို့၏သမီး၊ ဦးစံဝင်း(ဒုညွှန်ကြားရေးမှူး၊ ငြိမ်း၊ မြန်မာ့ကျောက် မျက်ရတနာလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန)၏ဇနီး ဒေါ်ခင်ဝင်းကြည်(ညွှန်ကြားရေးမှူး၊ ငြိမ်း)သည် ၁၅-၉-၂၀၁၈ ရက်(စနေနေ့)ညနေ ၅း၄၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဝင်း-ဒေါ်မိမိတင်**
**ချမ်းမြေ့မေတ္တာအထူးကုဆေးရုံ(သန်လျင်)**
**"ဇော်ထက်ပိုင်"အင်ဂျင်နီယာနှင့်**
**ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်**
**"စိန်ရွှေထိပ်တန်း"အင်ဂျင်နီယာနှင့်**
**ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ဝင်းကြည်**

**ညွှန်ကြားရေးမှူး(ငြိမ်း) T.S.C စက်မှု(၂)**

**အသက်(၇၅)နှစ်**

မိဘသဖွယ်ရှိသေလေးစားအပ်ပါသော ဒေါ်ခင်ဝင်းကြည် [ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဆောင်ရွက်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန]သည် ၁၅-၉-၂၀၁၈ ရက် (စနေနေ့) ညနေ ၅း၄၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဇော်ဝင်း-ဒေါ်မိမိတင်**
**"ဇော်ထက်ပိုင်"အင်ဂျင်နီယာနှင့်**
**ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်**
**"စိန်ရွှေထိပ်တန်း"အင်ဂျင်နီယာနှင့်**
**ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်**
**"ချမ်းမြေ့မေတ္တာ"အထူးကုဆေးရုံ(သန်လျင်)**

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တကောဝိဒ(စာချ)

**သက်တော်(၅၉)နှစ်၊ သိက္ခာတော်(၃၈)ဝါ**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ အတုလမာရ်အောင်စာသင်တိုက်၏ စာချဆရာတော် ဘဒ္ဒန္တကောဝိဒသည် (၁၃၈၀ ပြည့်နှစ် တော်သလင်းလဆန်း ၈ရက်)၁၇-၉-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၀ပြည့်နှစ် တော်သလင်းလဆန်း ၁၀ ရက်) ၁၉-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

**ဈာပနဖြစ်မြောက်ရေးကော်မတီ**
**အတုလမာရ်အောင်ကျောင်းတိုက်**

---

## ဝမ်းနည်းကြေကွဲခြင်း

**ရဟန်းဒါယိကာမကြီး**

**ဒေါ်အေးမြင့်**

**(BPI ထိုးဆေးနှင့်နေ့ ကလေးထိန်းဌာန)(ငြိမ်း)**

**အသက်(၈၀)**

City Properties Co.,Ltd တွင် တာဝန်ထမ်းဆောင်နေသော ဦးကျော်ကျော်ဦး (Chief Engineer)-ဇနီး ဒေါ်ဥမ္မာမြင့်တို့၏ ချစ်လှစွာသော မိခင် ဒေါ်အေးမြင့်သည် ၁၅-၉-၂၀၁၈ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကောင်းရာသုဂတိသို့လားပါစေကြောင်း။

**City Properties Co.,Ltd မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးအုန်းမောင် (မြင်းမူ)**

**စက်ရုံမှူးကြီး(ငြိမ်း)၊ ပလိပ်ချည်မျှင်နှင့်အထည်အချောကိုင်စက်ရုံ**

**သက်ကြီးကန်တော့ခံ Textile Engineer**

**အသက်(၈၇)နှစ်**

ဦးအုန်းမောင် (သက်ကြီးကန်တော့ခံ ချည်/ထည်အင်ဂျင်နီယာ)သည် ၁၀-၉-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ချည်မျှင်နှင့်အထည်အင်ဂျင်နီယာမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြတ်စန်းကြွယ်(ခ)ဒေါ်ရီ**

**အသက်(၇၈)နှစ်**

ဒုဗိုလ်မှူးကြီး အောင်နိုင်(ငြိမ်း)-ဒေါ်အေးအေးသင်းတို့၏မိခင် ဒေါ်ရီ(ခ) ဒေါ်မြတ်စန်းကြွယ်သည် ၁၅-၉-၂၀၁၈ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၅)မှ သူငယ်ချင်း၊ မိသားစုများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးဟန်ညွန့် (စစစ-ငြိမ်း)**

**အသက်(၆၈)နှစ်**

သူငယ်ချင်း ဦးဟန်ညွန့်(စစစ-ငြိမ်း)သည် ၁၃-၉-၂၀၁၈ရက်(ကြာသပတေးနေ့)ညနေ ၃း၃၀နာရီတွင် ကလေးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်းကောင်းရာသုဂတိလားပါစေ။

**ဒုရဲအုပ်လောင်း(အရာရှိ) သင်တန်းအမှတ်စဉ်(၁၅)အသင်းမှ**
**သူငယ်ချင်းများ**

---

## ဒေါ်မြသီသိန်း (အထက်တန်းပြ/ငြိမ်း)

**အထက(၃)၊ ဗိုလ်တထောင်**

**Brown Academy(ကိုယ်ပိုင်ကျောင်း)**

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၁ လမ်း၊ ၁၅၉/၁၆၁ (၇-လွှာ)နေ (ဦးကျော်သိန်း-ဒေါ်မြင့်သက်တင်)တို့၏သမီး၊ ဒေါ်ရင်မော်သိန်း-ဦးရန်နိုင်ဝင်းအုန်း၊ ဦးမြင့်သိန်းဦးတို့၏ညီမ၊ ဒေါ်အေးကြူသိန်း-ဦးမြင့်ဦး၊ ဦးဇော်သိန်း-ဒေါ်ရီရီစိုးတို့၏အစ်မ၊ တူ၊ တူမ ခြောက်ယောက် တို့၏အဒေါ်သည် ၁၆-၉-၂၀၁၈ ရက် (တနင်္ဂနွေနေ့)နံနက် ၁၁း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၉- ၂၀၁၈ ရက်(စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## အထူးကျေးဇူးတင်လွှာ

**ဘုရား၊ ရဟန်း၊ လမ်းဒါယကာ**

**ဦးအောင်ထက်မြင့်**

**ဦးစီးအရာရှိ(တည်ဆောက်ရေး-၁)**

**(ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)**

**အသက်(၄၈)နှစ်**

၂-၉-၂၀၁၈ ရက်(တနင်္ဂနွေနေ့)နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားသော ဦးအောင် ထက်မြင့် (BE-Civil)၏ နာရေးကိစ္စအရပ်ရပ်တွင် မိသားစုစိတ်ဖြင့် လာရောက်မေးမြန်းလိုက်ပါပို့ဆောင်ခဲ့ကြသော အင်ဂျင်နီယာချုပ် (စက်မှု)၊ လက်ထောက်ညွှန်ကြားရေးမှူး (တည်ဆောက်ရေး-၁)၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဖြူးချောင်းရေလှောင်တမံမှ အရာထမ်းများနှင့်ဝန်ထမ်းများ၊ တောင်ငူ GTI၊YIT နှင့် ပုပ္ပားဆောင်မှ သူငယ်ချင်းများ၊ နေပြည်တော်နှင့် တောင်ငူမြို့တို့မှ မိတ်ဆွေသူငယ်ချင်းများ၊ ရက်လည်ဆွမ်းကျွေးတွင် ပါဝင်လှူဒါန်းပေးခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒုတိယဗိုလ်မှူးကြီးကျော်ညွန့်(ငြိမ်း)
### ကြည်း-၁၅၄၇၃ OTS (၅၈)
### ညွှန်ကြားရေးမှူး(ငြိမ်း)
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### အသက်(၆၄)နှစ်

(ဦးလှမောင်-ဒေါ်ခင်ချို)တို့၏သား၊ (ဦးထွန်းစာ)-ဒေါ်သန်းစိန်တို့၏သားသမက်၊ (ဦးဝိုင်းမောင်)-ဒေါ်ခင်သန်းနွယ်တို့၏မောင်၊ (ဦးလှညွန့်)-ဒေါ်စန်းစန်းရီ၊ (ဦးအောင်ညိမ်း)၊ ဦးစိုးတင့်၊ ဦးလှကြိုင်တို့၏အစ်ကို၊ မဇင်ဇင်ထွန်း-မောင်စိုင်းသန်းထိုက်၊ မောင်အောင်ဘုန်းကျော်-မထက်ထက်အောင်တို့၏ဖခင်၊ မမေဘုန်းမြင့်မိုရ်၊ မစန္ဒာမြင့်မိုရ်၊ မောင်မြတ်ဘုန်းသီဟတို့၏အဘိုး၊ ဒေါ်သိန်းသိန်းဝင်း၏ခင်ပွန်းသည် ၁၇-၉-၂၀၁၈ရက် (တနင်္လာနေ့) ည ၇း၂၇နာရီတွင် မြောက်ဒဂုံမြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ဘောဂလမ်း၊ အမှတ် ၉၈၁ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ကြည်း-၁၅၄၇၃ ဒုတိယဗိုလ်မှူးကြီးကျော်ညွန့်(ငြိမ်း)
### OTS (58 )
### အသက်(၆၄)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးကျော်ညွန့်(ငြိမ်း)သည် ၁၇-၉-၂၀၁၈ရက် ည ၇း၂၇နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်ဘောဂလမ်း၊ အမှတ် ၉၈၁ နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗသက(၅၈)ကျောင်းဆင်းအရာရှိ မိသားစုများ

## ဝမ်းနည်းကြေကွဲခြင်း
## ဝဏ္ဏကျော်ထင် ဦးခင်ဝင်း
### ဒုတိယစာရင်းစစ်ချုပ်(ငြိမ်း)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ (ကက-ငွေ)
### အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၆၀၊ အရှေ့ကြို့ကုန်း ၇လမ်း(မြောက်)နေ ဗိုလ်ကြီးမျိုးဇော်ဝင်း(ငြိမ်း)(မန်းစည်ပင်)၏ဖခင် ဦးခင်ဝင်းသည် ၁၁-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် သူငယ်ချင်းနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

(OTS 97) သူငယ်ချင်းများ

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဆရာကြီး ဦးသိန်းဟန် အသက်(၈၈)နှစ်
### (အထက၊ ငြိမ်း)၊ သတင်းစာကိုယ်စားလှယ်(အုတ်ဖို)

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့၊ မြို့မ(၃)လမ်းနေ ဒေါ်တင်မွေး၏ခင်ပွန်း၊ ဒေါ်သန်းသန်းဟန်(တိုင်းရင်းဆေးရုံ၊ ရန်ကုန်)၊ ဦးအောင်ကျော်ခိုင်-ဒေါ်မြင့်မြင့်ဟန်(ခုတင်-၅၀၀ဆံ့အထူးကုဆေးရုံ၊ ရန်ကုန်)၊ ဒေါ်မူမူဟန်(အလက၊ ချမ်းမြသာစည်)၊ ဒေါ်လွင်လွင်ဟန်၊ ဦးအောင်စိုးမိုးလှိုင်-ဒေါ်ခင်အေးတင့်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၇-၉-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်ဦး (လက်ပံတန်း)
### B.A (Philosophy)
### အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ စက်မှုဇုန် ၁လမ်း၊ အမှတ်(၇၇-ခ)နေ (ဦးမောင်ခွင်-ဒေါ်တင်)တို့၏သား၊ (ဦးကြူစိန်-ဒေါ်ကြင်မြ)တို့၏သားသမက်၊ မနွယ်နွယ်တင်ဦး၊ မဖြူဖြူတင်ဦး၊ (မောင်သန့်ဇင်ဦး)တို့၏ဖခင်၊(ဦးလှအုန်း)-ဒေါ်မြသွင်၊ (ဦးလှိုင်ဗုက်)-ဒေါ်စန်း၊(ဒုဗိုလ်မှူးကြီးထိန်ဝင်း၊ ငြိမ်း)-ဒေါ်အေးမွန်၊ (ဦးတင်ထွေး)၊ ဦးရှုမောင်-ဒေါ်ခင်စိုးထွေးတို့၏အစ်ကို/မောင်၊ (ဒေါ်မြင့်မြင့်ရီ)၏ခင်ပွန်းသည် ၁၈-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၁၀း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၈ရက်(တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## သထုံမြို့နယ်အသင်း(ရန်ကုန်)
## ဦးမျိုးမြင့်အေး
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ စက်မှုရိပ်သာ၊ တိုက် ၂၅၊ အခန်း ၉နေ (ဦးမျိုးမြင့်သွင်)-ဒေါ်သိန်းသိန်း(နာယက၊ သထုံမြို့နယ်အသင်း၊ ရန်ကုန်)တို့၏သားသည် ၁၅-၉-၂၀၁၈ရက်(စနေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၉-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

အမှုဆောင်အဖွဲ့

## ကိုစိုးမိုးအောင်
### အသက်(၄၅)နှစ်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ယူဂိုဆလပ်၊ သံယောဇဉ်လမ်း၊ အမှတ် ၆၅နေ ဦးပေါ်ဦး(ခရိုင်ဥပဒေအရာရှိ၊ ငြိမ်း၊ တရားလွှတ်တော်ရှေ့နေ)-ဒေါ်လှကြည်တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သီတာလမ်း၊ အမှတ် ၁၁၈၊ (ခုနစ်လွှာ-A)နေ ဦးတင်ဝင်း-ဒေါ်ကြည်သောင်းတို့၏သားသမက်၊ မယင်းမာဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မဝင်းလှဲ့ဝါ၏အစ်ကို၊ မမျိုးမြတ်သူ၊ မဆုမြတ်သူတို့၏ဖခင်သည် ၁၅-၉-၂၀၁၈ရက် (စနေနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ရက် (ကြာသပတေးနေ့) တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (သင်္ဂြိုဟ်မည့်အချိန်အား ထပ်မံကြေညာပါမည်။) ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဒေါ်အေး (ထားဝယ်)
### အသက်(၉၇)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ ကျောက်မြောင်းကျေးရွာနေ (ဦးအေးခိုင်-ဒေါ်ကျွမ်းဆွေ)တို့၏ တစ်ဦးတည်းသောသမီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ အမှတ်(၁၈/က)နေ (ဦးဟန်မြင့်-ဒေါ်အေးကြည်)တို့၏မိခင်၊ ဦးမြင့်မော်ဦး၊ ဒေါ်တင်တင်သော်(ကထိက၊ ပထဝီဝင်ဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်)၊ ဦးဝင်းထွန်းဦးတို့၏အဘွားသည် ၁၈-၉-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ဝင်း အသက်(၉၀)

ရန်ကုန်မြို့၊ FMI City၊ မင်္ဂလာ ၁လမ်း၊ အမှတ်(K-15)၊ အမှတ်တရစံအိမ်နေ (ဦးကြီးစိန်-ဒေါ်ကျင်မှိန်)တို့၏သမီး၊ (ဦးညွန့်လွင်)၏ချစ်လှစွာသောဇနီး၊ ဒေါ်ဆွေညွန့်လွင်(ဓာတုဗေဒ)၊ ဒေါက်တာဆုညွန့်လွင်၊ ဒေါက်တာမိုဃ်းညွန့်လွင်(ဒု-ညွှန်မှူး၊ ငြိမ်း၊ မွေးကုဦးစီး)၊ ဒေါ်မင်းညွန့်လွင်(Advisory Engineer-Global Foundry, USA)၊ ဒေါက်တာလင်းညွန့်လွင်(ဆီးနှင့်ကျောက်ကပ်အထူးကုဆရာဝန်ကြီး) (USA) - ဒေါက်တာ Peter အောင်မင်း (Intensive Care Specialist -USA)တို့၏ ချစ်လှစွာသောမာမား၊ သုသစ္စာအောင် @ Genebelle Mynn ၏ဘွားဘွားသည် ၁၈-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇း၄၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၈ရက်(စနေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နှင်းရီ
### [နမ္မတူ(ဘော်တွင်း)မိုင်း]
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ၇၄/၅(ခ)၊ ငါးလွှာနေ(ဦးထွန်းရ)၏ဇနီး၊ ဒေါ်နှင်းကြည်(ကျောက်ဆည်)၏အစ်မ၊ (ဦးမှီ)-ဒေါ်တင်တင်ဝင်း(ခ)ဒေါ်ပြုံး၊ [ဦးတင်ထွန်း(ခ)ကိုဖိုးတုတ်]-ဒေါ်အေးအေးမြင့်၊ ဦးအောင်ကျော်ဦး(ခ)ဦးအောင်ပြည့်ဖြိုး-ဒေါ်အေးအေးဝင်း၊ ဦးထွန်းထွန်းထွေးတို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ် ၂၃ယောက်၊ တီတစ်ယောက်တို့၏အဘွားသည် ၁၇-၉-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများနံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၈ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစန်းဟိန်း
### (တကက-ငြိမ်း)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးသိန်းမောင် - ဒေါ်အုန်းရှင်)တို့၏သား၊ လှိုင်မြို့နယ်နေ (ဦးခင်မောင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ (ဦးမြင့်သိန်း)-ဒေါ်ခင်သန်းဝင်း၊ဦးအောင်မြင့်-ဒေါ်ခင်အေးမူတို့၏ညီ/မောင်၊ ဦးအောင်သာကျော်-(ဒေါ်ခင်စိန်မြင့်)၊ (ဗိုလ်ကြီးထွန်းလှကျော်)-ဒေါ်စောခိုင်၊ ဦးစန္ဒီမာ၊ ဒေါ်စန်းစန်းအေး၊ ဒေါ်မြရင်၊ ဦးဟိုပိုချင်း-ဒေါ်ဂျူးဂျူး (ခေတ္တ-စင်ကာပူ)၊ (ဦးချစ်ကိုကို) - ဒေါ်သန်းသန်းဌေး၊ ဦးစန်းကိုကို-ဒေါ်ငြိမ်းငြိမ်းအေး၊(ဦးဇော်ထွန်း သောင်း)-ဒေါ်ထွေးထွေးမြင့်တို့၏အစ်ကို၊ တူ/တူမ ကိုးယောက်တို့၏ဦးလေး၊ မသီတာစန်း (Concode Industries Ltd)၊ ကိုရန်နိုင်ဟိန်း (သားငှက်ထိန်းသိမ်းရေးအဖွဲ့၊ WCS)တို့၏ဖခင်၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ ၅၁လမ်း၊ အမှတ် ၃၆နေ ဒေါ်စိန်မြင့်(မ/၉၊ လှိုင်၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၉-၂၀၁၈ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါက်တာဘီဒေါင်ဟောင်း
### (နမ့်ခမ်း)
### (M.B,B.S) Mdy
### အသက်(၅၂)နှစ်

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ တောင်ခြေလမ်း၊ အမှတ် ၁၇၀နေ ဦးဘီခေါင်ဒေါင် - (ဒေါ်ချစ်ဦး)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေဂုဏ်သူအိမ်ရာ၊ အမှတ် ၄၀၇နေ မဘီဟောင်းနော်ဖြူ၊ မဘီဟောင်းနန်းရှမ်၊ မဘီဟောင်းညွယ်ဖူးတို့၏ ဖခင်၊ ဒေါ်နူးဒင်၏ချစ်လှစွာသောခင်ပွန်းသည် ၁၇-၉-၂၀၁၈ရက် နံနက် ၁၁နာရီတွင် နမ့်ခမ်းပြည်သူ့ဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စုစုမေ
### အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ တိုက် (B)၊ အခန်း ၁၀၁နေ ဦးအတတ်-ဒေါ်ကြည်တို့၏သမီး၊ ဦးဇော်မျိုးဦး - ဒေါက်တာကြည်ကြည်ဟန်၊ ဦးအောင်ကျော်မြင့်၊ ဒေါ်မြတ်စုဝင်း၊ ဦးဟိန်းသူဝင်း-ဒေါ်ကေဇင်ဖြိုးတို့၏မိခင်၊ မြေးနှစ်ယောက်တို့၏အဘွား၊ ဒု-ဗိုလ်မှူးကြီးကြည်ဝင်းဦး(ငြိမ်း) ဒု-ဦးဆောင်ညွှန်ကြားရေးမှူး ပဆင(ငြိမ်း)၏ဇနီးသည် ၁၇-၉-၂၀၁၈ရက်(တနင်္လာနေ့) ည ၁၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၉-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ခေါ့ဟုတ်ဝမ်(ခ)
## ဦးဟုတ်ဝမ် (လှည်းတန်းဈေး)
### အသက်(၅၆)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း ပေ(၅၀)လမ်း၊ အမှတ် ၂၁၊ ပထမထပ်နေ (ဦးခွေး-ဒေါ်ကြင်ငွေ)တို့၏သား၊ (ဦးတိန်ဝိုး-ဒေါ်ရင်ရင်)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးဟုတ်စိန်-ဒေါ်ကြည်ကြည်စန်း၊ ဦးကျော်ကျော်၊ ဦးဟုတ်အောင်-ဒေါ်နီနီထွန်း၊ (ဒေါ်တင်တင်)၊ ဒေါ်အေးအေးထွေးတို့၏အစ်ကို၊ မမိုမိုသော် (Assistant Teacher, NELC)၊ မောင်ကျော်သူရ (3rd year, Yangon University of Economics)၊မကြည်စင်သော်(Grade-10, TTC)တို့၏ ဖခင်သည် ၁၈-၉-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၂း၁၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၉-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်စန်းဝေ(ခ)ဒေါ်ခင်တင့်
### (ကြို့ပင်ကောက်မြို့)
### စိန်စည်ယောဂီ
### အသက်(၉၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ မီးဒုံးလမ်းသွယ်(၁)၊ အမှတ် ၁၄၈၊ အခန်း ၅နေ(ဦးသာစိန်)၏ဇနီး၊ ဦးအောင်နိုင်-ဒေါ်ဌေးဌေးရီ၊ ဦးအောင်ကျော်ဦး-ဒေါ်ကျင်နု၊ဦးမြင့်ဇော်-ဒေါ်စုမြတ်မြတ်၊ ဒေါ်မြင့်မြင့်ခိုင်တို့၏မိခင်၊ အောင်မြတ်ဖြိုး၊ နန္ဒာပြည့်စုံ၊ ကျော်ဖုန်းအောင်၊ သင်းသင်းစုလှိုင်တို့၏အဘွား၊ မြစ်တစ်ယောက်၏အဘွားသည် ၁၈-၉-၂၀၁၈ရက်မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ပုလောမြို့နယ်အသင်း(ရန်ကုန်)
## ဦးဖိုးဒင် (ပုလော/ကျောက္ကာ)
### အသင်းဝင်အမှတ်-၁၁၀၅
### အသက်(၇၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ ကျောက္ကာကျေးရွာ(၄)ရပ်ကွက်နေ ဒေါ်တင်ဆန်း၏ ခင်ပွန်းသည် ၁၇-၉-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင်နေအိမ်မှကျောက္ကာကျေးရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

အမှုဆောင်အဖွဲ့

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း၊အုတ်တံတိုင်းဒါယိကာမကြီး
## ဒေါ်စန်း(ရွှေရင်ကျော်ဆရာမကြီး)
### အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ကံကော်မြိုင်လမ်း၊အမှတ်(ခ/၆၆၆)နေ ရွှေရင်ကျော်ဆရာကြီး ဦးသန်းငြိမ်း၏ ချစ်လှစွာသောဇနီး ဆရာမကြီးဒေါ်စန်းသည်၁၈-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၄း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၈ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်အေး
### အသက်(၆၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့၊ ၈လမ်းနေ (ဦးမောင်မောင်-ဒေါ်စောညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၃၆လမ်းနေ (ဦးလှမောင်)-ဒေါ်မြသန်းနွဲ့တို့၏သမီးချွေးမ၊ဦးအောင်သိန်း၏ချစ်လှစွာသောဇနီး၊ ကိုမျိုးသူရိန်အောင်-မနန်းအေးထက်မော်၊ ကိုမျိုးသီဟအောင်-မနန်းခင်မာသူ၊ကိုစည်သူရဌေး-မသီရိဆုမွန်တာအောင်တို့၏ မိခင်၊ မအိမ့်ချစ်ဖူး၊ မောင်ရဲရင့်သူရအောင်တို့၏အဘွားသည် ၁၈-၉-၂၀၁၈ရက် နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်အေး
### အသက်(၆၁)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်နေ (ဦးမောင်မောင်-ဒေါ်စောညွန့်)တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၃၆လမ်းနေ(ဦးလှမောင်)-ဒေါ်မြသန်းနွဲ့တို့၏သမီးချွေးမ၊ ဦးအောင်သိန်း၏ချစ်လှစွာသောဇနီး၊ ဦးတင်မောင်နီ-ဒေါ်မြင့်မြင့်စန်း(တရားလွှတ်တော်ရှေ့နေ)၊ ဦးမောင်မောင်လွင်-ဒေါ်နှင်းဆီ၊ (ဦးညီညီလွင်-ဒေါ်သန်းသန်း)၊ ဒေါ်တင်တင်အောင်၊ ဒေါ်လှလှစန်း၊ ဦးမျိုးဟန်တို့၏အစ်မ၊ မြေးသုံးယောက်တို့၏အဘွားသည် ၁၈-၉-၂၀၁၈ရက် နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်း (တာပွန်၊ နတ်တလင်း)
### အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ် ၆၂နေ(ဦးအုန်းဟန်)၏ဇနီး၊ ဦးစိန်လှိုင်(ဗဟိုဘဏ်၊ဦးစီးအရာရှိ၊ ငြိမ်း)-ဒေါ်အေးသန်း(ကြည့်မြင်တိုင်၊ ညဈေး)၊ ဒေါ်သန်းမြင့်(တာပွန်)၊ ဦးခင်မောင်ဝင်း(ညွှန်မှူး၊ ငြိမ်း)-ဒေါ်ကြည်ကြည်ဝင်း(အထပြ၊ ငြိမ်း)၊ ဦးဇော်ထွန်း-ဒေါ်ကြည်သန်း၊ ဦးကျော်ကျော်မိုး-ဒေါ်မြမြဌေးတို့၏မိခင်၊ ဒေါက်တာကေရီစိုး၊ မောင်မင်းသစ္စာရှင်(ရေကြောင်း)၊ မထက်မြက်သီရိ(ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်)၊ မောင်ကျော်သက်ပိုင်(အထက-၁၊ ကြည့်မြင်တိုင်)တို့၏အဘွားသည် ၁၇-၉-၂၀၁၈ရက်(တနင်္လာနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင်ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ဆွဲမိ (ရေဦးမြို့)
### အသက်(၉၃)နှစ်

ရေဦးမြို့နေ (ဆရာကြီး ဦးပု၏ဇနီး)၊ ဗိုလ်မှူးမောင်ဦး(ငြိမ်း)-ဒေါ်ခင်ကြူကြူ၊ (ဦးသောင်းရှိန်)-ဒေါ်ဟန်၊ ဦးညွန့်၊ (ဦးကျော်ဦး)-ဒေါ်စံပို SAT (ငြိမ်း) အထက(၂)ရေဦး၊ ဗိုလ်မှူးကြီးဝင်းတည်(ငြိမ်း)-ဒေါ်နုနု SAT T.T.C တို့၏မိခင်၊ မြေး ၁၂ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၈-၉-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဦးမြို့သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်သန်းစိန် အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အမှတ်(၁၀)၊ ဘုရင့်နောင်လမ်း၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာနေ(ဦးဘသိန်း-ဒေါ်အေးရှင်)တို့၏သမီး၊ (ဦးဘဂွမ်း-ဒေါ်ခင်မမ)တို့၏သမီးချွေးမ၊ [ဦးစံအေး(စက်မှု-၁)ငြိမ်း]၏ဇနီး၊ ဦးအောင်မင်းဦး(ခ)ဆရာဦးသားကြီး၊ ဦးညိုဝင်း-ဒေါ်သန်းသန်းရီ၊ ဒေါ်ချိုပြုံးအေး(ကျန်း/ဦးစီး၊ ငြိမ်း)တို့၏မိခင်၊ ကိုဖြိုးကိုကို-မဝါဝါခင်၊ ကိုအောင်ကျော်ဇင်-မဖြူဝင်းသန့်၊ ကိုထိန်လင်းကျော်-မဇင်သူဌေးတို့၏အဘွား၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၇-၉-၂၀၁၈ရက် (တနင်္လာနေ့) ည ၈နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၉-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၉-၂၀၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
## ဒေါ်ကျင်ဝှါး(ခ)ဒေါ်မြတ်မြတ်သန်း
### (သုစိတ္တ ဆန်စက်၊ ခေ သုခ ဗလ ဆန်စက်) ဘိုကလေးမြို့
### အသက်(၇၇)နှစ်

ဘိုကလေးမြို့နေ (ဦးဖိုက်-ဒေါ်နှင်းမြိုင်)တို့၏သမီး၊ (ဦးငြိမ်း-ဒေါ်တင်တင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဖိုးစိန်လမ်း၊ အမှတ် ၇နေ [ဦးသိန်းထွန်း(ခ)ဦးပြန့်ကီ]၏ချစ်လှစွာသောဇနီး၊ဒေါ်ချိုချိုနိုင်(ကျော်ကြားပွဲရုံ)၊ ဦးဘုန်းဇော်(ဘောဂသုခဗလဆန်စက်၊ လှိုင်သာယာ)၊ ဦးကိုကိုနိုင်(ခ)ဦးဖိုးကျော်(နဒီထွန်း ရေယာဉ်)၊ ဦးဝင်းခင်-ဒေါ်မိုးသီတာပုလဲထွန်း(ရွှေလဝင်း-ဆန်ပွဲရုံ၊ ဘုရင့်နောင်)၊ ဦးကျော်သူရ(စိန်ရတီ၊ အောင်ဖြိုး-၂၊ ရေယာဉ်)-ဒေါ်ခင်သီတာအောင်တို့၏မိခင်၊ မဆုရွှေရည်၊ မောင်လင်းသန့်အောင်(VIIA၊ အထက-၁၊ ဒဂုံ)၊ မဇင်ဖြူဖြူထက်(VIA၊ အထက-၁၊ ဒဂုံ)တို့၏ချစ်လှစွာသောအမ်းမကြီးသည် ၁၈-၉-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ရက်(ကြာသပတေးနေ့)မွန်းလွဲ ၁း၃၀နာရီတွင် ဘိုကလေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်ဝှါး(ခ)ဒေါ်မြတ်မြတ်သန်း
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ် ၇၊ ဖိုးစိန်လမ်းနေ [ဦးသိန်းထွန်း(ခ)ဦးပြန့်ကီ]၏ဇနီး၊ မချိုချိုနိုင်၊ ကိုဘုန်းဇော်၊ ကိုကိုနိုင်၊ ဦးဝင်းခင်-မမိုးသီတာပုလဲထွန်း၊ ဦးကျော်သူရ-မခင်သီတာအောင်တို့၏မိခင်ကြီး ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မိခင်ကြီး ဒေါ်ငေါ်နှင့်
အောင်စကြာပွဲရုံမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးကြည်ဝင်း(ခ)အတယ်ကြီး (မော်ကျွန်း)
### MGC ဂေါက်ကလပ်(၉)မိုင်
### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကွင်းကျောင်းလမ်း၊ အမှတ် ၃၆နေ(ဦးယုမေ-ဒေါ်မြကျင်)တို့၏သား၊ ဒေါ်ကျင်သိန်း(ခ)ဒေါ်မို့မို့ခင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးဌေးဝင်း-ဒေါ်ဌေးရီ၊ ဦးစိုးညွန့်-ဒေါ်အေးသိန်း၊ ဦးချို-ဒေါ်စန်းစန်းဦး၊ ဦးဇော်မင်း-(ဒေါ်စန်းစန်းမော်)၊ ဦးစိုးစိုး-ဒေါ်ကြည်ကြည်စန်း၊ ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်အေးအေးမော်တို့၏အစ်ကို၊ ဦးအောင်ကြည်ညွန့်-ဒေါ်နီနီမြင့်၊ ဦးအေးမင်း-ဒေါ်ခင်မေသူဝင်း၊ ဒေါ်ဆွေဆွေမြင့်၊ ဦးဇေယျာမြင့်၊ ဦးကျော်ဘိုဘိုလတ်-ဒေါ်မေစီမြင့်တို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၈-၉-၂၀၁၈ရက် ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ရင်ရင်လှ
### အသက်(၇၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်၊ အနောက်ရပ်ကွက်၊ အနောက်ဗဟိုလမ်း၊ အမှတ် ၂၄ (ပထမထပ်)နေ ဦးလှမောင်၏ဇနီး၊ ဦးနန်းလွင်-ဒေါ်စန်းစန်းရီ၊ ဦးမျိုးညွန့်-ဒေါ်ဝေဝေမာ၊ ဦးမျိုးမြင့်-ဒေါ်သင်းသင်းစိန်၊ ဦးစိုးမြင့်-ဒေါ်မျိုးမျိုးသန့်၊ ဦးမျိုးမြင့်သိန်း-ဒေါ်နွယ်နွယ်ဝင်းတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၈-၉-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၉-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၈ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်  ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၁၈ ခုနှစ် တတိယအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။
ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

**နေပြည်တော်  စက်တင်ဘာ ၁၈**

ရေဆင်းဆည်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၁၈ ခုနှစ် တတိယအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်စိုက်ပျိုးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၅* ◆

# ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ဆီမီးဖိုင်နယ် ပထမအကျော့ ရန်ကုန်က မကွေးကိုအနိုင်ယူ

**ရန်ကုန် စက်တင်ဘာ ၁၈**

၂၀၁၈ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပထမအကျော့ (ပထမနေ့) ကို ယနေ့ညနေပိုင်းက YUSC ကွင်း၌ ကျင်းပရာ ရန်ကုန်အသင်းက မကွေးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရန်ကုန်အသင်းသည် တိုက်စစ်မှူး ဆယ်လာ၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့ပြီး ဗိုလ်လုပွဲသို့ သုံးကြိမ်ဆက်တက်ရောက်နိုင်ရန် မျှော်လင့်ချက်ရှိသွားခဲ့သည်။ ရန်ကုန်အသင်းသည် အိမ်ကွင်း၌ ကစားရသော်လည်း မကွေးအသင်း၏ ရုန်းကန်မှုကြောင့် ခက်ခက်ခဲခဲကစားခဲ့ရပြီး နောက်ကျဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ရန်ကုန်အသင်းသည် နိုင်ငံခြားသားတိုက်စစ်မှူးများဖြစ်သည့် ဆယ်လာနှင့် အီမန်နျူရယ်ကို တစ်ပြိုင်နက်ပွဲထုတ်ကာ ကျော်ဇင်ထက်၊ ဇော်မင်းထွန်း၊ ရန်အောင်ကျော်၊ မောင်မောင်လွင် တို့ဖြင့် ပွဲထွက်ခဲ့သည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ❖




**ပထမဆုံးအကြိမ် အီလက်ထရွန်နစ် ဂိမ်းပြိုင်ပွဲ**
**Mobile Legends Professional League ကျင်းပမည်**

စာမျက်နှာ-၁၂

**ဘားအံအကျဉ်းထောင်မှ ထွက်ပြေးလွတ်မြောက်နေသည့် အကျဉ်းသားများကို အမှုသုံးမှု ရေးဖွင့်ထားပြီး ဖမ်းဆီးရမိသူ ၂၂ ဦးကို  အထူးအမှုစစ်အဖွဲ့များဖြင့် စစ်ဆေးသွားမည်**

စာမျက်နှာ-၁၃



မြန်မာ့အလင်း
ယနေ့ရန်ကုန်
Yangon Today
၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၀ ရက်
၂၀၁၈ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့

# ကော့မှူးနဲ့ ကွမ်းခြံကုန်းမြို့နယ်ကြားမှာ ပေါ်ထွက်လာဖို့ရှိနေတဲ့ ဘက်စုံသုံးဆိပ်ကမ်းစီမံကိန်း

● ဝေယံဦး



**ရန်ကုန်မြို့ ရဲ့အနီးမှာ ဘက်စုံသုံးဆိပ်ကမ်းတစ်ခု တည်ဆောက်ဖို့ စီစဉ်နေပါတယ်လို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အခုရက်ပိုင်းအတွင်းမှာ ပြောကြားထားပါတယ်။ အရင်ကတည်းက ဒီသတင်းထွက်ရှိခဲ့ပေမယ့် အခုအချိန်အခါမှာတော့ အကောင်အထည်ဖော်ဖို့ဆိုတဲ့ အခြေအနေအထိ ဖြစ်လာခဲ့တာပဲဖြစ်ပါတယ်။**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဘက်စုံသုံးဆိပ်ကမ်းတစ်ခုကို ကွမ်းခြံကုန်းမြို့နယ်နဲ့ ကော့မှူးမြို့နယ်အကြား မြေဧက ၁၀၀၀ ကျော်ပေါ်မှာ အကောင်အထည်ဖော်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ဘက်စုံသုံးဆိပ်ကမ်းအကောင်အထည်ဖော်မယ့်နေရာကို တိတိကျကျပြောရရင်တော့ ကွမ်းခြံကုန်းမြို့နယ် အော်စလူးရွာနဲ့ ကော့မှူးမြို့နယ် သရက်တောရွာအကြား မြေဧက ၁၀၅၃ ဧကပေါ်မှာ စီမံကိန်းဆောင်ရွက်သွားဖို့ စီစဉ်နေတာပဲဖြစ်ပါတယ်။

"ဒီလိုဘက်စုံသုံးဆိပ်ကမ်းကို အကောင်အထည်ဖော်ဖို့ စီစဉ်တာဟာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်ရေး ပြည်ပပို့ကုန် Oritented ဖြစ်စေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးပွားပေါ်ထွက်လာစေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ်က ပြောပါတယ်။

နိုင်ငံတကာအဆင့်မီ သင်္ဘောကြီးတွေ ဝင်ထွက်သွားလာနိုင်တဲ့ ရေစူးအနက်ရှိပြီး ရန်ကုန်မြို့အနီးမှာရှိတာမို့ မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော် ရန်ကုန်စီမံချက်မှာလည်း ထည့်သွင်းတည်ဆောက်ရန် ရည်မှန်းထားတာလည်း ဖြစ်ပါတယ်။ လက်ရှိရန်ကုန်ဆိပ်ကမ်းဟာ ရေစူးနိမ့်ပြီး သင်္ဘောကြီးတွေ ဝင်ထွက်သွားလာဖို့ မလွယ်ကူသလို ရန်ကုန်မြို့ပြနဲ့လည်း နီးကပ်နေတဲ့အပြင် ဆိပ်ကမ်းဧရိယာတိုးချဲ့ဖို့လည်း မလွယ်ကူပါဘူး။ ဒါကြောင့် မြေဧရိယာ ၁၀၅၃ ဧကပေါ်မှာ အခုလို ဘက်စုံသုံးဆိပ်ကမ်း တည်ဆောက်ဖို့ ကော့မှူးမြို့နယ်နဲ့ ကွမ်းခြံကုန်းမြို့နယ်အကြား သရက်တောကျေးရွာအနီးနေရာကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။

> **တဖြည်းဖြည်းနဲ့ ကျယ်ပြန့်ကြီးမားလာတဲ့ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု၊ ပို့ကုန် သွင်းကုန်နဲ့ နိုင်ငံတကာကုန်သွယ်မှု အနေအထားတွေကြောင့် လက်ရှိအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်နဲ့ ကော့မှူးမြို့နယ်အကြားမှာ တည်ဆောက်ဖို့စီစဉ်နေတဲ့ ဘက်စုံသုံး ဆိပ်ကမ်းဟာ အကောင်အထည်ဖော်သင့်တဲ့ စီမံကိန်းတစ်ခုဖြစ်**

အဲဒီနေရာကို စီမံကိန်းဖြစ်နိုင်ခြေနဲ့ ပတ်သက်ပြီး ကနဦးအနေနဲ့ Royal Hosking ကုမ္ပဏီနဲ့ Surbane Jurons တို့ ပူးပေါင်းပြီး ပဏာမကွင်းဆင်းလေ့လာခဲ့ပြီးဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီ စီမံကိန်းဧရိယာ ၁၀၅၃ ဧကကို အကောင်အထည်ဖော်တဲ့အခါ ပထမအဆင့်အနေနဲ့ မြေဧက ၅၀၀ ပေါ်မှာ စတင်ဆောင်ရွက်မှာဖြစ်ပြီး ဘက်စုံဆိပ်ကမ်းအတွက် ကမ်းရိုးတန်းအရှည် ၂ ဒသမ ၂ ကီလိုမီတာကို အသုံးပြုသွားမယ်လို့ သိရပါတယ်။

ဘက်စုံဆိပ်ကမ်းအတွက် အချို့နေရာတွေမှာ ရေစူးအနက်ကိုးမီတာရှိတာမို့ ရန်ကုန်ဆိပ်ကမ်းမှာ လက်ရှိ ဆိုက်ကပ်ဝင်ထွက်နေတဲ့ သင်္ဘောကြီးတွေထက် ပိုမိုကြီးမားတဲ့ သင်္ဘောကြီးတွေ ဆိုက်ကပ်နိုင်ပါလိမ့်မယ်။ ဒါဆိုရင် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာပြီး စက်မှုဇုန်တွေနဲ့လည်း အလွယ်တကူချိတ်ဆက်နိုင်တာမို့ စက်ရုံ၊ အလုပ်ရုံတွေက ထုတ်ကုန်၊ သွင်းကုန်တွေအတွက်လည်း သယ်ဆောင်ဖို့ အဆင်ပြေသွားမှာ သေချာနေပါတယ်။

ဒီလိုဆောင်ရွက်မှုတွေအပြင် ပြည်ပပို့ကုန် သွင်းကုန်တွေကို လက်ခံဆောင်ရွက်နိုင်တဲ့ ဆိပ်ကမ်းစီမံကိန်းနဲ့အတူ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးစခန်းတစ်ခုကိုလည်း ပူးတွဲအကောင်အထည်ဖော်သွားဖို့ အစီအစဉ်ရှိနေတယ်လို့ ဆိုပါတယ်။ ဒါဆိုရင်တော့ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးမှုကို လျင်လျင်မြန်မြန်ဆောင်ရွက်နိုင်မှာမို့ ပြည်တွင်းမှာ စက်သုံးဆီဈေးနှုန်း ကျဆင်းစေမှုကိုလည်း အထောက်အကူပြုပေးနိုင်မှာ ဖြစ်ပါတယ်။

ဘက်စုံဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်နိုင်ဖို့အတွက် မကြာမီရက်ပိုင်းအတွင်းမှာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနဲ့ တာဝန်ရှိသူတွေ သွားရောက်လေ့လာစစ်ဆေးကြည့်ရှုကြဦးမယ်လို့ သတင်းတွေလည်း ထွက်ပေါ်နေပါတယ်။

တကယ်တော့ ရန်ကုန်မြို့မှာ ရန်ကုန်ဆိပ်ကမ်းရှိနေပေမယ့် နိုင်ငံတကာ အဆင့်မီပြီး ၂၄ နာရီပတ်လုံးအသုံးပြုလို့ ရမယ့်ဆိပ်ကမ်းအဖြစ် ရောက်ရှိဖို့တော့ ကြိုးစားနေရဆဲဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ယာဉ်ကြောပိတ်ဆို့မှုတွေကြောင့် ကုန်တင်ယာဉ်ကြီးတွေ ၂၄ နာရီ ပတ်လုံးမောင်းနှင်သွားလာဖို့ အကန့်အသတ်တွေရှိနေဆဲဖြစ်ပါတယ်။ ဒါကြောင့် ရန်ကုန်မြို့ရဲ့စက်မှုဇုန်ထုတ်ကုန်ပစ္စည်းတွေ ဆိပ်ကမ်းမှာရှိနေတဲ့ ကုန်စည်တွေဟာ သယ်ယူပို့ဆောင်ရေးအတွက် အဆင်ပြေချောမွေ့မှုကတော့ အတိုင်းအတာအထိ ရှိနေပေမယ့် လိုအပ်ချက်ရှိနေဆဲပါပဲ။

အခုချိန် သီလဝါဆိပ်ကမ်းတည်ရှိလာတာကြောင့် သင်္ဘောကြီးတွေ ဆိုက်ကပ်လာနိုင်ပြီး ကုန်စည်ပို့ဆောင်ရေးအတွက် အထောက်အကူများစွာရရှိနေပါတယ်။ ရန်ကုန်မြို့ရဲ့ စက်မှုဇုန်အရေအတွက်ဟာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရဲ့ စက်မှုဇုန်တွေနဲ့ ၅၃ ရာခိုင်နှုန်းရှိပြီး တစ်နိုင်ငံလုံး ကုန်သွယ်မှု စုစုပေါင်းရဲ့ ၈၅ ရာခိုင် နှုန်းအထိ ရှိနေပါတယ်။

မြန်မာနိုင်ငံရဲ့ဆိပ်ကမ်းအခြေအနေတွေကို ကြည့်ရင်လည်း အခုလက်ရှိမှာ ရန်ကုန်ဆိပ်ကမ်း၊ စစ်တွေဆိပ်ကမ်း၊ ကျောက်ဖြူ

**အချပ်ပို(ခ)သို့**



ရန်ကုန်မြို့ကို သန့်ရှင်းသပ်ရပ်လှပသော မြို့တော်ကြီးတစ်ခုအဖြစ် အမှန်တကယ်တွေ့မြင်လိုပါသလား

အချပ်ပို(ခ)



ရန်ကုန်မြို့ပြနှင့် လျှပ်စစ်ကဏ္ဍ

အချပ်ပို(ဃ)

# ရန်ကုန်မြို့ကို သန့်ရှင်းသပ်ရပ်လှပသော မြို့တော်ကြီးတစ်ခုအဖြစ် အမှန်တကယ်တွေ့မြင်လိုပါသလား

သော်တာနှမ့်စန်၊ ဓာတ်ပုံ -သစ္စာ

**ရန်ကုန်မြို့**၏ တက္ကသိုလ်နယ်မြေဖြစ်သည့်အပြင် လမ်းမကြီးများ၏ လမ်းဆုံနေရာဖြစ်သော လှည်းတန်းလမ်းဆုံသည် နံနက်ခင်းကပင် မိုးတဖွဲဖွဲဖြင့် စနေနေ့ရုံးပိတ်ရက်ကို အဖော်ပြုလျက်ရှိသည်။ ကျောင်းဖွင့်ရက်နှင့် ရုံးပိတ်ရက်တို့တွင် လှည်းတန်းလမ်းဆုံနေရာသည် ရောင်စုံပန်းများပွင့်နေသည့်ပမာ ဘဝပန်းတိုင်အတွက် သင်တန်းမျိုးစုံ ဖွင့်လှစ်ရာနေရာဖြစ်၍ ကျောင်းသားများ၊ လူငယ်များဖြင့် စည်ကားနေလေ့ရှိပြီး ယနေ့တိုင်ယာဉ်များ တံတားပေါ်၊ တံတားအောက်မှ စည်စည်ကားကားဖြင့် ဖြတ်သန်းသွားလာလျက်ရှိသည်။ လူစုံ၊ ယာဉ်များစုံသော နေရာတစ်ခုဖြစ်သည့်အပြင် ထိုလမ်းဆုံတွင် ဖွင့်လှစ်ထားသော City Mart Supermarket ကြီးနှင့် ဟိုတယ်ကြီးများ၊ လူသုံးကုန်ပစ္စည်းမျိုးစုံရောင်းချသော ဆိုင်ခန်းများ၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ လှည်းတန်းဈေးနှင့် အဆောင်နေသူများ အများဆုံးတည်ရှိရာ နေရာဖြစ်သောကြောင့် ဈေးဝယ်သူ၊ ရုံးပိတ်ရက်လည်ပတ်သူတို့ဖြင့် မိုးဖွဲဖွဲအောက်တွင် လှုပ်လှုပ်ရှားရှားဖြင့် ပလက်ဖောင်းပေါ်၌ တိုးဝှေ့စည်ကားလျက်ရှိသည်။

**ကမ္ဘာ့သန့်ရှင်းရေးနေ့**

အောက်တိုဘာ ၁၅ ရက်နေ့ဖြစ်၍ ကမ္ဘာ့သန့်ရှင်းရေးနေ့လည်းဖြစ်သောကြောင့် ပရဟိတလူငယ်များနှင့်အတူ လူကြီးများကိုလည်း ကိုယ်စီကိုယ်စီဝတ်စုံများဖြင့် တွေ့မြင်ရပြီး နိုင်ငံခြားသားများကိုလည်း တွေ့မြင်ရသောကြောင့် ကမ္ဘာ့သန့်ရှင်းရေးနေ့သည် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည်ဟူသော ခံယူမှုဖြင့် မိမိတို့ရောက်ရှိရာနိုင်ငံတွင် ပရဟိတ စိတ်ဓာတ်ဖြင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက် နေသည်ကို တွေ့မြင်ရသူအပေါင်းစိတ်ကြည်နူးမှုကိုဖြစ်ပေါ်စေမည်မှာ အမှန်ပင်ဖြစ်သည်။

"သမီးတို့တစ်ဖွဲ့တည်း မဟုတ်ဘူး။ ကျောင်းသားတွေ၊ ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေလည်းပါတယ်။ ရန်ကုန်မြို့ကြီးက အမှိုက်တွေ များလာနေပြီ။ လမ်းပေါ်တွေမှာလည်း နေ့တိုင်းအမှိုက်တွေ တွေ့နေရတယ်။ ကမ္ဘာ့သန့်ရှင်းရေးနေ့ ဒီနေ့မှာ အဖွဲ့အစည်းနဲ့ လူငယ်တွေ တစ်တပ်တစ်အား ပါဝင်တာ တွေ့ရတော့ ကြည်နူးမိတယ်။ အခြားသူတွေလည်း မြင်မှာဖြစ်တဲ့အတွက် သူတို့တွေ အမှိုက်ကောက်တာ ငါတို့အမှိုက်ပစ်တာ ရှက်စရာပါလားလို့ မြင်လာပြီး စည်းကမ်းရှိရှိနဲ့ စွန့်ပစ်မယ်လို့ မြင်ပါတယ်။ တစ်ယောက်ချင်းစီ ပူးပေါင်းပါဝင်ပြီး အမှိုက်လေးတွေ ကောက်၊ အနည်းဆုံးကိုယ့်အိမ် နောက်ဘက်မြောင်းနဲ့ အိမ်ရှေ့မြောင်းတွေထဲကို အမှိုက်မပစ်ဘဲ သန့်ရှင်းအောင်လုပ်မယ်ဆိုရင် အခုလို အမှိုက်ပြဿနာတွေ၊ ရောဂါဖြစ်တာတွေ လျော့နည်းသွားမှာပါ။ အဲ့ဒီလိုအသိတွေလည်း ရှိစေချင်တယ်။ လှည်းတန်းဈေးထဲ၊ လမ်းဆုံတစ်ဝိုက်နဲ့ အင်းစိန်လမ်းမကြီးတစ်လျှောက် အဖွဲ့တွေခွဲပြီး သွားကြပါတယ်။ တာဝန်ရှိတဲ့သူတွေကလည်း လူတစ်စု၊ မိသားစုတစ်စုကို မကြည့်ဘဲ ရန်ကုန်မြို့ပြည်သူရဲ့မျက်နှာကို ကြည့်ပြီး အလုပ်လုပ်ဖို့လိုတယ်လို့ ပြောချင်ပါတယ်"ဟု အမှိုက်များကို လိုက်လံကောက်ယူနေသော ပရဟိတတစ်ဦးဖြစ်သည့် မရတနာဦးက ပြောသည်။

**ရန်ကုန်မြို့ကြီး အမှိုက်ကင်းစင်ရေး**

တီရှပ်အဝါရောင် ဆင်တူအကျႌတွင် I am a Trash Hero စာတန်းဖြင့် "ကျွန်ုပ်ကအမှိုက်ကောက်တဲ့ သူရဲကောင်းပါ"ဟု စာတန်းရေးထိုးထားပြီး အပြာရောင်ပလတ်စတစ်အိတ်ကြီးများကို ကိုင်ဆောင်လျက် လမ်းပေါ်မှအမှိုက်များကို လိုက်လံသိမ်းဆည်းလျက်ရှိရာ လှည်းတန်းလမ်းဆုံသည် ကမ္ဘာ့သန့်ရှင်းရေးနေ့တွင် ပရဟိတလူငယ်များဖြင့် စည်ကားလျက်ရှိသည်။ အထူးသဖြင့် နိုင်ငံခြားသားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ခြင်း




စက်တင်ဘာ ၁၅ ရက် ကမ္ဘာ့သန့်ရှင်းရေးနေ့တွင် လှည်းတန်းစူပါမားကတ်ရှေ့တွင် ပရဟိတလူငယ်များအမှိုက်များ ကောက်ယူသိမ်းဆည်းနေစဉ်။

ပင်ဖြစ်သည်။ အချို့က မိသားစုလိုက်အမှိုက်ကောက်ခြင်းပင်ဖြစ်သည်။ ရန်ကုန်မြို့ကြီး အမှိုက်ကင်းစင်ပြီးသန့်ရှင်းသာယာလှပရန် ညီ့နိုင်ငံခြားသားများ ကိုယ်တိုင်ဝိုင်းဝန်းပါဝင်ဆောင်ရွက်ခြင်းမှာ မြို့ပြအတွက် ဝမ်းသာဂုဏ်ယူစရာပင်ဖြစ်သည်။ လမ်းသွားလမ်းလာများက မိမိခရီးကို သွက်သွက်လက်လက်သွားလာနေသူများ၊ လှည့်ကြည့်သွားသူများနှင့် လေးစားသောအကြည့်၊ ရှက်ရွံ့သောအကြည့်တို့ဖြင့် ကမ္ဘာ့သန့်ရှင်းရေးနေ့၏ လှည်းတန်းလမ်းဆုံနေရာသည် အတွေးပေါင်းများစွာကို ပြသလျက်ရှိသည်။ ထိုနိုင်ငံခြားသား မိသားစုအမှိုက်ကောက်နေသည်ကို လမ်းပေါ်ဈေးဆိုင်မှ လင်မယားနှစ်ဦးက အပြုံးစဖြင့် ကြည့်လျက်ရှိသည်။ ကွမ်းယာရောင်းသူ၊ လက်ဖက်ရည်ရောင်းသူ၊ ထမင်း၊ အသုပ်ရောင်းသူတို့က အလုပ်မပျက် အထိုင်မပျက် ဈေးရောင်းလျက်ရှိသည်။

**ပရဟိတအလုပ်က တိုင်းပြည်အတွက် အကျိုးရှိ**

"ဒီနေ့ကမ္ဘာ့သန့်ရှင်းရေးနေ့မှာ ရွက်လှေအဖွဲ့ချုပ်၊ အီလက်ထရွန်နစ်၊ အားကစားသမားများ အဖွဲ့ချုပ်၊ စကိတ်အသင်းနဲ့ ကမာရွတ်က ပရဟိတအဖွဲ့တွေလည်းပါတယ်။ စုစုပေါင်း ၃၀၀ ကျော်မယ်။ လှည်းတန်းလမ်းဆုံ၊ အင်းစိန်လမ်းမကြီးနဲ့ ပြည်လမ်းတစ်လျှောက်၊ အင်းလျားကန်ပေါင်တွေကို အဖွဲ့ခွဲပြီး သွားကြပါတယ်။ နောက်ဆုံးလှည်းတန်းတံတားအောက်မှာ ပြန်ဆုံကြမှာပါ။ ရန်ကုန်မြို့ရဲ့ အမှိုက်အများဆုံးထွက်တဲ့ နေရာဖြစ်တာကြောင့် ဒီနေရာကို ရွေးချယ်ခဲ့ကြတာပါ။ မြို့နယ်တိုင်း၊ ရပ်ကွက်တိုင်းမှာ အမှိုက်ကောက်တဲ့ ပရဟိတအဖွဲ့ရှိသင့်ပါတယ်။ အမှန်တကယ် ပရဟိတလုပ်ဆောင်တာဟာ မိမိမြို့အတွက်မကဘဲ တိုင်းပြည်အတွက်လည်း အကျိုးရှိစေတာပါ။နိုင်ငံခြားသားတွေ ကိုယ်တိုင်အမှိုက်ကောက်တယ်ဆိုတာ သူများနိုင်ငံက ကိုယ့်နိုင်ငံအတွက် ကောင်းစေချင်လို့ လုပ်ဆောင်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ဆီက လူငယ်တွေလည်း မိမိမြို့

> **ငါတို့အမှိုက်ပစ်တာ ရှက်စရာပါလားလို့ မြင်လာပြီး စည်းကမ်းရှိရှိနဲ့ စွန့်ပစ်မယ်လို့ မြင်ပါတယ်။ တစ်ယောက်ချင်းစီ ပူးပေါင်းပါဝင်ပြီး အမှိုက်လေးတွေ ကောက်၊ အနည်းဆုံးကိုယ့်အိမ် နောက်ဘက်မြောင်းနဲ့ အိမ်ရှေ့မြောင်းတွေထဲကို အမှိုက်မပစ်ဘဲ သန့်ရှင်းအောင်လုပ်မယ်ဆိုရင် အခုလို အမှိုက်ပြဿနာတွေ၊ ရောဂါဖြစ်တာတွေ လျော့နည်းသွားမှာပါ။**

ရပ်ရွာအတွက် နားလည်သင့်ပြီလို့ ထင်တယ်။ အခုလို အားလုံးပူးပေါင်းပြီး ကျင်းပနိုင်တာကို ဝမ်းသာဂုဏ်ယူပါတယ်။ ထပ်ပြီးလုပ်ဆောင်ဖို့လည်း ကျွန်တော်တို့အဖွဲ့က အဆင်သင့်ပါပဲ"ဟု မြန်မာစကိတ် အဆိုစီးရေးရှင်းမှ ဥက္ကဋ္ဌဖြစ်သူ ဦးကိုလွင်လတ်က ပြောသည်။

**သန့်ရှင်းလှပသော မြို့တော်ဖြစ်ရေး**

စက်တင်ဘာ ၁၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့သန့်ရှင်းရေးနေ့ကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြန်မာပြည်၏ စီးပွားရေးအချက်အချာကျရာ ရန်ကုန်မြို့နှင့် မြို့တွင်းလမ်းများ၊ မြို့နယ်များ၊ ဈေးဝန်းကျင်များ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးအဆောက်အအုံ ဝန်းကျင်များ၊ တရားရုံး၊ ရဲစခန်းဝန်းကျင်နှင့် ဌာနဆိုင်ရာရုံးရှေ့များ၊ အများပြည်သူအပန်းဖြေရာနေရာများ၊သင်္ဘောဆိပ်၊ ကားဝင်းနှင့် လေဆိပ်ဝန်းကျင်များ၊ လမ်းဆုံမီးပွိုင့်၊ လူကူးခုံးကျော်တံတားပေါ်နှင့် တံတားထိပ်တို့မှ လမ်းပေါ်ဈေးသည်တို့ကြောင့် စွန့်ပစ်အမှိုက်များ တစ်နေ့ထက်တစ်နေ့ တိုးပွားလာမှု၊ မြောင်းများပိတ်ဆို့၍ ကားလမ်းရေလျှံမှုတို့ကို မြန်ဆန်စွာထိန်းချုပ်နိုင်ရန် လိုအပ်လျက်ရှိပြီး ရန်ကုန်မြို့ကြီး သန့်ရှင်းသာယာလှပသော မြို့တော်ကြီးတစ်ခုအဖြစ် တွေ့မြင်လိုသော ပရဟိတလူငယ်များအနေဖြင့် အားလုံးဝိုင်းဝန်းပူးပေါင်းဆက်လက်ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့သန့်ရှင်းရေးနေ့မှသည် သန့်ရှင်းသာယာလှပသော ရန်ကုန်မြို့တော်ကြီးတစ်ခုအဖြစ် မကြာမီတွေ့မြင်ရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။




နိုင်ငံခြားသားမိသားစုအလိုက် အမှိုက်များ သိမ်းဆည်းနေသည်ကို တွေ့ရစဉ်။

**ကော့မှူးနဲ့ ကွမ်းခြံကုန်းမြို့နယ်ကြားမှာ ပေါ်ထွက်ခွာဖို့ရှိတဲ့ ဘက်စုံသုံး ဆိပ်ကမ်းစီမံကိန်း....မှ**

ဆိပ်ကမ်း၊ သံတွဲဆိပ်ကမ်း၊ ပုသိမ်ဆိပ်ကမ်း၊ မော်လမြိုင်ဆိပ်ကမ်း၊ ကော့သောင်းဆိပ်ကမ်းဆိုပြီး ရှိနေပေမယ့် မြန်မာနိုင်ငံရဲ့ သွင်းကုန် ထုတ်ကုန် ၉၀ ရာခိုင်နှုန်းကတော့ ရန်ကုန်ဆိပ်ကမ်းကိုပဲ မှီခိုအားထားနေရဆဲဖြစ်ပါတယ်။ အဲဒီလို မြန်မာနိုင်ငံရဲ့အဓိက အားထားရာ ဆိပ်ကမ်းဖြစ်တဲ့ ရန်ကုန်ဆိပ်ကမ်းကလည်း အခုအချိန်မှာ ညပိုင်းတွေမှာသာ အများဆုံးအသုံးပြုနေရပါတယ်။ ဆိပ်ကမ်းကောင်းတစ်ခုဆိုတာ ၂၄ နာရီလုံးအသုံးပြုလို့ရတဲ့ အနေအထားမျိုးရှိနေရပေမယ့် ရန်ကုန်မြို့ရဲ့လက်ရှိယာဉ်ကြောကျပ်တည်းမှုတွေအရ ညဘက်ပိုင်းတွေမှာသာ အဓိကအသုံးပြုနေရတာ ဖြစ်ပါတယ်။

ဒါကြောင့်လည်း ၂၄ နာရီအချိန်ပြည့် အသုံးပြုလို့ရနိုင်တဲ့ ဆိပ်ကမ်း၊ ရန်ကုန်မြို့နဲ့ အနီးဝန်းကျင်မှာ တည်ရှိနေတဲ့ ဆိပ်ကမ်း၊ စက်မှုဇုန်တွေ၊ စက်ရုံ အလုပ်ရုံတွေရဲ့ ကုန်ပစ္စည်း တင်သွင်းထုတ်လုပ်မှုတွေ အဆင်ပြေချောမွေ့စေမယ့် ဆိပ်ကမ်းကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဘက်စုံသုံးဆိပ်ကမ်းအတွက် မြေပြင်အခြေအနေကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၀ ရက်ကတည်းက သွားရောက်စစ်ဆေးခဲ့တာ ဖြစ်ပါတယ်။

တဖြည်းဖြည်းနဲ့ ကျယ်ပြန့်ကြီးမားလာတဲ့ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု၊ ပို့ကုန် သွင်းကုန်နဲ့ နိုင်ငံတကာကုန်သွယ်မှု အနေအထားတွေကြောင့် လက်ရှိအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်နဲ့ ကော့မှူးမြို့နယ်အကြားမှာ တည်ဆောက်ဖို့ စီစဉ်နေတဲ့ ဘက်စုံသုံးဆိပ်ကမ်းဟာ အကောင်အထည်ဖော်သင့်တဲ့ စီမံကိန်းတစ်ခုဖြစ်လာတော့ အမှန်ပါပဲ။ ။

# သာသနာအကျိုး အစဉ်သယ်ပိုးနေသော ရန်ကုန်မြေမှ ဆန်လှူအသင်းကြီး

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**




**စမ်းချောင်း မြို့နယ် ဗားကရာကျောင်းတိုက်ကြီးအတွင်း သီတင်းသုံးနေထိုင်တော်မူကြမည့် သံဃာတော်များအားလုံး ဝါဆိုလပြည့်ကျော် ၁ ရက် ညနေပိုင်းက အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား ရင်ပြင်တော်ဝယ် ဝါဆို ဝါကပ်တော်မူကြသည်။**

ဝါဆို ဝါကပ်ခြင်းဟူသည့် အဓိပ္ပာယ်မှာ ဝါတွင်းကာလနှင့် မိမိလက်ရှိ သီတင်းသုံးရာ ကျောင်းတိုက်မှ အခြားမည်သည့် အရပ်ဒေသကိုမှ ကြွမြန်းခြင်း၊ ညအိပ် ညနေပြုခြင်း မပြုတော်မူပါ ဘုရားဟု အာမဘန္တေ(ကတိ)ပြုဆိုကြခြင်းပင် ဖြစ်ပေသည်။ မြန်မာပြည်တစ်ဝန်း အမြို့မြို့ အနယ်နယ်အရပ်ရပ်ရှိ သံဃာတော်များအားလုံးကလည်း မိမိတို့ အဆင်ပြေရာ ဘုရားများ၊ သိမ်များ၌ ဝါဆို ဝါကပ်ခြင်း ပြုတော်မူကြရသည်။

**သာသနာတော် တည်တံ့ရန် ထောက်ပံ့**

လွန်ခဲ့သော လေးနှစ်က စမ်းချောင်းမြို့နယ် ဗားကရာ ကျောင်းတိုက်ကြီးအတွင်းရှိ ကျောင်းပေါင်း ၃၈ ကျောင်းမှ ဝါဆို ဝါကပ်တော်မူကြသော ရဟန်းနှင့် သာမဏေအပါး ၇၀၀ နီးပါး ရှိခဲ့သည်။ ဘုရားရှင်ထံ ဝါဆို ဝါကပ်တော်မူပြီးကြကုန်သော သံဃာတော်များ ပြန်အကြွတွင် အလှူရှင်များက တတ်စွမ်းသမျှ တစ်ပါးချင်းစီ ဝတ္ထုငွေများ ကပ်လှူကြသည်။ အလွန်ကြည်ညိုဖွယ်ကောင်းသော မြင်ကွင်းတစ်ခုဖြစ်သည်။ သာသနာတော်ကြီး တည်တံ့ခိုင်မြဲစေရန် တတ်စွမ်းသမျှ ထောက်ပံ့ပေးနေကြခြင်းပင် ဖြစ်သည်။

နောက် . . .၊ တစ်နှစ်ပြီးတစ်နှစ် ဝါဆို သံဃာတော်များ တစ်စတစ်စ နည်းလာခဲ့သည်ကို မြင်တွေ့နေရသည်။ ယခုနှစ် ဆိုပါက သံဃာအပါး ၄၀၀ ပင် မပြည့်တော့သည်ကို ဝမ်းနည်းဖွယ် တွေ့လာရသည်။


ရန်ကုန်မြေမှ သံဃာတော်များအား ထောက်ပံ့လှူဒါန်း နေသော အသင်းကြီးတစ်သင်းမှာ နှစ်ပေါင်း ၉၃ နှစ်တိုင်တိုင် မယိုင်မလဲ ခိုင်မြဲစွာတည်ရှိနေသည်ကို သတိမူကြ၊ မြှုမျှပင် မြင်နိုင်ကြစေရန်အလို့ငှာ ဖော်ထုတ်တင်ပြချင်ပါသည်။

ထိုအသင်းကြီးသည်ကား ကြည့်မြင်တိုင်မြို့နယ်တွင် တည်ရှိ သော ပရိယတ္တိ သာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီးပင် ဖြစ်ပါသည်။ အသင်းကြီး၏ တည်ထောင်မှု၊ တည်ရှိမှုအဆင့်ဆင့်နှင့် ဆောင်ရွက်လှူဒါန်းမှု အစုစုမှတ်တမ်းများကို အသင်းကြီးမှ ရုံးအဖွဲ့မှူး ဦးအေးထွန်းက မပင်မပန်း ရှာဖွေပေးခဲ့သည်။

အသင်းကြီးကို မြန်မာသက္ကရာဇ် ၁၂၈၇ ခုနှစ် တပို့တွဲလဆန်း ၇ ရက်၊ ခရစ်နှစ် ၁၉၂၆ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ဦးဖိုးမြ အပါအဝင် ပုဂ္ဂိုလ်ကြီး ၁၁ ဦးတို့က စတင်တည်ထောင်ခဲ့ခြင်း ဖြစ်ကြောင်း မှတ်သားရသည်။ စတင်တည်ထောင်စဉ်က ယခုလက်ရှိ တည်နေရာတွင် မဟုတ်ပေ။ ကြည့်မြင်တိုင်မြို့နယ် ထီးတန်းစက်မြေရပ်ကွက် ထီးတန်းလမ်းမကြီးပေါ်တွင် ဖြစ်သည်။

စတင်တည်ထောင်သူလူကြီး ၁၁ ဦးတို့၏ ကြိုးပမ်းမှုကြောင့် ၁၂၈၈ ခုနှစ် ကဆုန်လပြည့်နေ့တွင် ရွှေတိဂုံစေတီတော် ကုန်းတော်ရှိ ဦးရောင်း၊ ဒေါ်လုံမလေး တန်ဆောင်းတွင် ရန်ကုန်မြို့ပေါ်ရှိ စာသင်တိုက်ပေါင်း ၈၀ မှ သံဃာတော်အပါး ၈၀၀ ကို ပထမဦးဆုံးအကြိမ်အဖြစ် ဆွမ်းဆန်တော်တင်းပေါင်း ၆၀၀ ကို စတင်လှူဒါန်းနိုင်ခဲ့သည်။

လှူဒါန်းမှုများကို စစ်အတွင်း ခြောက်နှစ်တာ နားခဲ့ပြီး ၁၃၀၉ ခုနှစ် ဝါဆိုလပြည့်နေ့တွင် အငြိမ်းစား ရဲဗိုလ်ချုပ်ကြီး ဦးဘရီ ဥက္ကဋ္ဌလက်ထက်၌ ရသမျှသော စာသင်တိုက်များကို စုစည်းကြ၊ ကျောင်းတိုက် ၁၅ တိုက်မှ သံဃာအပါး ၈၁၂ ပါးတို့ကို အကြိမ် (၅၀)မြောက်အဖြစ် ဆွမ်းဆန်တော်အလှူအဖြစ် ပြန်လည် လောင်းလှူနိုင်ခဲ့သည်။



ဥက္ကဋ္ဌ ဦးတင် အဖြစ် ဆောင်ရွက်စဉ် ၁၃၁၂ ခုနှစ် ပြာသိုလတွင် အသင်းတည်ရာ ထီးတန်းစက်မြေမှ ဈေးကြီးရပ်ကွက် ဈေးကြီးလမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၁၉၁၄ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဈေးကြီးအရှေ့ရပ်ကွက် အထက်ကြည့်မြင်တိုင်လမ်း အမှတ်(၈၉)တွင် နှစ်ထပ်စာသင်တိုက်အဖြစ် အုတ်မြစ်ချခဲ့ပြီး ၁၃၁၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၃ ရက်တွင် နိုင်ငံတော်တရားဝန်ကြီးချုပ် သတိုး သီရိသုဓမ္မ ဦးသိန်းမောင်က ရွှေကပ်ကြေးဖြင့် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်ကို မှတ်တမ်းများအရ သိရသည်။

**ကျပ်သိန်း ၇၀၀၀ ခန့် အကုန်ခံကာ ဖွင့်လှစ်ခဲ့**

ယနေ့ ခံ့ညားထည်ဝါစွာ တွေ့မြင်နေရသော အထက်ကြည့်မြင်တိုင်လမ်းမနှင့် ပိတောက်ပင်လမ်းထောင့်ရှိ ခြောက်ထပ်စာသင်တိုက်ကြီးကို ငွေကျပ်သိန်း ၇၀၀၀ ခန့် အကုန်အကျခံကာ နှစ် ၁၀၀ ပြည့် အကြိုအထိမ်းအမှတ်အဖြစ် ၂၀၁၅ ခုနှစ် မတ်လ ၂၂ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

အသင်းအဖွဲ့တစ်ခု၏ အသက်သည် ခိုင်မာသော စည်းကမ်းများနှင့် လိုက်နာမှု ဆောင်ရွက်မှုတို့ပင်ဖြစ်သည်။ အသင်းတိုက်မြေညီထပ်၌ စိုက်ထူထားသော ကျောက်စာတိုင်ကြီး(**ဝဲပုံ**)က သက်သေထူလျက်ရှိနေပေသည်။

ကျောက်စာတိုင်ကြီးမှာ ခံ့ညားထည်ဝါမှု အပြည့်ပင်၊ မြန်မာမှု ပန်းတမော့လက်ရာများဖြင့် ရွှေရောင် အနားကွပ်ထားသည်။ အတွင်းကျောက်သား အဖြူပေါ်ဝယ် သာသနာစောင့်နတ်မင်းကြီးနှစ်ပါးက ရပ်တည်စောင့်ရှောက်မှုရှိနေပြီး မြန်မာခြင်္သေ့နှစ်ကောင်တို့၏ အလယ်တွင် တောင်ပံကို ဖြန့်ဝိုက်၍ ကနေသော ကဒေါင်းပုံ၊ ၎င်းအပေါ်မှ မြသပိတ်၏ဘေးတွင် ရွှေထီးနှစ်လက်က တစ်ဖက်တစ်ချက်စီတွင် ရှိနေသည်။ နောက်ခံဝယ်စိမ်းစိုသော သစ်ရွက်၊ သစ်ခက်အနွယ်များရှိနေပုံမှာ အသင်းကြီးမွန်မြတ်သော ဆောင်ရွက်မှု၊ စောင့်ရှောက်မှု၊ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုထားပေသည်။

အသင်းကြီး၏ တံဆိပ်အောက်တွင် "မယိမ်းမယိုင် ကျောက်စာတိုင်"ဟူသော ခေါင်းစီးရှိပြီး ၎င်းအောက်၌ "ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာ နုဂ္ဂဟ ဆန်လှူအသင်းကြီး၏ အသက်သွေးကြောဖြစ်သော အောက်ပါစည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကို အသင်းကြီး တည်ရှိနေသရွေ့ အမြဲလိုက်နာကျင့်သုံးရမည်"ဟု ကျောက်ထက်အက္ခရာတင်ထားသည်ကို တွေ့ရသည်။

၎င်းအပိုဒ်အောက်တွင်မူ ထပ်မံ၍ "ဆွမ်းဆန်တော် ထောက်ပံ့လှူဒါန်းရမည့် ကျောင်းတိုက်များအတွက် စည်းမျဉ်း သတ်မှတ်ချက်များ"၊ "အမှုဆောင်ပုဂ္ဂိုလ်များ လိုက်နာရန် စည်းကမ်းများ"ဟူ၍ ဘယ်သောအချိန်ကာလတွင်မှ မပြောင်းမလဲ မယိမ်းမယိုင်၊ မတိမ်းစောင်းစေရန် ရည်ရွယ်ချက်ဖြင့် တည်ဆောက်ခဲ့သည်မှာ ရှေးအမှုဆောင်လူကြီးများ၏ အမြော်အမြင်ကြီးမားပုံကို ဂုဏ်တင်ရမည်ဖြစ်ပေသည်။

ရည်ရွယ်ချက်အားဖြင့် ပရိယတ္တိသာသနာတော်ကြီး တိုးတက်ကြီးပွားတည်တံ့ခိုင်မြဲစေရန်၊ ရဟန်းရှင်လူ ပြည်သူ အများတို့အား လောကုတ္တရာနှင့်ဆိုင်သော ပညာဗဟုသုတများ တိုးပွားစေရန်၊ အသင်းသူ အသင်းသားများ တစ်ဦးနှင့် တစ်ဦး မိတ်ဆွေရင်းချာများဖြစ်ကြစေပြီး စည်းလုံးညီညွတ်ကြစေရန်၊ သာသနာရေး၊ ဘာသာရေး၊ ပညာရေးကိစ္စများနှင့် စပ်လျဉ်း၍ အကြောင်းအားလျော်စွာ ထောက်ပံ့ကူညီဆောင်ရွက်ပေးရန်တို့ ဖြစ်သည်။

**တစ်နှစ် သုံးကြိမ် ဆွမ်းဆန်လှူ**

ဆွမ်းဆန်တော်များ လောင်းလှူရာ၌ တစ်နှစ်လျှင် သုံးကြိမ် လေးလစီခြား၍ (ဝါဆို၊ တန်ဆောင်မုန်း၊ တပေါင်း) လများတွင် လှူဒါန်းခြင်းဖြစ်သည်။ ထိုလများတွင် အမှန်တကယ် သီတင်းသုံးတော်မူကြကုန်သော သံဃာတော် အရေအတွက်အလိုက် တစ်ပါးလျှင် ဆွမ်းဆန်တော် ကိုးပြည် နှုန်းဖြင့် လှူဒါန်းလာခဲ့ခြင်းဖြစ်သည်။ အကြိမ်အားဖြင့် (၂၆၄)ကြိမ်သို့ တိုင်ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

၂၀၁၇ ခုနှစ်၌ ကျောင်းတိုက်ပေါင်း ၂၈၀ မှ သံဃာတော်အပါး ၂၇၅၈၉ အတွက် ဆွမ်းဆန်တော်အိတ်ပေါင်း ၃၀၁၇၈၊ တန်ဖိုးငွေကျပ် ၈၉၅၉ သိန်းဖြစ်ကြောင်း အသင်းကြီး၏ အကျိုးတော်ဆောင်ချုပ် ဦးစိန်မြို့၏ လျှောက်ထားလွှာတွင် တွေ့ရှိရသည်။

ထို့အပြင် လူပုဂ္ဂိုလ်များ ဘာသာရေးဆိုင်ရာ အသိတရားများ ပိုပြည့်စုံကြွယ်ဝစေရေးအတွက် အသင်းတိုက်တတိယထပ်တွင် ဖွင့်လှစ်ထားသော စာကြည့်တိုက်ကြီးများလည်း ဘာသာရေးဆိုင်ရာ စာအုပ်ပေါင်း မြောက်မြားစွာဖြင့် ဂုဏ်တင့်လှပေသည်။


တစ်ဖန် ဘာသာရေးဆိုင်ရာ သင်တန်းများကိုလည်း ရက်အလိုက် ပို့ချမှုများဖြင့် သာသနာသုံးရပ်တွင် အခြေခံအကျဆုံးဖြစ်သည့် ပရိယတ္တိစာပေများ၊ အသိများကို ပြန့်ပွားစေခဲ့သည်။ သာသနာတော်ကြီးအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ အထောက်အပံ့ကောင်းတစ်ခုအား မျှဝေပေးနေခြင်းပင် ဖြစ်ပေသည်။

ယခုကဲ့သို့ သာသနာတော်ကြီး ခိုင်မြဲတည်တံ့စေရန် သာသနာ့ဝန်ထမ်း ရဟန်းသံဃာတို့အား ထောက်ပံ့လှူဒါန်းရန်အတွက် ပထမဦးဆုံးသော "အာစိဏ္ဏကံ" စဘူးတီတွင် ပြုလုပ်ခဲ့ခြင်းမှာလည်း အသင်းကြီးက မူလအစ ပထမပင်ဖြစ်ပေသည်။

၁၉၈၈ ခုနှစ် နောက်ပိုင်းကာလမှ စတင်၍ ဆောင်ရွက်ဖြန့်ဝေလာခဲ့ရာ ယခုအခါ ရန်ကုန်စည်ပင်မြို့နယ်များတွင် သာမက ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းဒေသ၊ ဧရာဝတီတိုင်းဒေသကြီးမှ ပုသိမ်၊ မြောင်းမြ၊ မအူပင်မြို့နယ် ကျေးလက်ဒေသများအထိပါ လှူဒါန်းချင်သူများ၏ သဒ္ဓါတရားအရ ဖြန့်ဝေစုဆောင်းနိုင်ခဲ့ပြီ ဖြစ်ပေသည်။

မြတ်ဗုဒ္ဓ၏ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ၊ သာသနာတော်ကြီးသုံးရပ်အနက် အခြေခံအကျဆုံးသော ပရိယတ္တိသာသနာတော်ကြီးကို ထမ်းဆောင်နေကြသော သံဃာတော်အရှင်သူမြတ်များ မပင်မပန်း မနွမ်းမနယ် သာသနာဘောင်၌ စိတ်ရှင်လန်းစွာ ကျင့်ကြံအားထုတ် သီတင်းသုံးနေထိုင်နိုင်ရေးအတွက် ထောက်ပံ့လှူဒါန်းနေသော ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူ အသင်းကြီးမှာ ယခုအခါ လက်ရှိ ဥက္ကဋ္ဌကြီး ဦးကျော်ဆန်း လက်ထက်၌ တည်ထောင်သက်တမ်း ၉၃ နှစ်သို့ ရောက်ရှိနေပြီဖြစ်ပြီး မျှားမကြာမီသော နှစ်များအတွင်း ရာပြည့်အထိမ်းအမှတ်ပွဲကြီးကို အောင်မြင်စွာ ဆင်နွှဲနိုင်ပါစေကြောင်းနှင့် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု ဟူသော ဆုတောင်းစကားနှင့်အညီ သာသနာတော်ကြီးအား အစဉ်စောင့်ရှောက်နိုင်စေရန် ဆုမွန်ကောင်းများတောင်းလျက် ဂုဏ်ပြုဖော်ပြလိုက်ရပါသည်။ ။

# ရန်ကုန်မြို့ပြနှင့် လျှပ်စစ်ကဏ္ဍ



ဓာတ်ပုံ - ဗလစိုး

ရန်ကုန်မြို့နေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန် ကြိုးများလဲလှယ်နေမှုကို တွေ့ရစဉ်။

ထင်ပေါ်ဝင်း

**လူနေထိုင်မှု သိပ်သည်းလာသော ရန်ကုန်မြို့တော်တွင် လျှပ်စစ်ဓာတ်အား လိုအပ်ချက်ပမာဏကလည်း အမြဲတစေတိုးတက်နေလေ့ရှိသည်။ လူတစ်ဦးချင်း၏ ဆင်းရဲချမ်းသာမှုပေါ်မူတည်၍ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အနည်းအများကလည်း ကွာဟလေ့ရှိသည်။ လမ်းမကြီးနံဘေးရှိ တဲအိမ်လေးပင်ဖြစ်လင့်ကစား ရုပ်မြင်သံကြားစက်နှင့် ရေခဲသေတ္တာ အသေးစားကလေးကတော့ ရှိကြသည်ချည်းပင်။ အိမ်ကြီးအိမ်ကောင်း၊ တိုက်ကြီးတာကြီးများတွင် ထိုထက်ပိုမိုသည်။ အဲကွန်းရေခဲသေတ္တာတို့သာမကထမင်းချက်၊ အဝတ်လျှော်အားလုံးတို့သည် လျှပ်စစ်ဖြင့်သာ အသုံးပြုကြသည်။ ထိုထိုသမျှ ပြည်သူတို့ နေ့စဉ် အသုံးပြုလျက်ရှိသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ပိုင်းကလည်း တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက်ရှိရာ ယခုသီတင်းပတ်၏ ယနေ့ ရန်ကုန်စာမျက်နှာထက်တွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ဆောင်ရွက်ချက်များကို တင်ပြလိုက်ရပါသည်။**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒုတိယတစ်နှစ်တာကာလအတွင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများ အိမ်သုံးမီတာလျှောက်ထားခြင်း၊ အိမ်သုံးပါဝါမီတာလျှောက်ထားခြင်း၊ လုပ်ငန်းသုံးပါဝါမီတာလျှောက်ထားခြင်း၊ ထရန်စဖော်မာ လျှောက်ထားခြင်း ကိစ္စရပ်များတွင် လွယ်ကူချောမွေ့စေရန် မြို့နယ်ရုံးမှ ခရိုင်ရုံး၊ ခရိုင်ရုံးမှ ရုံးချုပ်၊ ရုံးချုပ်မှ ဝန်ကြီးရုံးများသို့ အဆင့်ဆင့်တင်ပြခွင့်ပြုနေခြင်းများအပေါ် ဖြေလျှော့မှုများ ဆောင်ရွက်ပေးခဲ့သဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲရေး လျှောက်ထားရာတွင် ယခင်ကထက် လွယ်ကူလျင်မြန်ချောမွေ့မှုများ ရှိလာခဲ့သည်။

### ဓာတ်အားခွဲရုံအသစ်များ သီးခြားတည်ဆောက်

အိမ်သုံးမီတာလျှောက်ထားမှုများအနက် သတ်မှတ်ချက်များ ကိုက်ညီပါက သက်ဆိုင်ရာမြို့နယ်မှနေ၍ နေ့ချင်းပြီးတပ်ဆင်ပေးသည်။ ယာယီမီတာ လျှောက်ထားလာပါက သတ်မှတ်ချက်နှင့် ကိုက်ညီလျှင် သက်ဆိုင်ရာမြို့နယ်မှ ငါးရက်အတွင်း အပြီးတပ်ဆင်ပေးသည်။ အိမ်သုံးပါဝါမီတာ လျှောက်ထားလာပါက သတ်မှတ်ချက်နှင့်ကိုက်ညီလျှင် ခရိုင်သို့တင်ပြ၍ ခရိုင်မှ ငါးရက်အတွင်း ခွင့်ပြုမိန့် ထုတ်ပေးသည်။ စက်မှုသုံးပါဝါမီတာများ လျှောက်ထားလာပါက သတ်မှတ်ချက်နှင့် ကိုက်ညီလျှင် ခရိုင်သို့တင်ပြ၍ ခရိုင်မှ ငါးရက်အတွင်း ခွင့်ပြုမိန့် ထုတ်ပေးသည်။ ထရန်စဖော်မာများ လျှောက်ထားလာပါက သတ်မှတ်ချက်နှင့် ကိုက်ညီလျှင် ခရိုင်မှတစ်ဆင့် ရုံးချုပ်သို့တင်ပြ၍ ရုံးချုပ်မှ စိစစ်ပြီး တစ်လအတွင်း ခွင့်ပြုမိန့် ထုတ်ပေးသည်။ ဓာတ်အားတောင်းခံမှု ပမာဏမှာ ၁ အမ်ဗွီအေမှ ၁၀ အမ်ဗွီအေအောက် တောင်းခံလာပါက ၃၃ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံအသစ်များ သီးခြားတည်ဆောက်စေခြင်း၊ ၁၀ အမ်ဗွီအေနှင့်အထက် တောင်းခံလာပါက ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံအသစ်များ သီးခြားတည်ဆောက်၍ ဓာတ်အားရယူစေသည့်အတွက် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံများ တည်ဆောက်၍ ဓာတ်အားရယူမည်ဖြစ်ပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၏ သဘောထားမှတ်ချက် ထပ်မံရယူ၍ ပြည်ထောင်စုဝန်ကြီးရုံး၏ လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးသို့တင်ပြပြီး ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိသည်။

### ဓာတ်အားရရှိရေးကိစ္စအပေါ် ကန်ထရိုက်တိုက်ခန်းဈေးနှုန်းများ မြင့်တက်လာနိုင်

ယခင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ၃၀ ကီလိုဝပ်နှင့်အထက် ဓာတ်အားသုံးစွဲလိုသူများအား ထရန်စဖော်မာထိုင်ရန် ညွှန်ကြားချက်ရှိခဲ့သဖြင့် အခန်း ၁၇ ခန်းနှင့်အောက် ကန်ထရိုက်တိုက်များတွင် ဓာတ်အားရရှိရေးကိစ္စအပေါ် ကန်ထရိုက်တာများမှ ငွေကြေးများစွာ ရင်းနှီးမြှုပ်နှံရမည်ဖြစ်သဖြင့် ကန်ထရိုက်တိုက်ခန်းဈေးနှုန်းများ မြင့်တက်လာနိုင်ကြောင်း၊ အများစုမှာ ကြိုပွဲ့ဖြင့် ရောင်းချပြီးဖြစ်ခြင်းတို့ကြောင့် ထရန်စဖော်မာ တည်ဆောက်တပ်ဆင်ရန် စရိတ်စကအတွက် ထပ်မံစိုက်ထုတ်ရန် အခက်အခဲများနှင့် ကြုံတွေ့လျက်ရှိခြင်း၊ တိုက်ခန်းဝယ်ယူသူများမှ တက်ရောက်နေထိုင်ပြီးဖြစ်သော်လည်းအခက်အခဲများကြောင့် လျှပ်စစ်မီးသုံးစွဲနိုင်မှု မရှိခြင်း စသည့်အခက်အခဲများ ပြေလည်စေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစီး၍ ဝိုင်အီးအက်စ်စီ ကန်ထရိုက်တာများအသင်းတို့နှင့် ညှိနှိုင်းကာ ပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်နှင့် လျှပ်စစ်ဓာတ်အားအဆင်ပြေစွာသုံးစွဲနိုင်ရန် ယခင်သတ်မှတ်ထားသည့် ကန်ထရိုက်တာများမှ ထရန်စဖော်မာ တည်ဆောက်ခြင်းအစား အခန်းတစ်ခန်းလျှင် ငွေကျပ် ၅၅၀၀၀၀ နှုန်းပေးသွင်းစေ၍ လျှပ်စစ်ဓာတ်အားရရှိရေး ကိစ္စအဝဝအား ဝိုင်အီးအက်စ်စီမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ HT ဓာတ်အားလိုင်း ၁၇ ဒသမ ၆၈ မိုင်၊ ထရန်စဖော်မာ အလုံး ၂၇၀၊ LT ဓာတ်အားလိုင်း ၃၈ ဒသမ ၆၅ မိုင် တိုးချဲ့တည်ဆောက်၍ ကန်ထရိုက်တိုက်ပေါင်း ၁၅၅၇ တိုက်၊ တိုက်ခန်းပေါင်း ၁၅၁၁၆ ခန်း တိုးချဲ့ဓာတ်အားပေးနိုင်ခဲ့သည်။ (၂) နှစ်တာကာလအတွင်း ရှုပ်လျားရှုပ်ထွေးသော ဆားဗစ်ရှင်းလင်းရမည့်နေရာ ၁၁၉၁ နေရာအနက် ၅၇၆ နေရာအား ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။

### လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး

ထို့ပြင် မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသုံးသူ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဟောပြောပွဲများအား အခြေခံပညာကျောင်းများတွင် ဟောပြောခြင်း၊ လျှပ်စစ်အန္တရယ် သတိပေးလက်ကမ်းစာစောင်များရိုက်နှိပ်၍ လူစည်ကားရာ ဈေးများ၊ ကျောင်းများနှင့် ဘတ်စ်ကားဂိတ်များတွင် လက်ကမ်းဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

ဒေသတွင်း လူမှုစီးပွားဘဝမြင့်မားရေး၊ အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်၏စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများဖြစ်သည့် ဟိုတယ်များ၊ ကွန်ဒိုများ၊ စူပါမားကတ်များအတွက် စုစုပေါင်း ထရန်စဖော်မာ ၁၃ လုံး၊ တပ်ဆင်အင်အား ၁၇၈ အမ်ဗွီအေ တိုးချဲ့ခွင့်ပြု၍ ဓာတ်အားပေးနိုင်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၃၂ ဇုန်အတွက်လည်း စုစုပေါင်း ထရန်စဖော်မာ ၅၇၇ လုံး၊ တပ်ဆင်အင်အား ၃၂၇ ဒသမ ၄၀၅ အမ်ဗွီအေတိုးချဲ့၍ ခွင့်ပြုဓာတ်အားပေးနိုင်ခဲ့သည်။

အချုပ်အားဖြင့် တင်ပြရသော် ဓာတ်အားထုတ်လုပ်ခြင်း၊ ဓာတ်အားပို့လွှတ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း စသော လျှပ်စစ်နှင့်ပတ်သက်သည့် အပိုင်းများတွင် လူထုအတွက် ရေတိုစီမံကိန်းများ ချမှတ်ရုံသာမက ထပ်မံတိုးပွားလာမည့် လူဦးရေအတွက်လည်း ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်သင့်ပေသည်။ ဓာတ်အားဝယ်ယူသုံးစွဲသည့် ပြည်သူများကလည်း မိမိအသုံးပြုနေသည့် ဓာတ်အားလေလွင့်မှုမရှိအောင် ထိန်းသိမ်းခြင်းဖြင့် မြို့တော်တည်ဆောက်ရေးတွင် ပူးပေါင်းပါဝင်သင့်ပေသည်။ ။

◆ **လျှပ်စစ်ဓာတ်အားရရှိရေး ကိစ္စအဝဝအား ဝိုင်အီးအက်စ်စီမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ HT ဓာတ်အားလိုင်း ၁၇ ဒသမ ၆၈ မိုင်၊ ထရန်စဖော်မာ အလုံး ၂၇၀၊ LT ဓာတ်အားလိုင်း ၃၈ ဒသမ ၆၅ မိုင် တိုးချဲ့တည်ဆောက်၍ ကန်ထရိုက်တိုက်ပေါင်း ၁၅၅၇ တိုက်၊ တိုက်ခန်းပေါင်း ၁၅၁၁၆ ခန်း တိုးချဲ့ဓာတ်အားပေးနိုင်ခဲ့**

◆ **(၂)နှစ်တာကာလအတွင်း ရှုပ်လျားရှုပ်ထွေးသော ဆားဗစ်ရှင်းလင်းရမည့်နေရာ ၁၁၉၁ နေရာအနက် ၅၇၆ နေရာအား ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်**



ရန်ကုန်မြို့နေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လျှပ်စစ်ဝန်ထမ်းများက အိမ်သွယ်ဆားဗစ်ကြိုးများ ရှင်းလင်းနေမှုကို တွေ့ရစဉ်။